The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအာဂင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ
VOL .18, NO . 27 တနလ်ာနေ့တိုင်းထုတ်ဝေသည် July 9, 2018

၂၀၁၈ ဘဏ္ဍာနှစ် ပထမသုံးလတွင် ပြည်ပကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၉ ဘီလီယံခန့်ရှိ

ယခင်နှစ်ကာလတူထက် ၁ ဒသမ ၃ ဘီလီယံခန့် ပိုမိုမြင့်တက်လာ

စာမျက်နှာ - ၈ ➤

မြန်မာ-အိန္ဒိယနယ်စပ် နန့်ဖာလုံစျေးကွက်မှာ ဒေသခံများအတွက် ဝင်ငွေပိုလာတဲ့အပြင် ပို့ကုန်အတွက် အားထားလာရတဲ့မျောက်ဦ

စာမျက်နှာ - ၁၆ ➤

ကမ္ဘာ့စီးပွားရေး

အကျပ်အတည်း ဆိုက်တော့မည်လော

စာမျက်နှာ - ၀၂ ➤

မြစ်ကြီးနားမြို့ ဒညင်းသီး စျေးကွက်

စာမျက်နှာ - ၆ ➤

ငွေလအတွင်း ရော်ဘာ ပို့မှုတင်ပို့

စာမျက်နှာ - ၂၂ ➤

THE CENTRAL

By the INYA LAKE

RETAIL STREET HANDOVER CELEBRATIONS IN JULY

SPECIAL RESIDENTIAL PROMOTION UNITS | LUCKY DRAWS

CALL US NOW!

HOTLINE
+959 777 773 770
/THECENTRALYANGON

PROJECT LOCATION
Corner of Kabar Aye Pagoda Road and Kanbe Road, Yankin Township, Yangon, Myanmar

GALLERY SHOWROOM
No. 7-8, Kabar Aye Pagoda Road, Yankin Township, Yangon, Myanmar.
www.thecentral.com.mm

All information contained herein, including but not limited to statements, drawings, designs, illustrations, photographs, visual representations, models, renderings, areas, specifications, dimensions, plans, graphic materials, features and amenities, depictions of the fittings, finishes, features and other displays in the project, buildings or units (the "Materials") are conceptual and are for reference only to portray artistic impression of the lifestyle that our project aims to create and achieve. All areas and dimensions are approximate measurements subject to final survey, construction variances, and approval by the relevant authorities. Any part or all of the Materials are subject to modification, revision, change or withdrawal at the sole discretion of Marga Landmark Development Co., Ltd. ("Marga Landmark") without any prior notice to any person, and should not be relied upon as representations or warranties, whether express or implied, as to the final details of the project, buildings or units, and consequently cannot and should not form part of a binding offer or contract in respect of the project, buildings or units. Only Myanmar citizens or persons having the investor status in Myanmar may invest in this project. Marga Landmark recommends that interested or relevant persons should seek professional advice. Marga Landmark proposes that interested persons should perform on-site due diligence to gain a better understanding of the development site, its surroundings and nearby public facilities. All intellectual property rights relating to the Materials are owned by, and shall remain the exclusive property of Marga Landmark. Any unauthorized dissemination, reproduction, display or usage of any part of the Materials shall be deemed to constitute an infringement of Marga Landmark's rights, and is strictly prohibited.

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H.E. Mr. Scot Marciel ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဇွန် ၂၅ ရက် နံနက် ၉ နာရီတွင် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H.E. Mr. Scot Marciel ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ ခဲ့သည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် မြန်မာ-အမေရိကန် နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများအား ဆွေးနွေးနိုင်ရန်အတွက် အမေရိကန်နိုင်ငံတွင် ကျင်းပမည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဖိုရမ်သို့ မြန်မာစီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်နေမှုအခြေအနေ၊ နိုင်ငံခြားသားကုမ္ပဏီ၊ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသား ပေါင်းစည်းဆောင်ရွက်သည့် ကုမ္ပဏီများအား ပြည်တွင်းတွင် လက်လီလက်ကား ရောင်းချခွင့်ပြုလိုက်ခြင်းအပေါ် အမေရိကန်စီးပွားရေးလုပ်ငန်းရှင်များမှ စိတ်ဝင်စားကြပြီး လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် လာရောက်ရင်းနှီးမြှုပ်နှံလိုသည့် အတွက် အဆိုပါကဏ္ဍကိုပါ ဖွင့်လှစ်ပေးသွား နိုင်ရေး၊ အမေရိကန်နိုင်ငံအပါအဝင် အနောက်နိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာရေး၊ USAid မှ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာအကူအညီများနှင့် အစိုးရဝန်ထမ်းများအတွက် စွမ်းရည်မြှင့်တင်ရေးသင်တန်းများ ပံ့ပိုးပေးရေးတို့အတွက် ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲသို့ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြား ရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

MOC(IR)

ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကိုအားပေးမြှင့်တင်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက်အမှာစကားပြောကြား

ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂ ရက် နံနက် ၁၁ နာရီက နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကိုအားပေးမြှင့်တင်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးအောင်ထူးက အဖွင့်အမှာစကား ပြောကြားရာတွင် ပဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌနှင့် စီးပွားရေးလုပ်ငန်းရှင်များ လစဉ်တွေ့ဆုံဆွေးနွေးပွဲမှ တင်ပြဆွေးနွေးချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြန်လည်ဖြေရှင်းပေးသည့် အချက်များအနက် အပြည့်အဝမပြီးပြတ်သေးသည့် တင်ပြချက်များအား သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တင်ပြသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များ တွေ့ဆုံ၍ (Public Private Dialogue) ပြုလုပ်၍ ဆက်လက်ဖြေရှင်းညှိနှိုင်းဆွေးနွေးသည့်

စာမျက်နှာ ၂၅ သို့

စတုတ္ထအကြိမ်မြောက် အပင်၊ တိရစ္ဆာန် သန့်ရှင်းရေးနှင့် ရောဂါဘယကင်းရှင်းရေးဆိုင်ရာ ဓာတ်ခွဲခန်းများ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

စတုတ္ထအကြိမ်မြောက် အပင်၊ တိရစ္ဆာန်သန့်ရှင်းရေးနှင့် ရောဂါဘယ ကင်းရှင်းရေးဆိုင်ရာ ဓာတ်ခွဲခန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၅ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်က အမှာစကားပြောကြားခဲ့ပါသည်။

အမြဲတမ်းအတွင်းဝန်က အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံတွင် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍသည် အရေးပါသည့် ကဏ္ဍဖြစ်၍ လယ်ယာထွက်ကုန်ပစ္စည်း ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာအသင်းအဖွဲ့များနှင့် စိုက်ပျိုးသူ၊ မွေးမြူသူ၊ ထုတ်လုပ်သူများကဏ္ဍအသီးသီးမှ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် နည်းပညာရှုထောင့်မှကြည့်ပါက အဆိုပါ ထွက်ကုန်များကို ပြည်ပသို့တိုးမြှင့်တင်ပို့နိုင်ရေး ဆောင်ရွက်ရာတွင် တင်သွင်းသည့် နိုင်ငံ၏နည်းပညာဆိုင်ရာ လိုအပ်ချက်များအရ ဖြည့်ဆည်းပေးရန် လိုအပ်ပါကြောင်း၊ မလိုလားအပ်သည့် အရည်အသွေး ပြည့်ဝမှု မရှိသော ထုတ်ကုန်များ ပြည်တွင်းသို့ဝင်ရောက်မှုမရှိစေရေး WTO principles များနှင့်အညီ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် လိုက်နာရမည့်နည်း ဥပဒေစံချိန်စံညွှန်းများ ရေးဆွဲချမှတ်ခြင်း၊ စံချိန်စံညွှန်းများကို လိုက်နာရန် လိုအပ်သည့် နည်းဥပဒေများနှင့် အညီဆောင်ရွက်ခြင်း၊ အပြည်ပြည်ဆိုင်ရာ စည်းမျဉ်းများ တစ်ပြေးညီသတ်မှတ်ဆောင်ရွက်ခြင်း အစရှိသောလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အရည်အသွေးအဆောက်အဦနှင့် စံချိန်စံညွှန်းအပိုင်းတွင် အသိအမှတ်ပြု အစိုးရနှင့် ပုဂ္ဂလိက ဓာတ်ခွဲခန်းများကို အကူအညီပေးရန်နှင့် parameter မျိုးစုံ စမ်းသပ်နိုင်ရန် ဓာတ်ခွဲခန်းများတိုးချဲ့ ထူထောင်ရန် ဆိုသောအချက်များ ပါဝင်ကြောင်း၊ သို့ပါ၍ ဓာတ်ခွဲခန်းများ၏ လိုအပ်ချက်များနှင့် ပတ်သက်၍ ယခုကဲ့သို့ လေးကြိမ်တိုင် အစည်းအဝေးပြုလုပ်ပြီး ညှိနှိုင်းပေါင်းစပ်၍ လိုအပ်သော အထောက်အပံ့များရရှိစေရန်အတွက်

စာမျက်နှာ ၂၅ သို့

Commerce JOURNAL

အတိုင်ပင်ခံစာတည်း

မင်းမင်း

မြင့်လွင်

ဦးဦးဟန်

မြတ်ထွန်းကျော်

စာတည်းမှူးချုပ်

အောင်သူရ

တာဝန်ခံစာတည်း

-

အုပ်ချုပ်ရေးမှူး

အေးအေးမော်

စာတည်းအဖွဲ့

ကြည်သာသန်နိုင်

လက်ထောက်စာတည်း

ယဉ်ယဉ်အေး၊ မော်မော်အောင်၊

ခင်မိုးသူ၊ သီတာဝင်း

သတင်းထောက်များ

သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လိုင်(ပြင်ပ)

ရီလင်းထွဋ်(ပုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊

ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊

မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊

ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)

ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊

မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(ပုံရွာ)

စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

Proof & Layout Design ကြီးကြပ်

ခင်စုစုလိုင်၊ ကျိန်သျှန်မိုး

ကြော်ငြာတာဝန်ခံ

ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၃၇၅၆)

မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၅၃၃)

ထုတ်ဝေသူ

ဦးမြတ်ထွန်းကျော်(၀၁၀၅၅)

အမှတ်၃၇၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။

ဖုန်း-၂၅၂၀၁၇၊ ၂၅၃၀၂၀

ဖြန့်ချိရေးတာဝန်ခံ

သန်းစိုး

ဖြန့်ချိရေး

ဇော်ဝင်း၊ မျိုးဇော်၊

အောင်မျိုး၊ အုန်းခင်

ကွန်ပျူတာ

ခိုင်ဇော်မင်း

သင်းသိရိအောင်

Layout Design & Graphic Design

CJ Design Group

ပုံနှိပ်သူ

ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)

မင်္ဂလာတောင်ညွန့်မြို့နွယ်၊ ရန်ကုန်မြို့။

Email Address

commercejournal.editor@gmail.com

ရောဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်အချို့၌ ပေါ်ဆန်း၊ နွေည့်မထ စပါး/ဆန်စျေးအနည်းငယ်မြင့်တက်

ဧရောဝတီတိုင်းဒေသကြီးအတွင်းရှိ ပုသိမ်၊ ငပုတော၊ မြောင်းမြ၊ အိမ်မဲ၊ ဝါးခယ်မ၊ လပွတ္တာ၊ မော်ကွန်း၊ မအူပင်၊ ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ ဒေးဒဲရဲမြို့နယ်များတွင် ဇွန်လ နောက်ဆုံးပတ်ထက် ယခုဇူလိုင်လပထမပတ်တွင် ပေါ်ဆန်း နွေည့်မထ စပါး/ဆန်စျေးနှုန်းများ အနည်းငယ်မြင့်တက်မှု ရှိကြောင်း ဆန်စပါးစျေးကွက်သတင်းများမှ သိရသည်။

အဆိုပါမြို့နယ်များတွင် ယခင်ဇွန်လနောက်ဆုံးပတ် ပေါ်ဆန်းစပါး ၄၆ ပေါင် တင်း ၁၀၀ကို ပျမ်းမျှကျပ် ၈၇၀၀၀-ကျပ်၉၃၀၀၀၀မှ ယခုကျပ် ၉၀၀၀၀၀-၁၀၀၀၀၀၀ ဝန်းကျင်၊ ဆန်တစ်အိတ်လျှင် ကျပ် ၄၂၀၀၀- ၄၄၀၀၀ မှ ယခုဇူလိုင် လပထမပတ်တွင် ကျပ် ၄၃၀၀၀-၄၅၀၀၀ စျေးမြင့်တက်၍ နွေည့်မထစပါး ၄၆ ပေါင်တင်း ၁၀၀ ကို ကျပ် ၅၄၀၀၀၀-၅၈၀၀၀၀ ဝန်းကျင်မှ ကျပ် ၅၅၀၀၀၀ - ၆၂၀၀၀၀ ဝန်းကျင် ဆန်တစ်အိတ်ကို ကျပ် ၂၃၀၀၀- ၂၄၀၀၀ မှ ကျပ် ၂၄၀၀၀-၂၅၀၀၀ ဝန်းကျင်စျေးနှုန်းအနည်းငယ် မြင့်တက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ မြို့နယ်အချို့တွင် စပါး၊ ဆန်စျေးနှုန်းမြင့်တက်ရခြင်းမှာ ဒေသတွင်းစပါးလက်ကျန်နည်းပါးလာခြင်း၊ စျေးကွက် လိုအပ်ချက်ရှိခြင်း၊ အချို့မြို့နယ်များတွင် စက်ပိုင်၊ ကုန်သည် တချို့မှာ အမြင့်စျေးစောင့်နေပြီး လိုအပ်သလောက် သာ ကြိတ်ခွဲရောင်းချနေသည့်အတွက် စျေးနှုန်း အနည်းငယ် မြင့်တက်ရခြင်းဖြစ်ကြောင်း ဆန်စပါးစျေးကွက်သတင်းများမှ သိရသည်။

မင်းမင်းဦး(ပုသိမ်)

ဆန်ချောစျေးတက်သော်လည်း ဆန်ကြမ်းစျေးပြန်အေး

ယခုတစ်ပတ် ဝါးတန်းကုန်စည်ဒိုင်ရဲ့ ဆန်လက်ကား စျေးနှုန်းများအရ ဆန်ချောတစ်အိတ်ကို ကျပ် ၂၀၀၀ မှ ကျပ် ၃၀၀၀ အထိစျေးတက်ကြောင်း သိရပါတယ်။ ဖျာပုံပေါ် ဆန်း ဆန်ထိပ်စတစ်အိတ်ကို ကျပ် ၄၃၀၀၀ နဲ့ လတ်စတစ်အိတ် ကျပ် ၄၀၀၀၀၊ ပုသိမ်၊ မြောင်းမြပေါ် ဆန်းထိပ်စတစ်အိတ် ကျပ် ၄၆၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၄၄၀၀၀၊ ကျိုက်လတ်ပေါ် ဆန်းဆန်ထိပ်စတစ် အိတ်ကျပ် ၄၀၀၀၀ နဲ့လတ်စကျပ် ၃၉၀၀၀၊ ပေါ် ဆန်း(ရှယ်) တစ်အိတ်ကျပ် ၄၀၀၀၀ မှ ကျပ် ၄၃၀၀၀ရှိပြီး တစ်အိတ်ကိုကျပ် ၂၀၀၀ မှ ကျပ် ၃၀၀၀ အထိ စျေးတက်ကြောင်းသိရပါတယ်။

ရွှေဘိုပေါ် ဆန်းဆန်တစ်အိတ်ကျပ် ၅၃၀၀၀ မှ ကျပ် ၅၅၀၀၀၊ ကျားပျံ ပေါ် ဆန်းတစ်အိတ်ကျပ် ၄၂၀၀၀ မှ ကျပ် ၄၅၀၀၀ ရှိပြီး စျေးငြိမ်နေကြောင်းသိရပါတယ်။ ပြည်တွင်းစားသုံးမှုပုံမှန်ရှိနေပြီး လက်လီအဝယ်များတဲ့ ဆန်ချောများမှာ အဝင်နည်းတာကြောင့် စျေးတက်တာဖြစ်တယ်လို့ ကုန်စည်ဒိုင်မှသိရှိရပါတယ်။

ဆန်ကြမ်းအနေနဲ့ နွေ့မထ ၂၅ မှတ်နဲ့ အကြမ်း(ရှယ်) စျေးအနည်းငယ်တက်သော်လည်း မိုးသုခ၊ သီးထပ်နဲ့ ရက် ၉၀ ဆန်တို့စျေးမတက်ကြောင်း သိရပါတယ်။ နွေ့မထ ၂၅ မှတ် ဆန် တစ်အိတ်လျှင်ကျပ် ၂၀၇၀၀ မှ ကျပ် ၂၁၀၀၀၊ အကြမ်း(ရှယ်)တစ်အိတ်ကျပ် ၂၂၀၀၀ မှ ကျပ် ၂၃၀၀၀ ရှိပြီး တစ်အိတ်ကိုကျပ် ၂၀၀ ခန့်အနည်းငယ်စျေးတက်ကြောင်း သိရပါတယ်။ မိုးသုခဆန်တစ်အိတ်ကို ကျပ် ၂၄၅၀၀ မှ ကျပ် ၂၆၀၀၀၊ ရက် ၉၀ ဆန်တစ်အိတ်ကျပ် ၂၃၅၀၀ မှ ကျပ် ၂၄၀၀၀၊သီးထပ် (ရှယ်) တစ်အိတ်ကျပ် ၂၂၈၀၀ မှ ကျပ် ၂၃၂၀၀ ရှိပြီးစျေးငြိမ်နေပါတယ်။ တရုတ်နယ်စပ်ဖက်မှ ဆန်အဆွဲလျော့ကျတာကြောင့် ဆန်ကြမ်းစျေး ပြန်အေးသွားတယ်လို့ ဝါးတန်းဆန်စျေးကွက်မှ သိရပါတယ်။

ယဉ်ယဉ်အေး

ယခုနှစ် သာယာဝတီဆန်များ စျေးကောင်းလျက်ရှိ

သာယာဝတီခရိုင်အတွင်း အဓိကထားစိုက်ပျိုးပြီး ရောင်းဝယ်နေသော မနောသုခစပါး/ဆန်စျေးနှုန်းများသည် ယခုနှစ်အတွင်း ဇွန်လမှစတင်၍ စျေးနှုန်းများမြင့်တက်လာသည်ကိုတွေ့ရပါသည်။ ဇွန်လစတုတ္ထပတ်အတွင်း စပါးစျေးနှုန်းများ၌ ၄၆ပေါင်တင်း ၁၀၀ လျှင် ကျပ် ၆၁၆၄၀၀ နှင့် ဆန်စျေးနှုန်းမှာကျပ် ၂၅၀၀၀ ခန့်ရှိပြီး ဇူလိုင် ၅ ရက်တွင် စပါးစျေးနှုန်းမှာ ကျပ် ၆၂၅၆၀၀ ခန့်နှင့် ဆန်စျေးနှုန်းမှာကျပ် ၂၆၅၀၀ ခန့်ထိ စျေးနှုန်းမြင့်တက်သွားကြောင်း၊ ယခုကဲ့သို့ စျေးနှုန်းမြင့်တက်ရခြင်းမှာ စပါးဟောင်းလက်ကျန် ရှားပါးလာခြင်းကြောင့်ဖြစ်သည်ဟုလေ့လာသိရှိရပါသည်။

သရဖီထွန်း(ပဲခူး)

ဇွန်လအတွင်း ဆန်နဲ့ဆန်ကွဲ တင်ပို့မှုလျော့ကျ

ဇွန် ၂၃ ရက်မှ ၂၉ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်မှ အမေရိကန်ဒေါ်လာ ၂၈ ဒသမ၃၁၀ သန်းတန်ဖိုးရှိ ဆန် ၂၅၃၂၇ တန်နီးပါးတင်ပို့ခဲ့ကြောင်း သိရပါတယ်။ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ဧည့်မထဆန် ၂၄၈၈၇ တန်ကျော်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၁၆ တန်ခန့်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၄၂၄ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်တင်ပို့ မှုနဲ့နှိုင်းယှဉ်ပါက ၅၂၆၄ တန်ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရပါတယ်။ ဇွန်လ တစ်လလုံးအတွင်းမှာ အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၃၁၀သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၇၈၈၉၀ တင်ပို့ခဲ့ပြီး အနီးစပ်ဆုံးမေလတင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ၇၉၈၄၄ တန် လျော့နည်းခဲ့တာတွေ့ရပါတယ်။

ယခုတစ်ပတ် မူဆယ်နဲ့လွယ်ဂျယ်မှအမေရိကန်ဒေါ်လာ သုည ဒသမ ၂၂၆ သန်းတန်ဖိုးရှိ ဆန်ကွဲ ၇၀၇ တန်ကျော်တင်ပို့ခဲ့ရာ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ၆၆၈ တန်ကျော်နဲ့ လွယ်ဂျယ်မှ ၃၉ တန်တင်ပို့ခဲ့ပါတယ်။ ဇွန်လတစ်လလုံးမှာ ဆန်ကွဲ ၆၉၄၇ တန်တင်ပို့ခဲ့ပြီး အနီးစပ်ဆုံး မေလတင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ၁၁၃၄၄တန်လျော့နည်းခဲ့တာ တွေ့ရပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဇွန် ၂၄ ရက်မှ ၃၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၆၃ သန်းတန်ဖိုးရှိ ဆန် ၇၄၇၄ တန်ကျော်ကို ဗီယက်နမ်နိုင်ငံ၊ မက်ဒါဂါစကားနိုင်ငံ၊ တရုတ်နိုင်ငံ၊ တိုဂိုနိုင်ငံနဲ့အီးယူနိုင်ငံများသို့ တင်ပို့ခဲ့ကြောင်းသိရပါတယ်။ ဗီယက်နမ်နိုင်ငံသို့ ငစိန်ဆန် ၆၂၅ တန်၊ မက်ဒါဂါစကားနိုင်ငံသို့ ဧည့်မထဆန် တန်ချိန် ၅၀၀၊ တိုဂိုနိုင်ငံသို့ ဧည့်မထဆန်တန်ချိန် ၂၅၀၀၊တရုတ်နိုင်ငံသို့ ငစိန်ဆန် ၇၆တန်နဲ့ အီးယူနိုင်ငံများသို့ ဧည့်မထဆန်နဲ့ပေါင်းဆန် ၃၇၇၃ တန် တင်ပို့တာတွေ့ရပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ယခုတစ်ပတ် မှာ ၁၀၆ တန် လျော့ကျခဲ့ပါတယ်။ ဇွန်လတစ်လလုံးအတွက် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၂၈၁ သန်းတန်ဖိုးရှိ ဆန် ၃၀၁၃၉ တန် တင်ပို့ခဲ့ပြီး မေလတင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ၅၇၄၉၇ တန် လျော့နည်းခဲ့ကြောင်းသိရပါတယ်။

ပင်လယ်ရေကြောင်းမှ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၆၉ သန်းတန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၆၉၅၀ ကို စင်ကာပူနဲ့အီးယူနိုင်ငံများသို့ တင်ပို့ခဲ့ပါတယ်။ ဇွန်လတစ်လလုံးအတွင်းမှာတော့ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၂၉၄ သန်းတန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၃၄၃၇၀ တင်ပို့ခဲ့ကြောင်းနဲ့ မေလတင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ၂၂၉၈၃ တန် လျော့ကျခဲ့ကြောင်း သိရပါတယ်။

ဇွန်လအတွင်း ဆန်နဲ့ဆန်ကွဲတင်ပို့မှုမှာ ယခင်လထက် နယ်စပ်မှရော ရေကြောင်းမှပါ လျော့ကျခဲ့တာတွေ့ရပါတယ်။

ယဉ်ယဉ်အေး

အာရှနိုင်ငံတွေက FOB ဆန်စျေးနှုန်းများ

၆-၇-၂၀၁၈ ဒေါ်လာ/တန်

	ထိုင်း			ဗီယက်နမ်			အိန္ဒိယ			ပါကစ္စတန်		
	ယခင်	ယခု	နှိုင်းယှဉ်ချက်	ယခင်	ယခု	နှိုင်းယှဉ်ချက်	ယခင်	ယခု	နှိုင်းယှဉ်ချက်	ယခင်	ယခု	နှိုင်းယှဉ်ချက်
ဆန်ကြမ် ၁၀၀ %	၃၇၃	၃၇၃	△	-	-	-	-	-	-	-	-	-
ဆန်ကြမ် ၅%	၃၇၃	၃၇၅	▽	၄၃၂	၄၂၅	▽	၄၁၀	၄၁၀	□	၄၃၅	၄၃၀	△
ဆန်ကြမ် ၁၀%	၃၈၁	၃၇၃	▽	၄၂၇	၄၂၀	▽	-	-	-	၄၃၀	၄၃၃	△
ဆန်ကြမ် ၁၅%	၃၇၉	၃၆၆	▽	၄၂၂	၄၀၉	▽	-	-	-	၄၂၅	၄၂၀	△
ဆန်ကြမ် ၂၅%	၃၇၀	၃၇၀	□	၄၁၁	၃၉၅	▽	၃၈၀	၃၈၀	□	၃၉၂	၃၈၅	▽
ပေါင်းဆန်	၄၁၀	၃၉၉	▽	-	-	-	၃၉၃	၃၈၃	▽	၄၀၀	၄၀၀	□

Source: liverice

ပြည်တွင်းမြို့ကြီးများ၏ (၆-၇-၂၀၁၈)ရက်နေ့ ဆန်၊ စပါးစျေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

မြို့	ဧည့်မထအုပ်စု				ပေါ်ဆန်းအုပ်စု			
	စပါး		ဆန်		စပါး		ဆန်	
	ယခု	ယခင်အပတ်နှင့် နှိုင်းယှဉ်ချက်	ယခု	ယခင်အပတ်နှင့် နှိုင်းယှဉ်ချက်	ယခု	ယခင်အပတ်နှင့် နှိုင်းယှဉ်ချက်	ယခု	ယခင်အပတ်နှင့် နှိုင်းယှဉ်ချက်
ဆန်ပိုဒေသများ								
မြဦ	၆၄၅၀	□	၂၂၅၀၀	□	၉၂၀၀	□	၃၃၀၀၀	□
ပုသိမ်	၆၄၄၀	△	၂၅၀၀၀	□	၁၀၅၀၀	△	၄၃၀၀၀	□
ပဲခူး	၆၅၀၀	△	၂၇၀၀၀	△	၈၀၀၀	△	၃၃၀၀၀	△
ရွှေဘို	၅၂၅၅	□	၂၃၅၀၀	□	၁၄၀၀၀	□	၄၇၀၀၀	□
စစ်တွေ	၅၄၀၀	△	၂၃၀၀၀	△	၈၀၀၀	△	၃၀၀၀၀	△
ဆန်လိုဒေသများ								
နေပြည်တော်	၆၀၀၀	□	၂၉၀၀၀	□	-	-	၄၀၀၀၀	□
ရန်ကုန်(ပါးတန်း)	၆၀၀၀	△	၂၂၀၀၀	△	-	-	၃၉၀၀၀	△
မန္တလေး	၅၀၀၀	△	၂၅၀၀၀	□	-	-	၄၅၀၀၀	□
မကွေး	၈၀၀၀	□	၂၀၀၀၀	□	-	-	၄၆၀၀၀	□
မော်လမြိုင်	၆၃၀၀	△	၂၅၀၀၀	□	၉၅၀၀	△	၄၄၀၀၀	□
လွိုင်ကော်	၈၀၆၀	△	၃၀၀၀၀	□	-	-	၅၉၀၀၀	□
မြိတ်	၆၃၀၀	□	၂၆၅၀၀	△	-	-	၄၆၀၀၀	△
ဘားအံ	၅၀၀၀	□	၂၆၅၀၀	□	-	-	၄၃၀၀၀	□

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်စျေးမှာ နတ္တလင်းဆန်စျေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လွိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးစျေးမှာ သန်လျင် မြို့နယ်၏ စပါးစျေးနှုန်းဖြစ်ပါသည်။

၂-၇-၂၀၁၈ မှ ၆-၇-၂၀၁၈ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

Sr.No.	Forms	Copies	Total Value (US$)
1	Form A	1263	60,010,403.386
2	Form D	75	2,793,188.210
3	Form E	105	3,302,738.840
4	Korea GSP	6	112,207.500
5	Form AK	105	4,999,223.725
6	Form AJ	13	690,878.620
7	Form AI	136	5,782,540.530
8	Form AANZ	12	162,149.320
9	Form DFTP		
10	Form CHINA		
Grand Total		**1715**	**77,853,330.131**

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၆-၇-၂၀၁၈ ကျပ်/ပိဿာ

ပဲအမျိုးအမည်	ရန်ကုန်			မန္တလေး			မုံရွာ			မကွေး		
	၂၉/၆	၆/၇	ပြောင်းလဲမှု	၂၉/၆	၆/၇	ပြောင်းလဲမှု	၂၉/၆	၆/၇	ပြောင်းလဲမှု	၂၉/၆	၆/၇	ပြောင်းလဲမှု
မတ်ပဲ	၆၉၇	၇၃၆	▲	၇၅၀	၇၂၅	▼	၇၂၅	၆၈၀	▼	၇၁၅	၇၁၅	■
ပဲစင်းငုံ	၇၆၇	၈၀၂	▲	၇၂၅	၇၆၇	▲	၆၂၅	၆၂၅	■	၇၃၀	၇၀၀	▼
ပဲတီစိမ်း	၁၂၈၀	၁၅၀၀	▲	၂၀၄၄	၁၈၁၃	▼	၁၄၇၃	၁၄၇၃	■	၁၆၃၀	၁၆၃၀	■
ကုလားပဲဖြူစိုး	၁၅၀၀	၁၃၉၀	▼	၁၀၆၆	၁၀၈၃	▲	၁၀၅၂	၁၀၈၄	▲	၁၀၅၅	၁၀၆၀	▲
ပဲလွန်းဖြူ	၁၀၃၀	၁၀၅၀	▲	၁၃၀၀	၁၁၆၇	▼	၁၃၆၀	၁၃၆၀	■	၁၁၀၅	၁၀၀၀	▼
ထောပတ်ပဲ	၂၂၆၀	၂၂၆၀	■	၂၂၂၂	၂၃၁၁	▲	၁၉၄၇	၁၇၀၉	▼	၂၀၀၀	၂၀၂၅	▼

* မှတ်ချက်။ ဇော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

ပဲအမျိုးအစား	ပြည်ပတင်ပို့မှု		ပြည်ပတင်ပို့မှု
	ယခင်တစ်ပတ်	ယခုတစ်ပတ်	(၁၀၊၁၀၁၈) မှ
	(၂၃၊၆၊၁၈)ထိ	(၃၀၊၆၊၁၈)ထိ	(၃၀၊၆၊၁၈) ထိ
မတ်ပဲ	၁၂၂၄၁၉	၂၀၄၄၉၉	၁၄၂၀၇၀
ပဲတီစိမ်း	၆၉၁၂၁	၁၇၀၀၉	၇၀၈၃၀
ပဲစင်းငုံ	၄၉၆၄၃	၁၁၃၅၅	၆၀၉၉၈
ကုလားပဲ	၂၂၆၆၄	၁၄၉၂	၂၄၁၅၆
ပဲလွန်းဖြူ	၁၀၆၂၀	၂၄၁	၁၀၀၆၁
မြေထောက်ပဲ	၈၁၃၀	၈၁	၈၂၁၁

ဝယ်လိုအားနည်းလို့ မြေပဲဆန်ဈေး အနည်းငယ်ကျ

ပြည်ဈေးကွက်တွင် ယခုတစ်ပတ်၌ နှမ်းဝယ်လိုအားကောင်းပြီး မြေပဲဆန်ကို ဝယ်လိုအား နည်းသွားသဖြင့် ဈေး အနည်းငယ် ပြန်ကျလာတာ တွေ့ရပါတယ်။ ပြည်မြို့တွင်း ပဲလှော်ဖိုသမားများနှင့် ရန်ကုန်၊ မကွေးဘက်မှ ဝယ်လိုအားနည်းသွားသဖြင့် ဈေးအေးသွားတာတွေ့ရပါတယ်။ ဈေးကွက်သို့ မြေပဲဆန် ဝင်ရောက်မှု မရှိပေမယ့် ယခင်လက်ကျန်များရှိနေသဖြင့် ဈေးကွက်တွင် ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ယခုတစ်ပတ် ပြည်ဈေးကွက်ရှိ မြေပဲဆန်ဈေးများမှာ ဆီကြိတ်မြေပဲဆန်တစ်ပိဿာလျှင် ကျပ် ၂၂၀၀ဖြင့် ဆီစက်များက တစ်နေ့လျှင် အိတ် ၃၀၀ ခန့် အဝယ်ရှိပြီး လုံးဆန် (အဖြူ) တစ်ပိဿာလျှင် ကျပ် ၂၄၅၀ ၊(အနီ) တစ်ပိဿာလျှင် ကျပ် ၂၅၀၀ ဖြင့် တစ်နေ့ အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်တာ တွေ့ရပါတယ်။ မြေပဲဆန်ဈေးများမှာ ယခင်တစ်ပတ်ကထက်စာလျှင် ယခုတစ်ပတ်မှာ ဈေးအနည်းငယ်ကျလာတာတွေ့ရပါတယ်။

ဝေဝေမင်း(ပြည်)

ပခုက္ကူကုန်စည်ဒိုင်၌ ပုံမှန်အရောင်းအဝယ် ဖြစ်လျက်ရှိသည့် ပဲစင်းငုံနှိ

ယခုတစ်ပတ်ပခုက္ကူကုန်စည်ဒိုင်၌ ပဲစင်းငုံနှိ(အဟောင်း)တစ်တင်းလျှင် ကျပ် ၁၄၅၀၀ ဖြင့် အိတ် ၆၅၀ခန့်၊ ပဲစင်းငုံနှိ(အသစ်)တစ်တင်းလျှင် ကျပ် ၁၁၀၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ကုလားပဲဝါ HLတစ်တင်းလျှင် ကျပ် ၂၀၀၀၀ ဖြင့် အိတ် ၅၀ခန့်၊ ကုလားပဲဖြူလုံးကြီး V2 တစ်တင်းလျှင် ကျပ် ၂၀၀၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ကုလားပဲဖြူ V6 တစ်တင်းလျှင် ကျပ် ၁၉၇၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ကုလားပဲဝါလုံးကြီး 929 တစ်တင်းလျှင် ကျပ် ၂၀၀၀၀ ဖြင့် အိတ် ၅၀ခန့်၊ပဲဇီးကွက် တစ်တင်းလျှင် ကျပ် ၂၁၈၀၀ ဖြင့် အိတ် ၅၀ ခန့်ဝင်ရောက်ခဲ့ပြီး ယခုတစ်ပတ်တွင် ကုန်စည်ဒိုင်သို့ပဲတီစိမ်း(သေး) စတင်ဝင်ရောက်ခဲ့ပြီးတစ်တင်းလျှင် ကျပ် ၃၀၅၀၀ ဖြင့် အိတ် ၅၀ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ်တွင် ပဲတီစိမ်းကြီးဈေးနှုန်းမှာ တစ်ဖြည်းဖြည်း ကျဆင်းလျက်ရှိပြီး ပြည်ပမှ ဝယ်လိုအားနည်းလာခြင်း၊ ယခင်တစ်ပတ်က တစ်တင်းလျှင် အရည်အသွေးကိုလိုက်၍ ကျပ် ၃၅၀၀၀ ထိရှိခဲ့ရာမှ ယခုတစ်ပတ်တွင်တစ်တင်းလျှင် ကျပ် ၂၀၀၀၀ မှ ၂၈၀၀၀ ဖြင့် အိတ် ၅၀ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

စွန်တာနီ (ကျွန်း) တစ်တင်းလျှင် ကျပ် ၂၀၃၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ဒေသထွက်ဖြစ်သောပဲလွန်းပြာ (ကြယ်ပြာ)တစ်တင်းလျှင် ကျပ် ၁၄၇၀၀ ဖြင့် အိတ် ၅၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပြောင်းဖူးစေ့ (CP)မှာပြည်ပအဆွဲခိုရှိပြီး ဒေသတွင်းမှလည်း တိရစ္ဆာန်စာအဖြစ် သုံးစွဲနေကြပြီး တစ်တင်းလျှင် ကျပ် ၁၀၃၀၀ ဈေးဖြင့် အိတ် ၅၀ ခန့် ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ကုန်စည်ဒိုင်မှသတင်းရရှိပါတယ်။

လှိုင်ဥမ္မာဦး(ပခုက္ကူ)

ရေစကြိုကုန်စည်ဒိုင်တွင် ပုံမှန်အရောင်းအဝယ် ဖြစ်လျက်ရှိသော နှမ်းဖြူသန့်နှင့် ပဲတီစိမ်းကြီး

ယခုတစ်ပတ် ရေစကြိုကုန်စည်ဒိုင်တွင် မြေပဲနီလုံးဆန် (မြောင်)မှာဈေးငြိမ်လျက်ရှိပြီး တစ်ပိဿာလျှင် ကျပ် ၂၃၀၀မှ ၂၃၅၀၊ မြေပဲဆန်(ကျွန်း) မှာ တစ်ပိဿာလျှင် ၂၁၀၀ မှ ၂၂၀၀ ဈေးဖြင့် နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ယခုတစ်ပတ်တွင် ပဲပိစပ်တစ်တင်းလျှင် ကျပ် ၈၅၀၀၀ရှိခဲ့ပြီး အရောင်းအဝယ်အားဖြင့် အနည်းငယ်သာရှိခဲ့ပါတယ်။

ရေစကြိုဒေသထွက်ဖြစ်သည့် မတ်ပဲဈေးသည် ယခင်တစ်ပတ်ထက် ဈေးအနည်းငယ်ကျခဲ့ပြီး ယခုတစ်ပတ်တွင် မတ်ပဲဈေးမှာ အရည်အသွေးကိုလိုက်၍ တစ်တင်းလျှင် ကျပ် ၁၂၀၀၀ မှ ၁၄၀၀၀ရှိပြီး အရောင်းအဝယ်အနေဖြင့် အနည်းငယ်သာဖြစ်ခဲ့ပါတယ်။ စွန်တာနီတစ်တင်းလျှင် ကျပ်၁၉၅၀၀၊ ပဲဇီးကွက်တစ်တင်းလျှင် ကျပ် ၂၁၅၀၀၊ အညာဒေသထွက်ဖြစ် သောပဲနီပြားမှာ တစ်တင်းလျှင် ကျပ် ၂၉၀၀၀ မှ ၃၀၀၀၀ ဖြစ်ပြီး၊ ပဲတီစိမ်းကြီးမှာ တစ်တင်းလျှင် ကျပ် ၂၀၀၀၀ မှ ၂၈၀၀၀ဖြင့်အိတ် ၂၀၀ ခန့်၊ ကုလားပဲဝါ HLတစ်တင်းလျှင် ကျပ် ၁၉၅၀၀ဖြင့် ၅၀ ခန့်၊ကုလားပဲဖြူ V2တစ်တင်းလျှင်ကျပ် ၁၉၅၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ကုလားပဲဝါလုံးကြီး 929 တစ်တင်းလျှင် ကျပ် ၁၉၅၀၀ ဖြင့် အိတ် ၅၀ ခန့် ၊ပြောင်းဖူးစေ့ (CP) ဈေးမှာလည်း အနည်းငယ်ကျလျက်ရှိပြီး တစ်တင်းလျှင် ကျပ် ၁၀၄၀၀ ဖြင့် အိတ်ရေ ၂၀၀၀ ခန့်နှင့် နှမ်းဖြူသန့် မှာ အရည်အသွေးကိုလိုက်၍ တစ်တင်းလျှင် ကျပ် ၄၀၀၀၀ မှ ၄၂၅၀၀ ဖြင့်အိတ် ၂၀၀ခန့်ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သတင်းရရှိပါတယ်။

လှိုင်ဥမ္မာဦး(ပခုက္ကူ)

ကယားပြည်နယ်အတွင်း ကုန်စည်စီးဆင်းမှု အခြေအနေများ

ဇွန်လတတိယပတ်အတွင်း ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ဘက်မှ ကုန်စည်စီးဆင်းမှုအနေဖြင့် အမေရိကန်ဒေါ်လာ ၂၂၁၆ တန်ဖိုးရှိ ဟင်းချိုမှုန့်၊ ပလပ်စတစ်ဖျာဂတ်(စ်)မီးခြစ်၊ ဆိုဒါရည်၊ ပဲနို့ဖူး၊ သန့်ရှင်းရေးသုံးဆပ်ပြာရည်၊ ဘာဒီကော်ဖီမစ်များကို တင်သွင်းခဲ့ကြောင်းသိရပါတယ်။

ဇွန် ၂၇ ရက်နေ့မှ ဇူလိုင် ၄ ရက်အတွင်း ကယားပြည်နယ်မှ မန္တလေးမြို့၊ မန္တလေးမြို့မှ မူဆယ်သို့ဒေသထွက် ဧည့်မထ စုစုပေါင်းဆန်အိတ် ၂၉၆၅ အိတ် တန်ချိန် ၁၄၉ တန် ခန့်တင်ပို့ခဲ့ရာ ယခင်တစ်ပတ်ထက် ဆန်တန်ချိန် ၁၅၂၅ တန် ခန့် တင်ပို့မှုလျော့နည်းသွားကြောင်းသိရပါတယ်။ ကယားပြည်နယ်အတွင်းသို့ ရန်ကုန်မြို့မှ ၁၅၇၀ အိတ်၊ ရွှေဘိုမြို့မှ ၂၀၇၅အိတ် တင်သွင်းလာရာ ဆန်အိတ်စုစုပေါင်း ၃၆၄၅ အိတ် တန်ချိန်အားဖြင့် ၁၈၃ တန်ရှိကြောင်း၊ ယခင်တစ်ပတ်ထက် ဆန်တန်ချိန်၇၇တန်ခန့်ပိုမိုတင်သွင်းခဲ့ကြောင်း၊ ကယားပြည်နယ်မှ အခြားမြို့ကြီးများသို့ စုစုပေါင်းပြောင်းအိတ်၁၉၂၀ အိတ် တန်ချိန်အားဖြင့် ၉၄ တန်ခန့်တင်ပို့ထားပြီး ယခင်တစ်ပတ်ထက် ပြောင်းတန်ချိန် ၇၇ တန်ခန့် ပိုမိုတင်ပို့နိုင်ပြီး ရန်ကုန်နှင့်မန္တလေးမြို့ရှိ ပွဲရုံများနှင့်တိရစ္ဆာန်အစာချက်စက်ရုံများသို့တင်ပို့ကြောင်း၊ လက်ရှိပြောင်းဈေးနှုန်းမှာ ပြောင်း(ခြောက်)တစ်ပိသာလျှင် ကျပ် ၅၂၀ ပေါက်ကြောင်း၊ ပဲစင်းငုံ တင်ပို့မှုမှာ စုစုပေါင်း ၁၈၀ အိတ် တန်ချိန်အားဖြင့် ၉ တန် တင်ပို့ထားကြောင်း လေ့လာသိရှိရပါတယ်။ ဒေသတွင်းဆန်ဈေးနှုန်းများမှာ ဧည့်မထ(မိုး)စပါး တင်း ၁၀၀ လျှင် ကျပ် ၈၀၆၀၀၀၊ ပေါ်ဆန်း ဆန်တစ်အိတ်လျှင် ကျပ်၅၉၀၀၀၊ပေါ်ကွဲဆန် တစ်အိတ်လျှင် ကျပ် ၂၄၀၀၀၊ ဧည့်မထဆန်တစ်အိတ်လျှင် ကျပ်၃၈၀၀၀၊စပ်ဆန်တစ်အိတ်လျှင် ကျပ် ၂၄၅၀၀ဈေးပေါက်ကြောင်း ကယားပြည်နယ် စားသုံးသူကုန်ဈေးနှုန်းသတင်းများ အရသိရှိရပါတယ်။

ဖြိုးဝေအောင် (လွိုင်ကော်)

ပြည်ပဲစင်းငုံသီးနှံဈေးကွက်အတွင်း ဈေးအနိမ့်ဆုံးဖြစ်

ဇူလိုင်လဆန်းပိုင်းကာလ ပြည်ပဲဈေးကွက်မှာ ပဲစင်းငုံသီးနှံအနေဖြင့် ပဲအဝင်မရှိဘဲ လက်ကျန်ပဲများဖြင့် ရန်ကုန်ဝယ်လက် ရက်ခြားဝယ်ယူမှုအပေါ် အရောင်းအဝယ်ဖြစ်ခဲ့ တာတွေ့ရပါတယ်။ ဒါကြောင့် အရောင်းအဝယ်ဖြစ်သည့်ရက်တွင် အိတ် ၁၅၀- ၂၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ပဲဈေးနှုန်းကတော့ တစ်တင်းကျပ် ၁၃၀၀၀ သာရရှိနေတဲ့အတွက် ယခင်တစ်ပတ်ကထက် ဈေးအနည်းငယ်လျော့သွားခဲ့တာကြောင့် ပဲဈေးကွက်အတွင်း ဈေးအနိမ့်ဆုံးပဲသီးနှံ ဖြစ်နေခဲ့ပါတယ်။ ယခင်နှစ်ကဆိုလျှင်လည်း ဇူလိုင်လ ပဲဈေးကွက်မှာ ပဲစင်းငုံသီးနှံဟာ ဈေးအနိမ့်ဆုံးဖြစ်ခဲ့ပေမယ့် ပဲတစ်တင်းကျပ် နှစ်သောင်းနီးပါးအထိ ရရှိခဲ့တယ်လို့သိရပါတယ်။

ခင်ဆွေဝင်း

ပြည်မတ်ပဲသီးနှံဈေး လျော့မြဲလျော့နေပြီး ရန်ကုန်ဝယ်လက် ဝယ်ယူမှုရှိ



ပြည်ပဲမျိုးစုံဈေးကွက်သို့ ပဲအချို့ ဝင်ရောက်မှု နေ့စဉ်ရှိသလို အချို့ပဲများကတော့ ပဲလက်ကျန်မရှိလို့ အရောင်းအဝယ်လည်း အေးနေခဲ့တာ တွေ့ရပါတယ်။ မတ်ပဲသီးနှံမှာ ပဲအဝင်နည်းလာပြီဖြစ်သော်လည်း တစ်ရက် အိတ် ၁၅၀ ကျော် ဝင်ရောက်ပြီး လက်ကျန်ပဲများရှိတဲ့အတွက် ရန်ကုန်ဝယ်လက်နေ့စဉ် ဝယ်ယူမှု အပေါ် ရောင်းချမှုရှိခဲ့ပါတယ်။ ပဲဈေးနှုန်းမှာ တစ်တင်းကျပ် ၁၄၆၀၀ဖြင့် ရောင်းဝယ်နေခဲ့တာကြောင့် ယခင်လ လဆန်း ပိုင်းကထက်တော့ ဈေးလျော့နေခဲ့တာတွေ့ရပါတယ်။ ဇွန်လဆန်းပိုင်းကာလမှာ မတ်ပဲသီးနှံတစ်တင်း ကျပ် ၁၆၈၀၀ ထိ ရရှိခဲ့ပေမယ့် လကုန်ရက်မှစ၍ ဈေးပြန်လျော့သွားပြီး ၁၅၀၀၀ကျော် အောက်အထိ ကျဆင်း လျက်ရှိကာ ဇူလိုင်လဆန်းပိုင်းမှာလည်း ဈေးလျော့မြဲလျော့နည်းနေကြောင်းသိရပါတယ်။

ခင်ဆွေဝင်း

ပြည်ပဲကြီးသီးနှံဈေးလည်း ကောင်းခဲ့သလို အရောင်းအဝယ်လည်းသွက်

ဇူလိုင်လရဲ့ ပဲဈေးကွက်အတွင်း ပဲကြီးသီးနှံမှာ ဈေးလည်းကောင်းနေသလို အရောင်းအဝယ်လည်း သွက်နေတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ပဲဝင်ရောက်မှု ပါးသွားပြီဖြစ်လို့ နေ့စဉ် ပဲဝင်ရောက်မှုမရှိဘဲ ရက်ခြားသာ ဝင်ရောက်နေခဲ့ပြီး ပဲလက်ကျန်များရှိလို့ ဈေးကွက်မှာ နေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲကြော်ဖိုသမား နေ့စဉ်အဝယ်ရှိပြီး တစ်ရက် အိတ် ၂၀၀- ၂၅၀ ကျော် ပုံမှန်ရောင်းဝယ်မှုဖြစ်ခဲ့ကြကာ (ရွှေ ကျွန်း) တစ်တင်းကျပ် ၃၆၀၀၀၊ (ကမ်း နား) တစ်တင်းကျပ် ၃၁၀၀၀ တို့ဖြင့် အသီးသီးရောင်းဝယ်နေကြကာ ဈေးကွက်အတွင်းဈေး ကောင်းရနေခဲ့ပါတယ်။ ယခင်နှစ်က ဆိုလျှင်ပဲကြီး သီးနှံဈေးဟာ ဈေးကွက်အတွင်း ဈေးအမြင့်ဆုံးရခဲ့လို့ တစ်တင်းကျပ် ၄၈၀၀၀ မှ ကျပ်ငါးသောင်းအထိ ရရှိခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

ခင်ဆွေဝင်း

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

မြန်မာ့ဆိပ်ကမ်းတွင် ၅ .၇ . ၂၀၁၈ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

(က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

ဆိပ်ကမ်းအမည်	သင်္ဘောအမည်	ကုန်တင်/ကုန်ချအခြေအနေ
ထီးတန်းဆိပ်ကမ်း	- MT PRIMROSE	P'Oil(In Bulk) ၄၃၀၀တင်ရန်
ထီးတန်းဆိပ်ကမ်း(၁)	- AS FENJA	ကုန်သေတ္တာ ၄၆၁ တင်ရန်ရှိ(အလုပ်မလုပ်)
ထီးတန်းဆိပ်ကမ်း(၂)	- SINAR BALI	ကုန်သေတ္တာ၅၅၆ချရန်
အလုံဆိပ်ကမ်း(၂)	- BANG BSAKAO	သင်္ဘော ၇၄၂ တန်ကုန်ချရန်
အလုံဆိပ်ကမ်း(၃)	- CAPE FLORES	Sea Bass ၂၃၄ ကုန်ချရန်
စက်မှုဆိပ်ကမ်း(၂)	- XETHA BHUM	ကုန်သေတ္တာ ၅၁၁ ကုန်တင်ရန်
စက်မှုဆိပ်ကမ်း(၄)	- MCC HALONG	ကုန်သေတ္တာ ၇၁၁ ကုန်တင်ရန်
ဆူးလေဆိပ်ကမ်း(၁)	- STOVE TIDE	ဆန် ၃၀၀၀၀ ကုန်တင်ရန်
ဆူးလေဆိပ်ကမ်း(၃)	- U THAR	ဓာတ်မြေဩဇာအိတ်၁ ၂၀၀၀ကုန်ချရန်
ဆူးလေဆိပ်ကမ်း(၄)	- MAAN AUNG	ဓာတ်မြေဩဇာအိတ်၇၆၃၇ကုန်ချရန်
ဆူးလေဆိပ်ကမ်း(၅)	- MJ BULKER	ဆန် ၂၂၄၀၀ကုန်တင်ရန်
ဝိုလ်အောင်ကျော်ဆိပ်ကမ်း(၁)	- KYAUK PHYU	ဓါတ်မြေဩဇာအိတ်၇၀၆၂ကုန်ချရန်
ဝိုလ်အောင်ကျော်ဆိပ်ကမ်း(၃)	- BOX EXPRESS	ကုန်သေတ္တာ၅၇၃ကုန်တင်၃၂၃ ကုန်ချရန်
သီလဝါဆိပ်ကမ်း(၁)	- AREZOO	ကုန်သေတ္တာ ၅၆၀ ချရန်
သီလဝါဆိပ်ကမ်း(၂)	- ANDA RAYA	Steel Product ၂၉၇၃ကုန်ချရန်
သီလဝါဆိပ်ကမ်း(၄)	- KAVO AETOS	Steel &4 Units Excavator ၄၆၁၂ကုန်ချရန်
သီလဝါဆိပ်ကမ်း(၅)	- DU JUAN SONG	Steel ၈၁၅ကုန်တင်၆၉၅၈ကုန်ချရန်

(ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

သင်္ဘောအမည်	ကုန်အမျိုးအစား	လာ/သွားရောက်မည့်ဆိပ်ကမ်း	ဆိုက်ကပ်မည့်ရက်
DYNAMIC OCEAN-0	teel ၃၁၇၉တန်ကုန်ချရန်	CHINA	၆.၇ . ၂၀၁၈
NORD SEZOUCHI	Coal(In Bulk) ၂၃၀၀၀ တန်ကုန်ချရန်	RUSSIA	၆.၇ . ၂၀၁၈
AGINISTIS	Steel Product ၃,၂၅၆၂ တန်ကုန်ချရန်	CHINA	၆.၇ . ၂၀၁၈
LAKAS	Steel&G/C ၄၄၃၄တန်ကုန်ချရန်	JAPAN	၆.၇ . ၂၀၁၈
THAWDAR DAEWE	သင်္ဘော (၂၃၀၀)တန်ကုန်ချရန်	THAI	၆.၇ . ၂၀၁၈
BANG SAO TONG	သင်္ဘော (၈၀၀၀)တန်ကုန်ချရန်	THAI	၁၀.၇ . ၂၀၁၈
RWN SPLENDIDE	MACHINERIES& Equipment ၂၄၂ တန်ကုန်ချရန်	UKAINE	၁၁.၇ . ၂၀၁၈
LOTUS LEADER	Unit Vehicle (RO/RO) ၄၄၁၁ကုန်ချရန်	JAPAN	၁၅ ၇ . ၂၀၁၈

(ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

သင်္ဘောအမည်	လာမည့်ဆိပ်ကမ်း	ဆိုက်ကပ်မည့်ဆိပ်ကမ်း	ဆိုက်ကပ်မည့်ရက်
KUO HSUNG	SINGAPORE	အေးရှားဝေါလ်ဆိပ်ကမ်း	၅.၇ . ၂၀၁၈
KOTA HADIAH	SINGAPORE	သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း	၅.၇ . ၂၀၁၈
PATHEIN STAR	SINGAPORE	စက်မှုဆိပ်ကမ်း	၅.၇ . ၂၀၁၈
KUO TAI	SINGAPORE	စက်မှုဆိပ်ကမ်း	၅.၇ . ၂၀၁၈
UNI AMPLE	SINGAPORE	အေးရှားဝေါလ်ဆိပ်ကမ်း	၆.၇ . ၂၀၁၈
OCEAN PROBE	SINGAPORE	အလုံဆိပ်ကမ်း	၆.၇ . ၂၀၁၈
ALS SUZURAN	SINGAPORE	အေးရှားဝေါလ်ဆိပ်ကမ်း	၇.၇ . ၂၀၁၈
CAPE FLORES	SINGAPORE	အေးရှားဝေါလ်ဆိပ်ကမ်း	၇.၇ . ၂၀၁၈
EF ELENA	SINGAPORE	သီလဝါဆိပ်ကမ်း	၇.၇ . ၂၀၁၈
LE LI	SINGAPORE	သီလဝါဆိပ်ကမ်း	၇.၇ . ၂၀၁၈
GSS YANGON	SINGAPORE	အေးရှားဝေါလ်ဆိပ်ကမ်း	၈.၇ . ၂၀၁၈
MAERSK WARSAW	SINGAPORE	သီလဝါ/စက်မှုဆိပ်ကမ်း	၈.၇ . ၂၀၁၈
YANTRA BHUM	SINGAPORE	စက်မှု/သီလဝါဆိပ်ကမ်း	၈.၇ . ၂၀၁၈
TOVE MAERSK	SINGAPORE	သီလဝါ/စက်မှုဆိပ်ကမ်း	၁၀.၇ . ၂၀၁၈
ARCA	SINGAPORE	သီလဝါ/ဝိုလ်အောင်ကျော်ဆိပ်ကမ်း	၁၁.၇ . ၂၀၁၈
KOTA HASIL	SINGAPORE	သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း	၁၂.၇ . ၂၀၁၈
THANLWIN STAR	SINGAPORE	စက်မှုဆိပ်ကမ်း	၁၃.၇ . ၂၀၁၈
ANAN BHUM	SINGAPORE	စက်မှုဆိပ်ကမ်း	၁၃.၇ . ၂၀၁၈
PACITA	SINGAPORE	သီလဝါ/အလုံဆိပ်ကမ်း	၁၄.၇ . ၂၀၁၈
HIJAU SAMUDRA	SINGAPORE	အေးရှားဝေါလ်ဆိပ်ကမ်း	၁၅.၇ . ၂၀၁၈

(ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

သင်္ဘောအမည်	ကုန်ပစ္စည်း	ဆိုက်ကပ်မည့်ဆိပ်ကမ်း	ရောက်မည့်ခန့်မှန်းရက်
MT.FLY GURNADR	ဒီဇယ်ဆီ	-	၅.၇ . ၂၀၁၈
MT.FLY MARLIN	ဒီဇယ်ဆီ	SINGAPORE	၆.၇ . ၂၀၁၈
MT.GREAT PRINCESS	ဒီဇယ်ဆီ	SINGAPORE	၆.၇ . ၂၀၁၈
MT.MESON	P'Oil(In Bulk)	INDONESIA	၆.၇ . ၂၀၁၈
MT.BULUGA PACIFIC	MOGAS (92 Ron)	SINGAPORE	၈.၇ . ၂၀၁၈
MT.VIET STAR	P'Oil(In Bulk)	INDONESIA	၉.၇ . ၂၀၁၈
MT.GLORY OCEAN	ဒီဇယ်ဆီ	SINGAPORE	၉.၇ . ၂၀၁၈
MT.CHAO ANOMA	P'Oil(In Bulk)	INDONESIA	၁၀.၇ . ၂၀၁၈
MT.PROMROSE	P'Oil(In Bulk)	INDONESIA	၁၄.၇ . ၂၀၁၈
MT.SENNA-2	LPG (GAS)	SINGAPORE	၁၄.၇ . ၂၀၁၈

တောင်ဂူခရိုင်အတွင်း သီးနှံအစုအဖွဲ့များ ဖွဲ့စည်း

စားသုံးသူရေးရာဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး တောင်ဂူခရိုင်ဦးစီးမှူး ဦးမျိုးအောင်နှင့် ဝန်ထမ်းများသည် ဇူလိုင် ၂ ရက်က တောင်ဂူမြို့နယ် ဒိုးအင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့်အတူ ဒိုးအင်းကျေးရွာအုပ်စုရှိ ဒိုးအင်း၊ စဉ့်အိုင်၊ လေးအိမ်စု၊ မဝါ၊ ကုက္ကိုပေါက်ကျေးရွာများမှ ကြံစိုက်တောင်သူများနှင့် တွေ့ဆုံ၍ အရည်အသွေးပြည့်မီသော ကြံများထွက်ရှိရေး၊ စျေးကွက်ပိုမိုရရှိရေးနှင့် ပဉ္စလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရည်ရွယ်၍ ဒိုးအင်းကြံစိုက်တောင်သူများ အစုအဖွဲ့ကို အလုပ်အမှုဆောင်အဖွဲ့ ၁၁ ဦး၊ အဖွဲ့ ဝင် ၅၁ ဦး၊ စိုက်ဧက ၄၂၁ ဧကဖြင့် ဖွဲ့စည်းပေးခဲ့သည်။

ထို့နောက် ခရိုင်ဦးစီးမှူးသည် ဇူလိုင် ၅ ရက်က ဖြူးမြို့နယ် ရေသျှံကြီးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့်အတူ ရေသျှံကြီးကျေးရွာအုပ်စုမှ ကြံစိုက်တောင်သူများနှင့် တွေ့ဆုံ၍ ရေသျှံကြီး ကြံစိုက်တောင်သူများအစုအဖွဲ့ကို အလုပ်အမှုဆောင်အဖွဲ့ ၁၁ ဦး၊ အဖွဲ့ဝင် ၂၉ ဦး၊ စိုက်ဧက ၇၉ ဧကဖြင့်လည်းကောင်း၊ သာခုကန်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့်အတူ သာခုကန်ကျေးရွာအုပ်စုမှ ကြံစိုက်တောင်သူများနှင့် တွေ့ဆုံ၍ သာခုကန် ကြံစိုက်တောင်သူများအစုအဖွဲ့ကို အလုပ်အမှုဆောင်အဖွဲ့ ၁၁ ဦး၊ အဖွဲ့ဝင် ၃၆ ဦး၊ စိုက်ဧက ၇၅ ဒသမ ၀၅ ဧကဖြင့်လည်းကောင်း ဖွဲ့စည်းပေးခဲ့ပါသည်။ တောင်ဂူခရိုင်တွင် ဇူလိုင်လ ပထမပတ်အတွင်း ကြံအစုအဖွဲ့ သုံးဖွဲ့ဖွဲ့စည်းနိုင်ခဲ့ကြောင်း သိရှိရပါသည်။ **စောသန်းထိုက်ကျော်**

မြစ်ကြီးနားမြို့ ဒညင်းသီးစျေးကွက်



ဒညင်းပင်ကို ကချင်ပြည်နယ် ဒေသအနှံ့အပြားရှိ အိမ်ခြံဝင်းများ၊ ဥယျာဉ်ခြံမြေများတွင် စီးပွားဖြစ် စိုက်ပျိုးမှုများရှိပါတယ်။ ဇွန်လနောက်ဆုံးပတ်မှစ၍ ဒညင်းသီးများစျေးကွက်အတွင်း စတင်ရောင်းဝယ်လာပြီး ဒညင်းသီးတစ်လုံးလျှင် ၁၈ ကျပ် မှ ၂၅ ကျပ် ပေါက်စျေး ရှိပါတယ်။

စိုက်ပျိုးသူများအနေနှင့် အလုံး အရွယ်အစားပေါ်မူတည်ကာ တစ်လုံးလျှင် ၈ ကျပ် မှ ၁၂ ကျပ် ရရှိကြပါတယ်။ ဒညင်းသီးရောင်းဝယ်ရေး လုပ်ကိုင်သူများမှာ မြို့ပေါ်ရပ်ကွက်၊ ကျေးရွာများတွင် အပင်ပြတ်(သို့မဟုတ်)အလုံးရေဖြင့် ဝယ်ယူကြပါတယ်။ ဒညင်းသီးဒိုင်များသို့သွင်းပါက အလုံးအရွယ်အစားအလိုက် တစ်လုံးလျှင် ၁၃ ကျပ် မှ ၁၆ ကျပ် ထိ ရရှိပါတယ်။ ကချင်ပြည်နယ်တွင် ဒညင်းစိုက်ဧက ၃၀၀၀ ကျော်ခန့်ရှိပြီး တစ်ဧကလျှင် အလုံးရေ ၂၅၀၀၀၀ ကျော်ခန့် ထွက်ရှိပါတယ်။ မြစ်ကြီးနားခရိုင်မှာ ဒညင်းစိုက်ဧက ၁,၂၀၀ ခန့်ရှိပါတယ်။ မြစ်ကြီးနားမြို့တွင် ဒညင်းသီးဒိုင် ၁၀ ဒိုင်ခန့် ရှိပြီး ဒိုင်များသို့ တစ်ရက်လျှင် ဒညင်းသီး ပျမ်းမျှအလုံးရေ ၁၅ သိန်းခန့် ဝင်ရောက်မှုရှိနေပါတယ်။ ဒိုင်များမှ အခွံနွာပြီးတဲ့ ဒညင်းသီးများကို ပိုက်အိတ်များဖြင့် တစ်အိတ်ကို အလုံးရေ ၈၅၀၀ မှ ၉၀၀၀ ကျော်ထိ ထည့်သွင်း၍ မန္တလေးစျေးကွက်သို့ အဓိကတင်ပို့ကြပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးများသို့ ရထား၊ ကားများဖြင့် တစ်ရက်လျှင် ဒညင်းသီး အလုံးရေလေးသိန်းခန့် တင်ပို့ရောင်းချလျက်ရှိပါတယ်။ရထားဖြင့် သယ်ယူပို့ဆောင်ပါက အလုပ်သမားခ အပါအဝင် တစ်အိတ်လျှင် မြစ်ကြီးနားမှ မန္တလေးသို့ ကျပ် ၅၅၀၀၊ မန္တလေးမှ ရန်ကုန်သို့ ကျပ် ၄၅၀၀ ကုန်ကျစရိတ်ရှိပါတယ်။ မန္တလေးစျေးကွက်မှာတော့ ဒညင်းသီးအလုံးရေ ၅၀ မှ ၇၀ ကြားပါရှိသော တစ်ပိသာလျှင် ကျပ် ၁၆၀၀ ခန့်ပေါက်စျေးရှိနေပါတယ်။ ဇူလိုင်လတွင် ဒညင်းသီးများ လှိုင်လှိုင်ပေါ်တော့မှာမို့ ယခုထက် ပိုမိုအရောင်းအဝယ်ဖြစ်နိုင်ပြီး စျေးနှုန်းလည်းပို၍ ရရှိနိုင်မည်ဖြစ်ပါတယ်။ **မြမြမွန်(ကချင်)**

စစ်ကိုင်းခရိုင်စားသုံးသူဦးစီးဌာနမှ စစ်ကိုင်းမြို့ရှိ နွားမွေးမြူရေးခြံ (ယာယီစုရုပ်) များသို့ ကွင်းဆင်းလေ့လာ

စစ်ကိုင်းခရိုင် စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ဇူလိုင် ၃ ရက်က စစ်ကိုင်းမြို့နယ်၊ တင်းတိပ်ကျေးရွာရှိ စစ်ကိုင်း ၂၁ စူပါစတား ကုမ္ပဏီလီမိတက်၊ စီတီးကျေးရွာရှိ Golden Soe Gyi Co. Ltd, Zaw Shwe Latt Kaung Co. Ltd, Kathar Kyaw Co.Ltd, Nway Nway Aung Co.Ltd, နှင့် ကျော်မင်းထိုက် ကုမ္ပဏီလီမိတက်စသည့် နွားမွေးမြူရေးခြံ(ယာယီစုရုပ်)များသို့ရောက်ရှိပြီး ပြည်ပသို့တင်ပို့ရန်အတွက် နွားဝယ်ယူစုဆောင်းတင်ပို့သည့် အခြေအနေများကို ကွင်းဆင်းလေ့လာ၍ အသေးစိတ်မေးမြန်းခဲ့သည်။

ထိုသို့ မေးမြန်းဆွေးနွေးရာတွင် နွားဝယ်ယူစုဆောင်းရန်အတွက် နွားတဲများကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ဝန်းကျင်တွင် စတင်တည်ဆောက်ခဲ့ကြောင်း၊ နွားများကို စစ်ကိုင်းမြို့နယ်အတွင်းရှိ ပဲကတိုး၊ ကျောက်ဆည်၊ ပဒူး၊ ရွာမ၊ ရွာသစ်ကြီး စသည့် ကျေးရွာများမှဝယ်ယူပြီး မူဆယ် (၁၀၅) မိုင် နွားဂိတ်စျေးသို့ ရောင်းချကြောင်း၊ နွား(ထီး) တစ်ကောင် ပျမ်းမျှ တန်ဖိုးမှာ ကျပ် ၁၄ သိန်းရှိပြီး နွားအသက်အရွယ်မှာ ၁၀ နှစ်မှ ၁၃ နှစ်ကြားရှိကြောင်း၊ စုဆောင်းကာလမှာ နှစ်လ၊ နှစ်လခွဲခန့်ကြာကြောင်း၊ နွားများစုဆောင်းပြီးပါက မွေး/ကု ဌာနမှ ခွာနာလျှာနာ၊ လေးဘက်နာရောဂါကာကွယ်ဆေးထိုးနှံပြီး သွေးစစ်ချက်များ ရယူ၍ နားကပ်တပ်ကြောင်း၊ မူဆယ် (၁၀၅) မိုင်ဂိတ်တွင် ရောင်းစျေးမှာ ကျပ်သိန်း ၂၀ မှ ကျပ် ၂၅ သိန်းဝန်းကျင် ရှိကြောင်း၊ ၁၂ ဘီးကား တစ်စီးလျှင် အကောင် ၂၀ တင်ပြီး ကားခမှာ ကျပ် ၁၆ သိန်းဖြစ်ကြောင်း၊ တစ်ကြိမ်လျှင် အကောင် ၁၀၀ တင်ပို့ကြောင်း၊ နွားစောင့်ရှောက်ရန်နှင့် လုံခြုံရေးဝန်ထမ်းများမှာ ကုမ္ပဏီတစ်ခုလျှင် ၁၀ ဦး မှ ၁၅ ဦးရှိကြောင်း၊ တစ်ဦးလျှင် စားစရိတ်ငြိမ်းနေ့တွက် ကျပ် ၅၀၀၀ ပေးရကြောင်း၊ နွားစာကျွေးမှုအနေဖြင့် ဆန်ကွဲနှင့် ဖွဲနုကို ရွှေဘိုမြို့မှ ဝယ်ယူပြီး ကောက်ရိုး၊ ပြောင်း၊ နှမ်းဖတ်၊ ပဲနှစ်များကို နီးစပ်ရာ ရွာနီးတစ်ဝိုက်မှ ဝယ်ယူကြောင်း၊ နွားခြံတစ်ခြံ အကျယ်အဝန်းမှာ တစ်ဧက မှ ၁ ဒသမ ၅ ဧကခန့် ရှိကြောင်း၊ ကုမ္ပဏီတစ်ခုလျှင် အနည်းဆုံး တစ်ကြိမ်မှ နှစ်ကြိမ်စီ တင်ပို့ပြီးဖြစ်ကြောင်း၊ နွားများမှာ မြန်မာဒေလီအစပ် နွားအမျိုးအစားများဖြစ်ကြောင်း၊ တင်ပို့ရောင်းချရာတွင် မူဆယ် (၁၀၅) မိုင်သို့ တရုတ်ပြည်မမှ လာရောက်ဝယ်ယူပြီး နှစ်ဦးနှစ်ဖက် စကားပြန်ဖြင့် အရောင်းအဝယ်ပြုလုပ်ကြောင်း၊ နွားကြံခိုင်မှု အခြေအနေကို မျက်မြင်ကြည့်၍ ကြိုက်ရောင်း၊ ကြိုက်ဝယ် ပြုလုပ်ကြကြောင်း သတင်းရရှိပါသည်။

ခင်စောဝင်း(စစ်ကိုင်း)

ကြက်သွန်

ပြည်ကြက်သွန်နီစျေးကွက် အရောင်းအဝယ်အေးနေသော်လည်း စျေးနှုန်းများမြင့်တက်လျက်ရှိ

ယခုတစ်ပတ်အတွင်း ပြည်စျေးကွက်၌ ကြက်သွန်နီစျေးနှုန်းများ လက်ကားရော လက်လီပါ မြင့်တက်သွားတာ တွေ့ရပါတယ်။ ကျောက်ပန်းတောင်း၊ တောင်တွင်းကြီး၊ ဆိပ်ဖြူ ရေနံချောင်း စတဲ့နယ်များမှ ကြက်သွန်နီများ တစ်ရက်လျှင် ပိသာ ၃၀ ဝင် အိတ် ၂၃၀-၂၅၀ခန့်ဝင်ရောက်မှု ရှိနေကြောင်း သိရပါတယ်။ ဝင်ရောက်သော ကြက်သွန်နီများအနေဖြင့် အရည်အသွေးကောင်း ကြက်သွန်နီများပါသလို ရေစိုမိုးမိ ကြက်သွန်နီများလည်း ဝင်ရောက်လာတာ တွေ့ရပါတယ်။

အရောင်းအဝယ်အနေဖြင့် ပုံမှန်စျေးကွက်ဖြင့်သာ လည်ပတ်လျက်ရှိသည့်အတွက် အရောင်းအဝယ် အေးနေကြောင်းလည်း သိရပါတယ်။ စျေးနှုန်းအနေနဲ့ ပွဲရုံများတွင် လက်ကားတစ်ပိသာကို အရည်အသွေးပေါ် မူတည်၍ ကျပ် ၅၅၀၊ ကျပ် ၆၀၀၊ ကျပ် ၆၅၀၊ ကျပ် ၇၀၀၊ ကျပ် ၇၅၀ စသည်ဖြင့် ခွဲခြားရောင်းချပြီး လက်လီစျေးများတွင် တစ်ပိသာကို (ကြီး)ကျပ် ၈၀၀၊ ကျပ် ၉၀၀၊ (လတ်)ကျပ် ၁၀၀၀၊ ကျပ် ၁၁၀၀၊ (သေး)ကျပ် ၇၀၀၊ ကျပ် ၇၅၀ နှုန်းတို့ဖြင့် ရောင်းချလျက်ရှိကာ ယခင်တစ်ပတ် လက်ကားစျေးတစ်ပိသာ ကျပ် ၅၅၀-၆၀၀ ရှိပြီး လက်လီ စျေး(ကြီး) ကျပ် ၇၀၀၊ (လတ်)ကျပ် ၈၀၀၊ (သေး)ကျပ် ၆၀၀-၆၅၀ နှုန်းတို့ရှိတဲ့အတွက် ယခုတစ်ပတ် စျေးနှုန်းမှာ ယခင်တစ်ပတ်စျေးနှုန်းနှင့် နှိုင်းယှဉ်ပါက လက်လီ/လက်ကား တစ်ပိသာလျှင် ကျပ် ၁၅၀၊ ကျပ် ၂၀၀ ခန့် မြင့်တက်လျက်ရှိနေတာ တွေ့ရပါတယ်။ အရည်အသွေးကောင်းပြီး အထားခံကာ စားသုံးသူအကြိုက်များတဲ့ ကြက်သွန်နီ အလတ်စများမှာ အလုံးကြီးများထက် စျေးကွက်အတွင်း စျေးကောင်းပိုမိုရရှိနေကြောင်းလည်း သိရပါတယ်။

ဝင်းလဲ့ဝါ(မြည်)

အဝင်ပုံမှန်ရှိပြီး ဒေသတွင်းအရောင်းအားတဲ့ ပြည်ကြက်သွန်ဖြူ

ပြည်ကြက်သွန်ဖြူပွဲရုံများတွင် ရှမ်းပြည်နယ်နှင့် တရုတ်လိုင်းမှ ကြက်သွန်ဖြူများ ဝင်ရောက်မှုပုံမှန်ရှိနေပြီး ကြက်သွန်ဖြူစျေးမှာ အနည်းငယ် ထပ်မံကျလာတာ တွေ့ရပါတယ်။

မိုးရွာသွန်းမှု များတာကြောင့် နယ်ဝယ်လိုအား အေးလာပြီး ဒေသတွင်းစျေးကွက်များမှ အိတ်အဆွဲနည်းတာကြောင့် အရောင်းအဝယ် အေးတယ်လို့ သိရပါတယ်။ ပြည်(ပွဲရုံ) တစ်ပိသာစျေး (ရှမ်း) ကျပ် ၁၄၀၀၊ ကျပ် ၁၅၀၀၊ (ကြူကုတ်) ကျပ် ၁၁၀၀၊ ကျပ် ၁၂၀၀ တို့ ဖြစ်ပါတယ်။ ဒေသတွင်း လက်လီသမားများကတော့ (ရှမ်းစ) တစ်ပိသာလျှင် ကျပ် ၂၀၀၀ မှ ကျပ် ၂၅၀၀ ထိ ရောင်းချလျက်ရှိနေပါတယ်။ အရောင်းအားတာကြောင့် ပွဲရုံများတွင် တစ်ပတ်အတွင်း မန်ကျည်းမှည့်ပိသာ ၂၀၀ ဝန်းကျင်သာ အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

နိုနိုဝင်း

မန်ကျည်း

နယ်ဝယ်လက်အဆွဲနည်းပြီး လက်လီစျေးကောင်းတဲ့ ပြည်မန်ကျည်းမှည့်

ပြည်မန်ကျည်းမှည့် ပွဲရုံများသို့ ဒေသတွင်းထွက်ရှိမှုနှင့် ထုံးဘို၊ ဟသ်ာတ၊ ကြံခင်း၊ မြန်အောင်တို့မှထွက်သော ဒါးဇင်းအသား မန်ကျည်း မှည့်များ ပုံမှန်ဝင်ရောက်နေပြီး ယခု ဇူလိုင်လ ပထမပတ်မှာ မန်ကျည်းမှည့် အရောင်းအဝယ် အေးနေပါတယ်။ ပွဲရုံသမားများလည်း နယ်ဝယ်လက်ကို မျှော်နေကြောင်း သိရပါတယ်။ အရောင်းအဝယ်အေးလာပြီး စျေးအနည်းငယ်ကျလာပေမယ့် ဒေသတွင်း လက်လီစျေးကွက်များတွင် လုံးဝ စျေးမကျဘဲ စျေးအမြင့်ဖြင့် ရောင်းဝယ်နေတာ တွေ့ရပါတယ်။

ယခုတစ်ပတ် မန်ကျည်းမှည့်စျေး (ပွဲရုံ စျေး) တစ်ပိသာလျှင် ကျပ် ၁၈၀၀ ဖြင့် စျေးကျလာတာ တွေ့ရပါတယ်။ (လက်လီစျေး) ကတော့ ကျပ် ၂၅၀၀ မှ ကျပ် ၃၀၀၀ ထိ ရောင်းချလျက်ရှိနေပါတယ်။ အရောင်းအားတာကြောင့် ပွဲရုံများတွင် တစ်ပတ်အတွင်း မန်ကျည်းမှည့်ပိသာ ၂၀၀ ဝန်းကျင်သာ အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

နိုနိုဝင်း

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မန်ကျည်း တန်ချိန် ၁၀၀ တင်ပို့

ဇွန်လ ၂၄ ရက်မှ ၃၀ ရက်အထိ သီတင်းပတ်အတွင်း မန်ကျည်းတန်ချိန် ၁၀၀ ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှတင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ နိုင်ငံမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဖြစ်ပါတယ်။ ယခင်သီတင်းပတ်ကမန်ကျည်း ၁၁၅ တန် တင်ပို့ခဲ့တာကြောင့် ဒီတစ်ပတ် တင်ပို့မှုနဲ့ နှိုင်းယှဉ်ရင် မန်ကျည်း ၁၅ တန် တင်ပို့မှုလျော့ကျခဲ့တယ်လို့ သိရပါတယ်။ မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၁၀၀၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

သီတာဝင်း(DOT)

အိန္ဒိယနယ်စပ်မှ ကွမ်းသီးတင်ပို့မှုကျဆင်း

မြန်မာ-အိန္ဒိယ နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဇွန် ၂၃ ရက်မှ ၂၉ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၁၁ သန်း တန်ဖိုးရှိ ကွမ်းသီး ၂၆၅၄ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၂၈၈၉ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၂၃၅ တန် လျော့နည်းခဲ့တယ်လို့ သိရပါတယ်။ တင်ပို့မှုကို ကြည့်ပါက တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ ၃ ဒသမ ၂၉၀ သန်း တန်ဖိုးရှိ ကွမ်းသီး ၂၄၇၈ တန် ၊ ရိုဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၂၁ သန်းတန်ဖိုးရှိ ကွမ်းသီး ၁၇၆ တန်ကို တင်ပို့ခဲ့ပါတယ်။ တမူးကုန်သွယ်ရေးစခန်းမှ ကွမ်းသီးအပြင် အမေရိကန်ဒေါ်လာ သုညဒသမ ၅၄၂ သန်း တန်ဖိုးရှိ ပန်းသီး၊ အုန်းသီး၊ ငါးခေါင်းပွ၊ စီးကရက်၊ နန့်ဖာလုံ အမယ်စုံတို့ကို ၁၄၉ တန်၊ ရိုဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၅၃ သန်း တန်ဖိုးရှိ ချည်စောင်၊ မစီးဖိနပ်၊ မတီရှပ်၊ အချိုရည်၊ ငါးသတ္တော၊ ကလေးဝမ်းဆက်တို့ကို ၂၀၇ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ခင်မိုးသူ

ချင်း

ရေကြောင်းလမ်းမှ ချင်းတန်ချိန် ၁၀၀ နီးပါးတင်ပို့

ဇွန် ၂၄ ရက်မှ ၃၀ ရက် သီတင်းပတ်အတွင်း ချင်း ၉၈ ဒသမ ၉၇၅ တန်ကို ရေလမ်း ခရီးမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၈၀ ဒသမ ၉၇၅ တန်နဲ့ အိန္ဒိယနိုင်ငံသို့ ၁၈ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အများဆုံးတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ချင်းစိုတစ်တန်ကို အမေရိကန်ဒေါ်လာ ၂၀၀ မှ ၂၂၀ ဝန်းကျင်ရရှိခဲ့ပြီး ချင်းခြောက်ကတော့ တစ်တန်ကို အမေရိကန်ဒေါ်လာ ၈၀၀ ဝန်းကျင် ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

သီတာဝင်း(DOT)

နန္နင်း

နန္နင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၅၀၀၀၀ ဝင်ငွေရ

ဇွန် ၂၄ ရက်မှ ၃၀ ရက်အထိ သီတင်းပတ်အတွင်း နန္နင်း ၃၁၄ ဒသမ ၀၂၅ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၂၅၂ တန်နဲ့ ရီမင်နိုင်ငံသို့ ၅၉ ဒသမ ၀၂၅ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ နန္နင်း(ရှမ်းစ)က တစ်တန်ကို ပျမ်းမျှ အမေရိကန်ဒေါ်လာ ၆၀၀ ဝန်းကျင်ရရှိခဲ့ပြီး နန္နင်းက တစ်တန်ကို ပျမ်းမျှ အမေရိကန်ဒေါ်လာ၃၅၀ ဝန်းကျင်ရရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ နန္နင်းတန်ချိန် ၂၄၀ နဲ့ နှိုင်းယှဉ်ရင် ယခုတစ်ပတ်မှာ နန္နင်း ၇၄ တန် တင်ပို့မှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် နန္နင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၅၁၉၀၈ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

သီတာဝင်း(DOT)

ကုန်သွယ်ရေးစခန်းများမှ ဆိုင်ကယ်တင်သွင်းမှုကျဆင်း

ကုန်သွယ်ရေးစခန်းများမှ ဇွန် ၂၃ ရက်မှ ၂၉ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၈၁ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၉၆၂၀ စီးကိုတင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၀၄၂၈ စီးတင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၈၀၈ စီး လျော့နည်းတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ မူဆယ်ကုန်သွယ်ရေးဇုန်မှ ဆိုင်ကယ်များပိုမိုတင်သွင်းခဲ့သော်လည်း မြဝတီကုန်သွယ်ရေးဇုန်နဲ့ တမူးကုန်သွယ်ရေးစခန်းတို့မှ ဆိုင်ကယ်များလျော့နည်းတင်သွင်းခဲ့တဲ့အတွက် ဖြစ်တယ်လို့ သိရပါတယ်။

တင်သွင်းမှုကိုကြည့်ပါက မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၈၁ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၈၄၃၅ စီး၊ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၈၉၀ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၁၈၀ စီး၊ ကော့သောင်းကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၉ သန်းတန်ဖိုးရှိ ဆိုင်ကယ်ငါးစီးတို့ကို တင်သွင်းခဲ့တယ်လို့ သတင်းရရှိပါတယ်။

ခင်မိုးသူ

မူဆယ်မှတရုတ်နိုင်ငံသို့ ဇွန်လအတွင်း ရေထွက်ကုန် တန်ချိန်လေးထောင်ခန့် တင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဇွန် ၂၃ ရက်မှ ၂၉ ရက်ထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၉၉ သန်း တန်ဖိုးရှိ ရေထွက်ကုန် ၇၈၉ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ တန် ၈၉၀ ကျော်နဲ့နှိုင်းယှဉ်ပါက ၁၀၁ တန် လျော့နည်းခဲ့ပြီး တန်ဖိုးမှာလည်း အမေရိကန်ဒေါ်လာ သုည ဒသမ ၁၂၆ သန်း လျော့နည်းခဲ့ပါတယ်။

ယခုတစ်ပတ်တွင် ကဏန်း၊ ငါးမျိုးစုံ၊ ငါးလေးခြောက် တင်ပို့မှု လျော့နည်းခဲ့တာကြောင့် ယခုလို တန်ချိန်ရော တန်ဖိုးပါ လျော့နည်းရတာ ဖြစ်ပါတယ်။ တစ်ဖက်နိုင်ငံ စျေးအနေနဲ့ ယခင် တစ်ပတ်က ကဏန်း တစ်တန်လျှင် ၄၅၈၃၃ ယွမ်မှ ၆၆၆၆၇ ယွမ်သို့ စျေးမြင့်တက်ခဲ့ပြီး ငါးရှဉ့် စျေးကတော့ ယခင်တစ်ပတ်ကအတိုင်း ယွမ် ၂၂၀၀၀ ဖြင့် ပြောင်းလဲမှုမရှိကြောင်း၊ ဇွန်လအတွင်း မူဆယ်မှ တရုတ်နိုင်ငံသို့ ရေထွက်ကုန်တန်ချိန် ၄၀၀၀ ခန့် တင်ပို့ခဲ့ကြောင်း သိရပါတယ်။

မော်မော်အောင်

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

၂၀၁၈ ဘဏ္ဍာနှစ် ပထမသုံးလတွင် ပြည်ပကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၉ ဘီလီယံခန့်ရှိ

ယခင်နှစ်ကာလတူထက် ၁ ဒသမ ၃ ဘီလီယံခန့် ပိုမိုမြင့်တက်လာ

ကြည်စိမ့်သူ(ရောမြေ)

ကုန်သွယ်မှုကဏ္ဍဟာ နိုင်ငံတစ်နိုင်ငံရဲ့စီးပွားရေးတိုးတက်မှုကို တိုင်းတာရာမှာ အဓိကပင်မကျောရိုးသဖွယ် ထောက်ပံ့ပေးသည့် အရေးကြီးသည့်အချက်ဖြစ်သည့်အပြင် နိုင်ငံတွင်းနေပြည်သူများရဲ့ လူမှုစီးပွားရေးအခြေအနေများ၊ လူနေမှုအဆင့်အတန်း၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် စားသုံးသူအကျိုး/အခွင့်အလမ်းများ အတွက်ပါအရေးပါသောအခန်းကဏ္ဍမှပါဝင်လျက်ရှိပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ကိန်းဂဏန်းအချက်အလက်များအရ ယခင်ဘဏ္ဍာနှစ်ဖြစ်သော ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၅ ဘီလီယံဆောင်ရွက်နိုင်ခဲ့ပြီး ထိုကဲ့သို့ဆောင်ရွက်နိုင်မှုဟာ မြန်မာ့ကုန်သွယ်မှုသမိုင်းတစ်လျှောက်မှာ ပမာဏအများဆုံးဆောင်ရွက်နိုင်ခဲ့တဲ့နှစ်ဖြစ်ခဲ့တဲ့အတွက် သမိုင်းသစ်မှတ်တိုင်စိုက်ထူကာ သမိုင်းဝင်မှတ်တမ်းတင်နိုင်ခဲ့တဲ့ နှစ်တစ်နှစ်လည်း ဖြစ်ခဲ့ပါတယ်။

ကုန်သွယ်မှုအချက်အလက်များအရ ယခု ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ Mini Budget ၏ ပထမသုံးလပတ်ကာလဖြစ်သော ဧပြီ၊ မေ၊ ဇွန် ပထမသုံးလပတ်တွင် ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၈ ဒသမ ၉ ဘီလီယံ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရပါတယ်။ အဆိုပါ ပထမသုံးလပတ်အတွက် ကုန်သွယ်မှုပမာဏ လျာထားချက်သည် အမေရိကန်ဒေါ်လာ ၆ ဒသမ ၈၅ ဘီလီယံ ဖြစ်ပြီး ဆောင်ရွက်နိုင်မှုအနေဖြင့် ယာယီစာရင်းများအရ ကုန်သွယ်မှုပမာဏတန်ဖိုး အမေရိကန်ဒေါ်လာ ၈ ဒသမ ၉ ဘီလီယံ ဆောင်ရွက်နိုင်ခဲ့သဖြင့် လျာထားချက်ပြည့်မီရုံမျှမက ကျော်လွန်ကာ ၁၃၀ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့တာကို တွေ့ရှိရပါတယ်။ ထို့အပြင် လက်ရှိ Mini Budget နှစ်ဖြစ်သော ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလထိ ခြောက်လတာကာလအတွက် ကုန်သွယ်မှုပမာဏလျာထားချက်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၇ ဘီလီယံတွင် ပထမသုံးလပတ်၌ ဆောင်ရွက်နိုင်မှု ရာခိုင်နှုန်းသည် ယာယီစာရင်းများအရ ၆၅ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သဖြင့် ယခု Mini Budget နှစ်အတွက်ဆောင်ရွက်နိုင်မည့် ကုန်သွယ်မှုပမာဏဟာလည်း ပိုမိုတိုးတက်၍ လျာထားချက်ပြည့်မီကျော်လွန်နိုင်ကြောင်းကို မှန်းဆသုံးသပ်နိုင်ပါတယ်။ ယခုနှစ် ပထမသုံးလပတ် ကာလမှာဆောင်ရွက်နိုင်သော ကုန်သွယ်မှုပမာဏသည် ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံ ပိုမိုဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရသည့်အတွက် သမိုင်းမှတ်တိုင်စိုက်ထူနိုင်ခဲ့သည့် ယခင်နှစ်ကာလတူကထက်ပင် ယခုနှစ်ကုန်သွယ်မှုပမာဏက ပိုမိုလျက်ရှိတာကို တွေ့ရပါတယ်။ ဤအချက်များကိုကြည့်ခြင်းအားဖြင့် ယခုနှစ်မှာလည်း ကုန်သွယ်မှုဟာ အရှိန်အဟုန်ကောင်းစွာနဲ့ ဆက်လက် တိုးတက်လျက်ရှိတာကို တွေ့ရမှာ ဖြစ်ပါတယ်။

၂၀၁၈ ခုနှစ် ပထမသုံးလပတ်၏ ပို့ကုန်တင်ပို့နိုင်မှုမှာ ၃ ဒသမ ၉ ဘီလီယံရှိခဲ့ပြီး လယ်ယာထွက်ပစ္စည်း သုည ဒသမ ၇၁ ဘီလီယံ၊ တိရစ္ဆာန်ထွက်ပစ္စည်း သုည ဒသမ ၀၇ ဘီလီယံ၊ ရေထွက်ပစ္စည်း သုည ဒသမ ၁၅ ဘီလီယံ၊ သတ္တုတွင်းထွက်ပစ္စည်း သုည ဒသမ ၃၂ ဘီလီယံ၊ သစ်တောထွက်ပစ္စည်း သုည ဒသမ ၀၅ ဘီလီယံ၊ စက်မှုကုန်ချောပစ္စည်း ၂ ဒသမ ၂ ဘီလီယံနှင့် အခြားပစ္စည်းအုပ်စုတွင် သုည ဒသမ ၄ ဘီလီယံဖြင့် အသီးသီးတင်ပို့နိုင်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ် ပထမသုံးလပတ်၏ သွင်းကုန်တင်သွင်းမှုမှာ ငါးဘီလီယံရှိခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပစ္စည်းများ တင်သွင်းမှု ၁ ဒသမ ၈ ဘီလီယံ၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများတင်သွင်းမှု ၂ ဒသမ ၁ ဘီလီယံနှင့် လူသုံးကုန်ပစ္စည်းများတင်သွင်းမှု ၁ ဒသမ ၁ ဘီလီယံဖြစ်ကြောင်း တွေ့ရပါတယ်။

ယခုနှစ် ပထမသုံးလပတ် ကာလတွင်ပို့ကုန်တင်ပို့မှုအနေဖြင့် ၃ ဒသမ ၉ ဘီလီယံ တင်ပို့နိုင်ခဲ့ပြီး ယခင်နှစ်ကာလတူထက် သုည ဒသမ ၈ ဘီလီယံ ပိုမိုတင်ပို့နိုင်ခဲ့ကာ ပိုမိုတင်ပို့နိုင်တဲ့ ပို့ကုန်ကုန်စည်အမယ်များကတော့ ချုပ်ပြီးအထည်၊ သဘာဝဓာတ်ငွေ့၊ သတ္တုနှင့် သတ္တုရိုင်းများ၊ ဆန်/ ဆန်ကွဲ၊ Re-Export (High Speed Disel Oil)၊ သကြား၊ ပဲတီစိမ်း၊ ငါး၊ Re-Export (Refined Sugar) နှင့် ဖွားအရှင်တို့ပဲဖြစ်ပါတယ်။ ဆန်နှင့်ဆန်ကွဲအနေနဲ့တင်ပို့မှုမှာ တန်ချိန်နည်းသော်လည်း ဈေးကောင်းရရှိခြင်းကြောင့်တန်ဖိုးအနေနဲ့ယခင်နှစ်ထက်များပြားမှုရှိတာကိုတွေ့ရှိရပါတယ်။ ပဲတင်ပို့မှုအနေဖြင့် အိန္ဒိယမှကန့်သတ်မှုများအပါအဝင်အကြောင်းအမျိုးမျိုးကြောင့် တင်ပို့နိုင်မှုကျဆင်းခဲ့သော်လည်း အခြားပို့ကုန်အမယ်များဖြစ်တဲ့ ချုပ်ပြီးအထည်ချုပ်များ၊ သဘာဝဓာတ်ငွေ့၊ ဆန်/ဆန်ကွဲ၊ သကြားစတာတွေကို ပိုမိုတင်ပို့နိုင်ခဲ့တဲ့အတွက် ပို့ကုန်တင်ပို့မှုဟာ ယခင်နှစ်ကာလတူနဲ့နှိုင်းယှဉ်တဲ့အခါမှာ ပိုမိုလာတာကို တွေ့ရှိရပါတယ်။ ဒါ့အပြင် Re-Export သကြားတင်ပို့မှုကို ၂၀၁၈ ခုနှစ် ဇွန် ၁ ရက်တွင် ပြန်လည်ခွင့်ပြုပေးခဲ့မှုကြောင့် သကြားဟာ ယခုနှစ် ကုန်သွယ်မှုပမာဏမှာ ပိုမိုတင်ပို့နိုင်မယ့် အလားအလာကောင်းများရှိနေတာကိုလည်း တွေ့ရှိရပါတယ်။

သွင်းကုန်တင်သွင်းမှုအနေနဲ့ကတော့ ၂၀၁၈ ခုနှစ် ဧပြီ၊ မေ၊ ဇွန်ပထမသုံးလပတ်အတွင်းမှာ အမေရိကန်ဒေါ်လာငါးဘီလီယံ တင်သွင်းနိုင်ခဲ့ပြီး ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ သုည ဒသမ ၅ ဘီလီယံပိုမိုခဲ့ကာ အဓိကတင်သွင်းခဲ့တဲ့အမယ်များကတော့ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ ရေနံထွက်ပစ္စည်းများ၊ ပလတ်စတစ်ကုန်ကြမ်းများနှင့်ဓာတ်မြေသြဇာတို့ဖြစ်ပါတယ်။ ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ စက်သုံးဆီအပါအဝင် ရေနံထွက်ပစ္စည်းများ၊ ကုန်ကြမ်းနှင့် စိုက်ပျိုးရေးသွင်းအားစု၏အဓိကလိုအပ်ချက်ဖြစ်သည့် ဓာတ်မြေသြဇာများ ပိုမိုတင်သွင်းလာသည်ကို ကြည့်ခြင်းအားဖြင့် မိမိနိုင်ငံတွင်းရှိပြည်ပကုန်ကြမ်းအသုံးပြုထုတ်လုပ်သော ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ အသေးစား/အလတ်စားလုပ်ငန်းများ၊ တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းများနှင့် ပင်မစိုက်ပျိုးရေးနယ်ပယ်များ၌ လုပ်ငန်းများလည်ပတ်စွာ လုပ်ကိုင်လျက်ရှိတာကို သိရှိနိုင်မှာပဲဖြစ်ပါတယ်။

လတ်တလောဖြစ်ပေါ်လျက်ရှိတဲ့ အမေရိကန်ဒေါ်လာငွေလဲနှုန်းမြင့်တက်မှုအခြေအနေများက လည်း ကုန်သွယ်မှုကဏ္ဍအပေါ်မှာတစ်နည်းတစ်ဖုံ အကျိုးသက်ရောက်မှုဖြစ်ပေါ်လျက်ရှိပါတယ်။ အမေရိကန်ဒေါ်လာဟာ ကမ္ဘာ့ငွေကြေးများထဲမှာ ခိုင်မာသည့် ငွေကြေးတစ်ခုဖြစ်ပြီး Global Currency အဖြစ် အသုံးပြုလျက်ရှိခြင်းကြောင့် အမေရိကန်ဒေါ်လာဈေးတက်ခြင်း/ကျခြင်းသည် ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေးလုပ်ငန်းများအတွက်များစွာအရေးပါလျက်ရှိရာ မြန်မာနိုင်ငံသည် လည်းတစ်ခုအပါအဝင် ဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်နှစ်ဆန်းပိုင်းကာလများတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်သော ငွေလဲနှုန်းများအရ တစ်ဒေါ်လာလျှင် ကျပ် ၁၃၃၀ ဝန်းကျင်မှ ၁၃၃၅ ကျပ်ဝန်းကျင်၌ရှိခဲ့ပြီး ဧပြီလတွင် ၁၃၄၀ ကျပ်ဝန်းကျင်နှင့် မေလတွင် ၁၃၅၅ ကျပ်ဝန်းကျင်ဖြင့် တဖြည်းဖြည်း မြင့်တက်လာခဲ့ပါတယ်။

နိုင်ငံတကာဈေးကွက်တွင် ကုန်သွယ်မှုပြုတဲ့အခါမှာလည်း အမေရိကန်ငွေကြေးခိုင်မာလာတာကြောင့် ဒေါ်လာနဲ့လဲလှယ်ရတဲ့အခြားငွေတန်ဖိုးများကျဆင်းလာခဲ့ပြီး ဒေါ်လာငွေဖြင့်သာကုန်သွယ်မှုလုပ်ဆောင်ခြင်းမြင့်တက်လာခဲ့ပါတယ်။ ဒေါ်လာငွေသိုလှောင်သုံးစွဲမှုမြင့်တက်လာခဲ့တာကြောင့် နောက်ဆက်တွဲအနေနဲ့ဒေါ်လာဈေးမှာလည်းမြင့်တက်လာခဲ့တာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံ၌ ဇွန်လလယ်မှာ အမေရိကန်ဒေါ်လာငွေလဲနှုန်းများ မြင့်တက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဇူလိုင် ၆ ရက်တွင် အမေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၃၉၃ ကျပ်၊ ဝယ်ဈေး ၁၃၉၀ ကျပ်ဖြစ်ကြောင်း သိရှိရပါတယ်။

အမေရိကန်ဒေါ်လာ ငွေလဲနှုန်းဈေးတက်ခြင်းကြောင့် ပို့ကုန်ကဏ္ဍတွင် ပို့ကုန်တင်ပို့သူများအနေဖြင့် အကျိုးအမြတ်အသာစီးပိုမိုရရှိနိုင်လျက် ရှိပါတယ်။ ယခုလို ဒေါ်လာငွေဈေးမာသည့် အခြေအနေမျိုးတွင် မိမိတို့ရဲ့ပို့ကုန်များကို အရည်အသွေးမြှင့်၍ ပိုမိုထုတ်လုပ်ခြင်း၊ ပို့ကုန်အမယ်သစ်များရှာဖွေ၍ ပို့ကုန်တိုးမြှင့်တင်ပို့ခြင်းဖြင့်လည်း ဒေါ်လာငွေတန်ဖိုးတက်တဲ့အပေါ် မူတည်ပြီး ပို့ကုန်ကဏ္ဍ၌ အသာစီးရနိုင်မှာဖြစ်ပါတယ်။

လက်ရှိ အရှိန်အဟုန်ကောင်းလျက်ရှိတဲ့ မြန်မာ့ကုန်သွယ်မှုကဏ္ဍအား စဉ်ဆက်မပြတ် ဆက်လက်တိုးတက်စေရေးနဲ့ မြန်မာနိုင်ငံရဲ့ အဓိကပို့ကုန်ဖြစ်တဲ့ ဆန်နှင့်ပဲအမျိုးမျိုး အပါအဝင် မြန်မာ့ပို့ကုန်များအား နိုင်ငံတကာဈေးကွက်၌ပိုမိုကျယ်ပြန့်စွာ တိုးချဲ့တင်ပို့နိုင်ရေးတို့အတွက် ထုတ်လုပ်မှုနည်းပညာအပိုင်း၊ အရည်အသွေးပိုင်း၊ ထုပ်ပိုးမှုအပိုင်းစတာတွေမှာ နိုင်ငံတကာအဆင့်မီ စံချိန်စံညွှန်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားကြရမှာဖြစ်ပြီး ဈေးကွက်သစ်များရရှိရေးအတွက်လည်း အစိုးရ/ပုဂ္ဂလိကပိုင်းမှ တာဝန်ရှိသူအားလုံးက ဟန်ချက်ညီညီ ကြိုးပမ်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

စိုက်ပျိုးရေးကို အခြေခံသောဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်တဲ့ မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဟာ လွန်စွာအရေးကြီးလှပါတယ်။ ကုန်သွယ်မှုကဏ္ဍမှာလည်း ပုဂ္ဂလိကကဏ္ဍဟာ အရေးကြီးလှပါတယ်။

စာမျက်နှာ (၂၅)သို့

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

ရေလမ်းမှ ဓာတ်ဆီအဝင်ပိုပြီး ဒီဇယ်အဝင်လျော့

ဇွန် ၂၄ ရက်မှ ၃၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန် ၂၇၄၉၂၁၀၀ တန်ဖိုးရှိ ဒီဇယ် ၄၂၅၀၅ ဒသမ ၄၆ တန်နဲ့ အမေရိကန်ဒေါ်လာ ၃၆၈၂၄၁၅၇ တန်ဖိုးရှိ ဓာတ်ဆီ ၆၁၃၉၃ ဒသမ ၉၅ တန်၊ စုစုပေါင်း ၁၀၃၈၉၇ ဒသမ ၄၁ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်၄၇၁၈၀ တန်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ဒီဇယ်တန်ချိန် ၄၆၇၀ အဝင်လျော့ခဲ့ပြီး ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဓာတ်ဆီတန်ချိန် ၂၂၉၇၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၃၈၄၂၀ ကျော် အဝင်ပိုခဲ့ပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဓာတ်ဆီအဝင်ပိုပြီး ဒီဇယ်အဝင်လျော့ခဲ့ပါတယ်။

နယ်စပ်စခန်းဖြစ်တဲ့ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၆ ဒသမ ၀၁၈ သန်းတန်ဖိုးရှိ အဆင့်မြင့် Re-export ဒီဇယ်တန်ချိန် ၈၁၈၃ ဒသမ ၉၀ တန်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၅၂၄၂၅၀ တန်ဖိုးရှိ အဆင့်မြင့်ဒီဇယ် ၁၅ တန် တင်ပို့ခဲ့ပြီး တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၆၈၉၃၂ တန်ဖိုးရှိ ဒီဇယ် ၁၀၇ ဒသမ ၂၃ တန်နဲ့ အမေရိကန်ဒေါ်လာ ၄၈၃၇၆ တန်ဖိုးရှိ ဓာတ်ဆီ ၈၁ ဒသမ ၅၈ တန်၊ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂၉၁၅၇၅ တန်ဖိုးရှိ ဒီဇယ် ၄၅၈၁ ဒသမ ၈၅ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

သီတာဝင်း(DOT)

ကန်ပိုက်တီမှ တစ်သျှူးငှက်ပျော ပိုမိုတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းမှ ဇွန် ၂၃ ရက်မှ ၂၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၆၃၇၁၈၈ တန်ဖိုးရှိ တစ်သျှူးငှက်ပျော တန်၅၅၅၀ ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က ၃၉၂၅ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၆၂၅ တန် ပိုမို တင်ပို့ခဲ့ပါတယ်။

လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှလည်း အဆိုပါ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၃၅၉၈ တန်ဖိုးရှိ တစ်သျှူးငှက်ပျော တန် ၈၀ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က ၃၅၆ တန် တင်ပို့ ခဲ့လို့ ယခုတစ်ပတ်မှာ ၂၇၆ တန် လျော့နည်း တင်ပို့ခဲ့တာ တွေ့ရပါတယ်။ ဇွန်လအတွင်း ကန်ပိုက်တီနဲ့ လွယ်ဂျယ် ကုန်သွယ်ရေးစခန်းများမှ တရုတ်နိုင်ငံသို့ တစ်သျှူးငှက်ပျောတန် သုံးသောင်းကျော် တင်ပို့ခဲ့ပါတယ်။

အဆိုပါ သီတင်းပတ်အတွင်း တာချီလိတ် ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၃၄၉၅၅ တန်ဖိုးရှိ တစ်သျှူးငှက်ပျောတန် ၁၀၀ ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့တယ်လို့ သိရ ပါတယ်။

မော်မော်အောင်

မူဆယ်မှ ပျားရည်တန် ၉၀ ကျော်တင်ပို့

ဇွန် ၂၃ ရက်မှ ၂၉ ရက်အထိ ရက် သတ္တပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်ရှိမူဆယ်မှ အမေရိကန်ဒေါ်လာ ၃၅၅၀၀ တန်ဖိုးရှိ ပျားရည် ၄၅ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က ၃၂ တန်ခွဲ တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ ၁၂ တန်ခွဲ ပိုမိုတင်ပို့ခဲ့ပါတယ်။ ဇွန်လတစ်လလုံး မူဆယ်မှ ပျားရည် တန် ၉၀ ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

ပျားမွေးမြူရေးဌာနသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ စတင်ကာ ပျားရည်ထုတ်လုပ်မှု လုပ်ငန်းများ ဆောင်ရွက်မှုမရှိတော့ဘဲ ဝန်ဆောင်မှု လုပ်ငန်းတွေသာ ဆောင်ရွက်ခဲ့ပြီး ပျားရည်နဲ့ ပျားရည်ထွက်ပစ္စည်းများကို နိုင်ငံတကာ စျေးကွက်များသို့ တင်ပို့နိုင်ရေး ဆောင်ရွက်ခဲ့ရာ ၂၀၁၅ ခုနှစ် ဧပြီမှ နိုဝင်ဘာအထိ တင်ပို့ခဲ့ကြောင်း၊ ပုဂ္ဂလိက ပျားမွေးမြူရေး လုပ်ငန်းများကို တောင် ကြီး၊ အောင်ပန်း၊ ပြင်ဦးလွင်၊ နောင်ချို၊ ကျောက်မဲနဲ့ မန္တလေးတိုင်းဒေသကြီး အတွင်း အများဆုံး လုပ်ကိုင်ဆောင်ရွက်နေကြောင်း ပျားရည်ရောင်းဝယ်ရေးလုပ်ငန်းရှင်များထံမှ သတင်းရရှိပါတယ်။

မော်မော်အောင်

အမေရိကန်တစ်ဒေါ်လာလျှင် ကျပ် ၁၄၀၀ နီးပါး စျေးမြင့်တက်

ပြည်တွင်းငွေလဲစျေးကွက်သည် ဇူလိုင်လပထမပတ်တွင်လည်း စျေးမြင့်နေခဲ့ပြီး အမေရိကန်တစ်ဒေါ်လာလျှင် ကျပ် ၁၄၀၀ ဝန်းကျင်ဖြင့် စျေးမြင့်တက်ခဲ့ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံတော်ပဟိုဘဏ်ကလည်း ရည်ညွှန်းငွေလဲနှုန်းကို အမေရိကန်တစ်ဒေါ်လာလျှင် ၁၄၀၅ ကျပ်မှ တစ်ဒေါ်လာလျှင် ၁၃၉၈ ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့ကြောင်း သိရသည်။

"ဒေါ်လာကတော့ ကျပ် ၁၄၀၀ ဝန်းကျင်မှာပဲပြန်ငြိမ်မယ်လို့ထင်တယ်။ တက်ရင်လည်း နည်းနည်းလောက် ထပ်တက်သွားနိုင်တယ်။ သက်ဆိုင်ရာကလည်း အညှာသာဆုံးဖြစ်အောင် ထိန်းထိန်းသိမ်းသိမ်းလုပ်သွားတဲ့အတွက် ကျေးဇူးတင်ရပါမယ်။ နိုင်ငံတကာမှာလည်း ဒေါ်လာညွှန်းကိန်းက အတက်ပဲပြနေတော့ ဒေါ်လာကလည်း စျေးအမြင့်မှာပဲ ဆက်ရှိနေသေးတယ်"ဟု ပြည်တွင်းငွေကြေးအရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးကဆိုသည်။

ပြည်တွင်းငွေလဲနှုန်း စျေးကွက်တွင် ဇူလိုင် ၂ ရက်က အမေရိကန်တစ်ဒေါ်လာရောင်းစျေး ၁၃၉၁၁ ကျပ်၊ ဝယ်စျေး ၁၃၈၇ ကျပ်စျေးရှိခဲ့ပြီး ဇူလိုင် ၄ရက်တွင် အမေရိကန်တစ်ဒေါ်လာရောင်းစျေး ၁၃၉၀ ကျပ်၊ ဝယ်စျေး ၁၃၈၅ ကျပ်ဖြင့် အရောင်းအဝယ်ရှိခဲ့ကာ ဇူလိုင် ၆ရက်တွင် အမေရိကန်တစ်ဒေါ်လာ ရောင်းစျေး ၁၃၉၃ ကျပ်၊ ဝယ်စျေး ၁၃၉၀ ကျပ်သို့ ပြန်လည်မြင့်တက်ခဲ့ကြောင်း သိရသည်။

သန်းထိုက်အောင်

ပြည်တွင်းရှေ့ စျေးနှုန်းမြင့်ခဲ့သော ရက်သတ္တပတ်

ယခင်တစ်ပတ်ကစျေးငြိမ်ခဲ့သော ပြည်တွင်းရွှေစျေးမှာ ဇူလိုင်လပထမ ပတ်အတွင်း စျေးအနည်းငယ်မြင့်တက်ခဲ့ကြောင်း ပြည်တွင်းရွှေစျေးကွက်မှ စုံစမ်းသိရှိရသည်။ ဇွန်လနောက်ဆုံးပတ်က ကျပ် ၉၃၆၅၀၀ စျေးရှိခဲ့သော ပြည်တွင်းရွှေစျေးနှုန်းများသည် ဇူလိုင်လပထမပတ်အတွင်း ကျပ် ၉၃၈၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

ပြည်တွင်းရွှေစျေးမှာ အတက်အကျသိပ်မများသော်လည်း မိုးတွင်းကာလဖြစ်သောကြောင့် အရောင်းအဝယ်အေးခဲ့ကြောင်း၊ နိုင်ငံတကာ ရွှေစျေးမှာမူ ကမ္ဘာ့ငွေကြေးစျေးကွက်တွင် အမေရိကန်ဒေါ်လာညွှန်းကိန်း မြင့်တက်နေခြင်းနှင့်အတူ နိုင်ငံတကာရွှေစျေးနှုန်း ကျဆင်းလျက်ရှိကြောင်း၊ အမေရိကန်အစိုးရ၏ ကုန်သွယ်ရေး စစ်ပွဲစတင်ခဲ့မှုကြောင့် ရွှေအပေါ် ရင်းနှီးမြှုပ်နှံမှုများကို စောင့်ကြည့်ရန်လိုအပ်ကြောင်း ပြည်တွင်းရွှေ အရောင်းအဝယ်စျေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ပြည်တွင်းရွှေစျေးကွက်တွင် ဇူလိုင် ၂ရက်က အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၉၃၅၅၀၀ ရှိခဲ့ရာမှ ဇူလိုင် ၄ ရက်တွင် ကျပ်၉၃၇၀၀၀သို့ မြင့်တက်ခဲ့ပြီး ဇူလိုင် ၆ ရက်တွင် ကျပ် ၉၃၈၅၀၀ ဖြင့်စျေးပိတ်သိမ်းခဲ့ကြောင်းသိရသည်။ ကမ္ဘာ့ရွှေစျေးကွက်တွင်လည်း ဇူလိုင် ၂ ရက်က ရွှေတစ်အောင်စလျှင် ၁၂၅၃ အမေရိကန်ဒေါ်လာရှိခဲ့ရာမှ ဇူလိုင် ၄ ရက်တွင် တစ်အောင်စလျှင်၁၂၅၆အမေရိ ကန်ဒေါ်လာသို့မြင့်တက်ခဲ့ရာမှ ဇူလိုင် ၆ ရက်တွင် ၁၂၅၄ အမေရိကန်ဒေါ်လာသို့ ပြန်လည်ကျဆင်းခဲ့ကြောင်း စုံစမ်းသိရှိရသည်။ **သန်းထိုက်အောင်**

Provision of Stock Market in Myanmar ဟောပြောပွဲ ပြုလုပ်မည်

Myanmar Securities Exchange Centre Co.,Ltd နှင့် ဂျပန်နိုင်ငံ Diawa Securities Group Inc. တို့ပူးပေါင်းစီစဉ်ကျင်းပသော"Provision of Stock Market in Myanmar"ဟောပြောပွဲ အခမ်းအနားကို ဇူလိုင် ၂၁ ရက် နံနက်စနာရီမှ ၁၂ နာရီအထိ ရန်ကုန်မြို့သခင်မြပန်းခြံလမ်းရှိ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း (MICPA) ရုံး၌ ပြုလုပ်ကျင်းပမည်ဖြစ်ပါသဖြင့် CPA/DA အသင်းသားများနှင့် စိတ်ပါဝင်စားသူများအား တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲတွင် MICPA ဥက္ကဋ္ဌဖြစ်သူ ဦးဝမ်းတင်၊ Myanmar Securities Exchange Centre Co.,Ltd ၏ မန်နေဂျင်းဒါရိုက်တာ Mr.Takashi Yamaguchi၊ Diawa Securities Co.,Ltd. မှ Mr.Makoto Akasaka နှင့် Myanmar Securities Exchange Centre Co.,Ltd. ၏ မန်နေဂျာ ဒေါ်ဝင်းမေအောင်တို့က ဟောပြော ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။ အခမ်းအနားတွင် Securities Account ဖွင့်လှစ်ခြင်းကို အခမဲ့ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသဖြင့် ဖွင့်လှစ်လိုသူများအနေဖြင့် မိမိဘဏ်စာအုပ်၊ မှတ်ပုံတင်တို့ကို တစ်ပါတည်း ယူဆောင်လာရန် လိုအပ်ကြောင်း သိရသည်။ ဟောပြောပွဲ တက်ရောက်လိုသူအနေဖြင့် ဖုန်းနံပါတ် ၀၁-၃၇၆၈၂၂ (လိုင်းခွဲ ၁၀၅,၁၀၇,၁၁၅)ကို ဆက်သွယ်ကာ နာမည်၊ ဖုန်းနံပါတ်၊မှတ်ပုံတင်နံပါတ်တို့ဖြင့် အခမဲ့စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

သန်းထိုက်အောင်

Currency Exchange Rate

July 6, 2018
Base Currency is United States Dollar - USD

Currency Unit		Units per USD
AUD	Australia Dollars	1.35
BDT	Bangladesh Taka	83.39
CAD	Canada Dollars	1.31
CNY	China Yuan Renminbi	6.65
EUR	Euro	0.85
H KD	Hong Kong Dollars	7.85
I NR	India Rupees	68.85
I DR	Indonesia Rupiahs	14402.99
JPY	Japan Yen	110.74
MYR	Malaysia	4.04
PKR	Pakistan Rupees	121.84
PHP	Philippines Pesos	53.39
RUB	Russia Rubles	63.19
SGD	Singapore Dollars	1.36
KRW	South Korea Won	1115.09
LKR	Sri Lanka Rupe	158.76
THB	Thailand Baht	33.19
GBP	United Kingdom Pounds	0.76
VND	VietnamDon	23042.89

Source:xe.com

World Gold Price

July-2018 (USD/OZ)

Date	NY	London	Zurich
2	1253	1252	1251
3	1241	1241	1241
4	1263	1262	1263
5	1258	1257	1256
6	1260	1259	1259

Domestic Gold Price

Kyats(Thousand)

Date	Yangon	Mandalay
2-7- 2018	934.50	934.30
3-7- 2018	934.50	934.50
4-7- 2018	938.00	938.00
5-7- 2018	938.00	938.00
6-7- 2018	939.00	939.00

နယ်စပ်ငွေလဲလှယ်နှုန်း

ဇူလိုင်လ ၂၀၁၈ (1US$)

ရက်	တရုတ် (ယွမ်)	ထိုင်း (ဘတ်)	ဘင်္ဂလားဒေ့ရှ် (တာကာ)	အိန္ဒိယ (ရူပီး)
2	6.65	33.14	83.64	68.68
3	6.71	33.28	84.06	68.93
4	6.61	33.12	84.06	68.53
5	6.64	33.26	83.92	68.82
6	6.65	33.19	83.89	68.85

World Metal Price (US$)

Date	Silver/Oz	Zinc/Ton	Aluminium/Ton	Copper/Ton	Platinum/Oz
2-July	15.92	2866.58	2097.33	6559.77	840.00
3-July	15.78	2881.95	2083.66	6547.20	802.00
4-July	16.08	2845.14	2088.29	6520.09	839.00
5-July	16.01	2751.03	2072.64	6385.87	837.00
6-July	16.02	2768.00	2068.23	6315.78	842.00

Energy NYMEX 6-7-2018

	Price	Change	Change %
WTI Crude Future (USD/bbl.)	73.13	0.19	0.26
Brent Crude Futr (USD/bbl)	77.30	-0.09	-0.12
Gasoline Rbob Fut (Cent/gal)	212.81	-0.12	-0.06
Natural Gas Futr (USD/MMBtu)	2.83	-0.01	-0.32
Heating Oil Futr (Cent/gal)	218.13	0.26	0.12

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

ဘိလပ်မြေ

ရေလမ်းမှ ဘိလပ်မြေအဝင်လျော့ နယ်စပ်လမ်းမှ အဝင်ပို

ဇွန်လ ၂၄ ရက်မှ ၃၀ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၇၅၄၀ တန်ဖိုးရှိ ဘိလပ်မြေ ၉၀ ဒသမ ၄၆၆ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံမှတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က ဘိလပ်မြေတန်ချိန် ၉၀၀၀ အဝင်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဘိလပ်မြေအဝင် တော်တော်လေးလျော့နည်းခဲ့တာတွေ့ရပါတယ်။

ဇွန်လ ၂၃ ရက်မှ ၂၉ ရက်အထိသီတင်းပတ်အတွင်း နယ်စပ်လမ်းမှဘိလပ်မြေအဝင်မှာ တန်ချိန် ၆၆၄၀ ကျော်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ တန်ချိန် ၅၂၆၀ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန်၁၃၀၀ ကျော် အဝင်ပို ခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှအဝင်လျော့ခဲ့ပြီး နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်ပိုခဲ့ပါတယ်။

ဘိလပ်မြေဈေးကွက် အရောင်းအေး

မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ မိုးရွာနေပေမယ့်လည်း တစ်ပိုင်တစ်နိုင် ဆောက်လုပ်ရေးလုပ်ငန်းများကြောင့် ပုံမှန်အရောင်းအဝယ်လေးတော့ရှိနေပါတယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးကပြောပါတယ်။ အရောင်းအဝယ်ပုံမှန်ရှိပေမယ့် ဈေးက ငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၈၅၀၊ ဆင်(ထိုင်း)ကျပ် ၅၇၅၀၊ ကြံ့(မြန်မာ) ကျပ် ၅၀၀၀၊ စိန်(ထိုင်း) ကျပ် ၅၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

မန္တလေးဘိလပ်မြေဈေးကွက်မှာ အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ရွှေဖြူ ကျပ် ၄၉၀၀၊ အေသုံးလုံး ကျပ် ၄၆၀၀၊ ကြံ့နှစ်ကောင် ကျပ် ၅၀၀၀၊ အယ်လ်ဖာ ကျပ်၄၈၀၀၊ ဘလူးဒိုင်းမွန်း ကျပ် ၄၈၀၀၊ခရောင်းကျပ်၅၁၀၀၊ အပါချီကျပ်၄၂၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက် ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

မကွေးဘိလပ်မြေဈေးကွက်မှာ မိုးတွင်းကာလအချိန်ဆို ခုလိုပဲ အရောင်းအဝယ်အေးတယ်၊ ဆိုင်စရိတ်ရအောင် မနည်းရောင်းနေရတယ်၊ ယခင်နှစ်တွေက ဒီနှစ်လိုမိုးမများတာကြောင့် အရောင်းအဝယ်ကပုံမှန်ရှိသေးတယ်၊ ဒီနှစ်က ပိုပြီး အရောင်းပါးတယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးမှ ပြောပါတယ်။

ဒီတစ်ပတ်လည်း အရောင်းအေးသလို ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ဆင်မြန်မာ ကျပ် ၄၈၀၀၊ ကြံ့ကျပ် ၄၈၀၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀၊ အပါချီ ကျပ် ၄၉၀၀၊ စိန်(ထိုင်း) ကျပ် ၆၁၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရှိရပါတယ်။

တောင်ကြီးဈေးကွက်မှာ မိုးများနေတာကြောင့်အရောင်းအဝယ်ပါးသလို ဈေးလည်းငြိမ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၀၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၃၀၀၊ ကမ္ဘောဇ ကျပ် ၄၁၀၀၊ နဂါးကျပ် ၄၃၀၀၊ ဆင်(ထိုင်း) ကျပ် ၆၄၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

သီတာဝင်း(DOT) စုစည်းသည်

ဓာတ်မြေသြဇာ

ဒီတစ်ပတ် မြေသြဇာအဝင်လျော့

ဇွန်လ ၂၄ ရက်မှ ၃၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၆၃၇၂၅၃ တန်ဖိုးရှိ မြေသြဇာ ၁၃၇၈၀ ဒသမ ၇၁ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ဘီလာရုစ်နိုင်ငံမှ ၃၁၃၅ တန်၊ ကနေဒါနိုင်ငံမှ တန်ချိန် ၂၀၀၀၊ ချီလီနိုင်ငံမှ ၅၄ တန်၊ တရုတ်နိုင်ငံမှ ၂၆၁၂ ဒသမ ၉၄ တန်၊ ဂျာမနီနိုင်ငံမှ တန်ချိန် ၁၄၅၀၊ အီရန်နိုင်ငံမှ ၂၀၁၀ တန်၊ ဂျပန်နိုင်ငံမှ ၂၅ ဒသမ ၅၀ တန်၊ မလေးရှားနိုင်ငံမှ တန်ချိန် ၂၅၀၊ နော်ဝေနိုင်ငံမှ ၁၉၉ ဒသမ ၁၈တန်၊ ထိုင်းနိုင်ငံမှ ၁၅၄၄ ဒသမ ၀၉ တန်နဲ့ ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၅၀၀ တင်သွင်းခဲ့တယ်လို့သိရပါတယ်။ တင်သွင်းခဲ့တဲ့ မြေသြဇာအမျိုးအစားများမှာ ပိုတက်၊တက်တိုး၊ အမိုးနီးယားဆာလဖိတ်၊ အမိုးနီးယမ်းကလိုရိုဒ်၊ ယူရီးယား၊ ကွန်ပေါင်း(၂၀း၁၀း၁၀)၊ ကွန်ပေါင်း(၁၂း၁၂း၁၇)၊ ကွန်ပေါင်း(၁၅း၁၅း၁၅)နဲ့ဓာတ်ဆားတို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်ကတင်သွင်းခဲ့တဲ့ မြေသြဇာတန်ချိန် ၁၈၁၃၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ မြေသြဇာတန်ချိန် ၄၃၀၀ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

မန္တလေးဈေးကွက် အရောင်းအေး

ဇွန်လ ၂၃ ရက်မှ ၂၉ ရက်အထိ နယ်စပ်လမ်းမှ မြေသြဇာအဝင်မှာ ၂၁၆၁၉ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်ကအဝင်မှာ ၂၁၆၂၆ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၇တန်ကျော်အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။ ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်၊မကွေး၊ တောင်ကြီးမှာ အရောင်းပုံမှန်ရှိပြီး တောင်ကြီးမှာ အရောင်းအေးတယ်လို့ သိရပါတယ်။

မော်လမြိုင်ဈေးကွက်မှာ ဒီတစ်ပတ်အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆% (ရွှေတောင်-တရုတ်)ကျပ် ၂၆၅၀၀၊ ကွန်ပေါင်း (အစိမ်းရောင်) ကျပ် ၄၂၀၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ်၃၁၅၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၄၀၀၀၊ တီစူပါ ၁၂း၁၃(မြှားကမ္ဘာ-တရုတ်) ကျပ် ၁၃၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

တောင်ကြီးဈေးကွက်မှာ ဟင်းသီးဟင်းရွက်စိုက်ခင်းများနဲ့ ရာသီသီးနှံစိုက်ပျိုးခင်းများကြောင့် အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ဒီတစ်ပတ်ယူရီးယား-ပုလဲမြေသြဇာနဲ့ ယူရီးယား(ယူအေအီး)က ဈေးနည်းနည်းမြင့်လာသလို အရောင်းအဝယ်လည်းကောင်းပြီး ကျန်မြေသြဇာများက ဈေးလည်းငြိမ်သလို အရောင်းလည်းအေးတယ်လို့သိရပါတယ်။ ဈေးမြင့်ရတာလည်း ကုမ္ပဏီဈေးမြင့်တာကြောင့် မြင့်တာဖြစ်ပြီး ကျပ် ၂၀၀-၃၀၀သာဈေးမြင့်လာတယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၆၇၀၀ ၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၆၇၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၆၇၀၀၊တီစူပါ ၂၀% (တရုတ်) ကျပ် ၁၁၇၀၀ ၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်)ကျပ် ၃၈၀၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၇၀၀၀၊ ဓာတ်ဆား(တရုတ်) ကျပ် ၁၄၀၀၀၊ ပိုတက်(တရုတ်) ကျပ် ၂၃၆၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၂၄၈၀၀၊ မြှားကမ္ဘာကျပ် ၁၆၂၀၀ ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

မကွေးဈေးကွက်မှာ အရောင်းအဝယ်ပုံမှန်ရှိပေမယ့် ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြှားကမ္ဘာ-တရုတ် (၁၂း၁၃)ကျပ် ၁၆၅၀၀၊ ဆင်၁၀း၁၀း၅ ကျပ် ၁၆၃၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၇၅၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၅၅၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၇၈၀၀၊ သီးစုံ (ဝါစိမ်းပြာ)ကျပ် ၁၇၄၀၀၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်) ကျပ် ၂၆၀၀၀၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ကျပ် ၂၅၈၀၀၊ ဇာမဏီ ကျပ် ၁၈၂၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ်၁၈၂၀၀၊မြှားကမ္ဘာ ၁၅း၇း၈ ကျပ် ၂၀၀၀၀၊ တီစူပါ ကျပ် ၂၄၀၀၀၊ တောင်သူမ ကျပ် ၁၆၂၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

မန္တလေးဈေးကွက်မှာ နယ်ဘက်က အဝယ်မဆင်းသလို အမှာလည်းနည်းတာကြောင့် အရောင်းအဝယ်အေးပြီး ဈေးငြိမ်တယ်လို့သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၅၀၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၅၈၀၀၊ တီစူပါ (၄၆% တရုတ်) ကျပ် ၂၁၈၀၀၊ မြှားသီးစုံ ကျပ် ၁၅၃၀၀၊ ပန်းသီးစုံ ကျပ် ၁၅၇၀၀၊ အာမို ၁၀း၁၀း၅ကျပ်၁၇၀၀၀၊အာမို ၁၆း၁၆း၈ ကျပ် ၁၆၅၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၇၈၀၀၊ပိုတက်ကျပ် ၂၃၂၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

နို့ဆီ/နို့မှုန့်

နို့ဆီတန်ချိန် ၄၇၀နဲ့ နို့မှုန့်တန်ချိန် ၂၇၀ကျော်ဝင်

ဇွန်လ ၂၄ ရက်မှ ၃၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅၆၁၆၇၈ တန်ဖိုးရှိ နို့ဆီ ၄၇၇ ဒသမ ၂၅၂တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှု လမ်းမှတင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မလေးရှားနိုင်ငံမှ ၁၇၀ဒသမ ၈၂ တန်နဲ့ စင်ကာပူနိုင်ငံမှ ၃၀၆ ဒသမ ၄၃၂ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ တံဆိပ်များမှာ တီးပေါ့၊ မာရီဂိုးနဲ့ဒွန်းနို့ဆီတို့ ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့ဆီတန်ချိန် ၅၉၀ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၁၁၀ကျော်အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။

အမေရိကန်ဒေါ်လာ ၈၃၉၀၆၅ တန်ဖိုးရှိ နို့မှုန့် ၂၇၇ ဒသမ ၃၈၇ တန်ကို လည်း ရေကြောင်းလမ်းမှတင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် နယူးဇီလန်နိုင်ငံမှ ၂၇၆ ဒသမ ၃၅ တန်နဲ့ ဗီယက်နမ်နိုင်ငံမှ ၁ ဒသမ ၀၃၇ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့မှုန့်တန်ချိန် ၂၅၀ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၂၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ နို့ဆီရော နို့မှုန့်ပါအဝင်လျော့ခဲ့ပါတယ်။

ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

စဉ်	စခန်းအမည်	ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၃/၆ မှ ၂၉/၆	ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၆/၆ မှ ၂၂/၆	နှိုင်းယှဉ်ချက် (ပို/လို) +/-
၁။	မူဆယ်	၁၂၊၅၀	၁၂၊၅၀	-
၂။	လွယ်ဂျယ်	-	-	-
၃။	ချင်းရွှေဟော်	-	-	-
၄။	ကန်ပိုက်တီး	၄၇၈၊၀၀	၂၅၅၊၀၀	(+) ၂၂၃၊၀၀
၅။	တာချီလိတ်	၅၅၀၀၊၀၀	၃၀၀၀၊၀၀	(+) ၂၅၀၀၊၀၀
၆။	မြဝတီ	-	-	-
၇။	ကော့သောင်း	-	-	-
၈။	မြိတ်	၆၅၀၊၀၀	၂၀၀၀၊၀၀	(-) ၁၃၅၀၊၀၀
	စုစုပေါင်း	၆၆၄၀၊၅၀	၅၂၆၇၊၅၀	(+) ၁၃၇၃၊၀၀

မော်မော်အောင်

ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

စဉ်	စခန်းအမည်	ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၃/၆ မှ ၂၉/၆	ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၆/၆ မှ ၂၂/၆	နှိုင်းယှဉ်ချက် (ပို/လို) +/-
၁။	မူဆယ်	၁၃၅၇၆၊၆၅	၉၇၄၂၊၄၅	(+) ၃၈၃၄၊၂၀
၂။	လွယ်ဂျယ်	၃၆၁၊၀၀	၇၂၁၊၀၀	(-) ၃၆၀၊၀၀
၃။	ချင်းရွှေဟော်	၁၇၁၀၊၉၀	၂၆၃၆၊၇၀	(-) ၉၂၅၊၈၀
၄။	ကန်ပိုက်တီ	၅၂၀၊၀၀	၂၃၀၆၊၀၀	(-) ၁၇၈၆၊၀၀
၅။	မြဝတီ	၅၀၇၃၊၆၀	၅၁၈၄၊၀၀	(-) ၁၁၀၊၄၀
၆။	ကော့သောင်း	-	-	-
၇။	မြိတ်	-	-	-
၈။	ရိဒ်	၃၀၀၊၀၀	၉၅၀၊၀၀	(-) ၆၅၀၊၀၀
၉။	တမူး	၇၇၊၀၀	၈၆၊၅၅	(-) ၉၊၅၅
	စုစုပေါင်း	၂၁၆၁၉၊၁၅	၂၁၆၂၆၊၇၀	(-) ၇၊၅၅

ဇော်ဝင်း

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

နှမ်း/ကော်ဖီ

ပြည်နှမ်း ဈေးကွက်ဝယ်လိုအားကောင်းလို့ ဆက်လက်မြင့်တက်လျက်ရှိ

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် နှမ်းဈေးများ ဆက်လက်မြင့်တက်လာတာတွေ့ရပါတယ်။ နှမ်းအဝင်မရှိပေမယ့် တိုင်းကျော်ဖြစ်သော မကွေးနှင့် မန္တလေးဘက်မှဆင်းပြီး ဝယ်ယူမှုရှိသဖြင့်ဈေးမြင့်တက်လာတာဖြစ်ပါတယ်။ နှမ်းကို မြို့တွင်း ဝယ်ယူမှုရှိသော်လည်း တိုင်းကျော်ဝယ်လက်များကြောင့် နှမ်းလက်ကျန် ရှားနေသဖြင့် အရောင်းအဝယ်ဖြစ်လျှင် အိတ် ၁၀၀ လောက်သာ အရောင်းအဝယ်ဖြစ်တာတွေ့ရ ပါတယ်။ ပြည်တွင်းဈေးကွက်တွင် နှမ်းဈေးများ ဆက်တိုက်မြင့်လာရခြင်းမှာ ပစ္စည်းရှားပြီး ဝယ်လိုအားကောင်းလာလို့ ဈေးမြင့်လာရခြင်းဖြစ်ပါတယ်။ နှမ်းဈေးများကို ဇွန်လဆန်းပိုင်းဈေးနှင့်နှိုင်းယှဉ်ကြည့်လျှင် ယခု ဇူလိုင်လဆန်းဈေးက ပိုမြင့်လာတာတွေ့ရပါတယ်။ မိုးနှမ်းအသစ်များ မပေါ်သေးချိန် လက်ကျန်ရှားပြီး ဝယ်လိုအား ကောင်းလာတာဖြစ်ပါတယ်။ ယခုတစ်ပတ် နှမ်းဈေးမှာ နှမ်းနီ သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၃၀၀၀၀ ၊ နှမ်းနက် သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀နှင့်စမုံနက် နှမ်း သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၄၅၀၀၀ ဖြင့်ပြည်ဈေးကွက်တွင် နှမ်းဈေးဆက်လက်မြင့်တက်လာတာတွေ့ရပါတယ်။

ဝေဝေမင်း(ပြည်)

တရုတ်နိုင်ငံသို့ နှမ်းရောင်စုံတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဇွန် ၂၃ ရက်မှ ၂၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃၄ သန်းတန်ဖိုးရှိ နှမ်းနက် ၂၈ တန်ကျော်ကိုလည်းကောင်း၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ အမေရိ ကန်ဒေါ်လာ ၁ ဒသမ ၀၅၃ သန်း တန် ဖိုးရှိ နှမ်းဖြူ ၇၃၇ တန်ကျော်၊ နှမ်းနက် ၉၉ တန်နဲ့ နှမ်းညို(အခွံခွာ) ၉၂ တန်ကိုလည်းကောင်း တရုတ်နိုင်ငံသို့ တင်ပို့ ခဲ့ပါတယ်။ ယခင်တစ်ပတ်က မူဆယ်ရော ချင်းရွှေဟော်မှပါ နှမ်းတင်ပို့မှုမရှိဘဲ ဇွန်လ အတွင်းမှာတော့ မူဆယ်နဲ့ချင်းရွှေဟော်မှ နှမ်းရောင်စုံ တန်ချိန် ၁၄၀၀ ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ဇွန် ၂၃ ရက်မှ ၂၉ ရက်အထိ သီတင်းပတ်အတွင်း နှမ်းဖြူတစ်တန်လျှင် ၁၈၈၉၃၆၂၂ကျပ်၊ နှမ်းနက် တစ်တန်လျှင်၁၉၉၅၇၄၅ ကျပ်ဈေးရှိတယ်လို့ သိရပါတယ်။

မော်မော်အောင်

တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံသို့ ကော်ဖီစေ့ တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဇွန် ၂၃ ရက်မှ ၂၉ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၃၅၀၀ တန်ဖိုးရှိ ကော်ဖီစေ့ ၁၅ တန်ကို တရုတ်နိုင်ငံသို့လည်းကောင်း၊ မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၁၃၇၀၀ တန်ဖိုးရှိ ကော်ဖီစေ့ ၁၀ တန်ကို ထိုင်းနိုင်ငံသို့ လည်းကောင်း အသီးသီးတင်ပို့ခဲ့ပါတယ်။ ဇွန်လ တစ်လလုံး မူဆယ်မှ ကော်ဖီစေ့ ၁၅ တန်၊ တာချီလိတ်မှ တန် ၄၀ တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံတွင် စက်မှုသီးနှံ ဖြစ်တဲ့ ကော်ဖီကို အဓိကသီးနှံအနေနဲ့ စိုက်ပျိုးခြင်းမရှိသေးသော်လည်း နိုင်ငံတကာ ကော်ဖီပြပွဲများတွင် အထူးတန်းဝင်တဲ့ မြန်မာ့ကော်ဖီကို ထုတ်လုပ်မှု အရည်အသွေးမြှင့်တင်ပြီး ဝင်ရောက်ပြသခဲ့သည့် နောက်ပိုင်း နိုင်ငံခြားဈေးကွက်မှ မြန်မာ့ကော်ဖီကို ဝယ်ယူရန် စိတ်ဝင်စားမှု မြင့်တက်လာခဲ့တယ်လို့ ရွာငံမြို့နယ် ကော်ဖီအသင်းမှ သတင်းရရှိပါတယ်။

မော်မော်အောင်

စားအုန်းဆီ

ဆီအုန်းအထွက်ကျဆင်းသဖြင့် စားအုန်းဆီထုတ်လုပ်မှုကျဆင်း

မလေးရှား စားအုန်းဆီကုန်စည်ထုတ်လုပ်မှုသည် လစဉ် ၂ ရာခိုင်နှုန်းကျဆင်းနေပြီး ၂၀၁၈ခုနှစ် ဇွန်လကုန်တွင် ၂ ဒသမ ၁၃ မီလီယံတန်သာ စားအုန်းဆီထုတ်လုပ်မှုရှိခဲ့ကြောင်း CIBM သုတေသနအဖွဲ့၏ထုတ်ပြန်ချက်အရ သိရသည်။ ထိုသို့စားအုန်းဆီ ထုတ်လုပ်မှုလျော့ကျလာရခြင်းမှာ စားအုန်းဆီကြမ်းထွက်ရှိမှု လျော့နည်းလာရခြင်းကြောင့်ဖြစ်ကြောင်း ယင်းစစ်တမ်းက မှတ်ချက်ပြုထားသည်။

အဆိုပါသုတေသနကို ဆီအုန်းစိုက်ခင်း ၂၄ ခုအား စစ်တမ်းကောက်ယူပြုလုပ်ခဲ့ခြင်းဖြစ်ပြီး စားအုန်းဆီကြမ်းထွက်ရှိမှုသည် လစဉ် ၁၃ ဒသမ ၄ ရာခိုင်နှုန်းကျဆင်းလျက်ရှိကာ ၂၀၁၈ခုနှစ် ဇွန်လတွင် ၁ ဒသမ ၃၂ မီလီယံတန်သာ ထွက်ရှိခဲ့ကြောင်းနှင့်ထိုသို့ စားအုန်းဆီကြမ်းထွက်ရှိမှုကျဆင်းခြင်းသည် လွန်ခဲ့သောဆယ်နှစ်ကျော်ကာလအတွင်း အနိမ့်ဆုံးထွက်ရှိမှုဖြစ်ကြောင်း စစ်တမ်းတွင် ဖော်ပြထားသည်။

ဆီအုန်းစိုက်ခင်းများမှ လုပ်သားအများစုသည် အိဒ်ပွဲတော်ကျင်းပရန်အတွက် အလုပ်နားကြသောကြောင့် ဇွန်လတွင် ဆီကြမ်းထွက်ရှိမှုနည်းသွားခြင်းဖြစ်နိုင်ကြောင်း၊ ဆီအုန်းထုတ်လုပ်မှုလျော့ကျသွားခြင်းကြောင့် ဆီကြမ်းထွက်မှုလျော့ကျသွားခြင်းဖြစ်နိုင်ကြောင်းကိုလည်း စစ်တမ်းမှ သုံးသပ်ဖော်ပြထားသည်။

မလေးရှားစားအုန်းဆီတင်ပို့မှုသည် တရုတ်နိုင်ငံမှ ဝယ်ယူမှုလျော့ကျသွားခြင်းကြောင့် လစဉ် တစ်ဆယ်ရာခိုင်နှုန်းခန့်တင်ပို့မှုလျော့ကျလျက်ရှိပြီး စုစုပေါင်းတင်ပို့မှု၏ ၆ ဒသမ ၇ ရာခိုင်နှုန်းလျော့ကျသွားခဲ့ကာ EU သို့တင်ပို့မှု စုစုပေါင်း၏ ၁၂ ဒသမ ၉ ရာခိုင်နှုန်း လျော့ကျသွားခဲ့သည်။ သို့ရာတွင် အိန္ဒိယနိုင်ငံမှ ဝယ်ယူမှုမြင့်တက်လာခဲ့ပြီး စားအုန်းဆီတင်ပို့မှုစုစုပေါင်း၏ ၃၅ရာခိုင်နှုန်းပိုမိုတင်ပို့ခဲ့ရကြောင်း သိရသည်။

ခင်လေးယု

ပြည်တွင်းဆီဈေးနှုန်းများ (၆-၇-၂၀၁၈)

ကျပ်/ပိဿာ

မြို့အမည်	ပဲဆီ			နှမ်းဆီ			စားအုန်းဆီ		
	ယာင်	ယာ	နှိုင်းယှဉ်ချက်	ယာင်	ယာ	နှိုင်းယှဉ်ချက်	ယာင်	ယာ	နှိုင်းယှဉ်ချက်
နေပြည်တော် (ပျဉ်းမနား)	၅၅၀၀	၅၅၀၀	□	၄၉၀၀	၄၉၀၀	□	၃၉၀၀	၃၉၀၀	□
ရန်ကုန်	၅၀၀၀	၅၅၀၀	▽	၅၅၀၀	၅၀၀၀	△	၃၀၀၀	၃၀၅၀	▽
မန္တလေး	၄၅၀၀	၄၅၀၀	□	၄၆၀၀	၄၆၀၀	□	၃၉၀၀	၃၉၀၀	□
ပဲခူး	၅၄၀၀	၅၄၀၀	□	၅၅၀၀	၅၅၀၀	□	၃၀၀၀	၃၀၀၀	□
မကွေး	၄၀၀၀	၅၀၀၀	△	၅၅၀၀	၅၅၀၀	□	၃၀၀၀	၃၉၀၀	△
မုံရွာ	၄၄၀၀	၄၄၀၀	□	၄၅၀၀	၄၄၀၀	▽	၃၀၁၀	၃၀၀၀	△
စစ်တွေ	၄၀၀၀	၄၀၀၀	□	၄၀၀၀	၄၀၀၀	□	၂၃၀၀	၂၃၀၀	□

မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၆-၇-၂၀၁၈ US$/Ton

အမျိုးအစား	ဇွန်လစတုတ္ထပတ်	ဇူလိုင်လပထမပတ်	နှိုင်းယှဉ်ချက်
RBD P.Oil	၅၀၂.၀၀	၅၉၃.၅၀	△
RBD P.Olein	၅၀၅.၀၀	၅၉၁.၀၀	△
RBD P.Stearin	၅၀၅.၀၀	၅၉၀.၅၀	△

Source: bepi.mpob

ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၆-၇-၂၀၁၈)နေ့

အကြောင်းအရာ	တွက်ချက်နှုန်း	တစ်ပိဿာကုန်ကျစရိတ် (ကျပ်)
		Cloud Point 8˚CMax
CIF ဈေး	(CIFx USD)/ 612	၁၄၃၉.၁၂
FDA ထောက်ခံစာ	58 .20/ 612	၀.၁၀
သွင်းကုန်လိုင်စင်ကြေး	50/ 612	၀.၀၈
L/C စရိတ်	(CIF x 0.25% x USD)/612	၃.၆၀
Bill စရိတ်	(CIF x 0.50% x USD)/612	၇.၂၀
စားအုန်းဆီအလျှော့	0.5% x လက်ကားဈေး	၇.၀၅
ဆီကန်သိုလှောင်ထိန်းသိမ်းခ	5/ -1%	၄.၉၅
ကုန်သွယ်လုပ်ငန်းခွန်	(FOB x USD x 1.0 x 5%)/612	၆၉.၁၀
ဆိပ်ကမ်းခွန်	(50000/ 1000)/612	၀.၀၈
MITS စစ်ဆေးခ (FDA အပါအဝင်)		၀.၆၀
အမြတ်ခွန်	(CIF x 35/-)/ 612	၃၆.၀၃
ဆိပ်ကမ်းကပ်ခ	(3x USD)/ 612	၆.၀၅
	ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး	၁၅၇၅.၅၅၁

မှတ်ချက်။ ၁။ အထက်ပါတွက်ချက်မှုမှာ ၆-၇-၂၀၁၈နေ့ (CIF ဈေး Cloud Point 8 ˚C Max ၆၃၀ ဒေါ်လာနှင့် USD ဈေး ၁၃၉၈ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၆-၇-၂၀၁၈နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၉၈ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

ကမ္ဘာ့စီးပွားရေး အကျပ်အတည်း ဆိုက်ရောက်မည်လော

သိန်းမြင့်ဝေ

ကုန်သွယ်ရေးတင်းမာမှုများ

အမေရိကန်-တရုတ် ကုန်သွယ်ရေးစစ်ပွဲသည် ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၅ ရက်တွင် ပိုမိုသက်ဝင် ပြင်းထန်လာခဲ့ပြီဖြစ်သည်။ အမေရိကန်ပြည်ထောင်စုက တရုတ်နိုင်ငံ၏ ထုတ်ကုန်ပစ္စည်းများအပေါ် အကောက်ခွန် ပိုမိုစည်းကြပ်သည့် ပေါ်လစီသည် ဇူလိုင် ၅ ရက် ညသန်းခေါင်ယံအချိန်တွင် စတင်အာဏာသက်ဝင်ခဲ့ပါသည်။ ဇူလိုင်လ ၆ ရက်မှစတင်၍ အဆိုပါအကောက်ခွန်ပေါ်လစီသစ်ကို စတင်ကျင့်သုံးနေပြီဖြစ်သည်။ အကောက်ခွန်နှုန်းကို ၂၅ ရာခိုင်နှုန်းတိုးမြှင့်သတ်မှတ်ပြီး တရုတ်ပို့ကုန်များ၏ တန်ဖိုး အမေရိကန်ဒေါ်လာ ၃၄ ဘီလီယံကို အခွန်ကောက်ခံမည်ဖြစ်သည်။

တရုတ်နိုင်ငံကလည်း အမေရိကန်၏ ကိုယ်ကျိုးစီးပွားကာကွယ်သည့် ကုန်သွယ်မှုမူဝါဒသစ်အပေါ် ပထမအဆင့်အနေဖြင့် လက်တုံ့ပြန်သွားမည်ဖြစ်ပြီး ဒုတိယအဆင့်အနေဖြင့် ကိုယ်ပိုင်စီးပွားရေးပိတ်ဆို့မှုများ (Own senctions) ချမှတ်သွားမည်ဖြစ်သည်။ အမေရိကန်ထုတ်ကုန်များအပေါ် လက်တုံ့ပြန်သည့်အနေဖြင့် အခွန်တိုးမြှင့်ကောက်ခံခြင်းသည် တိုင်းပြည်နှင့် ပြည်သူလူထုအကျိုးအတွက် ရှေးရှုဆောင်ရွက်ခြင်းဖြစ်ကြောင်း တရုတ်က ပြောဆိုသည်။

အမေရိကန်သည် တရုတ်ကုန်ပစ္စည်းများအပေါ် အကောက်ခွန် ပိုမိုတိုးမြှင့်ကောက်ခံမည်ဖြစ်ကြောင်း၊ ကာလရှည်ကြာခြိမ်းခြောက်ခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော်အမေရိကန်သည် တရုတ်နှင့် ကုန်သွယ်ရာတွင် ကုန်သွယ်မှုလိုငွေ (Trade deficit) အမေရိကန်ဒေါ်လာ ၃၇၅ ဘီလီယံဖြစ်ပေါ် နေသောကြောင့် ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ်၊ မတ်လကလည်း အမေရိကန်သမ္မတဒေါ်နယ်ထရမ့်သည် နိုင်ငံအတော်များများ၏ ထုတ်ကုန်ပစ္စည်းများအပေါ် အကောက်ခွန် တိုးမြှင့်ကောက်ခံသွားမည်ဖြစ်ကြောင်း၊ ကုန်သွယ်ရေးစစ်ပွဲမှ ထွက်ပေါ်လာသော ရလဒ်မှန်သမျှသည် အမေရိကန်အတွက် ကောင်းကျိုးကိုသာ ဖြစ်စေနိုင်ကြောင်း ပြောကြားထားသည်။

၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့တွင် တရုတ်ပို့ကုန်များအပေါ် စတင်ကောက်ခံမည့် အမေရိကန်၏ အကောက်ခွန်နှုန်းသစ်သည် တရုတ်ပို့ကုန်အမျိုးအမယ် ၈၀၀ ကျော်ကို ပစ်မှတ်ထားပါသည်။ အထူးသဖြင့် တရုတ်နိုင်ငံကထုတ်လုပ်သော စက်နှင့် စက်ပစ္စည်း၊ ဆေးပစ္စည်းကိရိယာများနှင့် ကားပစ္စည်းအစိတ်အပိုင်းများ ပါဝင်သည်။ တရုတ်နိုင်ငံကလည်း အမေရိကန်ထုတ်ကုန်ပစ္စည်း ၅၄၅ မျိုးအပေါ် အကောက်ခွန်တိုးမြှင့်ခံရန် စီစဉ်ထားပြီးဖြစ်သည်။ အဆိုပါအမေရိကန်ထုတ်ကုန်များမှာ မော်တော်ကား၊ အသား၊ ပဲပုပ်နှင့် ပင်လယ်စာ စသည်တို့ဖြစ်သည်။

အမေရိကန်သည် တရုတ်နှင့် ဆင်နွှဲမည့် ကုန်သွယ်ရေးစစ်ပွဲကို ရှောင်ရှားရန်အတွက် စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်ခဲ့သည်။ တရုတ်နိုင်ငံအနေဖြင့် အမေရိကန်ထုတ်ကုန်များကို ပိုမိုတိုးမြှင့်ဝယ်ယူရေးအတွက် (၃) ကြိမ်တိုင်အောင် စေ့စပ်ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်သည်။ ထိုကဲ့သို့ ဆွေးနွေးပြီးနောက်မှသာ ယခုကဲ့သို့ အကောက်ခွန် ၂၅ ရာခိုင်နှုန်းကောက်ခံပြီး ကုန်သွယ်ရေးစစ်ပွဲကို ဆင်နွှဲခြင်းဖြစ် သည်။

လက်ရှိအကောက်ခွန်နှုန်းတွေမှာ ရပ်တန့်သင့်ကြောင်း၊ ယခုအချိန် ရပ်တန့်လိုက်ပါက နိုင်ငံကြီး နှစ်နိုင်ငံစလုံးအတွက် သိပ်ပြီးအထိမနာနိုင်ကြောင်း စီးပွားရေးပညာရှင်များက သုံးသပ်ပြောကြားသည်။ သို့သော်လည်း အမေရိကန်သမ္မတသည် တရုတ်၏ လက်တုံ့ပြန်မှုကို စောင့်ကြည့်နေကြောင်း၊ တရုတ်လက်တုံ့ပြန်လာသည်နှင့် တစ်ပြိုင်နက် တရုတ်ကုန်ပစ္စည်းတန်ဖိုး အမေရိကန်ဒေါ်လာ ၄၀၀ ဘီလီယံအပေါ် အကောက်ခွန် တိုးမြှင့်ကောက်ခံရန် စီစဉ်ထားကြောင်း သမ္မတဒေါ်နယ်ထရမ့်ကပြောကြားသည်။

တရုတ်၏တန်ပြန်မည့်ဗျူဟာနှင့် EU ၏သဘောထား

တရုတ်နိုင်ငံသည် ဥရောပသမဂ္ဂ (Europen Union- EU) နှင့် ပူးပေါင်း၍ အမေရိကန်နိုင်ငံကို တုံ့ပြန်ရန် ကြိုးပမ်းလျက်ရှိသည်။ EU သည် ကမ္ဘာ့အကြီးဆုံး ကုန်သွယ်မှုဒေသဖြစ်သည်။ EU သည် တရုတ်နှင့် မဟာမိတ်ဖွဲ့၍ အမေရိကန်ကို ကုန်သွယ်ရေးစစ်ပွဲ ဆင်နွှဲမည်ဆိုပါက EU လုပ်ငန်းရှင်များအတွက် တရုတ်နိုင်ငံက စီးပွားရေးတံခါး ပိုမိုဖွင့်လှစ်ပေးမည်ဖြစ်သည်။ တရုတ်နိုင်ငံ၏ အထင်ကရသတင်းအေဂျင်စီတစ်ခုဖြစ်သော ဆင်ဟွာကလည်း တရုတ်နှင့် EU မဟာမိတ်ဖွဲ့ပူးပေါင်းပြီး ကုန်သွယ်ရေး ကိုယ်ကျိုးစီးပွားကာကွယ်သည့် မူဝါဒကို တိုက်ဖျက်သင့်ကြောင်း ပြောဆိုသည်။ ထို့ပြင် EU နှင့် တရုတ်တို့သည် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးတိုးတက်မှုအတွက် လွတ်လပ်သော ကုန်သွယ်ရေးသည် အားကောင်းသော အင်ဂျင်စက် (Powerful engine) ဖြစ်သည်ကို လက်ခံထားကြကြောင်းလည်း ပြောဆိုပါသည်။

တရုတ်နှင့် EU ပူးပေါင်းရေး၊ မပူးပေါင်းရေးကိစ္စကို ဇူလိုင်လ ၁၆-၁၇ ရက်နောက်ပိုင်းမှသာ EU က အဖြေပေးမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဇူလိုင်လ ၁၆-၁၇ ရက်တွင် တရုတ်နိုင်ငံ၊ ပေကျင်းမြို့၌ တရုတ်-ဥရောပ ထိပ်သီးအစည်းအဝေး (Sino-European Summit) ရှိသောကြောင့်ဖြစ်သည်။ အဆိုပါ ထိပ်သီးအစည်းအဝေးတွင် နိုင်ငံစုံကုန်သွယ်ရေးစနစ်နှင့် ပတ်သက်သော ကတိကဝတ်များကို သေချာရရှိအောင် ဆောင်ရွက်ကြ မည်ဖြစ်သည်။ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တို့တွင် ကျင်းပခဲ့သော ထိပ်သီးအစည်းအဝေးများ၌ ကတိကဝတ်များ မရရှိခဲ့ကြပေ။ အဘယ်ကြောင့်ဆိုသော် ထိုစဉ်က တောင်တရုတ်ပင်လယ်အရေးကိစ္စအပြင် ကုန်သွယ်ရေးကိစ္စရပ်များနှင့် ပတ်သက်ပြီး သဘောထားကွဲလွဲမှုများ ရှိခဲ့သောကြောင့် ဖြစ်သည်။

EU အဆင့်မြင့် အရာရှိကြီးများသည် EU ၏ ကုန်သွယ်ရေးမူဝါဒအပေါ် အဆိုးမြင်လျက်ရှိသော အမေရိကန်သမ္မတနှင့် ထပ်မံတွေ့ဆုံ၍ သဘောတူညီချက်သစ်ရရှိအောင် ကြိုးပမ်းကြဦးမည်ဖြစ်သည်။ လက်ရှိအချိန်တွင် EU သည် အမေရိကန်ထုတ်ကားတင်သွင်းမှုအပေါ် ၁၀ ရာခိုင်နှုန်းကောက်ခံပြီး အမေရိကန်သည် EU ကားတင်သွင်းမှုအပေါ် ၂ ဒသမ ၅ ရာခိုင်နှုန်းသာ ကောက်ခံလျက်ရှိပါသည်။ ထို့ကြောင့် သမ္မတ ဒေါ်နယ်ထရမ့်က EU ၏ အဆိုပါ အကောက်ခွန်နှုန်းကို လျော့ချပေးစေလိုသည်။

စိုးရိမ်ရသော တရုတ်စျေးကွက်များ

၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ပထမပတ်တွင် အမေရိကန်ဒေါ်လာနှင့် လဲလှယ်သည့် ယွမ်ငွေလဲနှုန်းကို ၆ ဒသမ ၆၇၉၇ ယွမ်အဖြစ် တရုတ် ဗဟိုဘဏ်က သတ်မှတ်လိုက်သည်။ ဤနှုန်းသည် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လနောက်ပိုင်း အားအနည်းဆုံးသတ်မှတ်ချက် (Weakest fixing) ဖြစ်သည်။ ဤကဲ့သို့ တရုတ်နိုင်ငံ၏ ငွေကြေးတန်ဖိုး ကျဆင်းရခြင်းမှာ အမေရိကန်-တရုတ် ကုန်သွယ်ရေးစစ်ပွဲကြောင့်ဖြစ်သည်။ တရုတ်နှင့် အမေရိကန် အပြန်အလှန် အကောက်ခွန် ၂၅ ရာခိုင်နှုန်း ကောက်ခံကြရင်း ကုန်သွယ်ရေးစစ်ပွဲ ဆင်နွှဲနေကြပြီဖြစ်သည်။ အကျိုးဆက်အနေဖြင့် တရုတ်နိုင်ငံ၏ ငွေကြေးစျေးကွက်နှင့် အရင်းအနှီးစျေးကွက်တို့ကို ရိုက်ခတ်ပြီး ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကျဆင်းလျက်ရှိသည်။ ထို့ကြောင့် ရင်းနှီးမြှုပ်နှံသူများသည် တရုတ်ငွေကြေးထက် ပိုမိုခိုင်မာသော အမေရိကန်ဒေါ်လာ (The safe-haven dollar) ကို ပြောင်းလဲကိုင်ဆောင် ရင်းနှီးမြှုပ်နှံလာကြသည်။

ဆက်လက်၍လည်း တရုတ်ငွေကြေးတန်ဖိုးကျဆင်းပြီး တရုတ်နိုင်ငံ၏ စတော့ရှယ်ယာနှင့် ငွေကြေးစာချုပ် (Stocks & Bonds) စျေးနှုန်းများ သိသိသာသာ ထိုးကျနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် လူအများစုသည် တရုတ်ယွမ်ငွေများကို အလုံးအရင်းဖြင့် ထုတ်ရောင်းနေကြသောကြောင့် ဖြစ်သည်။

စျေးကွက်ကြီးသုံးခုကြားတင်းမာမှုများ

ကမ္ဘာ့စီးပွားရေးအင်အား အကြီးမားဆုံးစျေးကွက်ကြီးသုံးခုကြား အရှိန်မြင့်တက်နေသော ကုန်သွယ်ရေး တင်းမာမှုများက ကမ္ဘာ့စျေးကွက်များကို ၂၀၀၈ ခုနှစ် စီးပွားရေးကျဆင်းမှု အဆင့် (2008-level slowdown) သို့ ရောက်ရှိသွားစေနိုင်ကြောင်း ၂၀၁၈ ခုနှစ် ကမ္ဘာ့ဘဏ်၏အစီရင်ခံစာတွင် သတိပေးဖော်ပြထားသည်။ အမေရိကန်၊ တရုတ်နှင့် ဥရောပသမဂ္ဂတို့ကြား ဖြစ်ပွားနေသော တင်းမာမှုများကို လျော့ချစေလိုကြောင်းလည်း အစီရင်ခံစာတွင် အကြံပြုထားသည်။

ဥရောပသမဂ္ဂ (EU)၊ ကနေဒါနှင့် မက္ကဆီကိုတို့သည်လည်း အမေရိကန်၏ ကုန်သွယ်ရေးအကောက်ခွန်များအပေါ် လက်တုံ့ပြန်ရန် စီစဉ်နေပြီဖြစ်သည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ၎င်းတို့၏ သံမဏိနှင့် အလူမီနီယံတို့အပေါ် အခွန်တိုးမြှင့်ကောက်ခံရာမှအစပြုပြီး ကမ္ဘာလုံးဆိုင်ရာကုန်သွယ်ရေးစစ်ပွဲ (Global trade war) ကို ဦးတည်နေပေပြီ။ ဂျာမနီနိုင်ငံ၏ စီးပွားရေးသည်လည်း သိသိသာသာ ကျဆင်းလျက်ရှိသည်။ ၂ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းထားသော ၂၀၁၉ ခုနှစ်၏ ဂျာမနီစီးပွားရေးသည် ၁ ဒသမ ၈ ရာခိုင်နှုန်းခန့်သာ တိုးတက်နိုင်မည်ဖြစ်သည်။ အလားတူယူရိုဇုန် စီးပွားရေးတိုးတက်မှုကိုလည်း လျော့ချခန့်မှန်း နေရပြီ ဖြစ်သည်။

ကုန်သွယ်ရေးတင်းမာမှုများ ဆက်လက်အရှိန်မြင့်တက်လာမည်ဆိုပါက ကမ္ဘာ့ကုန်သွယ်ရေးသည် ၉ ရာခိုင်နှုန်းထိ ကျဆင်းသွားဖွယ်ရှိသည်။ ၂၀၀၈-၂၀၀၉ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ကမ္ဘာ့ငွေကြေးအကျပ်အတည်း ကာလ၌လည်း ကမ္ဘာ့ကုန်သွယ်ရေးသည် ၉ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ဖူးပါသည်။ ကုန်သွယ်ရေး ကိုယ်ကျိုးစီးပွားကာကွယ်သည့် အစီအမံများ (Protectionist measures) ပိုမိုကျင့်သုံးလာသည်နှင့်အမျှ ထွန်းသစ်စစျေးကွက်များ (Energing markets) နှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ (Developing economies) ပိုမို အရိုက်ခတ်ခံရမည်ဖြစ်သည်။ အထူးသဖြင့် ပို့ကုန်တင်ပို့မှုအပေါ် မှီခိုအားထားနေရသော အာဆီယံနိုင်ငံများလည်း အထိနာနိုင်သည်။

အကျိုးဆက်အနေဖြင့် ကမ္ဘာ့စီးပွားရေးသည်လည်း ယခင်ခန့်မှန်းထားခဲ့သည့် ၃ ဒသမ ၁ ရာခိုင်နှုန်းကို မရောက်ရှိတော့ဘဲ တဖြည်းဖြည်း ကျဆင်းသွားမည်ဖြစ်သည်။ လက်ရှိအချိန်သည် ကမ္ဘာ့စီးပွားရေးအတွက် ဘေးအန္တရာယ်ကြီးလွန်းပြီး နေရာပေါင်းစုံနှင့် ရှုထောင့်ပေါင်းစုံမှ စီးပွားရေးတိုးတက်မှုကို ထိုးကျစေနိုင်ကြောင်း တွေ့ရသည်။ အထူးသဖြင့် ကုန်သွယ်ရေးတင်းမာမှုများ ဆက်လက်အရှိန်မြင့်တက်ပြီး ငွေကြေးစျေးကွက်များ ပြိုလဲသွားရာမှတစ်ဆင့် ကမ္ဘာ့စီးပွားရေးအကျပ်အတည်း ဆိုက်ရောက်နိုင်သည်။

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

ပဲတို့၏ မာယာ (သို့မဟုတ်) ပဲ(မှုယာ)များသော ပဲလောက

အပိုင်း [၃]

[မောင်တိုးအောင်]

ယခင်တစ်ပတ်များကမတ်ပဲနဲ့ ပဲစင်းငုံအကြောင်းကိုတင်ပြခဲ့ပြီးဖြစ်လို့ ဒီတစ်ပတ်တော့ ပဲတီစိမ်းအကြောင်းကို ဆက်လက်တင်ပြလိုပါတယ်။ ပဲတီစိမ်း (Green Gram, Golden Gram, Mung Bean) အိန္ဒိယနိုင်ငံအခေါ် Moong၊ Pesalu ဖြစ်ပါတယ်။ အပြင်အခွံရဲ့ အရောင်ကအစိမ်းရောင်ဖြစ်ပြီး အချို့အမျိုးအစားက အဝါရောင်အနည်းငယ်သမ်းပါတယ်။ ပဲတီစိမ်းရဲ့ မူရင်းဒေသကတော့ အာရှတိုက် အရှေ့တောင်ပိုင်း ဖြစ်တယ်လို့ မှတ်သားခဲ့ဖူးပါတယ်။ ယခုအချိန်မှာတော့ အာဖရိကတိုက်မှာလည်း ပဲတီစိမ်းကို စိုက်ပျိုးနေကြတယ်လို့သိရပါတယ်။ ပဲတီစိမ်းဟာ မြန်မာနိုင်ငံပြည်တွင်းမှာ ပဲကြာဆန်၊ ပဲပင်ပေါက်ပြုလုပ်စားသုံးကြပြီး ပဲတီစိမ်းအခွံခွာတ်ခွဲခြမ်းကိုတော့ ပဲဝါလေးအနေနဲ့ပဲဟင်းအဖြစ် စားသုံးကြပါတယ်။ ပဲတီစိမ်းဟာ မြန်မာနိုင်ငံမှာ ဒုတိယအများဆုံးစိုက်ပျိုးတဲ့ပဲသီးနှံဖြစ်ပြီး မျိုးကွဲလည်းများစွာရှိပါတယ်။ မြန်မာနိုင်ငံအောက်ပိုင်းတွင် ပဲတီစိမ်းကို မတ်ပဲစိုက်ပျိုးသကဲ့သို့ စပါးရိတ်သိမ်းပြီးခါနိုက်တွင် ဆောင်းသီးနှံအဖြစ် စိုက်ပျိုးကြပြီး မြန်မာနိုင်ငံအလယ်ပိုင်း အချို့ဒေသတွေမှာတော့ ရေသွင်းစိုက်ပျိုးကြသကဲ့သို့ မိုးသီးနှံအဖြစ်လည်း စိုက်ပျိုးကြတာရှိပါတယ်။ ပဲတီစိမ်းဟာ ဈေးကွက်တစ်ခုတည်းကိုမှီခိုတဲ့ ကုန်ပစ္စည်းမျိုးမဟုတ်ဘဲ ကျယ်ပြန့်တဲ့ ဈေးကွက်ရှိပါတယ်။ ယခုအခြေအနေမှာ မတ်ပဲထက် ဈေးကောင်းရတဲ့အပြင် မတ်ပစိုက်ပျိုးမှုနဲ့ရေ၊ မြေ၊ ရာသီဥတု စိုက်နည်းစနစ်ဆင်တူလို့ မတ်ပဲအစားထိုးစိုက်ပျိုးမယ်ဆိုရင် စိုက်ပျိုးနိုင်တဲ့ပဲတစ်မျိုးဖြစ်ပါတယ်။ စိုက်ပျိုးမှုအများဆုံး ပဲတီစိမ်းမျိုးတွေကတော့ ခရမ်းရွှေဝါ၊ ရိုးရိုးပဲတီစိမ်း၊ အညာရွှေဝါ၊ မိုးပဲတီစိမ်းနဲ့အလုံးသေးပြီး ဈေးကွက်ရှိတဲ့ ဝါးခယ်မစပဲတီစိမ်းဆိုတာတွေ ရှိပါတယ်။ စိုက်ပျိုးတဲ့ ပဲတီစိမ်းအမျိုးအစားတွေပေါ်မူတည်ပြီး ဈေးကွက်မှာဈေးနှုန်းလည်း များစွာကွာခြားပါတယ်။ ပဲတီစိမ်းမှာ ဈေးအကောင်းဆုံးကတော့ ခရမ်းရွှေဝါဖြစ်ပါတယ်။

ကမ္ဘာပေါ်မှာ ပဲတီစိမ်း အများဆုံးတင်သွင်းတဲ့နိုင်ငံတွေကတော့ အိန္ဒိယနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ အမေရိကန်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ UAE နဲ့တရုတ်နိုင်ငံတို့ပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ပဲတီစိမ်းစိုက်ပျိုးမှုများသလို တင်ပို့မှုအများဆုံးနိုင်ငံဖြစ်တာကိုလည်း တွေ့ရပါတယ်။ ပဲတီစိမ်းတင်ပို့မှုအများဆုံးနိုင်ငံများကတော့ မြန်မာနိုင်ငံ၊ တရုတ်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ တန်ဇန်နီးယားနိုင်ငံ၊ ကင်ညာနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ အာဂျင်တီးနားနိုင်ငံနဲ့ထိုင်းနိုင်ငံတို့ ဖြစ်တာကို တွေ့ရပါတယ်။ ပဲတီစိမ်းတင်ပို့တင်သွင်းတဲ့နိုင်ငံတွေကို လေ့လာကြည့်ရင် အချို့နိုင်ငံတွေဟာ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်တင်ပို့သလို အခြားနိုင်ငံများမှတင်သွင်းပြီး တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်တင်ပို့နေတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။

၂၀၁၇– ၂၀၁၈ ဘဏ္ဍာနှစ် နိုင်ငံအလိုက် ပဲတီစိမ်းတင်ပို့မှု



မြန်မာနိုင်ငံစိုက်ပျိုးထုတ်လုပ်မှုကိုကြည့်ရင် ၂၀၁၆- ၂၀၁၇ သက်ဆိုင်ရာဌာနရဲ့စာရင်းများအရ မိုးနဲ့ဆောင်းပဲတီစိမ်း စုစုပေါင်း စိုက်ဧက သုံးသန်းကျော်ရှိပြီး ထွက်ရှိမှုအနေနဲ့တင်း ပေါင်း၄၈ သန်းကျော်ဖြစ်လို့အထွက်တန်ချိန် ၁ ဒသမ ၅၉ သန်း ခန့်ထွက်ရှိတယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံမှစိုက်ပျိုးထွက်ရှိတဲ့ ပဲတီစိမ်းကို ပြည်တွင်းမှာ စားသုံးမှုအနည်းငယ်ရှိသလို အများစုကို တော့ ပြည်ပနိုင်ငံများသို့ တင်ပို့ပါတယ်။ မြန်မာနိုင်ငံမှ ပဲတီစိမ်းကို ပဲပင်ပေါက် ဖောက်ပြီး စားသုံးရန်အတွက် EU နိုင်ငံများက စနစ်တကျ တင်သွင်းလျက်ရှိပါတယ်။ (အပိုင်း-၁တွင်ဖော်ပြပြီး) မြန်မာနိုင်ငံမှ နိုင်ငံအလိုက်ပဲတီစိမ်း တင်ပို့မှုကိုကြည့်ရင် ၂၀၁၇-၂၀၁၈ စာရင်းများအရ တရုတ်နိုင်ငံသို့ ၆၀ ရာခိုင်နှုန်းခန့်တင်ပို့ပြီး ပဲပင် ပေါက်အဖြစ် စားသုံး ခြင်း၊ မုန့်မျိုးစုံပြုလုပ်စားသုံးခြင်းနဲ့ အခြားအစား အစာပုံစံမျိုးမျိုးဖြင့် စားသုံးကြကြောင်း လေ့လာသိရှိရပါတယ်။

ဒါ့အပြင် အင်ဒိုနီးရှားနိုင်ငံသို့ ၁၀ ရာခိုင်နှုန်း၊ စင်ကာပူနိုင်ငံသို့ ခြောက်ရာခိုင်နှုန်း၊ ဗီယက်နမ်နိုင်ငံသို့ ငါးရာခိုင်နှုန်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သုံးရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံသို့ သုံးရာခိုင်နှုန်း၊ ဂျပန်နိုင်ငံသို့ သုံးရာခိုင်နှုန်း၊ မလေးရှားနိုင်ငံသို့ နှစ်ရာခိုင်နှုန်း၊ အိန္ဒိယနိုင်ငံသို့ နှစ်ရာခိုင်နှုန်း နဲ့ EU အပါအဝင် အခြားနိုင်ငံများသို့ ဈေးကွက်ကျယ်ပြန့်စွာ တင်ပို့ နိုင်ခဲ့တာကို တွေ့ရပါတယ်။ တင်ပို့မှု ကိန်းဂဏာန်းများအရ တစ်ချိန်က မြန်မာပဲတီစိမ်းကို ဗီယက်နမ်နိုင်ငံကဝယ်ယူပြီး နယ်စပ်မှတစ်ဆင့် တရုတ်နိုင်ငံထဲကို ပြန်လည်တင်ပို့ခဲ့တဲ့ ဖြစ်စဉ်မျိုးတွေလည်း ရှိခဲ့ပါတယ်။

ပဲတီစိမ်းရဲ့သုံးနှစ်အတွင်း တင်ပို့မှုအခြေ အနေကိုကြည့်ရင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ ပင်လယ်ရေကြောင်း က ၂၀၅၀၃၂(၆၂ ရာခိုင်နှုန်း) တန်၊ နယ်စပ်က ၁၂၅၈၀၆(၃၈ ရာခိုင်နှုန်း) တန်၊ စုစုပေါင်း ၃၃၀၈၃၈ တန်၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ပင်လယ်ရေကြောင်းက ၁၈၃၁၀၈ (၄၅ ရာခိုင်နှုန်း) တန်၊ နယ်စပ်က ၂၂၄၄၈၇ (၅၅ ရာခိုင်နှုန်း) တန်၊ စုစုပေါင်း (၄၀၇၅၉၅) တန်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ပင်လယ်ရေကြောင်းက (၁၄၆၇၉၈) (၄၂ ရာခိုင်နှုန်း) တန်၊ နယ်စပ်က ၂၀၃၂၅၉ (၅၈ ရာခိုင်နှုန်း)တန်၊ စုစုပေါင်း ၃၅၀၀၅၇ တန်ရှိတဲ့အတွက် တစ်နှစ်နဲ့တစ်နှစ် တင်ပို့မှု တန်ချိန် အလွန်အမင်းကွာခြားမှုမရှိသည့်အပြင် နယ်စပ်ဒေသမှ တင်ပို့မှုရာခိုင်နှုန်းပိုမိုများပြားလာတာကို တွေ့ရပါတယ်။

ဘဏ္ဍာနှစ်အလိုက် မြန်မာနိုင်ငံရဲ့ပဲတီစိမ်းတင်ပို့မှုကို ပဲမျိုးစုံတင်ပို့မှုနဲ့ နှိုင်းယှဉ်ကြည့်ရင် ၂၀၁၅-၂၀၁၆ တွင် ပဲမျိုးစုံစုစုပေါင်းတင်ပို့မှုရဲ့၂၆ ဒသမ ၆၂ ရာခိုင်နှုန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၂၈ ဒသမ ၆၁ ရာခိုင်နှုန်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၂၆ ဒသမ ၅၆ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၁၈-၂၀၁၉ ဇွန်လအထိ တင်ပို့မှုမှာ ၃၆ ရာခိုင်နှုန်းရှိနေတာကို တွေ့ရပါတယ်။ ဒီအခြေအနေကိုကြည့်ရင် လက်ရှိပဲမျိုးစုံတင်ပို့မှုမှာ ပဲတီစိမ်းပါဝင်မှု ရာခိုင်နှုန်းမြင့်တက်နေတာကြောင့် ပဲတီစိမ်းတင်ပို့မှုဟာ မြန်မာနိုင်ငံရဲ့ တင်ပို့တဲ့ပဲမျိုးစုံမှာ ဦးဆောင်တဲ့ပဲမျိုးဖြစ်လာနိုင်ကြောင်း သုံးသပ်ရရှိပါတယ်။

ပဲတီစိမ်း တစ်တန်ဈေးနှုန်း ပြောင်းလဲမှုများကို လေ့လာပါက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ မတ်လတွင် ဈေးနှုန်းအနိမ့်ဆုံး ကျပ် ၁၂၀၆၄၀၀ ဖြစ်ပြီး နိုဝင်ဘာလတွင် ဈေးနှုန်းအမြင့်ဆုံး ကျပ် ၁၅၈၃၀၀၀ ဖြစ်သောကြောင့် ပြောင်းလဲမှုမှာ ကျပ် ၃၇၆၆၀၀ ဖြစ် သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၃၁ ဒသမ ၂၁ ရာခိုင်နှုန်းရှိပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ စက်တင်ဘာလတွင် ဈေးနှုန်းအနိမ့်ဆုံး ကျပ် ၁၀၂၂၆၀၀ ဖြစ်ပြီး ဖေဖော်ဝါရီလတွင် ဈေးနှုန်းအမြင့်ဆုံးကျပ် ၁၂၂၄၇၀၀ ဖြစ်သောကြောင့် ဈေးနှုန်းပြောင်းလဲမှုမှာကျပ် ၂၀၂၁၀၀ ဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် ၁၉ ဒသမ ၇၇ ရာခိုင်နှုန်းဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ဖေဖော်ဝါရီလတွင် ဈေးနှုန်းအနိမ့်ဆုံး ကျပ် ၁၀၁၉၆၀၀ ဖြစ်ပြီး နိုဝင်ဘာလတွင် ဈေးနှုန်းအမြင့်ဆုံးကျပ် ၁၄၂၉၀၀ ဖြစ်သောကြောင့် ဈေးနှုန်းပြောင်းလဲမှုမှာကျပ် ၄၁၀၃၀၀ ဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် ၄၀ ဒသမ ၂၄ ရာခိုင်နှုန်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။

စီးပွားရေးနှုတ်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ဘဏ္ဍာနှစ်ဆလိုက် ပဲတီစိမ်းတင်ပြည်တွင်းရေးနှုန်းများ

ကျပ်/တန်

စဉ်	လအမည်	၁၃-၁၄	၁၄-၁၅	၁၅-၁၆	၁၆-၁၇	၁၇-၁၈
၁	ဧပြီလ	၇၆၅၄၀၀	၁၀၅၆၃၀၀	၁၂၆၇၆၀၀	၁၀၈၃၉၀၀	၁၁၄၂၁၀၀
၂	မေလ	၇၅၆၃၀၀	၁၂၆၇၆၀၀	၁၂၈၆၀၀၀	၁၀၄၁၀၀၀	၁၁၄၂၀၀၀
၃	ဇွန်လ	၈၇၈၇၀၀	၁၂၀၆၄၀၀	၁၂၈၆၀၀၀	၁၀၄၁၀၀၀	၁၃၅၆၄၀၀
၄	ဇူလိုင်လ	၈၇၈၇၀၀	၁၃၁၀၄၅၅	၁၃၅၅၉၀၀	၁၁၂၃၇၀၀	၁၃၂၅၅၀၀
၅	သြဂုတ်လ	၉၃၀၈၀၀	၁၃၀၇၄၀၀	၁၄၂၆၈၀၀	၁၁၂၃၇၀၀	၁၃၇၇၈၀၀
၆	စက်တင်ဘာလ	၁၀၄၁၀၀၀	၁၂၇၅၈၀၀	၁၄၄၃၀၀၀	၁၀၂၂၆၀၀	၁၃၇၇၈၀၀
၇	အောက်တိုဘာလ	၁၀၂၂၆၀၀	၁၀၆၂၄၀၀	၁၅၃၀၉၀၀	၁၀၄၁၀၀၀	၁၄၂၆၈၀၀
၈	နိုဝင်ဘာလ	၁၀၇၁၆၀၀	၁၂၇၅၇၀၀	၁၅၈၃၀၀၀	၁၁၂၃၇၀၀	၁၄၂၉၉၀၀
၉	ဒီဇင်ဘာလ	၁၀၇၁၆၀၀	၁၂၂၄၇၀၀	၁၄၈၁၀၀၀	၁၁၂၃၇၀၀	၁၃၈၈၀၀၀
၁၀	ဇန်နဝါရီလ	၁၁၀၂၃၀၀	၁၂၂၄၇၀၀	၁၂၈၆၀၀၀	၁၁၂၃၇၀၀	၁၂၈၀၀၀
၁၁	ဖေဖော်ဝါရီလ	၁၀၀၁၂၀၀	၁၁၆၃၅၀၀	၁၂၄၆၂၀၀	၁၂၂၄၇၀၀	၁၀၁၉၆၀၀
၁၂	မတ်	၁၀၀၁၂၀၀	၁၂၁၅၅၀၀	၁၂၀၆၄၀၀	၁၂၀၃၃၀၀	၁၁၂၃၇၀၀



အိန္ဒိယပဲဈေးကွက်တွင် မြန်မာနိုင်ငံမှ ပဲတီစိမ်းတင်သွင်းမှုသည် ၂၀၁၇-၂၀၁၈ တွင် တန် ၆၂၇၀ ရှိပြီး ပဲတီစိမ်းစုစုပေါင်းတင်ပို့မှုရဲ့ ၁ ဒသမ ၁၆ ရာခိုင်နှုန်းသာရှိပါတယ်။ ဒါကြောင့် အိန္ဒိယဈေးကွက်ဟာ မြန်မာပဲတီစိမ်းအတွက် သိပ်အရေးမပါဘူးလို့ပြောလိုပါတယ်။ အိန္ဒိယနိုင်ငံဟာ ၂၀၁၈ ဇွန်လ ၁ ရက်မှ ဩဂုတ်လကုန်ထိ သုံးလအတွင်း ပြည်ပမှပဲတီစိမ်းတင်သွင်းမှု Quota ကို မတ်ပဲနှင့်အတူ တန်ချိန် ၁ ဒသမ ၅ သိန်းစီသတ်မှတ်ထားသော်လည်း ပဲတီစိမ်း၏ ထုတ်လုပ်မှု ကုန်ကျစရိတ်များတဲ့အတွက် ၂၀၁၈-၂၀၁၉ စိုက်ပျိုးရာသီတွင် အစိုးရ၏ အခြေခံသတ်မှတ်ဈေးနှုန်း(MSP) သတ်မှတ်ရာမှာ ပဲတီစိမ်းဈေးနှုန်းကို အမြင့်ဆုံးပေးထားတာကို တွေ့ရပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် အိန္ဒိယနိုင်ငံက ပဲတီစိမ်းကို ၎င်းတို့တောင်သူတွေ ပိုမိုစိုက်ပျိုးလာအောင် ဆွဲဆောင်တဲ့သဘော ဖြစ်နိုင် တယ်လို့ ယူဆနိုင်ပါတယ်။ အိန္ဒိယက MSPဈေးနှုန်း မြှင့်လိုက်တဲ့အတွက် မြန်မာနိုင်ငံမှာလည်း ပဲဈေးနှုန်းလတ်တလော နည်းနည်းစီ မြင့်တက်လာတာကိုတော့ တွေ့ရပါတယ်။ **စာမျက်နှာ ၂၅ သို့**



စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်နှင့် သကြား ပြည်တွင်းဈေးနှုန်း

စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၁၈ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဇူလိုင်လပထမပတ်အတွင်း ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၃၀ နိုင်ငံရှိ၍ ဘာဘေးဒိုနိုင်ငံသည် ယခင်တစ်ပတ်ဈေးနှုန်းထက် ၁၀ ရာခိုင်နှုန်းထိ အမြင့်မားဆုံးအဖြစ် ဈေးနှုန်းမြင့်တက်ခဲ့ပါသည်။

ယခုတစ်ပတ်အတွင်း ဓာတ်ဆီဈေးနှုန်း တည်ငြိမ်သည့် နိုင်ငံ ၄၈ နိုင်ငံရှိပြီး မြန်မာ၊ တရုတ်၊ ဗီယက်နမ်နှင့် မလေးရှားနိုင်ငံ စသည့် နိုင်ငံများပါဝင်၍ ၎င်းနိုင်ငံများသည် ယခင်တစ်ပတ်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ဈေးနှုန်းပြောင်းလဲခြင်း မရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

ဈေးနှုန်းကျဆင်းသွားသည့်နိုင်ငံအနေဖြင့် ၃၄ နိုင်ငံရှိ၍ ဂျပန်၊ အိန္ဒိယ၊ ဖိလစ်ပိုင်နှင့် စင်ကာပူ၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ပါဝင်ပြီး ယခင်တစ်ပတ်ဈေး နှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၃ ဒသမ ၃၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့သည်ကို တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့ Global Petrol Prices Website တွင်ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် အင်ဒိုနီးရှားနိုင်ငံသည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၀ ရာခိုင်နှုန်းနှင့် ထိုင်းနိုင်ငံသည် အမေရိကန်ဒေါ်လာ သုည ဒသမ ၃၀ ရာခိုင်နှုန်းထိ ဈေးနှုန်း မြင့်တက်ခဲ့ပြီး မြန်မာ၊ မလေးရှားနှင့် ဗီယက်နမ်နိုင်ငံများသည် ဈေးနှုန်းအပြောင်းအလဲမရှိတည်ငြိမ်နေ၍ စင်ကာပူနိုင်ငံသည် သုည ဒသမ ၉၀ ရာခိုင်နှုန်း၊ လာအိုနိုင်ငံသည် တစ်ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံသည် ၂ ဒသမ ၁၀ ရာခိုင်နှုန်းနှင့် ကမ္ဘောဒီးယားနိုင်ငံသည် ၃ ဒသမ ၃၀ ရာခိုင်နှုန်းထိ ဈေးကျခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၁၈ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဇူလိုင်လ ပထမပတ်အတွင်း ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၂၇ နိုင်ငံရှိခဲ့၍ ဘာဘေးဒိုနိုင်ငံသည် ယခင်တစ်ပတ် ဈေးနှုန်းထက် အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၆၀ရာခိုင်နှုန်းထိ အမြင့်မားဆုံးအဖြစ် ဈေးနှုန်းမြင့်တက် ခဲ့ပါသည်။

ယခုတစ်ပတ်အတွင်း ဒီဇယ်ဈေးနှုန်း တည်ငြိမ်သည့် နိုင်ငံများသည် မြန်မာ၊ တရုတ်၊ အိန္ဒိယ၊ ဗီယက်နမ်နှင့် မလေးရှားနိုင်ငံ စသည့်နိုင်ငံများအပါအဝင် နိုင်ငံ ၅၀ ရှိပြီး ၎င်းနိုင်ငံများသည် ယခင်တစ်ပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းပြောင်းလဲခြင်း မရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

ဈေးနှုန်းကျဆင်းသွားသည့် နိုင်ငံအနေဖြင့် ၃၅ နိုင်ငံရှိ၍ စင်ကာပူ၊ လာအို၊ ဖိလစ်ပိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့ဖြစ်ပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် အမေရိကန်ဒေါ်လာ သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၃ ဒသမ ၈၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့သည်ကို တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏၂၀၁၈ ခုနှစ်ဇူလိုင်လ ၂ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် အင်ဒိုနီးရှားနိုင်ငံသည် ၂ ဒသမ ၈၀ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံသည် သုည ဒသမ ၂၀ ရာခိုင်နှုန်းထိ ဈေးတက်ခဲ့ကာ မြန်မာ၊ ဗီယက်နမ်နှင့် မလေးရှားနိုင်ငံများသည် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေသည်ကို တွေ့ရှိရပြီး စင်ကာပူနိုင်ငံသည် သုည ဒသမ ၁၀ ရာခိုင်နှုန်းနှင့် လာအိုနိုင်ငံသည် ၁ ဒသမ ၂၀ ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံသည် ၂ ရာခိုင်နှုန်းနှင့် ကမ္ဘောဒီးယားနိုင်ငံသည် ၃ ဒသမ ၈၀ ရာခိုင်နှုန်းထိ ဈေးနှုန်း ကျဆင်းခဲ့ပါသည်။ အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ်တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး - အမေရိကန်ဒေါ်လာ

စဉ်	နိုင်ငံအမည်	ရေတွက်ပုံ	ဓါတ်ဆီ	ဒီဇယ်
၁	မြန်မာ	လီတာ	၀.၆၂	၀.၆၁
၂	အင်ဒိုနီးရှား	လီတာ	၀.၆၉	၀.၇၆
၃	ထိုင်း	လီတာ	၁.၁၀	၀.၈၇
၄	ဗီယက်နမ်	လီတာ	၀.၉၃	၀.၇၇
၅	စင်္ကာပူ	လီတာ	၀.၅၉	၁.၂၀
၆	မလေးရှား	လီတာ	၀.၅၄	၀.၅၄
၇	ဖိလစ်ပိုင်	လီတာ	၁.၀၂	၀.၈၂
၈	ကမ္ဘောဒီးယား	လီတာ	၁.၀၂	၀.၈၉
၉	လာအို	လီတာ	၁.၂၅	၁.၀၀
၁၀	ဘရူနိုင်း	Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။		

၂၀၁၈ ခုနှစ် ဇူလိုင်လ ပထမပတ် ၂ ရက်နေ့တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီတစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၇ နှင့် ဒီဇယ်ဆီတစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၆ရှိပြီး စက်သုံးဆီဈေးနှုန်း နိုင်ငံအလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း ၁၉ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း ၂၁ နိုင်ငံမြောက်တွင်ရှိနေသောကြောင့် ကမ္ဘာ့နိုင်ငံများနှင့် နှိုင်းယှဉ်လျှင် စက်သုံးဆီဈေးနှုန်း သက်သာသောနိုင်ငံများတွင် ပါဝင်ပါသည်။ ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း အနည်းဆုံး၊ အများဆုံး နိုင်ငံများ၏ ဈေးနှုန်းများမှာ-

- ဓာတ်ဆီ - ဘရူနိုင်း (၀.၃၂ အမေရိကန်ဒေါ်လာ)၊ ဗင်နီဇွဲလား (၂.၀၈ အမေရိကန်ဒေါ်လာ)
- ဒီဇယ် - ဘရူနိုင်း (၀.၃၂ အမေရိကန်ဒေါ်လာ)၊ ဗင်နီဇွဲလား (၂.၀၈ အမေရိကန်ဒေါ်လာ)

ဆန်ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

မြို့အမည်	ဈေးမထဆန်(ကျပ်/ပြည်)				
	၂၉-၀၆-၂၀၁၈	၂-၀၇-၂၀၁၈	၃-၀၇-၂၀၁၈	၄-၀၇-၂၀၁၈	၅-၀၇-၂၀၁၈
မြစ်ကြီးနား	၁၆၀၀	၁၆၀၀	၁၆၀၀	၁၆၀၀	၁၆၀၀
လားရှိုး	၁၃၀၀	၁၃၀၀	၁၃၀၀	၁၃၀၀	၁၃၀၀
ကျိုင်းတုံ	၁၆၀၀	၁၆၀၀	၁၆၀၀	၁၆၀၀	၁၆၀၀
တောင်ကြီး	၁၂၀၀	၁၂၀၀	၁၃၀၀	၁၃၀၀	၁၃၀၀
လွိုင်ကော်	၁၆၀၀	၁၆၀၀	၁၆၀၀	၁၆၀၀	၁၆၀၀
ဘားအံ	၁၂၀၀	၁၂၀၀	၁၂၀၀	၁၂၀၀	၁၂၀၀
မော်လမြိုင်	၁၂၀၀	၁၂၀၀	၁၂၀၀	၁၂၀၀	၁၂၀၀
ထားဝယ်	၁၃၅၀	၁၃၅၀	၁၃၅၀	၁၃၅၀	၁၃၅၀
မြိတ်	၁၂၀၀	၁၂၀၀	၁၂၀၀	၁၂၀၀	၁၂၀၀
ရန်ကုန်	၁၂၀၀	၁၂၀၀	၁၂၀၀	၁၂၀၀	၁၂၅၀
ပုသိမ်	၁၂၀၀	၁၂၀၀	၁၂၀၀	၁၂၀၀	၁၂၀၀
စစ်တွေ	၁၁၀၀	၁၁၀၀	၁၁၀၀	၁၁၀၀	၁၁၀၀
ဟားခါး	၁၇၅၀	၁၇၅၀	၁၇၅၀	၁၇၅၀	၁၇၅၀
မုံရွာ	၁၉၀၀	၁၉၀၀	၁၉၀၀	၁၉၀၀	၁၉၀၀
မန္တလေး	၁၂၅၀	၁၂၅၀	၁၂၅၀	၁၂၅၀	၁၂၅၀
ပခုက္ကူ	၁၄၀၀	၁၅၀၀	၁၅၀၀	၁၅၀၀	၁၅၀၀
မကွေး	၁၂၅၀	၁၂၅၀	၁၂၅၀	၁၂၅၀	၁၂၅၀
ပြည်	၁၂၀၀	၁၂၀၀	၁၂၀၀	၁၂၀၀	၁၂၀၀
ပဲခူး	၁၁၀၀	၁၁၀၀	၁၁၀၀	၁၁၀၀	၁၁၀၀
ပျဉ်းမနား	၁၂၅၀	၁၂၅၀	၁၂၅၀	၁၂၅၀	၁၂၅၀
နေပြည်တော်	၁၃၀၀	၁၃၀၀	၁၃၀၀	၁၃၀၀	၁၃၀၀
ကလေး	၁၃၀၀	၁၃၀၀	၁၃၀၀	၁၃၀၀	၁၃၀၀

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၁၈ ခုနှစ်၊ ဇူလိုင် ၂ ရက်တွင် International Rice Market Website တွင် ဖော်ပြချက်အရ ပါကစ္စတန်ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၃၈ ဖြင့်လည်းကောင်း၊ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ မှတ် ဘီဂရိတ်ဆန်တစ်တန်လျှင်အမေရိကန်ဒေါ်လာ ၃၉၃ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၀၊ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၃ နှင့် ပေါင်းဆန်ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၃၇၃ ရှိခဲ့ပါသည်။ ဗီယက်နမ်နိုင်ငံ၏ဆန်ဈေးကွက်တွင် ဧည့်မထ ၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၃၀၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၅ နှင့် အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၀ ဖြင့်လည်းကောင်းအသီးသီးရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ယခင်တစ်ပတ်ဈေးများနှင့် နှိုင်းယှဉ်ကြည့်ပါက ပါကစ္စတန်၊ ထိုင်းနှင့် ဗီယက်နမ်ဆန်ဈေးနှုန်းများ ဈေးကျသွားပြီး အိန္ဒိယဆန်ဈေးနှုန်းများမှာမူ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ပြောင်းလဲမှုမရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

ထိုင်းနိုင်ငံတွင် ယခုတစ်ပတ်အတွင်း ဆန်ဈေးနှုန်းကျခြင်းမှာ မိုးများပြီး သယ်ယူပို့ဆောင်ရေးအခက်အခဲများနှင့် ဘတ်ငွေတန်ဖိုးကျဆင်းလာနိုင်သည့် အပေါ် ခန့်မှန်းမှုများကြောင့်ဖြစ်ကြောင်း သိရှိရပါသည်။ ဧပြီလနောက်ဆုံးပတ်အတွင်း ဆန် ၅မှတ် တစ်တန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၅၉ ခန့် ပေါက်ဈေးရှိခဲ့ပြီး ဇွန်လ ၁၃ ရက်တွင် အမေရိကန်ဒေါ်လာ ၄၃၇ ပေါက်ဈေးဖြစ်သဖြင့် ဈေးကျသွားကြောင်း လေ့လာသိရှိရပါသည်။ သို့သော်လည်း မလေးရှား၊ အင်ဒိုနီးရှား၊ တရုတ်နှင့် ဖိလစ်ပိုင်နိုင်ငံများမှ ဆန်ဝယ်ယူမှု ပိုမိုလာသဖြင့် ထိုင်းနိုင်ငံအနေဖြင့် ဈေးနှုန်းကျဆင်းမှုအပေါ် စိုးရိမ်မှုမရှိကြောင်း သိရှိရပါသည်။ ထိုင်းနိုင်ငံ စီးပွားရေးဝန်ကြီးဌာနအနေဖြင့် ယခုနှစ်အတွင်း ဆန်တန်ချိန် ၁၀ သန်းခန့်တင်ပို့ရန် ရည်ရွယ်ထားကြောင်းလည်း သိရှိရပါသည်။

မြန်မာ-ထိုင်းနယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၁၈ ခုနှစ် ဇူလိုင် ၄ ရက်တွင်ဖြစ်ပေါ်နေသော ဈေးနှုန်းများအရပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၄၂ ကျပ်နှုန်းရှိပြီး ဧည့်မထဆန်တစ်အိတ်လျှင် ၂၆၄၉၆ ကျပ်ခန့်ပေါက်ဈေးရှိသဖြင့် ယခင်တစ်ပတ် ဈေးနှင့်နှိုင်းယှဉ်ပါက ပြောင်းလဲမှုမရှိကြောင်း လေ့လာသိရှိရပါသည်။ မြန်မာ-တရုတ်နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ဇူလိုင် ၅ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ယွမ်လျှင် ၂၀၁ ကျပ်နှုန်းရှိပြီး ဧည့်မထဆန် ၂၅ မှတ်တစ်အိတ်လျှင် ကျပ် ၂၄၉၉၀ မှ ၂၅၂၀၀ ကျပ်ထိ ပေါက်ဈေးရှိသဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ဈေးနှုန်းအနည်းငယ်ကျသွားကြောင်း သိရှိရပါသည်။

USDA စာရင်းများအရ ၂၀၁၈ ခုနှစ် ဇွန်လအတွင်း ကမ္ဘာ့ဆန်အဓိကတင်သွင်းသောနိုင်ငံများ၏ တင်သွင်းနိုင်မည့် တန်ချိန်မှာ ဘင်္ဂလားဒေ့ရှ် ၁ ဒသမ ၁၀၀ သန်း၊ တရုတ် ၅ ဒသမ ၅၀၀ သန်း၊ အိုင်ဗရီကို့စ် ၁ ဒသမ ၆၅၀ သန်း၊ EU ၂ ဒသမ ၀၀၀ သန်း၊ ဖိလစ်ပိုင် ၁ ဒသမ ၁၀၀ သန်း၊ အင်ဒိုနီးရှား ၁ ဒသမ ၂၀၀ သန်းနှင့် ဂျပန်သုည ဒသမ ၆၈၅ သန်း တင်သွင်းမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ကမ္ဘာ့ဆန်တင်ပို့သည့် နိုင်ငံများအနက် မြန်မာနိုင်ငံအနေဖြင့် တန်ချိန် ၃ ဒသမ ၅ သန်း တင်ပို့မည်ဟု USDA စာရင်းများအရ ခန့်မှန်းထားသဖြင့် မြန်မာနိုင်ငံနှင့် အဓိကကုန်သွယ်

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

နှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

များစာရင်းကို တစ်လီတာဈေးနှုန်းများဖြင့် အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး - အမေရိကန်ဒေါ်လာ

စဉ်	ဓါတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ			ဓါတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ		
	နိုင်ငံအမည်	ရေတွက်ပုံ	တန်ဖိုး	နိုင်ငံအမည်	ရေတွက်ပုံ	တန်ဖိုး
၁	ဗင်နီဇွဲလား	လီတာ	၀.၀၁	ဂရိ	လီတာ	၁.၉၂
၂	အီရန်	လီတာ	၀.၂၈	ဘာမြားဒါ	လီတာ	၁.၉၈
၃	ဆူဒန်	လီတာ	၀.၃၄	နော်ဝေ	လီတာ	၂.၀၅
၄	ကူဝိတ်	လီတာ	၀.၃၅	ဟောင်ကောင်	လီတာ	၂.၁၀
၅	အယ်ဂျီးရီးယား	လီတာ	၀.၃၆	အိုက်စလန်	လီတာ	၂.၁၂

တန်ဖိုး - အမေရိကန်ဒေါ်လာ

စဉ်	ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ			ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ		
	နိုင်ငံအမည်	ရေတွက်ပုံ	တန်ဖိုး	နိုင်ငံအမည်	ရေတွက်ပုံ	တန်ဖိုး
၁	ဗင်နီဇွဲလား	လီတာ	၀.၀၀	အီတလီ	လီတာ	၁.၇၆
၂	အီရန်	လီတာ	၀.၀၇	မိုနာကို	လီတာ	၁.၈၀
၃	ဆော်ဒီအာရေဗျ	လီတာ	၀.၁၃	ဆွီဒင်	လီတာ	၁.၈၁
၄	အယ်ဂျီးရီးယား	လီတာ	၀.၂၀	နော်ဝေ	လီတာ	၁.၉၁
၅	ဆူဒန်	လီတာ	၀.၂၃	အိုက်စလန်	လီတာ	၂.၀၄

၂၀၁၈ ခုနှစ်ဇူလိုင်လ ၂ ရက်နေ့တွင် မြန်မာနိုင်ငံနှင့်ကုန်သွယ်မှုအများဆုံး ဆောင်ရွက်သော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံများ၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး - အမေရိကန်ဒေါ်လာ

စဉ်	နိုင်ငံအမည်	ရေတွက်ပုံ	ဓါတ်ဆီ	ဒီဇယ်
၁	တရုတ်	လီတာ	၁.၁၄	၁.၀၂
၂	ဂျပန်	လီတာ	၁.၃၄	၁.၁၄
၃	အိန္ဒိယ	လီတာ	၁.၁၅	၁.၀၂

Oil-Price.Net Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့ ရေနံစိမ်း (Curde Oil) နေ့စဉ် ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး - အမေရိကန်ဒေါ်လာ

စဉ်	ရက်စွဲ	ရေတွက်ပုံ	ဈေးနှုန်း
၁	၁.၇.၂၀၁၈	စည်း	၇၄.၁၅
၂	၂.၇.၂၀၁၈	စည်း	၇၃.၉၄
၃	၃.၇.၂၀၁၈	စည်း	၇၄.၁၄
၄	၄.၇.၂၀၁၈	စည်း	၇၄.၁၄
၅	၅.၇.၂၀၁၈	စည်း	၇၂.၉၄

မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား လေ့လာရာတွင် ၂၀၁၈ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့၌ ကျိုင်းတုံမြို့တွင် ဓာတ်ဆီတစ်လီတာ ၁၀၈၉ကျပ်၊ ဒီဇယ် တစ်လီတာ ၁၀၉၉ ကျပ်ဖြင့် လည်းကောင်း၊ ကလေးမြို့တွင် ဓာတ်ဆီ တစ်လီတာ ၉၉၀ ကျပ်၊ ဒီဇယ်တစ်လီတာကျပ် ၉၉၀ ဖြင့်လည်းကောင်း ဈေးနှုန်း

ပြည်သူတ

အမြင့်ဆုံး ဖြစ်ပေါ်နေပြီး ရန်ကုန်မြို့တွင် ဓာတ်ဆီတစ်လီတာ ၇၄၈ ကျပ်၊ ပခုက္ကူမြို့တွင် ဓာတ်ဆီ (၁ လီတာ) ၈၃၆ ကျပ်နှင့် မြိတ်မြို့တွင် ဒီဇယ်(၁ လီတာ) ၈၄၁ ကျပ်ဖြင့် ဈေးနှုန်း အသက်သာဆုံး ဖြစ်ပေါ်နေသည်ကို သိရှိရပါသည်။ ရန်ကုန်၊ မန္တလေး၊ ပျဉ်းမနား နှင့် နေပြည်တော်မြို့ကြီးများတွင် ဖြစ်ပေါ်နေသော နေ့အလိုက်ဈေးနှုန်းများကို အောက်ပါဇယားအတိုင်း ဖော်ပြအပ်ပါသည်-

သို့ဖြစ်ပါ၍ စက်သုံးဆီဈေးနှုန်း (ဓာတ်ဆီ၊ ဒီဇယ်ဆီ)များသည် ယခုဇူလိုင်လပထမပတ်အတွင်း ကမ္ဘာ့ဈေးနှုန်းမှာ တည်ငြိမ်နေပြီး အာရှဒေသနိုင်ငံများဖြစ်သော စင်ကာပူ၊ လာအို၊ ဖိလစ်ပိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံများသည် ဈေးနှုန်းများအနည်းငယ်ကျဆင်းလာခဲ့၍ မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ စက်သုံးဆီဈေးနှုန်းများမှာ အပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

စဉ်	မြို့အမည်	စက်သုံးဆီ(ကျပ်/ဂါလံ)									
		ဓါတ်ဆီ					ဒီဇယ်ဆီ				
		ဇွန် ၂၉	ဇူလိုင် ၂	ဇူလိုင် ၃	ဇူလိုင် ၄	ဇူလိုင် ၅	ဇွန် ၂၉	ဇူလိုင် ၂	ဇူလိုင် ၃	ဇူလိုင် ၄	ဇူလိုင် ၅
၁	ရန်ကုန်	၃၄၀၀	၃၄၀၀	၃၄၀၀	၃၄၀၀	၃၄၀၀	၄၀၉၁	၄၀၉၁	၄၀၉၁	၄၀၉၁	၄၀၉၁
၂	မန္တလေး	၄၁၀၀	၄၁၀၀	၄၁၀၀	၄၁၀၀	၄၁၀၀	၄၂၀၀	၄၂၀၀	၄၂၀၀	၄၂၀၀	၄၂၀၀
၃	ပျဉ်းမနား	၄၂၇၅	၄၂၆၇	၄၂၆၇	၄၂၃၀	၄၂၇၅	၄၂၃၀	၄၂၇၅	၄၂၇၅	၄၂၇၅	၄၂၆၇
၄	နေပြည်တော်	၄၂၇၅	၄၂၆၇	၄၂၆၇	၄၂၆၇	၄၂၇၅	၄၂၃၀	၄၂၇၅	၄၂၇၅	၄၂၇၅	၄၂၆၇

သကြား ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

၂၀၁၈ ခုနှစ် ဇူလိုင်ပထမပတ် အတွင်း တရုတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော သကြားဈေးနှုန်းမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၈၃၅ -၈၄၀၊ ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၈ -၄၁၆၊ အိန္ဒိယနိုင်ငံတွင် ၄၄၃-၅၈၁ အမေရိကန်ဒေါ်လာ၊ အမေရိကန်နိုင်ငံတွင်တစ် တန်လျှင် ၂၃၄ အမေရိကန်ဒေါ်လာ ဖြစ်ပြီး မြန်မာ- တရုတ်နယ်စပ်ရှိ မူဆယ်ဒေသပေါက်ဈေးမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၄၈-၆၅၆ ယွမ်ဖြစ်ပေါ်နေပါသည်။

၂၀၁၈ ခုနှစ် ဇူလိုင်လ ပထမပတ်အတွင်း တရုတ်-မြန်မာနယ်စပ် မူဆယ်ဒေသ၌ သကြား တစ်တန်လျှင် ၆၅၀ အမေရိကန်ဒေါ်လာသာရှိပြီး တရုတ်နိုင်ငံတွင် သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၈၃၇ ပေါက်ဈေးရှိသောကြောင့် တစ်တန်ပေါ်တွင် ၁၈၇ အမေရိကန်ဒေါ်လာ ဈေးနှုန်းကွာဟချက်ရှိပါသည်။

မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့တွင် သကြား တစ်တန်လျှင် ၅၂၆ အမေရိကန်ဒေါ်လာ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ မဲဆောက်မြို့၌ တစ်တန်လျှင် ၅၆၉ အမေရိကန်ဒေါ်လာဝန်းကျင်ခန့်ရှိကြောင်း လေ့လာသိရှိရပါ သည်။

ထို့အပြင် ရက်သတ္တပတ်အတွင်း ပြည်တွင်းသကြား ပေါက်ဈေးများကို လေ့လာရာတွင် ရန်ကုန်မြို့နှင့် ဟားခါးမြို့တို့တွင် တစ်ပိသာကျပ် ၁၈၀၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေ ကြောင်း တွေ့ရှိရပါသည်။ လှိုင်ကော်မြို့နှင့် မြိတ်မြို့တို့တွင် ဇွန် ၂၉ ရက်တွင် သကြား တစ်ပိသာလျှင် ကျပ် ၁၆၀၀ မှ ဇူလိုင် ၅ ရက်တွင် သကြားတစ်ပိသာ ကျပ် ၁၅၀၀ သို့ အနည်းငယ်ကျဆင်းသွားကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံ မြို့ကြီးများတွင် နေ့အလိုက်ဖြစ်ပေါ်နေသော ဈေးနှုန်းများကို အောက်ပါ အတိုင်းဖော်ပြအပ်ပါသည်။

Trading Economic Website တွင် ဖော်ပြချက်အရ ကမ္ဘာ့သကြားဈေးနှုန်းသည် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက သုည ဒသမ ၇၉ ရာခိုင်နှုန်း အနည်းငယ်မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ၂၀၁၈ ခုနှစ် ဇူလိုင် ပထမပတ်အတွင်း သကြားဈေးနှုန်း အတက်အကျ ပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း သကြားဈေးနှုန်း အနည်းငယ်သာ ပြောင်းလဲမှုရှိသည်ကို လေ့လာသိရှိရပါသည်။

မြို့အမည်	သကြား (ကျပ်/ပိသာ)				
	ဇွန် ၂၉	ဇူလိုင် ၂	ဇူလိုင် ၃	ဇူလိုင် ၄	ဇူလိုင် ၅
မြစ်ကြီးနား	၁၅၀၀	၁၅၀၀	၁၅၀၀	၁၅၀၀	၁၅၀၀
လားရှိး	၁၅၀၀	၁၅၀၀	၁၅၀၀	၁၅၀၀	၁၅၀၀
ကျိုင်းတုံ	၁၅၀၀	၁၅၀၀	၁၅၀၀	၁၅၀၀	၁၅၀၀
တောင်ကြီး	၁၄၀၀	၁၄၀၀	၁၄၀၀	၁၄၀၀	၁၄၀၀
လွိုင်ကော်	၁၆၀၀	၁၅၀၀	၁၅၀၀	၁၅၀၀	၁၅၀၀
ဘားအံ	၁၀၀၀	၁၀၀၀	၁၀၀၀	၁၀၀၀	၁၀၀၀
မော်လမြိုင်	၁၅၀၀	၁၅၀၀	၁၅၀၀	၁၅၀၀	၁၅၀၀
ထားဝယ်	၁၆၀၀	၁၆၀၀	၁၆၀၀	၁၆၀၀	၁၆၀၀
မြိတ်	၁၆၀၀	၁၆၀၀	၁၅၀၀	၁၅၀၀	၁၅၀၀
ရန်ကုန်	၁၈၀၀	၁၈၀၀	၁၈၀၀	၁၈၀၀	၁၈၀၀
ပုသိမ်	၁၄၀၀	၁၄၀၀	၁၄၀၀	၁၄၀၀	၁၄၀၀
စစ်တွေ	၁၆၀၀	၁၆၀၀	၁၆၀၀	၁၆၀၀	၁၆၀၀
ဟားခါး	၁၈၀၀	၁၈၀၀	၁၈၀၀	၁၈၀၀	၁၈၀၀
မုံရွာ	၁၆၀၀	၁၆၀၀	၁၆၀၀	၁၆၀၀	၁၆၀၀
မန္တလေး	၁၆၀၀	၁၆၀၀	၁၆၀၀	၁၆၀၀	၁၆၀၀
ပခုက္ကူ	၁၆၀၀	၁၆၀၀	၁၆၀၀	၁၆၀၀	၁၆၀၀
မကွေး	၁၅၀၀	၁၅၀၀	၁၅၀၀	၁၅၀၀	၁၅၀၀
ပြည်	၁၆၀၀	၁၆၀၀	၁၆၀၀	၁၆၀၀	၁၆၀၀
ပဲခူး	၁၄၀၀	၁၄၀၀	၁၄၀၀	၁၄၀၀	၁၄၀၀
ပျဉ်းမနား	၁၅၀၀	၁၅၀၀	၁၅၀၀	၁၅၀၀	၁၅၀၀
နေပြည်တော်	၁၆၀၀	၁၆၀၀	၁၆၀၀	၁၆၀၀	၁၆၀၀
ကလေး	၁၄၀၀	၁၄၀၀	၁၄၀၀	၁၄၀၀	၁၄၀၀

ဖက်နိုင်ငံလည်းဖြစ်၊ အိမ်နီးချင်းနိုင်ငံဖြစ်သော တရုတ်နိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဈေးကွက်လိုအပ်ချက် များစွာရှိနေသောကြောင့် မြန်မာနိုင်ငံမှ ဆန်ပမာဏအမြောက်အမြားတင်ပို့နိုင်မည်ဆို လျှင် ပြည်ပသို့တင်ပို့သော ဆန်ဈေးကွက်မြင့်တက်လာနိုင်ကြောင်း သုံးသပ် သိရှိရပါသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်မှရရှိသော အချက်အလက်များအရ တစ်ပတ်အတွင်း ဆန်ဈေးနှုန်းများကို လေ့လာရာတွင် ဇီယာ ၅ မှတ် တစ်အိတ်လျှင် ကျပ် ၂၃၃၀၀၊ ဇီယာ ၁၀ မှတ် တစ်အိတ်လျှင် ကျပ် ၂၂၈၀၀၊ ဇီယာ ၂၅ မှတ် တစ်အိတ်လျှင် ကျပ် ၂၀၅၀၀၊ ဇီယာ ၃၅ မှတ် တစ်အိတ်လျှင် ကျပ် ၂၀၀၀၀၊ ဧည့်မထ ၅ မှတ်တစ်အိတ်လျှင် ကျပ် ၂၂၈၀၀၊ ဧည့်မထ ၁၀ မှတ် တစ်အိတ်လျှင် ကျပ် ၂၂၃၀၀ ၊ ဧည့်မထ ၂၅ မှတ် တစ်အိတ်လျှင် ကျပ် ၂၀၅၀၀၊ ဧည့်မထ ၃၅ မှတ် တစ်အိတ်လျှင်ကျပ် ၂၀၃၀၀ ၊ ငစိန် ၅မှတ် တစ်အိတ်လျှင်ကျပ် ၂၃၅၀၀ ၊ ငစိန် ၂၅ မှတ် တစ်အိတ်လျှင် ကျပ် ၂၁၀၀၀၊ ငစိန် ၃၅မှတ် တစ်အိတ် လျှင် ကျပ် ၂၀၅၀၀ ပေါက်ဈေးရှိကြောင်း သိရှိရပါသည်။ ယခင်တစ်ပတ် ဈေးနှုန်းများနှင့်နှိုင်းယှဉ်ကြည့်ပါက ဆန်အမျိုးအစားကိုလိုက်၍ ဈေးနှုန်း အတက်အကျအနည်းငယ်ရှိသည် ကို လေ့လာတွေ့ရှိရပါသည်။

တိုင်းဒေသကြီး/ပြည်နယ်များရှိမြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက ရက်သတ္တပတ်အတွင်း အတက် အကျမရှိသည်ကို တွေ့ရှိရပါသည်။ မုံရွာမြို့တွင် ဧည့်မထဆန်တစ်ပြည်လျှင် ကျပ် ၁၉၀၀၊ ဟားခါးမြို့တွင် ကျပ် ၁၇၅၀ နှင့် မြစ်ကြီးနားမြို့တွင် ကျပ် ၁၆၀၀ အသီးသီးဖြင့် အမြင့်ဆုံးဈေးနှုန်းများဖြစ်ခဲ့ပါသည်။ ပြည်၊ ပဲခူးနှင့် စစ်တွေမြို့များတွင် ကျပ် ၁၁၀၀ ဖြင့် အနိမ့်ဆုံးဈေးနှုန်းဖြစ်ခဲ့သည်ကို တွေ့ရှိရပါသည်။ မြို့ကြီးများ တွင် နေ့စဉ်ဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင် တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ၁ ဒသမ ၉၆ ရာခိုင်နှုန်း တက်သွားခဲ့ပါသည်။ သို့ဖြစ်ပါ၍ ၂၀၁၈ ခုနှစ် ဇူလိုင်လပထမပတ်အတွင်း နိုင်ငံတကာဆန်ဈေးနှုန်းများတွင် အတက်အကျ ပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်း အနည်းငယ် ပြောင်းလဲမှုရှိသည်ကို လေ့လာသိရှိရပါသည်။

အမယ်သစ်ပို့ကုန် ကျွဲအရှင် တင်ပို့မှုအား ချစ်ကြည်ရေးတံတားပေါ်မှ စတင် တင်ပို့နိုင်

KKM (မြဝတီ)

မြဝတီကုန်သွယ်ရေးဇုန်မှ ဇွန် ၂၆ ရက်တွင် ပို့ကုန်အမယ်သစ် ကျွဲအရှင်အကောင် ၁၀၀ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၃၀၀၀၀ အား ပို့ကုန်လိုင်စင်ဖြင့် ချစ်ကြည်ရေးတံတား အမှတ် (၁) မှ တစ်ဖက်ထိုင်းနိုင်ငံသို့ Soe Pyae Kyaw Co.,Ltd မှ စတင်တင်ပို့နိုင်ခဲ့ပြီ ဖြစ်ပါတယ်။

မိမိနိုင်ငံအတွင်းရှိ ခိုင်းကျွဲ၊ နွားများကို ထိခိုက်မှုမရှိစေခြင်းနှင့် ဒေသတွင်းစားသုံးမှုကို မထိခိုက်စေဘဲ ပြည်ပပို့ကုန် တိုးမြှင့်ရေးအတွက် အထောက်အကူပြုရန် တရားမဝင်တင်ပို့မှုများအား တရားဝင်လမ်းကြောင်းပေါ်သို့ ရောက်ရှိစေရန် တောင်သူလယ်သမားတို့၏ အကျိုးစီးပွားကို ပိုမိုကာကွယ်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ကျွဲ၊ နွားအရှင်များ တင်ပို့ခြင်းကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး၏ ၂၀၁၇ ခုနှစ် အောက်တိုဘာ ၉ ရက် အမိန့်ကြော်ငြာစာ အမှတ် (၄၉/ ၂၀၁၇) ဖြင့် ခွင့်ပြုပေးခဲ့ပါတယ်။

ပြည်ပသို့တင်ပို့သည့် လုပ်ငန်းရှင်များအနေဖြင့် ကျွဲ၊ နွားများ ဝယ်ယူစုဆောင်းခွင့်ကို သတ်မှတ်ချက်နှင့်အညီ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ အချက်အလက်စုံလင်စွာဖြင့် လျှောက်ထားရမည်ဖြစ်ပြီး ယာယီစုဆောင်းခွင့်ရရှိသော ကျွဲ၊ နွားများအား လိုအပ်သော ကျန်းမာရေးစစ်ဆေးမှုပြုလုပ်ရကြောင်း၊ ကာကွယ်ဆေးများ ထိုးပြီးကြောင်း ထောက်ခံချက် AHD/PC- 1 တိရစ္ဆာန်များကျန်းမာရေး ထောက်ခံချက်လက်မှတ် AHD/PC-3 နှင့် မွေးမြူရေးခြံလုပ်ငန်းမှတ်ပုံတင် AHD/PC-7 ကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ရယူရကြောင်းကိုလည်း သိရှိရပါတယ်။

ကျွဲ၊ နွားအရှင်များ ပြည်ပသို့တင်ပို့ရာတွင် ပြည်တွင်းမွေးမြူရေးခြံ တစ်ပိုင်တစ်နိုင် မွေးမြူရေးခြံများမှ ငါးနှစ်နှင့်အထက် အရွယ်ရောက်ပြီး ကျွဲ၊ နွားများအား ဝယ်ယူစုဆောင်းကာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတွင် စစ်ဆေးမှတ်တမ်းတင်၍ ယာယီသိုလှောင်စုဆောင်းမည့်နေရာသို့ ရွှေ့ပြောင်းသယ်ယူခြင်း၊ အစစ်ဆေးခံခြင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန (ရုံးချုပ်) မှ ကျွဲ၊ နွားအရှင်များ ကျန်းမာကြောင်း ထောက်ခံချက်လက်မှတ် ပေါင်းချုပ်၊ ပြည်ပသို့တင်ပို့မည့် ကုမ္ပဏီ၊ အကောင်အရေအတွက်၊ သဘောထားမှတ်ချက်တို့နှင့်အတူ ကုန်သွယ်ရေးဦးစီးဌာနတွင် ပို့ကုန်လိုင်စင် လျှောက်ထားရပါတယ်။

Soe Pyae Kyaw Co.,Ltd မှ ပို့ကုန်လိုင်စင်ရရှိပြီး ကျွဲအရှင်များကို ထိုင်းနိုင်ငံသို့ တင်ပို့ရန်အတွက် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ ပဲချက်ကုန်ကျေးရွာအုပ်စု၊ ထန်းပင်ကောက်ကျေးရွာရှိ ကုမ္ပဏီမွေးမြူရေးခြံ ယာယီစုဆောင်းရပ်တွင်ထားရှိသောကျွဲကောင်ရေ ၁၀၀ ကို လိုအပ်သော ကာကွယ်ဆေးများထိုးနှံခြင်း၊ စစ်ဆေးမှုများဆောင်ရွက်ပြီး နားကပ်အမှတ်အသားတပ်ဆင်ကာ AHD/PC (1) -(3) ထုတ်ပေးခြင်း ကိစ္စများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတောင်ငူမြို့မှ လုပ်ဆောင်ပေးကြောင်း သိရှိရပါတယ်။

Soe Pyae Kyaw Co.,Ltd. မှ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ တိရစ္ဆာန်သယ်ဆောင်ခွင့် အထောက်အထား၊ ပို့ကုန်လိုင်စင်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ တောင်ငူမြို့၏ လိုအပ်သော စစ်ဆေးမှုပြုလုပ်ပြီးကြောင်း စာနှင့်အတူ ကရင်ပြည်နယ်၊ ကော့ကရိတ်ခရိုင်၊ ကော့ကရိတ်မြို့ရှိ တိရစ္ဆာန် ထိန်းချုပ်ရေးစခန်းတွင် လိုအပ်သော စစ်ဆေးမှုကိုခံယူပြီး မြဝတီကုန်သွယ်ရေးဇုန်မှတစ်ဆင့် ထိုင်းနိုင်ငံသို့ ၂၀၁၈ ခုနှစ် ဇွန် ၂၆ ရက်တွင် ချစ်ကြည်ရေးတံတား အမှတ်(၁) မှ စတင် တင်ပို့နိုင်ခဲ့ကြောင်းနှင့် တစ်ဖက်ထိုင်းနိုင်ငံရှိ ရွှေကုက္ကိုလ် ကျန်းမာရေးစစ်ဆေးရေးစခန်းတွင် ပြန်လည်စစ်ဆေးကာ ဆေးထိုးပြီး နှစ်ပတ်ခန့် စောင့်ကြည့်ကြောင်း၊ နှစ်ပတ်ကျော်မှသာ ကျန်းမာသည့် ကျွဲများအား မဲဆောက်ရှိ ကျွဲ၊ နွား ဈေးပွဲတန်းသို့ ဝင်ခွင့်ရရှိပြီး နိုင်ငံတကာမှ ကျွဲ၊ နွားဝယ်သူများနှင့် တွေ့ဆုံရောင်းချရကြောင်း၊ ထိုင်းနိုင်ငံ၏ ကျွဲတစ်ကောင် ပေါက်ဈေးမှာ ဘတ် ၄၆၀၀၀ ရှိကြောင်း သိရှိရပါတယ်။

ယခုလို ချစ်ကြည်ရေးတံတားပေါ်မှ ကျွဲအရှင်များတရားဝင် တင်ပို့နိုင်ခြင်းသည် မြဝတီကုန်သွယ်ရေးဇုန်၌ ၂၀၁၈ ခုနှစ် မေ ၃၁ ရက်တွင် ပြုလုပ်ခဲ့သည့် မြဝတီ-မဲဆောက် နှစ်ဖက် ကုန်သည်လုပ်ငန်းရှင်များ ပထမအကြိမ် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပွဲ၏ အောင်မြင်မှုရလဒ်ကောင်းတစ်ခုပင်ဖြစ်ကြောင်း၊ ထိုအခြေအနေကောင်းကို ဆက်လက်ထိန်းသိမ်းကာ ကျွဲ၊ နွားအရှင်တင်ပို့သည့် လုပ်ငန်း ရှင်များ၊ ကုမ္ပဏီများမှ တစ်ဖက်နိုင်ငံသို့ တရားမဝင်လမ်းကြောင်းမှ တင်ပို့ခြင်းမပြုဘဲ တရားဝင်လမ်းကြောင်းဖြစ်သည့် ချစ်ကြည်ရေးတံတားပေါ်မှဖြတ်သန်းပြီး နိုင်ငံခြားဝင်ငွေ တိုးပွားအောင် ဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းရေးသားလိုက်ရပါတယ်။

မြန်မာ–အိန္ဒိယနယ်စပ် နန့်ဖာလုံဈေးကွက်မှာ ဟေဝဲမျက်စေ့ဆီ ဈေးကွက်ဝင်

ဝင်ငွေမိုလာတဲ့အပြင် ပို့ကုန်အတွက် အားထားလာရတဲ့ မျောက်ဆုံ

မြန်မာ-အိန္ဒိယနယ်စပ် တမူးမြို့ရှိ နန့်ဖာလုံဈေးကွက်တွင် မျောက်ငိုသီးပေါ်ခိုနှုန်းဖြစ်သည့် နိုဝင်ဘာလမှဒီဇင်ဘာအတွင်း မျောက်ငိုသီးများကို အိန္ဒိယနိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိပါတယ်။ အဆိုပါ မျောက်ငိုသီးများ တင်ပို့ရာတွင် ကလေးမြို့၊ တမူးမြို့၊ တီးတိန်မြို့နှင့် ရိခေါဒါရ်ဒေသမှ ထွက်ရှိသော မျောက်ငိုသီးများကို တင်ပို့ကြောင်း၊ ချင်းပြည်နယ် ရိခေါဒါရ်ဘက်မှာ ဧကလိုက် စိုက်ပျိုးလာကြကြောင်း၊ ချင်းတွင်းမြစ်အထက်ပိုင်း နာဂတောင်တန်းဒေသများတွင်လည်း မျောက်ငိုပင်များကို တစ်ပိုင်တစ်နိုင် စိုက်ပျိုးသူ အရေအတွက်မှာလည်း နှစ်စဉ်တိုးတက်လျက်ကြောင်းသိရပါတယ်။ မျောက်ငိုပင်ကို ချင်းပြည်နယ်၊ တီးတိန်-ဟားခါး ဘက်မှာလည်း စိုက်ပျိုးကြကြောင်း၊ မျောက်ငိုသီးပေါ်ခိုန် ချင်းတောင်ပေါ်က ဆင်းလာတဲ့ ဆိုင်ကယ်တွေရဲ့နောက်မှာ အသီးခိုင်တွေကို အစုလိုက်တင်ပြီး နန့်ဖာလုံ-တမူးဈေးကွက်အမှီ ရောင်းချကြတာဖြစ်ပါ တယ်။

မျောက်ငိုပင်ဟာ မြန်မာနိုင်ငံ အနှံ့အပြားတွင် တွေ့ရသော စိန်ပန်း၊ ဘောစကိုင်း စသည်တို့နှင့် ဆင်တူသည်ကို တွေ့ရပါတယ်။ သီးတောင့်ပုံစံမှာလည်း စိန်ပန်းသီးတောင့်နှင့်ဆင်တူပြီး အရသာမှာ ဘောစကိုင်းသီး အရသာနှင့် ဒညင်းသီး အရသာနှစ်မျိုးပေါင်းစပ်ထားသော အရသာမျိုးဖြစ်ပါတယ်။ ဒေသခံပြည်သူများနှင့် တစ်ဖက်အိန္ဒိယနိုင်ငံ၊ မဏိပူရ်ပြည်နယ်မှ ကသည်းလူမျိုးများ နှစ်ခြိုက်စွာစားသုံးကြကြောင်းသိရှိရပါတယ်။ သီးတောင့်အရင့်အစေ့ကို သက်သက်လွတ်ဟင်းအဖြစ် လည်းကောင်း၊ အသားများနှင့်လည်းကောင်း တွဲဖက်၍ ချက်ပြုတ်စားသောက်ကြကြောင်း၊ ဆေးဖက်ဝင် အသီးအနှံအဖြစ် အခြောက်ကို အစေ့ခွာ၍သော်လည်းကောင်း၊ အစိမ်းချက်၍သော်လည်းကောင်း စားသုံးကြကြောင်း သိရှိရပါတယ်။ အထူးသဖြင့် တစ်ဖက်အိန္ဒိယနိုင်ငံရှိ ကသည်းလူမျိုးများ ပိုမိုကြိုက်နှစ်သက်ပြီး သီးတောင့်ပေါ်ခိုန်တွင် တမူးမြို့၊ နန့်ဖာလုံဈေးသို့ လာရောက်၍ အလုအယက်ဝယ်ယူကြပါတယ်။

အသီးအထွက်ကောင်းသည့် မျောက်ငိုပင်တစ်ပင်၏ အသီးခိုင်တစ်ခိုင်မှာ မျောက်ငိုတောင့် ၁၀ တောင့်ကနေ အတောင့် ၂၀ ထိ ရရှိနိုင်ကြောင်း၊ မျောက်ငိုပင်တစ်ပင်၏ မျောက်ငိုသီးရောင်းရငွေမှာ

မိုးကော်ဦး (တမူး)

တစ်သိန်းခွဲကနေ နှစ်သိန်းထိ ရရှိနိုင်ကြောင်း သိရှိရပါတယ်။ တမူးဒေသတွင် ယခင်ကတည်းက အလေ့ကျပေါက်သော အပင်များဖြစ်ပြီး တချို့မှာ အရိပ်ရအပင်အဖြစ် အိမ်ခြံဝင်းထဲတွင် စိုက်ပျိုးခဲ့ကြောင်း၊ ဧကလိုက်စိုက်ပျိုးမှုမရှိကြကြောင်း၊ ယခုအခါစျေးကွက် ရရှိလာသဖြင့် အခင်းလိုက် စတင်စမ်းသပ်စိုက်ပျိုးလာကြကြောင်း သိရှိရပါတယ်။ မျောက်ငိုပင် တစ်ပင်ဟာ အပင်ပြုစုမှုနှင့် မိုးစေ့ပေါ် မူတည်၍ လေးနှစ်မှ ခုနစ်နှစ်အတွင်း စတင်သီးပြီး ပျမ်းမျှအသီးသီးသည့် သက်တမ်းမှာ အနှစ် ၂၀ ခန့်ဖြစ်ကြောင်း သိရှိရပါတယ်။ သို့ဖြစ်၍ မျောက်ငိုပင်ကို ကျယ်ပြန့်စွာ မစိုက်ပျိုးနိုင်စေကာမူ မိမိ၏ အိမ်ခြံအတွင်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးမည်ဆိုပါက အနှစ် ၂၀ ခန့် အပိုဝင်ငွေရသော သီးနှံဖြစ်သည့်အပြင် စိုက်ပျိုးသူအတွက် အိမ်ထောင်စုဝင်ငွေကို တစ်ဖက်တစ်လမ်းမှ ပိုမိုရရှိစေမှာ ဖြစ်ပါတယ်။

သီးနှံပေါ်ခိုန်မှာ မျောက်ငိုသီးတွေကို တမူးကုန်သွယ်ရေးစခန်းကလည်း ပို့ကုန်လိုင်စင်နဲ့ တင်ပို့နေတာ ဖြစ်ပါ တယ်။ မျောက်ငိုသီးရဲ့ အင်္ဂလိပ်အမည်ကတော့ [TWISTED CULSTER BEAN (FRESH)] ဖြစ်ပြီး လိုင်စင်ဈေးနှုန်းကတော့ 1 KG ကို ၆၀၀ ကျပ်ဖြစ်ပါတယ်။ ဘင်္ဂလားနှစ်အလိုက် မျောက်ငိုသီးတင်ပို့မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါတယ်-

ဘင်္ဂလားနှစ်အလိုက်မျောက်ငိုသီးတင်ပို့မှုစာရင်း

တန်ခိုချိန်-ကိန်းပြည့်၊ တန်ဖိုး - သန်းပေါင်း

ဘင်္ဂလားနှစ်	အရေအတွက်	ကျပ်	ဒေါ်လာပြောင်း
၂၀၁၅-၂၀၁၆	၂၀. ၀၀၀	၂၀. ၀၀၀	၀. ၀၁၆
၂၀၁၆-၂၀၁၇	၆၈. ၀၀၀	၆၈. ၀၀၀	၀. ၀၅၀
၂၀၁၇-၂၀၁၈	၄၄၀. ၄၀၅	၂၆၄. ၁၆၂	၀. ၁၉၈
၂၀၁၈ (ဧပြီလ)	၈၇. ၅၀၀	၅၂. ၅၀၀	၀. ၀၃၉

ဘင်္ဂလားနှစ်အလိုက် မျောက်ငိုသီးတင်ပို့မှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် ပို့မိုတိုးတက်လာသည်ကို တွေ့ရှိရပါတယ်။ ၂၀၁၇-၂၀၁၈ ဘင်္ဂလားနှစ်မှာတော့ တန်ချိန် ၄၄၀ ဒသမ ၄၀၅ တန်၊ တန်ဖိုး ကျပ်အားဖြင့် ၂၆၄ ဒသမ ၁၆၂ ကျပ်သန်း၊ ဒေါ်လာအားဖြင့် သုညဒသမ ၁၉၈ ဒေါ်လာသန်း တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်ဘင်္ဂလားနှစ်နဲ့ နှိုင်းယှဉ်ပါက ၃၇၂ ဒသမ ၄၀၅တန် ပို့မိုတင်ပို့နိုင်ကြောင်း တွေ့ရှိရပါတယ်။ ဧပြီလ တင်ပို့မှုအနေဖြင့်လည်း ၂၀၁၆-၂၀၁၇ ဘင်္ဂလာ နှစ်တင်ပို့မှုပမာဏထက် ပို့မိုတင်ပို့နိုင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ ယခုကဲ့သို့ ပို့မိုတင်ပို့နိုင်ခြင်းမှာ မျောက်ငိုသီးအနေဖြင့် စိုက်ပျိုးထုတ်လုပ်မှု ပို့မိုတိုးတက်လာခြင်း၊ စိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် ကုန်သွယ်မှုလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်လာနိုင်ခြင်း၊ တမူးကုန်သွယ်ရေးစခန်း OSS အဖွဲ့အနေဖြင့် မျောက်ငိုသီးပေါ်ခိုန်တွင် နန့်ဖာလုံဈေးမှာ မျောက်ငိုသီး ကုန်စည်ဒိုင်တစ်ခု တည်ထောင်ပြီး မျောက်ငိုသီး စိုက်ပျိုး၊ ထုတ်လုပ်၊ ရောင်းချသူများကို ပို့ကုန်လိုင်စင်ဖြင့် တင်ပို့နိုင်ရေးအတွက် စည်းရုံးဆောင်ရွက်နိုင်ခဲ့ခြင်းတို့ကြောင့်ဖြစ်ကြောင်း သိရှိရပါတယ်။

သို့ဖြစ်ပါ၍ ၂၀၁၈ ခုနှစ်၊ မျောက်ငိုသီးပေါ်လာမဲ့ နိုဝင်ဘာလမှာ မျောက်ငိုသီး စိုက်ပျိုး၊ ထုတ်လုပ်၊ ရောင်းချသူတွေအနေနဲ့ မျောက်ငိုသီးကို ပို့ကုန်လိုင်စင်နှင့် ပို့မိုတင်ပို့နိုင်ရေးအတွက် လည်းကောင်း၊ တမူးကုန်သွယ်ရေးစခန်း OSS အဖွဲ့အနေဖြင့်လည်း ယခင်ဘင်္ဂလာနှစ်ထက် မျောက်ငိုသီးကို ပို့မိုတင်ပို့နိုင်ရေးအတွက် လည်းကောင်း၊ တမူးကုန်သွယ်ရေးစခန်းရဲ့ ကုန်သွယ်မှုပမာဏ တိုးတက်ရေးအတွက်လည်းကောင်း ကြိုးပမ်းအားထုတ် စည်းရုံးဆောင်ရွက်သင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါတယ်။

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

ပို့ကုန်သွင်းကုန်ရုံး(ကျိုင်းတုံ)၌ ရော်ဘာတင်ပို့ခြင်းဖြင့် ပို့ကုန်ပိုင်းကုန်သွယ်မှုပမာဏ လျာထားချက်ပြည့်မီ

ပို့ကုန်သွင်းကုန်ရုံး(ကျိုင်းတုံ) အနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် လယ်ယာထွက်ကုန်ပစ္စည်းများအနေဖြင့် ဆန်၊ ပြောင်း၊ ကောက်ညှင်း၌၊ မြေပဲဆန်၊ ဝဲ၌၊ ဖရဲသီး၊ လက်ဖက်ခြောက်၊ ရော်ဘာစိမ်းများ တင်ပို့နိုင်ခဲ့ပြီး တန်ဖိုးအမေရိကန်ဒေါ်လာ ၇ ဒသမ ၃၉၁ သန်းရရှိခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ယခင်ပို့ကုန်အမယ်များအပြင် ရော်ဘာစိမ်း၊ ငှက်ပျောသီး၊ သစ်တောထွက်တွင် အုံတုံခေါက်၊ အခြားအုပ်စုတွင် ဆံပင်တို့တင်ပို့နိုင်ခဲ့သော်လည်း၊ အမေရိကန်ဒေါ်လာ ၆ ဒသမ ၄၈၂ သန်းသာ ရရှိခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဆန်၊ ပြောင်း၊ လက်ဖက်ခြောက်၊ ရော်ဘာစေး၊ ငှက်ပျောသီး၊ နှမ်းဖြူတို့သာ တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာသန်း ၂ ဒသမ ဝ၉၀ သန်းသာ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြောင်း၊ လက်ဖက်ခြောက်၊ ရော်ဘာစေးတို့သာ တင်ပို့နိုင်ပြီး ဆန်တင်ပို့မှု အနေဖြင့် ၂၀၁၈ ခုနှစ်၊ ဧပြီလ မှ ဇွန်လထိ ဆန်တင်ပို့နိုင်ခြင်းမရှိသော်လည်း ရော်ဘာစေး တန်ချိန် ၅၈ တန်၊ အမေရိကန်ဒေါ်လာ သုည ဒသမ ဝ၇၉ သန်း ဆောင်ရွက်နိုင်ခဲ့သဖြင့် ပို့ကုန်ပိုင်း၌ လျာထားချက်ကိုပြည့်မီအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

မြတ်ခိုင်(ကျိုင်းတုံ)

မြိတ်မြို့နယ်တွင် အထောက်အထားမဲ့ဝက်များ ပမ်းမိ

၂၀၁၈ ခုနှစ် ဇွန် ၁၉ ရက်နံနက် ၃ နာရီ ၁၅ မိနစ်ခန့်တွင် မြိတ်မြို့နယ်၊ ပသောင်းတံတားအနီး၊ ကြေးနန်းတိုင်ရဲကင်းရှေ့တွင် မောတောင်မြို့မှ မြိတ်မြို့ဘက်သို့ ယာဉ်မောင်း၊ ကိုထိုက် (ခ) တင်ကိုကိုထိုက် မောင်းနှင်လာသော ယာဉ်အမှတ် (5J/2648) Nissan UD အဖြူရောင် မော်တော်ယာဉ်အား ဌာနပေါင်းစုံ စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ကြောင်း သိရသည်။ ထိုသို့စစ်ဆေးစဉ် တရားဝင် အထောက်အထားတစ်စုံတစ်ရာ မပါရှိဘဲ ဝက် ၅၃ ကောင် တင်ဆောင်လာခဲ့ကြောင်းကို တွေ့ရှိရပြီး သယ်ဆောင်လာသည့် ဝက်အရေအတွက်သည် သယ်ဆောင်နိုင်သည့် ယာဉ်အတိုင်းအတာထက် ပိုမိုများပြားစွာ သယ်ဆောင်လာသောကြောင့် စစ်ဆေးစဉ် ဝက်အသေ ၂၉ ကောင်၊ ဝက်အရှင် ၂၄ ကောင်အား တွေ့ရှိရပြီး ဝက်ပိုင်ရှင်များပါရှိခြင်း မရှိကြောင်း သိရှိရသည်။

အဆိုပါ ဖမ်းဆီးရမိသော ဝက်အသေ ၂၉ ကောင်အား ဇွန် ၂၀ ရက် ၁၆း၃၀ ခိုရ်တွင် မြိတ်မြို့ စည်ပင်သာယာရေးအဖွဲ့မှ မြေမြုပ်ဖျက်ဆီးခဲ့ကြောင်း၊ ဝက်အရှင် ၂၄ ကောင်အား မြိတ်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ထိန်းသိမ်းထားရှိပြီး ဝက်များတရားမဝင် သယ်ဆောင်လာမှုအပေါ် မြိတ်မြို့နယ် တရားရုံးတွင် တိရစ္ဆာန်ကျန်းမာရေးနှင့် ကုသရေး ဥပဒေပုဒ်မ ၂၃(ခ)အရ အမှုဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိပါသည်။

သန်းမြင့် (မြိတ်)

မကွေးတိုင်း စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၆/၂၀၁၈) ကြိမ်မြောက် အစည်းအဝေးနှင့် မကွေးခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၆/၂၀၁၈) ကြိမ်မြောက် အစည်းဝေးကျင်းပ

စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များ ရွေးချယ်စားသောက်တတ်စေရန်၊ နစ်နာဆုံးရှုံးမှုများရှိပါက တိုင်ကြားနိုင်ရန်၊ ထုတ်လုပ်သူ လုပ်ငန်းရှင်များဘက်မှလည်း စံချိန်စံညွှန်း အရည်အသွေးမီကုန်ပစ္စည်းများ ထုတ်လုပ်လာနိုင်စေရေး ရည်ရွယ်ချက်ဖြင့် ဇွန် ၂၈ ရက်တွင် မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင်(၆/၂၀၁၈)ကြိမ်မြောက် တိုင်းစားသုံးသူ အငြင်းပွားမှု အစည်းအဝေးကို ကျင်းပ ခဲ့ပါသည်။

အစည်းအဝေးတွင် တိုင်းစားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ စီမံကိန်း ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး အတွင်းရေးမှူး ဦးကျော်စွာဝင်းက ဇွန်လအတွင်း စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့မှု အခြေအနေ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ကွင်းဆင်းစစ်ဆေးခဲ့မှု အခြေအနေများ၊ မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ပထမသုံးလပတ်အတွင်း သက်တမ်းလွန်စားသောက်ကုန်၊ လူသုံးကုန်များ သိမ်းဆည်းခဲ့မှု အခြေအနေ၊ စပါးရိတ်သိမ်းစက်နှင့် စပ်လျဉ်း၍ တိုင်ကြားထားမှုအပေါ် ဖြေရှင်းဆောင်ရွက်ထားမှု အခြေအနေ၊ ကန်သာလေးကျေးရွာတွင် မွေးမြူထားသည့် ကြက်ခြံများမှ ယင်ကောင်များ အလုံးအရင်းနှင့်ဝင်ရောက်လာမှုအတွက် တိုင်ကြားလာမှုအပေါ် ဖြေရှင်းဆောင်ရွက်ခဲ့မှု အခြေအနေ၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေးအတွက် ကွင်းဆင်းစစ်ဆေးခဲ့မှုနှင့် စစ်ဆေးတွေ့ရှိချက်များ၊ ဖြေရှင်းဆောင်ရွက်ပေးခဲ့သည့် နည်းလမ်းများ စသည်တို့ကို ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာသည့် အဖွဲ့ဝင်များမှ (၆/၂၀၁၈) အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

အလားတူ ဇွန် ၂၈ ရက်တွင် မကွေးမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင် မကွေးခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၆/၂၀၁၈)ကြိမ်မြောက် အစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ရာ အဖွဲ့ဝင် စုစုပေါင်း ၁၃ ဦး တက်ရောက်ခဲ့ကြပြီး မကွေးခရိုင်အတွင်း အစားအသောက်ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် စားသောက်ဆိုင် လုပ်ငန်းရှင်များကို တွေ့ဆုံပြီး ဇူလိုင်ဒုတိယပတ်တွင် အသိပညာပေးဆွေးနွေးပွဲ သင်တန်းပြုလုပ်ရန်၊ ဇူလိုင်လ၊ စတုတ္ထပတ်၌ ရေနံချောင်းမြို့နယ်တွင် သက်တမ်းလွန် ပစ္စည်းများအား ဖျက်ဆီးခြင်း အခမ်းအနားပြုလုပ်ရန်၊ ကျောင်းပြင်ပတွင် ရောင်းချသည့် ပျံကျဈေးဆိုင်များကို ကွင်းဆင်းဆောင်ရွက်ရန် စသည့် အစည်းအဝေး ဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြောင်း သတင်းရရှိပါသည်။

စန္ဒာစိုးလွင်(မကွေး)

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ် အခြေခံပညာကျောင်းများ၌ စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောပွဲကျင်းပပြီး ကျောင်းမုန့်ဈေးတန်းများအား ကွင်းဆင်းစစ်ဆေး

ရန်ကုန်အရှေ့ပိုင်းခရိုင်ဦးစီးမှူးရုံးသည် သာကေတမြို့နယ်ရှိ အ. ထ. က (၁) နှင့် အ. ထ. က (၅) အခြေခံပညာကျောင်းများတွင် ဇူလိုင် ၅ ရက်နှင့် ၆ ရက်တို့၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ အသိပညာပေးဟောပြောရာတွင် အရှေ့ပိုင်းခရိုင်၊ စားသုံးသူရေးရာဦးစီးဌာန ဒုတိယကြီးကြပ်ရေးမှူး ဦးမောင်မောင်သောင်းက စားသုံးသူအကာအကွယ်ပေးရေး ပေါ်ပေါက်လာပုံ၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်း သိကောင်းစရာများ၊ ရွေးချယ်ပိုင်ခွင့်၊ အသိပေးပိုင်ခွင့်၊ ဘေးအန္တရာယ်ကင်းရှင်းစေခွင့်၊ သိရှိနိုင်ခွင့်စသော စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အခြေခံအချက်များကိုဟောပြောခဲ့ပြီး၊ ဒုတိယကြီးကြပ်ရေးမှူး ဦးနေလင်းက ဆိုးဆေးပါဝင်သော အစားအစာများအကြောင်း၊ ဆိုးဆေးပါဝင်သော အစားအစာများကို စားသုံးမိပါကဖြစ်စေနိုင်သော ရောဂါများအကြောင်း၊ ကျောင်းသား/သူများအနေဖြင့် အစားအသောက်များကို စားသောက်ရာတွင် သန့်ရှင်းလတ်ဆတ်၍ ဓာတုပစ္စည်းကင်းစင်သော အစားအသောက်များကို ရွေးချယ်ဝယ်ယူစားသောက်ကြရန်၊ ပိုးသတ်ဆေးဓာတ်ကြွင်းဓာတ်ကျန်များနှင့် ပိုးသတ်ဆေး၏ အန္တရာယ်များအား ဟောပြောခဲ့ပါသည်။

ဟောပြောပွဲအပြီးတွင် ကျောင်းမုန့်ဈေးတန်းအား ဆက်လက်စစ်ဆေးခဲ့ပြီး သက်တမ်းကုန်လွန်သော မုန့်များ၊ ကလေးများနားမလည်သော အခြားဘာသာများနှင့် ရေးသားထားသော မုန့်များအား ရောင်းချခြင်းမပြုရန် အသိပညာပေးခဲ့ကြောင်း သတင်းရရှိပါသည်။

လှိုင်ထွဋ်

တရုတ်နိုင်ငံနှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်း စက္ကူဖြူစာတမ်းထုတ်ပြန်

"တရုတ်နိုင်ငံနှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်း (WTO)"ဟုအမည်ပေးထားသည့် အစိုးရအစီရင်ခံ စာစက္ကူဖြူစာတမ်း (White Paper) တစ်စောင်အား ဇွန် ၂၈ ရက်တွင် တရုတ်နိုင်ငံတော်ကောင်စီက ထုတ်ပြန်လိုက်ကြောင်း သိရသည်။

တရုတ်နိုင်ငံအစိုးရက ထုတ်ပြန်ခဲ့သည့် စက္ကူဖြူစာတမ်းသည် ဘက်စုံကုန်သွယ်ရေးစနစ်အရဖြစ်သော ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကတိကဝတ်များကို အပြည့်အဝဆောင်ရွက်မည်ဟူသော တရုတ်နိုင်ငံ၏ အယူအဆ အပြည့်အစုံကိုဖော်ပြထားပြီး နိုင်ငံ၏ အခြေခံမူများ၊ ရပ်တည်ချက်များ၊ မူဝါဒများနှင့် ဘက်စုံကုန်သွယ်ရေးစနစ်ကို အလေးထားသော အဆိုပြုချက်များကို ရှင်းပြရန်နှင့် အဆင့်မြင့် ပြုပြင်ပြောင်းလဲမှုနှင့် တံခါးဖွင့်စနစ်လုပ်ဆောင်ရာတွင် မျှော်မှန်းဆောင်ရွက်ထားကြောင်း ဖော်ပြထားသည်။

"တရုတ်နိုင်ငံက WTO ရဲ့ ကတိကဝတ်များကို ပြည့်စုံစွာလိုက်နာဆောင်ရွက်ခဲ့ပြီး ဆက်လက်၍ ကမ္ဘာနှင့် ပိုမိုတံခါးဖွင့်ကာ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြီးတော့ အပြန်အလှန် အကျိုးရှိတဲ့ရလဒ်များကို ကျယ်ကျယ်ပြန့်ပြန့် ပေးအပ်ခဲ့ပါတယ်"ဟုစက္ကူဖြူ စာတမ်း၌ပါရှိသည်။

တရုတ်နိုင်ငံသည် WTO သို့ ၂၀၀၁ ခုနှစ်တွင်ပါဝင်ခဲ့သည်။ ယင်းသည် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးထဲသို့ တရုတ်နိုင်ငံပေါင်းစည်းလာခြင်း သမိုင်းမှတ်တိုင်တစ်ခုဖြစ်သလို ပြုပြင်ပြောင်းလဲမှုနှင့် စီးပွားရေးတံခါး ဖွင့်လိုက်သည့် သမိုင်းစင်မြင့်တစ်ခုပြုလုပ်ခြင်းလည်းဖြစ်သည်။

လွန်ခဲ့သည့် နှစ်ပေါင်း ၄၀ အတွင်း တရုတ်နိုင်ငံသည် ပြုပြင်ပြောင်းလဲရေးနှင့် တံခါးဖွင့်စနစ် အခြေခံအမျိုးသားမူဝါဒကို လိုက်နာစောင့်ထိန်းခဲ့ပြီး ဖွံ့ဖြိုးမှုအတွက် နိုင်ငံ၏ စီးပွားရေးတံခါးကို ကျယ်ကျယ်ဖွင့်ထားနေပြီဖြစ်သည်။ ဘက်ပေါင်းစုံ ပါဝင်သော၊ အဆင့်မျိုးစုံပါဝင်သော ပုံစံတစ်ခုနှင့် ကျယ်ကျယ်ပြန့်ပြန့်တံခါး ဖွင့်ကာ တဖြည်းဖြည်းပုံဖော်သွားနေပြီဖြစ်သည်။

စိုင်းလှိုင်သူ(ပျဉ်းမနား)

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

GBS
YOUR GOOD BROTHER

ဂွတ်(ဒ်)ဘရားသား(စ်)ကုမ္ပဏီလီမိတက်
GOOD BROTHERS' COMPANY LIMITED

ဝယ်ယူသူတိုင်းအတွက် ဂူလိုင်လ(၁)ရက် မှ စက်တင်ဘာလ(၃၀)ရက်နေ့အထိ မေတ္တာလက်ဆောင်များ ပေးနေပါပြီး

ZOOMLION လယ်ထွန်စက်

RF 354-A
GEM WATER PRESSURE PUMP ၁ လုံး

RK 704-A
ZOOMLION HYDRAULIC ZS68 (6 Litre) ၂ မူး
ZOOMLION ENGINE OIL 20 W 50 (6 Litre) ၃ မူး
ZOOMLION GEAR OIL 90 GL-5 (6 Litre) ၆ မူး

RK 554-A
ZOOMLION HYDRAULIC ZS68 (6 Litre) ၂ မူး
ZOOMLION ENGINE OIL 20 W 50 (6 Litre) ၃ မူး
ZOOMLION GEAR OIL 90 GL-5 (6 Litre) ၆ မူး

RC 954-A
ZOOMLION HYDRAULIC ZS68 (6 Litre) ၃ မူး
ZOOMLION ENGINE OIL 20 W 50 (6 Litre) ၄ မူး
ZOOMLION GEAR OIL 90 GL-5 (6 Litre) ၇ မူး

ရန်ကုန် – အမှတ်(၂၂)၊ ဘုရင့်နောင်လမ်းမကြီး၊ သီရိမွန်လုံးချင်းအိမ်ရာ၊ လှိုင်မြို့နယ်။ ဖုန်း – (၀၁)၃၆၈၂၁၄၇၊ ၃၆၈၂၁၅၇၊ ၃၆၈၂၇၉၉ (လိုင်းခွဲ–၈၁၅/၈၂၅)
၀၉–၅၀၂၀၁၈၃၊ ၀၉–၂၆၀၃၅၂၁၃၇၊ ၀၉–၄၅၇၁၈၆၆၇၂၊ ၀၉–၄၅၇၁၈၆၆၅၉

အမြို့မြို့အနယ်နယ်ရှိ GBS ရုံးခွဲများထံတွင် ဝယ်ယူပြီ လက်ဆောင်များ ရယူလိုက်ပါ။

တို့တောင်သူတွေ ဘဝစိတ်အေးဖို့ သီးနှံအာမခံထားကြစို့

GLOBAL WORLD INSURANCE CO., LTD

ဂလိုဘယ်ဝေါ(လ်)အာမခံကုမ္ပဏီ

Crop Insurance

သီးနှံအာမခံ

Hotline
09 - 33087771

အမှတ်(၆၂)၊ ဗဟိုစည်အိမ်ရာဝင်း၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၂၃၀၂၅၀၈

DANA BAYIN
Trading Co., Ltd.

The Herald Golden Dragon
Freight Forwarding Service

09-5065999, 09-953065999
info@danabayin.com
www.danabayin.com

YOUR BUSINESS IS OUR PRIORITY

WE MAKE THINGS EASIER FOR YOU

DANA BAYIN is the company providing the best logistics services where its main goal is to ensure that products are handled with the care it deserves, all deliveries are on time and exceed the expectations of our customers.

- FREIGHT FORWARDING
- CUSTOM CLEARING
- WAREHOUSING AND TRANSPORTATION
- LICENSE APPLICATION

Room(212), Sakura Hotel & Serviced apartment, Kyi Myin Dine Kannar Road, Thit Taw Ward, Ahlone Township, Yangon

---

Shwe Mè Logistics

SHWE MÈ LOGISTICS SERVICES CO., LTD.

* Warehousing
* Trucking
* Cranes and Forklifts rental - up to 70 tonne
* Inland Container Depot - Storage, Washing, Repair and Modification of containers
* Jetty Services - 380 feet wide jetty fitted with 40 tonne capacity fixed crane with 100 feet span.
* One - stop logistics services solutions

Shwe Mè Jetty
အမှတ်(၁၆၆-ဘီ)၊ဆိပ်ကမ်းသာလမ်း၊ရွှေပြည်သာစက်မှုဇုန်(၃)၊ လှိုင်မြစ်ကမ်းနံဘေး၊
ရွှေပြည်သာတံတား၊အနီး၊ရွှေပြည်သာမြို့နယ်။
Tel : 95-1-618558 ~ 59 ~ 60 , 618565 ~ 66
E-mail: aungkhin.shweme@gmail.com

Shwe Mè ICD
အမှတ်(၆)၊ဆိပ်ကမ်းသာလမ်း၊ရွှေပြည်သာစက်မှုဇုန်(၃)၊
ရွှေပြည်သာတံတား၊အနီး၊ရွှေပြည်သာမြို့နယ်။
Tel : 95-1-618162, 618564
E-mail: mtashweme4@gmail.com

Hot Line : Mobile : 09-510-4363

ပင်လယ်ရေကြောင်း

လောင်စာဆီသယ်ပို့မှုနှင့် အန္တရာယ်များ

| မောင်ရင်မောင် |

ယခင်တစ်ပတ်မှအဆက်

ဆီယိုဖိတ်မှုအပေါ် ဂေဟစနစ်၏ တုံ့ပြန်မှုမှာ ဒေသခံမျိုးစိတ်များအပေါ် တိုက်ရိုက်ထိခိုက်မှုသာမက အသစ် ပြောင်းလဲရောက်ရှိလာသည့် မျိုးစိတ်များမှ သွယ်ဝိုက်ထိခိုက်မှုအပေါ်တွင်လည်း မူတည်ပါသည်။ Exxon Valdez ဆီယိုဖိတ်စဉ်က မူရင်းမျိုးစိတ်တစ်ခုမှာ ဆီယိုဖိတ်မှုများမရှိခင်က ယင်းတို့ကို အစဉ်လွှမ်း မိုးထားသည့် ပြင်ပမျိုးစိတ်တစ်ခု လောင်စာဆီကြောင့် ပျက်သုဉ်းသွားပြီးနောက် ထူးခြားစွာ တိုးပွားလာသည်ကို လေ့လာတွေ့ရှိခဲ့ပါသည်။ အလားတူမျိုးစိတ်တစ်ခုမှာ မိမိနှင့်ယှဉ်ပြိုင်ဘက် မျိုးစိတ်တစ်ခု ပျက်သုဉ်းသွားပြီးနောက် လျင်မြန်စွာ တိုးပွားလာခြင်း ဖြစ်ပါသည်။

လူမှုရေးဆိုင်ရာ အကျိုးသက်ရောက်မှုများ

ဆီယိုဖိတ်မှုက လူတစ်ဦးချင်းစီ၏ ကျန်းမာရေး၊ လူ့အသိုက်အဝန်းတစ်ခုလုံး၏ အကျိုးစီးပွားနှင့် စီးပွားရေးကဏ္ဍတစ်ရပ်လုံးအပေါ်လည်း အကျိုးသက်ရောက်မှုရှိမည် ဖြစ်ပါသည်။ ခြုံ၍ ဆိုရပါက ဆီယိုဖိတ်မှုသည် လူသားတို့အပေါ် နည်းလမ်းသုံးမျိုးဖြင့် ထိခိုက်စေခြင်း ဖြစ်ပါသည်။ ဥပမာအားဖြင့် ဇီဝဖြစ်စဉ်အားဖြင့် လောင်စာဆီဆိုင်ရာ အဆိပ်အတောက်များ ပြည့်လျှံနေသည့် ပင်လယ်စာများကို စားသောက်ခြင်းဖြင့် ကျန်းမာရေးထိခိုက်ခြင်း၊ လောင်စာဆီမှ ထွက်ရှိသော အနံ့အသက်များကို ရှူရှိုက်ရခြင်း၊ ဆီယိုဖိတ်ရာနေရာမှ ဖမ်းယူရရှိသော ငါးများကို အများပြည်သူက စားသုံးမှု နည်းပါးလာ၍ ငါးဖမ်းသမားများ စားဝတ်နေရေးနှင့် ဝင်ငွေ ခက်ခဲလာပြီး စိတ်ဓာတ်ရေးရာ ကျဆင်းလာခြင်း အပါအဝင် စသည်တို့ဖြစ်ပါသည်။

လူသားတို့၏ ကျန်းမာရေးနှင့် လူ့အသိုက်အဝန်း

ကျန်းမာရေးထိခိုက်မှုဟု ဆိုရာတွင် လောင်စာဆီနှင့် တိုက်ရိုက်တွေ့ထိပြီး ထိခိုက်မှုရှိနိုင်သကဲ့သို့ သွယ်ဝိုက်သောနည်းလမ်းဖြင့် ထိတွေ့ခြင်းဖြစ်သည့် လောင်စာဆီငွေ့များရှူရှိုက်ခြင်း၊ အဆိပ်အတောက်များပါဝင်သည့် ပင်လယ်စာများ စားသုံးခြင်းဖြင့် မူးဝေအော့အန်ခြင်းမှစ၍ ကင်ဆာနှင့် အာရုံကြောဆိုင်ရာ ရောဂါများ ခံစားရခြင်းဖြစ်ပါသည်။ ဟိုက်ဒရိုကာဘွန်၏ ရေရှည်အဆိပ်သင့်မှုကို ပြည့်စုံစွာမသိရှိကြသေးသော်လည်း အော်ဂဲနစ်ဓာတ်ပေါင်းများနှင့် ဆက်စပ်ပြီးနောက် DNA ဆိုးရွားစွာ ပျက်စီးခြင်း၊ ကင်ဆာရောဂါဖြစ်ပွားခြင်း၊ မျိုးပွားမှုဆိုင်ရာ ချို့ယွင်းမှုများ ဖြစ်ပေါ်ခြင်း၊ အာရုံကြောနှင့် ရောဂါကာကွယ်နိုင်စွမ်း ချို့ယွင်းလျော့နည်းခြင်းများ ခံစားရစေပါသည်။ လောင်စာဆီသယ်ပို့ရာတွင်လည်းကောင်း၊ ပြုပြင်ချက်လုပ်ရာတွင်လည်းကောင်း၊ အရည်ကျဲစေရန် ထည့်သွင်းအသုံးပြုသည့် အော်ဂဲနစ်ဓာတ်ပေါင်းများကို ညစ်ညမ်းမှုအဓိကဖြစ်စေသည့် အရာများအဖြစ် သတ်မှတ်ထားကြပြီး ကျန်းမာရေးထိခိုက်မှု အနေအထားမှာ ပါဝင်သုံးစွဲသည့် ဓာတုပစ္စည်းများ ပါဝင်မှု အချိုးပေါ်တွင် မူတည်ပါသည်။

လူမှုစီးပွားထိခိုက်မှုများ

လောင်စာဆီယိုဖိတ်မှုမှာ သာမန်သဘာဝဘေးအန္တရာယ်ကျရောက်ခြင်းထက်ပင် လူတို့၏ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများကို ပိုမိုဖြစ်ပေါ်စေသည်ဟု ဆိုကြပါသည်။ ထိခိုက်မှုနှင့်စပ်လျဉ်း၍ လူတို့၏ အသက်မွေးဝမ်းကြောင်းဆိုင်ရာ လုပ်ငန်းများအပေါ် ခြိမ်းချောက်မှုများရှိလာသည့်အပြင် ပြန်လည်ကုစားရာ၌ ငွေကြေးများစွာ ကုန်ကျမှုနှင့်အတူ စိတ်ဓာတ်ကျဆင်းမှု၊ လူမှုရေးဆိုင်ရာ အလေးထားမှု အနေအထားများကိုပါ ထိခိုက်ပျက်စီးစေသည်ဟု သုံးသပ်ကြပါသည်။ ယင်းတို့၏ အကြောင်းရင်းမှာ လောင်စာဆီယိုဖိတ်မှုကို ဖြေရှင်းဆောင်ရွက်ရန် ရောက်ရှိလာသော လူသစ်များ၊ ခွဲဝေတာဝန်ယူရသည့် သန့်ရှင်းဖယ်ရှားမှု လုပ်ငန်း အမျိုးအစားများနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အားနည်းမှားယွင်းမှုများဖြစ်ကြောင်း ဆိုကြသော်လည်း လူမှုရေးထိခိုက်မှုများကို လိုအပ်သော အကူအညီများကို ထိခိုက်ခံရသူများသို့ အလျင်အမြန် ထောက်ပံ့ကူညီခြင်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှု၊ စေတနာ့ဝန်ထမ်းပါဝင် ဆောင်ရွက်နေသူများ၏ ထောက်ပံ့ပါဝင် ဆောင်ရွက်မှုကြောင့် လျော့ပါးသွားစေသည်ကို လည်းတွေ့ရှိရပါသည်။

ဆက်လက်ဖော်ပြပါမည်။

မြန်မာ့ပေါ်ဆန်း၏ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်အလားအလာ မျှော်မှန်းချက်

(ယခင်တစ်ပတ်မှအဆက်)

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုနယ်မှ ရွှေဘိုပေါ်ဆန်းမွှေးသည် ပြည်တွင်းဈေးကွက်တွင် စားသုံးသူများ ကြိုက်နှစ်သက်သည်သာမက ဈေးနှုန်းပိုမိုရရှိခဲ့သည်မှာ အောက်ပါထူးခြားကောင်းမွန်သော အရည်အချင်းလက္ခဏာများကြောင့် ဖြစ်ပါတယ်-

ရွှေဘိုပေါ်ဆန်းစပါးမျိုး၏ ထူးခြားကောင်းမွန်သော လက္ခဏာများ

- ဒေသ၊ ရေမြေ၊ ရာသီဥတုနှင့် ကိုက်ညီသောကြောင့် စပါးအထွက်ကောင်းခြင်း၊ စပါးအလေးချိန်စီး၍ အနှစ် ပြည့်ဝခြင်း၊ ဆန်ထွက်ကောင်းပြီး ဆန်ရည်ဆန်သား ကောင်းမွန်ခြင်း၊ ဒေသတွင်းစိုက်ပျိုးသော အခြားစပါးမျိုးများထက် ဆန်ထွက်ရာခိုင်နှုန်းပိုမိုခြင်း။
- မျိုးကွဲပါဝင်မှုမရှိသလောက်နည်းပြီး ဆန်နီပါဝင်မှုကင်းစင်သဖြင့် ဆန်အရည်အသွေးကောင်းမွန်ခြင်း။
- စပါးရိတ်သိမ်းရာတွင် အစေ့ကြွေကျမှုနည်းသဖြင့် လေလွင့်မှုသက်သာခြင်း။
- စပါးတင်း(၁၀၀)ကြိတ်ခွဲရာတွင် အခြားစပါးမျိုးများထက် ကြိတ်ခွဲချိန်ကာလ လျော့နည်းခြင်း။
- ဆန်ကိုချက်ပြုတ်ရာတွင် အမြင်လှပပြီး ထမင်း၏ အလျားရှည်သွယ်ခြင်း၊ အိုးတက်ခြင်း၊ စားသုံးရာတွင် နူးညံ့ ပျော့ပြောင်းသဖြင့် စားသုံး၍ကောင်းခြင်း၊ အနံ့မွှေးခြင်းနှင့် ကျန်သည့်ထမင်းကြမ်းသည် အစိုမပြန်၊ အရည်မထွက်၊ အစေးမပေါက်၊ ကွဲအက်မှုမဖြစ်ခြင်း၊ မာကျောမှုမရှိသဖြင့် မနက်စာချက်ပြုတ်ထားသော ထမင်းကို ညနေစာအထိ ကောင်းစွာ စားသုံးနိုင်ခြင်း။
- စပါးပေါ်ချိန်မှ သိုလှောင်ချိန်ကာလ၊ ကြိတ်ခွဲရောင်းချသော ကာလအထိ ဈေးကွက်ခိုင်မာပြီး ဈေးကောင်းရရှိသဖြင့် စပါးနှင့်

DOCA(Domestic)

ဆန်ဈေးကွက်တွင် အမြင့်ဆုံးဈေးဖြင့် ရောင်းချနိုင်ခြင်း။

ရွှေဘိုခရိုင်တွင် လက်ရှိစိုက်ပျိုးနေသော ပေါ်ဆန်းစပါးမျိုး(၃)မျိုး၏ အရည်အချင်းလက္ခဏာများ

စဉ်	အကြောင်းအရာ	ပေါ်ဆန်းရင်	ပေါ်ဆန်းဘေးကြား (ရွှေဘိုပေါ်ဆန်း)	ပေါ်ဆန်းမွှေး
၁	မျိုးအုပ်စု	မီးဒုံး	မီးဒုံး	မီးဒုံး
၂	အသက်ရှက်	အောက်တိုဘာ(တ)ပတ်ပန်းမွှင့်	နိုဝင်ဘာ(တ)ပတ်ပန်းမွှင့်	ဒီဇင်ဘာ(တ)ပတ်ပန်းမွှင့်
၃	အပင်အမြင့်(စမ)	၁၆၀	၁၇၅	၁၆၅
၄	အနံပါပင်မှား	၁၃	၇-၉	၈-၁၀
၅	တစ်နံပါသီးလုံးပေါင်း	၁၁၅	၁၈၀	၁၈၀
၆	အောင်ရေးရာခိုင်နှုန်း	၈၅	၈၅.၅	၈၇.၃
၇	အရေ(၁၀၀၀)အလေးချိန်(ဂရမ်)	၂၈	၂၆.၁	၃၀
၈	အခိုင်းပိုမိုရာခိုင်နှုန်း	၂၄.၂	၂၁	၂၁
၉	ဆန်ရည်ဆန်သား	နောက်	နောက်	နောက်
၁၀	အလင်းရောင်ပျိုးမှုမှု	ရှိ/နည်း	ရှိ/သင့်	ရှိ/များ
၁၁	အမွှေးနှုန်း	-	အနည်းငယ်	အနည်းငယ်
၁၂	အထွက်နှုန်း(တင်း/စက)	၅၀-၇၀	၆၀-၈၀	၆၀-၈၀
၁၃	ဆန်ထွက်ရာခိုင်နှုန်း	၆၀	၆၃	၅၈

ပေါ်ဆန်းမွှေးစပါးစိုက်ပျိုးထုတ်လုပ်ခြင်းသည် စိုက်ပျိုးထုတ်လုပ်သူ တောင်သူသာမက ရောင်းဝယ်ဖောက်ကားသူ ပွဲစားကုန်သည်၊ ကြိတ်ခွဲထုတ်လုပ်သူ ဆန်စက်ပိုင်ရှင်များနှင့် တင်ပို့ရောင်းချသူများလည်း တွက်ခြေကိုက်သည့် သီးနှံဖြစ်ခြင်း၊ အခြားစပါးများထက် ဆန်သားပြည့်ဝစွာ ပါဝင်မှုရှိခြင်း၊ ထူးခြားသည့် အရည်အချင်းလက္ခဏာများရှိခြင်းအပါအဝင် ပြည်တွင်းဈေးကွက်က တောင်းဆိုမှုများပြားလာသည့်အပြင် ပြည်ပသို့ တင်ပို့ရောင်းချရာတွင်လည်း မျက်နှာပန်းလှသဖြင့် ပိုမို စိုက်ပျိုး ထုတ်လုပ်ခဲ့ကြပါတယ်။ ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ထိ ပေါ်ဆန်းမွှေးဆန်အား နိုင်ငံတကာသို့ (ပင်လယ်ရေကြောင်း+ နယ်စပ်)မှ အောက်ပါအတိုင်း တင်ပို့ခဲ့ပါတယ်-

ပေါ်ဆန်းမွှေးဆန် တင်ပို့မှုစာရင်း (ပင်လယ်ရေကြောင်း+ နယ်စပ်)

တန်ဖိုး-ကန်ဒေါ်လာသန်း

စဉ်	ခုနှစ်	ရေတွက်ပုံ	တန်ချိန်	၃.၂၉
၁	၂၀၀၈-၂၀၀၉	တန်	၁၁၂၁၅.၀၀၀	၃.၂၉၀
၂	၂၀၀၉-၂၀၁၀	တန်	၁၁၉၄၈.၉၃၂	၄.၄၈၆
၃	၂၀၁၀-၂၀၁၁	တန်	၂၅၅၀.၀၀၀	၁.၁၃၉
၄	၂၀၁၁-၂၀၁၂	တန်	၉၉၄၆.၇၅၀	၄.၈၁၁
၅	၂၀၁၂-၂၀၁၃	တန်	၉၀.၀၀၀	၀.၇၄၀
၆	၂၀၁၃-၂၀၁၄	တန်	၂၉၄.၀၈၆	၀.၂၀၇
၇	၂၀၁၄-၂၀၁၅	တန်	၅၆၆.၀၀၀	၀.၃၂၀
၈	၂၀၁၅-၂၀၁၆	တန်	၆၈၆.၉၃၈	၀.၃၅၁
၉	၂၀၁၆-၂၀၁၇	တန်	၁၇၀.၀၅၀	၀.၁၂၈
၁၀	၂၀၁၇-၂၀၁၈	တန်	၁၉၇.၀၀၀	၀.၁၃၆

ကိုးကားချက်။

(၁) တိုင်းဒေသကြီး/ပြည်နယ်များမှ တင်ပြလာသည့် ပေါ်ဆန်းမွှေးစိုက်ပျိုးထုတ်လုပ်မှု အစီရင်ခံစာများမှ ကောက်နုတ်တင်ပြခြင်း

(၂) ဦးဆွေ(ခရိုင်ဦးစီးမှူး) စိုက်ပျိုးရေးဦးစီးဌာန၊ ရွှေဘိုခရိုင်၏ စာတမ်း မှ ကောက်နုတ်ရေးသားခြင်း

ဆက်လက်ဖော်ပြပါမည်။

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

jrefrmhpOfqufjywfzE&dwkdvuf&&;pDudef[bnf

r&Sjzpfvkdyfaeaomm0,Dm;ay;vkyfefpOfjzpfbnf

မောင်လွင်ပြင်

ယခုအခါ နိုင်ငံတော်အစိုးရသည် မြန်မာ့စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးစီမံကိန်း (MSDP - Myanmar Sustainable Development Plan) အစီအစဉ်ကို ချမှတ်အကောင်အထည်ဖော်နေပြီဖြစ်သည်။ မြန်မာ့စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးစီမံကိန်းအစီအစဉ်ကို ပြည်သူများသိရှိနားလည်ထားဖို့လိုနေသည်။ အမ်အက်စ်ဒီပီကို သိရှိနားလည်ထားမည်ဆိုလျှင် နိုင်ငံတော်အစိုးရ သွားနေသောလမ်းကြောင်းကို သိရှိနားလည်နိုင်မည်ဖြစ်သည်။ အမ်အက်စ်ဒီပီအစီအစဉ်သည် နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နေစေရေးနှင့်အတူ ပြည်သူ ပြည်သားအားလုံး၏ ဖွံ့ဖြိုးမှုအကျိုးကိုလည်း ဆတက်ထမ်းပိုး သယ်ပိုးမည်ဖြစ်သည်။ ထို့ကြောင့် အမ်အက်စ်ဒီပီ အစီအစဉ်သည် နိုင်ငံသားအားလုံးနှင့်လည်း သက်ဆိုင်နေသဖြင့် လေ့လာမိသလောက် တင်ပြချင်သည်။

မြန်မာ့စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအစီအစဉ်ကို အစိုးရသက်တမ်း နှစ်နှစ်အကြာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် နေပြည်တော်၌ ပထမဆုံးကျင်းပခဲ့သည့် ဖွံ့ဖြိုးမှုထိုရောက်ရေး စကားဝိုင်းတွင် ချမှတ်ခဲ့သော မူဝါဒများ အကောင်အထည်ဖော်နိုင်ရန်နှင့် စီမံကိန်းများထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်ရည်ရွယ်ပြီး လက်တွေ့ဆောင်ရွက်ရမည့် အစီအစဉ်များပါဝင်သည့် အမ်အက်စ်ဒီပီအစီအစဉ်ကို ရေးဆွဲနေပြီဖြစ်ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က စတင်မိတ်ဆက်ပြောကြားခဲ့သည်။ အမ်အက်ဒီပီ အစီအစဉ်ရေးဆွဲရခြင်းသည် မရေးဆွဲလျှင်မဖြစ်သည့် အကြောင်းကိစ္စများ ရှိခြင်းကြောင့်ဖြစ်သည်။ ၂၀၁၆ ခုနှစ် ဧပြီတွင် စတင်အာဏာတည်ခဲ့သော နိုင်ငံတော်အစိုးရသည် နှစ်နှစ်သက်တမ်းရှိလာသောအခါ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ပြည်ထောင်စုဝန်ကြီးဌာနများ ၎င်းတို့၏သက်ဆိုင်ရာကဏ္ဍအလိုက် စီမံကိန်းများ၊ လုပ်ငန်းစီမံချက်များ၊ အစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်ခဲ့သည်။ သို့သော် ကဏ္ဍအလိုက် စီမံကိန်းနှင့် အစီအစဉ်များ ချိတ်ဆက်ဆောင်ရွက်နိုင်မည့် နိုင်ငံတော်အဆင့်ဖွံ့ဖြိုးမှု မဟာဗျူဟာတစ်ရပ်ရေးဆွဲထားခြင်း မရှိခဲ့ပေ။ ထို့ပြင် လက်ရှိကာလတွင် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ အများစုတို့သည်လည်း ၎င်းတို့ဆောင်ရွက်မည့် စီမံကိန်းများကို တင်ပြရာတွင် ဘဏ္ဍာငွေ ရရှိရေးအတွက်သာ အဓိကအဆိုပြုတင်ပြနေကြပြီး ကဏ္ဍအလိုက်၊ ဒေသအလိုက် ဦးစားပေးလုပ်ကိုင်ရမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို မဟာဗျူဟာကျကျ ဆောင်ရွက်ရန် တင်ပြနိုင်ခြင်းမရှိသေးပေ။

ထို့ပြင် မည်သည့်ဖွံ့ဖြိုးရေးလုပ်ငန်း စီမံကိန်းများကို အစိုးရက ဆောင်ရွက်မည်၊ မည်သည့်စီမံကိန်းများကိုမူ အစိုးရနှင့် ပုဂ္ဂလိက ဖက်စပ်အကျိုးတူ ပူးပေါင်းဆောင်ရွက် (PPP-Public Private Partnership) သွားမည်၊ မည်သည့်လုပ်ငန်း စီမံကိန်းများကို ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၏ အကူအညီဖြင့် ဆောင်ရွက်သွားမည်ကို ခွဲခွဲခြားခြား ပီပီပြင်ပြင်သတ်မှတ်ထားနိုင်ခြင်းလည်း မရှိသေးပေ။ ထို့ကြောင့် အစိုးရအဖွဲ့အစည်းများ၏ စီမံကိန်းရေးဆွဲချမှတ်မှုနှင့် လုပ်ငန်းစီမံကိန်းများ ခွဲခြားသတ်မှတ်မှု လုပ်ငန်းစဉ်များအကြား ချိတ်ဆက်မှု အားနည်းလျက် ရှိနေသည်။ သို့ဖြစ်ရာ အစိုးရကဦးဆောင်ပြီး ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်း ဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအားလုံးပါဝင်သည့် အချိတ်အဆက်မိမိ ဆောင်ရွက်ရသော အမ်အက်စ်ဒီပီအစီအစဉ်ကိုရေးဆွဲခြင်းဖြစ်သည်။ ယင်းအမ်အက်စ်ဒီပီအစီအစဉ်များက ဖွံ့ဖြိုးတိုးတက်မှု မညီမညာဖြစ်နေခြင်းများကို ထိန်းညှိပေးမည်။ ဖွံ့ဖြိုးမှုနောက်ကျပြတ်ကျန်နေခြင်းများမရှိအောင် ဆွဲခေါ်သွားမည်။ ဖွံ့ဖြိုးမှုနှေးကွေးနေခြင်းများကိုလည်း ပြုပြင်ပြောင်းလဲရေးများပြုလုပ်ပြီး မောင်းနှင်သွားစေမည်ဖြစ်သည်။ သိရသလောက် အမ်အက်စ်ဒီပီအစီအစဉ်လုပ်ငန်းစဉ်ပေါင်း ၂၅၀ ကို ရေးဆွဲထားသည်။ အမ်အက်စ်ဒီပီအစီအစဉ်သည် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မရှိမဖြစ်သော အစီအစဉ်လည်းဖြစ်သည်။ ယင်းသည် အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးကိုလည်း အလေးပေးမည်။ တရားစီရင်ရေးစနစ် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်းမှသည် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများပြုပြင်ပြောင်းလဲရေးအထိ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုစဉ်ဆက်မပြတ် ရရှိရေးကို တွန်းအားပေးမည်ဖြစ်သည်။ အမ်အက်ဒီပီအစီအစဉ်သည် တစ်နည်းဆိုရလျှင် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးရေးစီမံကိန်းတစ်ခုပင်ဖြစ်သည်ဟု မှတ်ယူနိုင်ပါသည်။

အမ်အက်စ်ဒီပီအစီအစဉ်တွင် မဏ္ဍိုင်ကြီးသုံးခု၊ ပန်းတိုင်ငါးခု၊ မဟာဗျူဟာ ၂၉ ခုနှင့် လုပ်ငန်းစဉ် ၂၅၀ တို့ဖြင့် ရေးဆွဲထားသည်ဟု သိရသည်။ မဏ္ဍိုင်ကြီးသုံးခုမှာ -မဏ္ဍိုင်(၁) ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေး၊ မဏ္ဍိုင်(၂) သာယာဝပြောရေးနှင့်ပူးပေါင်းဆောင်ရွက်မှု၊ မဏ္ဍိုင်(၃) လူသားများနှင့်ကမ္ဘာမြေဟူ၍ဖြစ်သည်။ ပန်းတိုင်ငါးခုမှာ -ပန်းတိုင်(၁)ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၊ လုံခြုံရေးနှင့် ကောင်းမွန်သောအုပ်ချုပ်ရေး၊ ပန်းတိုင်(၂) စီးပွားရေးတည်ငြိမ်ရေးနှင့်အားကောင်းသော မက်ခရိုစီးပွားရေးစီမံမှု၊ ပန်းတိုင်(၃) အလုပ်အကိုင်ဖန်တီးရေးနှင့် ပုဂ္ဂလိကကဏ္ဍဦးဆောင်သော စီးပွားရေးတိုးတက်မှု၊ ပန်းတိုင်(၄) ၂၁ ရာစုလူမှုအဖွဲ့အစည်းအတွက် လူစွမ်းအားအရင်းအမြစ်နှင့်လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးမှု ပန်းတိုင် (၅) သာယာဝပြောရေးအတွက် သဘာဝသယံဇာတများနှင့် ပတ်ဝန်းကျင် စသည်ဖြင့်ဖြစ်သည်။

အမ်အက်စ်ဒီပီတွင် ရည်မှန်းရေးဆွဲထားသည့် မဏ္ဍိုင်ကြီးသုံးရပ်နှင့်ပန်းတိုင်ငါးခုတို့သည် ကမ္ဘာ့နိုင်ငံအသီးသီးက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးရည်မှန်းချက်များနှင့်ဆက်စပ်ပြီး ဆီလျော်မှုရှိသည်ဟုသိရသည်။ ထို့ပြင် ဝန်ကြီးဌာနအသီးသီးက ရေးဆွဲထားသည့် ကဏ္ဍအလိုက် စီမံကိန်းများအကြားလည်း ချိတ်ဆက်ပေးနိုင်မည့်အပြင် ၎င်းတို့၏နှစ်စဉ်အဆိုပြုရေးဆွဲထားသည့် စီမံကိန်းနှင့် ကာလလတ်စီမံကိန်းများနှင့်လည်း ပိုမိုဆက်စပ်လွှမ်းခြုံနိုင်မည့် မဟာဗျူဟာများ၊ လုပ်ငန်းအစီအစဉ်များကိုလည်း ထည့်သွင်းရေးဆွဲထားသည်ဟုဆိုသည်။ အမ်အက်စ်ဒီပီအစီအစဉ်ကို ရေးဆွဲရာတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များထားရှိပြီး ကမ္ဘာလုံးဆိုင်ရာ၊ ဒေသတွင်းဆိုင်ရာနှင့် နိုင်ငံတကာစီမံကိန်းကတိကဝတ်များအား ချိန်ညှိကာ မြန်မာနိုင်ငံနှင့်ကိုက်ညီမှုရှိစေရန်၊ ရှင်းလင်းတိကျသော မူဝါဒလမ်းညွှန်ချက်များ ထောက်ပံ့ပေးနိုင်ရန်၊ ကဏ္ဍအလိုက်နှင့် အကြောင်းအရာအလိုက် စီမံကိန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများက ၎င်းတို့ဘာသာသီးခြားဆောင်ရွက်ခြင်းမှ ရှောင်ရှားနိုင်ရန်နှင့်ပို၍ မဟာဗျူဟာကျသည့် အမျိုးသားအဆင့်စီမံချက်များဖြစ်ပေါ်လာစေရန်စသည့်အချက်များကို အဓိကထားရည်ရွယ်ရေးဆွဲခဲ့သည်ဟုလည်း လေ့လာလိုက်ရသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံက ယခုရေးဆွဲကျင့်သုံးတော့မည်ဖြစ်သော မြန်မာ့စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးစီမံကိန်းအစီအစဉ်သည် တစ်ကမ္ဘာလုံးကနိုင်ငံအသီးသီး ကြိုးစားအကောင်အထည်ဖော်နေသော ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များ၊ ဒေသတွင်းနိုင်ငံများနှင့် အတူ မြန်မာအပါအဝင်ပူးပေါင်းဆောင်ရွက်နေသည့် အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC)၊ မဲခေါင်ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (GMSEC) စသည့် မဟာဗျူဟာအစီအစဉ်များနှင့်လည်းကိုက်ညီမှုရှိအောင်ရေးဆွဲထားပြီးဖြစ်၍ မြန်မာနိုင်ငံ စဉ်ဆက်မပြတ်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်နက်ကိုရိယာတစ်ခုရလိုက်ပြီဟုဆိုနိုင်သည်။ သို့သော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာကျသော အရေးတကာ့ အရေးကြီးသည့် အမ်အက်စ်ဒီပီအစီအစဉ် ရေးဆွဲထားနိုင်ရုံဖြင့် မပြီးသေးပါ။ မြန်မာနိုင်ငံ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ အခန်းကဏ္ဍသည်လည်း အရေးကြီးပါသေးသည်။ ထို့ပြင် ပုဂ္ဂလိကကဏ္ဍပါဝင်မှုသည်လည်း အရေးပါနေသေးပြန်သည်။ ထို့ကြောင့် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရှုထောင့်ပေါင်းစုံက ထည့်သွင်းစဉ်းစားကာ ဆောင်ရွက်ရမည်။ ဌာနဆိုင်ရာအဖွဲ့အစည်းတစ်ခုတည်းက လုပ်ဆောင်နေခြင်းမျိုးမဟုတ်ဘဲ အစိုးရ၊ လွှတ်တော်၊ ပုဂ္ဂလိကကဏ္ဍ၊ နိုင်ငံတကာ ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ အခြားအပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ စသည်ဖြင့် ပါဝင်ဆောင်ရွက်သူအားလုံးတို့၏ ဆွေးနွေးညှိနှိုင်းတိုင်ပင်မှုဖြင့် ပူးပေါင်းဆောင်ရွက်သွားရမည်ဟုလည်း သိရပါသေးသည်။ အမ်အက်စ်ဒီပီအစီအစဉ်ကို ရေးဆွဲအကောင်အထည်ဖော်ခြင်းဖြင့် အနာဂတ်တွင် စီမံကိန်းများနှင့် လုပ်ငန်းစီမံချက်များအကြားပိုမိုချိတ်ဆက်မိမည်။ အနာဂတ်တွင် ပြောင်းလဲရန် မျှော်လင့်ထားသည့် စီမံကိန်းအဆိုပြုတင်ပြ ခြင်း၊ ရွေးချယ်ဆုံးဖြတ်ခြင်းနည်းလမ်းများ၊ အကောင်အထည်ဖော်မည့်ဌာန၊ အဖွဲ့အစည်းများ ဖော်ထုတ်ခြင်းများ၊ ဘဏ္ဍာငွေရင်းမြစ် အသုံးပြုခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို ပိုမိုနားလည်လာလိမ့်မည်ဟု သိရှိရပါကြောင်း တင်ပြလိုက်ရပါသည်။

■



စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

ဂွန်လအတွင်း ရော်ဘာပိုမိုတင်ပို့

ဇွန် ၂၃ ရက်မှ ၂၉ ရက်ထိ သီတင်းပတ်အတွင်းမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၅၁ သန်းတန်ဖိုးရှိ ရော်ဘာ ၁၃၄၃ တန်ခန့်ကို မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းများမှ တင်ပို့ခဲ့ရာ မူဆယ်မှ RSS-3 အမျိုး အစား ၁၃၂၇ တန်နဲ့ လွယ်ဂျယ်မှ Crep Rubber ၁၆ တန် တင်ပို့ခဲ့ပါတယ်။ ဂွန်လအတွင်း ကုန်သွယ်ရေး စခန်းများမှ ရော်ဘာ တင်ပို့မှုမှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၈ ဒသမ ၆၂၆ သန်းနဲ့ တန်ချိန် ၆၉၆၁ တန် ဖြစ်ပါတယ်။ အနီးစပ်ဆုံး မေလတင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ဇွန်လမှာ ရော်ဘာတင်ပို့မှု တန်ချိန် ၅၇၃၀ လျော့ကျခဲ့ကြောင်း သိရပါတယ်။ ယခုတစ်ပတ် မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာပေါက်ဈေးမှာ ကျပ် ၁၆ ဒသမ ၅၅၃ သိန်းရှိပြီး ယခင်တစ်ပတ်ဈေးအတိုင်း မပြောင်းလဲကြောင်း သိရပါတယ်။

ပင်လယ်ရေကြောင်းမှ ဇွန် ၂၄ ရက်မှ ၃၀ ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၉၅၅ သန်းတန်ဖိုးရှိ ရော်ဘာ ၇၀၅ တန်ကျော် တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာ အင်ဒိုနီးရှား၊ ဂျပန်၊ အီးယူ၊ မလေးရှား၊ တရုတ်၊ အိန္ဒိယနိုင်ငံများသို့ တင်ပို့ခဲ့ပါတယ်။ ဇွန်လအတွင်း ရေကြောင်းမှ အမေရိကန်ဒေါ်လာ ၉ ဒသမ ၀၄၉ သန်း တန်ဖိုးရှိ ရော်ဘာ ၆၉၄၉ တန် တင်ပို့ခဲ့ပြီး ယခင်လတင်ပို့ မှုထက် ၃၂၈ တန် ပိုမို တင်ပို့ခဲ့ကြောင်း သိရှိရပါတယ်။

ယခုတစ်ပတ် နိုင်ငံတကာ ရော်ဘာဈေးမှာ RSS အမျိုးအစား တစ်တန်လျှင် ဒေါ်လာ ၅၀ ခန့်ဈေးတက်ပြီး MSR အမျိုး အစားမှာ ဈေးအတက်အကျ အနည်းငယ်သာရှိကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများအသင်းရဲ့ ဈေးနှုန်း ထုတ်ပြန်ချက်အရ -

RSS 1	တစ်တန်လျှင်	ဒေါ်လာ ၁၃၅၀-၁၄၀၀၊
RSS 2	တစ်တန်လျှင်	ဒေါ်လာ ၁၃၀၀-၁၄၀၀၊
RSS 3	တစ်တန်လျှင်	ဒေါ်လာ ၁၂၅၀-၁၃၅၀၊
RSS 4	တစ်တန်လျှင်	ဒေါ်လာ ၁၂၀၀-၁၃၀၀၊
RSS 5	တစ်တန်လျှင်	ဒေါ်လာ ၁၁၅၀-၁၂၅၀၊
MSR 3L	တစ်တန်လျှင်	ဒေါ်လာ ၁၇၅၀-၁၈၅၀၊
MSR 10	တစ်တန်လျှင်	ဒေါ်လာ ၁၄၀၀-၁၅၀၀၊
MSR 20	တစ်တန်လျှင်	ဒေါ်လာ ၁၂၅၀-၁၃၅၀၊
MSR 50	တစ်တန်လျှင်	ဒေါ်လာ ၁၁၅၀-၁၂၀၀၊
Crepe Rubber	တစ်တန်လျှင်	ဒေါ်လာ ၁၂၅၀-၁၃၅၀

သိရှိရပါတယ်။

ယဉ်ယဉ်အေး

ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

စဉ်	အမျိုးအစား/MDL	အကွာရာ	ဈေးနှုန်း	မှတ်ချက်
၁။	တိုယိုတာ (ပဇ)(၂၀၀၉)	D	၁၁၅ သိန်း	1.3 ဓာတ်ဆီ၊ ရန်ကုန်
၂။	ပါဆို (၂၀၀၉)	H	၁၁၅ သိန်း	1.3 ဓာတ်ဆီ၊ ရန်ကုန်
၃။	ကလူဂ္ဂာ (၂၀၀၃)	J	၄၃၅ သိန်း	2.4 ဓာတ်ဆီ၊ ရန်ကုန်
၄။	မတ်(ခ်) အီပ်(စ်) (၂၀၀၄)	E	၂၅၀ သိန်း	
၅။	ပရိုဘောက် (၂၀၁၀)	H	၁၇၃ သိန်း	1.3 ဓာတ်ဆီ၊ ရန်ကုန်
၆။	ဘယ်လ်တာ (၂၀၁၀)	H	၁၄၇ သိန်း	1.3 ဓာတ်ဆီ၊ ရန်ကုန်
၇။	ဂုရှ် (၂၀၀၃)	G	၂၃၅ သိန်း	1.8 ဓာတ်ဆီ၊ ရန်ကုန်
၈။	ရှပ်တဲလ် (ဟွန်ဒါ) (၂၀၁၁)	M	၂၄၅ သိန်း	1.3 ဓာတ်ဆီ၊ နယ်လိုင်စင်
၉။	အပ်ကား (နှစ် ၂၀)		၁၁၀ သိန်း	

စားသုံးသူရေးရာဦးစီးဌာန၊ နေပြည်တော်ခရိုင် ဦးစီးမှူးရုံးနှင့် မြန်မာနိုင်ငံ စားသုံးသူများသမဂ္ဂတို့ ပူးပေါင်း၍ ပျဉ်းမနားမြို့ အ.ထ.က (၁) ခန်းမတွင် ကျောင်းအုပ် ဆရာ/ဆရာမများအား ဟောပြောပွဲကျင်းပ

စားသုံးသူရေးရာ ဦးစီးဌာန၊ နေပြည်တော် ခရိုင်ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးပြိမ်းနှင့် စားသုံးသူသမဂ္ဂအဖွဲ့၊ အတွင်းရေးမှူး ဦးမောင်မောင်တို့ ဦးဆောင်၍ ဇွန် ၂၉ ရက်က စားသုံးသူအကာအကွယ်ပေးရေးနှင့် ပတ်သက်၍ နေပြည်တော်၊ ပျဉ်းမနားမြို့၊ အ. ထ. က (၁)ခန်းမတွင် ပျဉ်းမနားမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းအုပ် ဆရာ/ဆရာမများကို အသိပညာပေး ဟောပြော ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ပါသည်။ ထို့အတူ ဥတ္တရခရိုင်နှင့် ဒက္ခိဏာခရိုင်တို့တွင် ဇွန်လအတွင်း စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောခြင်း (၁၅) ကြိမ်၊ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အစည်းအဝေး ပြုလုပ်ခြင်း(၂)ကြိမ်နှင့် ဇမ္ဗူသီရိမြို့ အင်ကြင်းဈေးတွင်လည်းကောင်း၊ ဇေယျသီရိမြို့ ပြည်စံအောင် ရပ်ကွက်ဈေး ဆိုင်တန်းများတွင် လည်းကောင်း၊ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ဥတ္တရခရိုင်အတွင်းရှိ ပြည်စံအောင် ရပ်ကွက်ဈေးဆိုင်တန်းများအား စစ်ဆေးရာတွင် စိုက်ပျိုးရေး ဌာနမှ တရားဝင်ကြေညာထားသော သုံးစွဲရန်မသင့် ကျင်းထုံခြင်ဆေးခွေများ၊ သက်တမ်းလွန်ယမ်ယမ်ခေါက်ဆွဲခြောက်နှင့် သက်တမ်းလွန် ပီကေများ တွေ့ရှိခဲ့ပြီး ဒက္ခိဏာခရိုင်အတွင်းရှိ အင်ကြင်းဈေးအား စစ်ဆေးရာတွင် စိုက်ပျိုးရေးဌာနမှ တရားဝင် ကြေညာထားသော သုံးစွဲရန်မသင့် ကျင်းထုံခြင်ဆေးခွေတို့ကို တွေ့ရှိရ၍ သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများ၏ ရှေ့မှောက်တွင် သိမ်းဆည်းပြီး မြေမြှုပ်ဖျက်ဆီးခဲ့ကြောင်းနှင့် စားသုံးသူ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သတင်းရရှိပါသည်။

မြင့်နိုင် (နေပြည်တော်)

တရုတ်နိုင်ငံသို့ ဇွန်လအတွင်း ပြောင်းတန်ချိန် ငါးသောင်းနီးပါးတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်နဲ့ လွယ်ဂျယ် ကုန်သွယ်ရေးစခန်းများမှ ဇွန် ၂၃ ရက်မှ ၂၉ ရက်အထိ ရက် သတ္တ ပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၆၂ သန်း တန်ဖိုးရှိ ပြောင်းတန်ချိန် ၁၇၀၄၅ တန်ခွဲကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၄၀၈၁ တန်နဲ့ နှိုင်းယှဉ်ပါက ၂၉၆၄ တန်ခွဲ ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာ မူဆယ်မှ တန် ၁၃၅၀၀ နဲ့ လွယ်ဂျယ်မှ ၃၅၄၅ တန်ခွဲ ဖြစ်ပါတယ်။ မူဆယ် ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်ရော ယခုတစ်ပတ်ပါ ပြောင်းတစ်တန်လျှင် ၃၁၄၈၉၄ကျပ်ဖြင့် ပြောင်းလဲမှုမရှိကြောင်း၊ မူဆယ်သို့ ပြောင်းကား ၄၅၅ စီး ဝင်ရောက်ခဲ့သဖြင့် ယခင် တစ်ပတ်ကထက် ၅၁ စီးပိုမိုခဲ့ကြောင်း၊ ဇွန်လ တစ်လလုံး တရုတ်နိုင်ငံသို့ ပြောင်း တန်ချိန် ငါးသောင်းနီးပါးတင်ပို့ခဲ့ကြောင်း စခန်းများမှ သတင်းရရှိပါတယ်။**မော်မော်အောင်**

ဂွန်လအတွင်း ဖြစ်ပေါ်ခဲ့သည့် မန္တလေး-မူဆယ် ကုန်သယ်ယူခနှုန်း

၂၀၁၈ ဇွန်လအတွင်း မန္တလေးမှ မူဆယ် ကုန်သယ်ယူခဈေးနှုန်းများမှာ ဒုတိယပတ်မှစပြီး အနည်းငယ် ဈေးမြင့်လာခဲ့ပေမယ့် ဇွန်လနောက်ဆုံးပတ် အထိ ပြောင်းလဲမှုမရှိခဲ့တာ တွေ့ရပါတယ်။ မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဆန်၊ ပဲအမျိုးမျိုး၊ နှမ်း၊ ပြောင်း၊ ရော်ဘာ၊ ရေထွက်ကုန်၊ သကြား၊ သရက်သီး၊ ကြက်သွန်နီ၊ နနွင်းတက်၊ ပျားရည်၊ ကော်ဖီစေ့၊ လက်ဖက်ခြောက်၊ ပရဆေးကုန်ကြမ်းများနဲ့ သီဟိုဠ်စေ့ အစရှိတဲ့ ကုန်ပစ္စည်းများ တင်ပို့ခဲ့ပြီး တရုတ်နိုင်ငံမှလည်း ဘိလပ်မြေ၊ ဓာတ်မြေဩဇာ၊ အိမ်ဆောက် ပစ္စည်းအမျိုးမျိုး၊ လူသုံး/အိမ်သုံးပစ္စည်းများ၊ ဆိုင်ကယ် အပို ပစ္စည်းများ၊ စာရေးကိရိယာများ၊ စက်ဘီး၊ ဆိုင်ကယ်၊ လူသုံး/ အိမ်သုံး ပစ္စည်းနဲ့ မီးဖိုချောင်သုံးပစ္စည်းများ တင်သွင်းခဲ့ပါတယ်။ ဇွန်လရဲ့ ကုန်သယ်ယူခနှုန်းထားများမှာ ဇွန်ပထမပတ်တွင် ပြောင်းပဲတီစိမ်း၊ နှမ်း၊ ရော်ဘာ တစ်ပိသာလျှင် ၆၃ ကျပ်၊ ဆန်တစ်ပိသာလျှင် ၆၅ ကျပ် ရှိခဲ့ပြီး ဒုတိယပတ်မှစကာ ဈေးအနည်းငယ် မြင့်တက်ခဲ့ပါတယ်။ သွင်းကုန်မြေဆီ တစ်ပိသာလျှင် ပထမပတ်တွင် ၂၅-၃၀ ကျပ် ရှိရာမှ ၃၀-၃၅ ကျပ်သို့ ဈေး မြင့်တက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

မော်မော်အောင်

အိမ်ခြံမြေကဏ္ဍ

စဉ်	အိမ်/အခန်း	တည်နေရာ	အကျယ်အဝန်း	ပါဝင်ပုံ	ဈေးနှုန်း	သီးခြားအချက်	ဆက်သွယ်ရန်
၁။	တိုက်ခန်း	မင်္ဂလာတောင်ညွန့်မြို့နယ်၊ မန္တလေးလမ်း	၇၅၀ စ/ပေ၊ ၇ လွှာ	လျှာထိုးခင်း၊ အခန်းဖွဲ့	၂၈၀ သိန်း		၀၉/၂၅၁၇၆၃၇၉
၂။	တိုက်ခန်း	စမ်းချောင်းမြို့နယ်၊ ဂန္ဓမာလမ်း	(၁၃ x ၅၀)ပေ၊ ၄ လွှာ	ဟောလ်	၄၅၀ သိန်း		၀၉/၂၅၁၇၆၃၇၉
၃။	အဆင့်မြင့် တိုက်ခန်း	စမ်းချောင်းမြို့နယ်၊ သံတံတားလမ်း	၁၁၀၀ စ/ပေ	၇ လွှာ၊ MB (၁)၊ BR (၂)	၁၅၀၀ သိန်း		၀၉/၅၁၁၇၆၂
၄။	အဆင့်မြင့် တိုက်ခန်း	စမ်းချောင်းမြို့နယ်၊ ရှမ်းကုန်းလမ်း	(၃၀ x ၇၀)ပေ	(၁) လွှာ၊ MB (၂) ခန်း	၁၂ သိန်း	အဂ္ဂနှုန်း	၀၉/၅၁၁၇၆၂
၅။	အိမ်/မြေ	တောင်ဥက္ကလပမြို့နယ်၊ ဟသ်လမ်း၊ (၁၄/၂) ရပ်ကွက်	(၈၀ x ၅၀)ပေနီးပါး	RC (၁) ထပ်၊ တိုက်(၂)လုံး	၅၅၀၀ သိန်း		၀၉/၅၆၃၀၇၈
၆။	မြေ	မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်	(၈၀ x ၈၀)ပေ	မြေသီးသန့်၊ ခြံခတ်ပြီး/၈ရန်	၃၅၀၀ သိန်း		၀၉/၅၁၁၇၆၂
၇။	ကွန်ဒို တိုက်ခန်း	မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဂျီးပြူလမ်း	၁၅၀၀ စ/ပေ	MB (၁)၊ BR (၂)	၂၃၀၀ သိန်း		၀၉/၅၁၁၇၆၂
၈။	တိုက်ခန်း	ဒဂုံမြို့နယ်၊ ဝိုလ်ရာညွန့်လမ်း	(၁၅ x ၅၀)ပေ	မြေညီနှင့်(ပ)ထပ်၊ (၂) ခန်းပြင်ပြီး	၁၅၀၀ သိန်း		၀၉/၂၅၁၇၆၃၇၉
၉။	အိမ်/မြေ	ပြင်ဦးလွင်မြို့၊ ပြည်တော်သာ (၄) လမ်း	(၃၀ x ၅၀)ပေ	RC (၁) ထပ်	၁၃၅၀ သိန်း		၀၉/၅၁၁၇၆၂

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

ယူနန်ပြည်နယ်၊ ကူမင်းမြို့တွင် The 15th (2018)China (southwest) Expo of Agricultural Means, Seed & Machinery ကုန်စည်ပြပွဲနှင့် အိန္ဒိယနိုင်ငံ Surat မြို့တွင် 2nd Edition of Source India ကုန်စည်ပြပွဲကျင်းပမည်

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့တွင် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၇ရက်မှ ၂၈ရက်အထိ The 15th (2018)China(southwest) Expo of Agricultural Means, Seed & Machinery ကို ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါပြပွဲသည် တရုတ်အရှေ့တောင်ဒေသတွင် လယ်ယာထွက်ကုန်ပစ္စည်း အမျိုးအစား စုံလင်စွာ ပါဝင်သည့် အကြီးမားဆုံး၊ အကျယ်ပြန့်ဆုံး ပြပွဲတစ်ခုဖြစ်ကြောင်း၊ ခင်းကျင်းပြသထားသော ပစ္စည်းများနှင့် ပတ်သက်၍ ပိုမို နားလည်စေရန်နှင့် ဝယ်ယူသူမှ စိတ်ကြိုက်ဝယ်ယူခွင့် ရှိစေရန် ပြပွဲကာလအတွင်း မွေးမြူရေးဆိုင်ရာ သရုပ်ပြခြင်းကို ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ပြပွဲတွင် တရုတ်နိုင်ငံနှင့် တောင်နှင့် အရှေ့တောင်အာရှ နိုင်ငံများမှ ကုမ္ပဏီ၊ လုပ်ငန်းစုစုပေါင်း ၁၅၀၀ ကျော်၊ တက်ရောက်သူ ၆၀၀၀၀ ကျော်နှင့် ကုန်ပစ္စည်းအမျိုးပေါင်း ၂၀၀၀ ကျော်ကို ၅၀၀၀၀ စတုရန်းမီတာ ကျယ်ဝန်းသော ပြပွဲစင်တာတွင်ပြသသွားမည်ဖြစ်ကြောင်း၊ ပြပွဲကျင်းပရေး ကော်မတီအနေဖြင့် မြန်မာနိုင်ငံရှိ လုပ်ငန်းစုများမှ ပါဝင်ပြသမည်ဆိုပါက ပြခန်းအချို့အား အခမဲ့ပြသခွင့် ပေးမည်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။

ထို့အတူ အိန္ဒိယနိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် Synthetic & Rayon Textiles Export Promotion Council (SRTEPC) တို့မှကြီးမှူး၍ အိန္ဒိယနိုင်ငံ၊ Surat မြို့တွင် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့မှ ၃၀ ရက်နေ့အထိ "2nd Edition of Source India" ကုန်စည်ပြပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါ ပြပွဲတွင် SRTEPC မှ ရွေးချယ်ဖိတ်ကြားခြင်းခံရသည့် တက်ရောက်သူကိုယ်စားလှယ်များအား ချွေတာရေးတန်းမှ လေယာဉ်လက်မှတ်ကုန်ကျ စရိတ် နှင့် သုံးညတာတည်းခိုနေထိုင်စရိတ်များအားပြပွဲ စီစဉ်သူများမှ ကျခံပေးသွားမည်ဖြစ်ကြောင်း၊ ပြပွဲသို့ တက်ရောက်ခြင်းဖြင့် ၎င်းတို့ ပြသမည့်နောက်ဆုံးပေါ် ချည်မျှင်နှင့် အထည်အလိပ်ဆိုင်ရာ ကုန်ပစ္စည်းများအား တွေ့မြင်နိုင်မည့်အပြင် အိန္ဒိယနိုင်ငံမှ အဆင့်မြင့်ကုမ္ပဏီကြီးများနှင့်လည်း စီးပွားရေးအရ ရင်းနှီးဆက်သွယ်မှုများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် ဖက်ရှင်ပြပွဲ ပြသနိုင်ရန်လည်း စီစဉ်ထားရှိပြီးဖြစ်ကြောင်း၊ ထို့ပြင် အဆိုပါပြပွဲ ကာလအတွင်း ဟောပြောပွဲများ၊ အစည်းအဝေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ One to One တွေ့ဆုံ ဆွေးနွေးမှုများနှင့် ညစာစားပွဲများ ထည့်သွင်းပြုလုပ်သွားမည်ဖြစ်ပါကြောင်း ဖော်ပြပါရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါပြပွဲသို့ မြန်မာနိုင်ငံမှ စိတ်ပါဝင်စားသော လုပ်ငန်းရှင်များ ပါဝင်ပြသနိုင်ပြီး စိတ်ပါဝင်စားပါက မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှု ဖွံ့ဖြိုးရေးဌာနခွဲ၊ ဖုန်း-၀၆၇ ၄၃၀၄၄၆, ၄၃၀၄၄၇၊ ဖက်စ်-၀၆၇ ၄၃၀၁၁၈၊E-mail: moctradefair@gmail.com သို့လည်းကောင်း၊ မြန်မာကုန်သွယ်မှုဗဟိုဌာန (ရန်ကုန်မြို့)၊ ဖုန်း-၀၁ ၂၅၄၀၂၄၊ ဖက်စ်-၀၁ ၂၅၄၀၂၃ သို့လည်းကောင်း ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

ဆုမွန်သိန်း (TD)

ပုသိမ်မြို့ မြို့မဈေးကြီးတွင် စားသုံးသူပြည်သူများ နစ်နာဆုံးရှုံးမှုများရှိပါက တိုင်ကြားနိုင်ရန် ကြော်ငြာဆိုင်းဘုတ်တင်ပွဲ ပြုလုပ်

ရောဝတီတိုင်းဒေသကြီး စားသုံးသူအခြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးကြည်အောင်၊ စားသုံးသူရေးရာဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်ကျော်လွင်၊ ပုသိမ်ခရိုင်ဦးစီးမှူး ဦးစိုးဦးနှင့် ဝန်ထမ်းများသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တိုင်းစည်ပင်သာယာရေးအဖွဲ့ မြို့မဈေးစားသုံးသူရေးရာအဖွဲ့ ဝင်များနှင့်အတူ ပုသိမ်မြို့ မြို့မဈေးကြီးတွင် အစားအသောက်ကုန်စည်နှင့် ဝန်ဆောင်မှုများကြောင့် နစ်နာဆုံးရှုံးမှုများရှိပါက အလွယ်တကူ တိုင်ကြားနိုင်ရေးအတွက် အသိပညာပေး ဆိုင်းဘုတ်တင်ခြင်း အခမ်းအနားကို ဇူလိုင် ၅ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ အသိပညာပေးဆိုင်း ဘုတ်တွင် နစ်နာဆုံးရှုံးသူများအတွက် အစားအသောက်ကုန်စည်နှင့် ဝန်ဆောင်မှုများ၊ ဘေးအန္တရာယ်ရှိမှု၊ စံချိန်စံညွှန်းမပြည့်မီမှု၊ ဝန်ဆောင်မှုပျက်ကွက်မှုများကို အလွယ်တကူတိုင်ကြားနိုင်သော ခရိုင် (CICC) ရုံးများ၊ ဖုန်းနံပါတ်များနှင့် တိုင်ကြားနိုင်သည့် Online Website များကိုလည်း ထင်သာမြင်သာရှိအောင် ဖော်ပြထားကြောင်း သိရသည်။

စောမိုက်ကယ်

ဆန်စပါး မျိုးသန့်မျိုးစေ့ ရယူသုံးစွဲနိုင်မှုမြှင့်တင်ရေး စီမံကိန်း တွေ့ဆုံညှိနှိုင်းပွဲကျင်းပ

ရောဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဟင်္သာတမြို့နယ် ဆန်စက် လုပ်ငန်းရှင် အသင်းရုံးတွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် JICA တို့ပူးပေါင်း၍ ဆန်စပါးမျိုးသန့်မျိုးစေ့ ရယူသုံးစွဲနိုင်မှုမြှင့်တင်ရေး စီမံကိန်းတွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို ဇွန် ၂၈ ရက်က ကျင်းပပြုလုပ်ခဲ့ရာ စပါးစိုက်တောင်သူ ၅၀ ဦး၊ ဆန်စက်လုပ်ငန်းရှင် ၇ ဦး ဖိတ်ကြားထားသူ ၈ ဦး စုစုပေါင်း ၆၅ ဦး တက်ရောက်ခဲ့ပါသည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေး ဦးစီးဌာန၊ ဒုတိယတိုင်းဦးစီးမှူး ဦးဌေးလွင်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး စပါးစိုက်ပျိုးထုတ်လုပ်ရာတွင် မျိုးသန့်မျိုးစေ့ ရရှိသုံးစွဲနိုင်ရေးသည် လွန်စွာအရေးကြီးကြောင်းနှင့် တောင်သူများ မျိုးသန့်မျိုးစေ့များ စနစ်တကျ ထုတ်လုပ်သုံးစွဲနိုင်ရေးအတွက် ယခုကဲ့သို့ JICA နှင့် ပူးပေါင်းဆောင်ရွက်ရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။ ဆက်လက်၍ JICAမှ စီမံကိန်းအကြံပေးအရာရှိချုပ် မစ္စတာ တိုမိုယူကီဖူဂျီအီက မျိုးသန့်မျိုးစေ့ ထုတ်လုပ်သုံးစွဲမှုသာ အရည်အသွေး ကောင်းမွန်သော စပါးနှင့်ဆန်ကို ရရှိပြီး တောင်သူနှင့် လုပ်ငန်းရှင်များ ဝင်ငွေတိုးတက်စေမှာ ဖြစ်ကြောင်း၊ ယခု တောင်သူအများစု သုံးစွဲနေသော RS(Register Seed) အစား CS (Certified Seed) ကို အလွယ်တကူ ထုတ်လုပ်သုံးစွဲနိုင်ရေးတို့ကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းခဲ့ပါသည်။ ဆက်လက်၍ မျိုးစေ့ထုတ်လုပ်သော တောင်သူဒေါ်ခင်ရီကလည်း ယခုအခါ တောင်သူအများစုက ကြခင်းစိုက်ပျိုးနည်းစနစ်ကို အသုံးများလာကြတဲ့အတွက် မျိုးသန့်မျိုးစေ့ကို တိုးတက်ထုတ်လုပ်ရန် လိုအပ်သည့်အတွက် စီးပွားဖြစ် မျိုးသန့်မျိုးစေ့ ထုတ်လုပ်ခြင်းအကြောင်းကို ရှင်းလင်းဆွေးခဲ့ပါသည်။ စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကြည်ဟန်ကလည်း စပါးမှ ဆန်ကြိတ်ခွဲထုတ်လုပ်ရာတွင် အရည်အသွေးမီဆန်များ ရရှိရေးအတွက် အဓိက ကုန်ကြမ်းဖြစ်သော မျိုးစပါးမှာ များစွာ အရေးကြီးကြောင်း၊ သို့မှသာ အရည်အသွေးမီ ဆန်များ ထုတ်လုပ် တင်ပို့နိုင်ပြီး တောင်သူရော၊ လုပ်ငန်းရှင်များပါ အကျိုးရှိမှာဖြစ်ကြောင်းနှင့် အရည်အသွေးမီ ဆန်တွင် ရှိရမည့် လက္ခဏာများအား ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစန်းဝင်းကလည်း ဟင်္သာတခရိုင်အတွင်း မျိုးသန့်မျိုးစေ့ထုတ်လုပ်ရာတွင် RS& CS စိုက်ပျိုးထုတ်လုပ်မှုမှာ လွန်စွာအရေးကြီးကြောင်းတို့ကို ရှင်းလင်းတင်ပြခဲ့ပါသည်။ တက်ရောက်လာသူများကလည်း အာမခံစေးနှုန်း၊ အရည်အသွေး အာမခံမှုရရှိရေးနှင့် တောင်သူ၊ စက်ပိုင်နှင့် ဆန်စပါးလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်မှသာ အားလုံးအကျိုးရှိမည်ဖြစ်ကြောင်း စသည်ဖြင့် ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။

မောင်မောင်မြတ်ခိုင်

နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

(၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) ဖုန်း-၀၁ ၂၅၄၀၂၄ ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com

(၂) Myanmar-EU Trade Help Desk ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ အီးမေးလ်- mmeu.tradehelpdesk@gmail.com

ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

(၁) ရန်ကုန်တိုင်းဒေသကြီး — ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ဇရပ်သာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com

(၂) ပဲခူးတိုင်းဒေသကြီး(အနောက်) — ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020

(၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) — အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036

(၄) ဧရာဝတီတိုင်းဒေသကြီး — ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com

(၅) မန္တလေးတိုင်းဒေသကြီး — မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com

(၆) ရခိုင်ပြည်နယ် — စစ်တွေမြို့။ Fax:043-23426,Ph:043-23426

(၇) မကွေးတိုင်းဒေသကြီး — အစိုးရရုပ်ကွက်အနောက်ရထားလမ်းမကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197

(၈) ရှမ်းပြည်နယ်(တောင်ပိုင်း) — အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com

(၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) — ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034

(၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) — အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039

(၁၁) ကရင်ပြည်နယ် — ဘားအံမြို့။ Fax:058-21666,Ph:058-21041

(၁၂) တနင်္သာရီတိုင်းဒေသကြီး — ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012

(၁၃) ကချင်ပြည်နယ် — အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459

(၁၄) ကယားပြည်နယ် — (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဇေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com

(၁၅) မွန်ပြည်နယ် — အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318

(၁၆) စစ်ကိုင်းတိုင်းဒေသကြီး — သာစည်လမ်း၊ ဇေါနဲဥရပ်၊ မီးရထားသံလမ်းနှင့် ပိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

(၇) နေ့ သားသမီးများအတွက် စီးပွားရေး အကြံပေး ဟောကိန်း

၉-၇-၂၀၁၈ မှ ၁၅-၇-၂၀၁၈ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး (မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)

တနင်္လာသားသမီးများအတွက် စီးပွားရေးကိစ္စများတွင် အောင်မြင်မှုရရှိနေပြီး ဦးဆောင်မှုထက်စီမံခန့်ခွဲမှုများကြောင့်တိုးတက်လာတတ်သည်။ အလှကုန်ပစ္စည်းများထုတ်လုပ်ရောင်းချခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအကျိုးပေးမည်။ ပညာရေးအတွက် ကြိုးပမ်းမှုအပေါ် အားတက်မှုရှိနေသည်။ အချစ်ရေးတွင်အနှောင့်အယှက်များရှိတတ်သည်။ အိမ်ထောင်ဖက်၏ ကြိုးစားမှုနှင့်မိသားစုကံကောင်းနေမည်။ ကျန်းမာရေးတွင်အနေအထိုင်သက်သာမှုမရှိသကဲ့သို့ဖြစ်နေတတ်သည်။ **ယတြာ။ ။ဘုရားတွင် အုန်းယိုလှူပါ။**

တနလ်ာသားသမီးများအတွက် သတ္တုပစ္စည်းများနှင့်ပတ်သက်သောလုပ်ငန်း၊ စက်ကိရိယာတို့နှင့်ပတ်သက်၍အကျိုးပေးတတ်ပါသည်။ ပညာရေးတွင်ရည်မှန်းချက်မြင့်မားနေတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် သာယာသောဘဝခရီးအတွက် လျှောက်လှမ်းနိုင်ရန်ကြိုးပမ်းနေရတတ်သည်။ ကျန်းမာရေးတွင် ခန္ဓာကိုယ်လေးလံထိုင်းမှိုင်းခြင်းကြောင့် စိတ်ကြည်လင်မှုမရှိတတ်ပေ။ သွေးအားနည်းခြင်း၊ ချွေးထွက်လွန်ခြင်းဝေဒနာ ခံစားရတတ်သည်။ **ယတြာ။ ။ဘုရားတွင်ဆွမ်းကပ်လှူပါ။**

အင်္ဂါသားသမီးများအတွက် စပါး၊ ရွှေ၊ မြေသယံဇာတများနှင့် သစ်တောထွက်ပစ္စည်းများအကျိုးအမြတ်ရရှိလိမ့်မည်။ စီးပွားရေးရည်ရွယ်ချက်ခရီးပေါက်ရန် အဟန့်အတားသဖွယ် အခက်အခဲလေးများကို ရင်ဆိုင်ကျော်လွှားရတတ်သည်။ ပညာရေးတွင်ပညာဉာဏ်ရင့်ကျက်လာတတ်ပါသည်။ ချစ်ခဲ့သမျှချစ်ရသူတို့နှင့်စိတ်ပိုင်းဆိုင်ရာကြေကွဲနွမ်းလျခြင်းဖြင့်သာ အချိန်ကုန်ရတတ်သည်။ ကျန်းမာရေးတွင်ထိခိုက်ဒဏ်ရာရတတ်ခြင်းကြောင့် အနာမကျက်ဖြစ်တတ်သည်ကို သတိရှိသင့်ပါသည်။ **ယတြာ။ ။စာကလေးများကို စပါးကျွေးပါ။**

ဗုဒ္ဓဟူးသားသမီးများအတွက် အလုပ်အကိုင်ကိစ္စများ၊ ကံအထောက်အပံ့များ၊ အခွင့်အလမ်းများကြုံတွေ့ရခြင်းရှိမည်။ ငွေဝင်ငေမယ့်ငွေမမြဖြစ်နေမည်။ ကွန်ပျူတာစာစီစာရိုက်တို့နှင့်အကျိုးပေးကောင်းနေတတ်သည်။ ပညာရေးတွင် ဉာဏ်ရည်ထက်မြက်မှုအားကောင်းနေသည်။ ချစ်သူနှင့် ပြေလည်သော်လည်း အသိုင်းအဝိုင်းကြောင့်ဆုံးဖြတ်ချက်ချရန် ခက်နေမည်။ ကျန်းမာရေးတွင် အဆိပ်ရှိသော သတ္တဝါတို့၏ အန္တရာယ် သတိထားသင့်ပါသည်။ **ယတြာ။ ။ငါးလွှတ်ပါ။**

ကြာသပတေးသားသမီးများအတွက် ပရိဘောဂ၊ သစ်နှင့်ပတ်သက်သော နိုင်ငံရပ်ခြားစီးပွားလုပ်ငန်းများ အကျိုးပေးအားကောင်းနေတတ်ပါသည်။ ပညာရေးတွင် ထိုးထွင်းသိမြင်နိုင်သော အားသာချက်ရှိနေမည်။ အချစ်ရေးတွင်တစ်ဦးနှင့်တစ်ဦးခံစားချက်မဆွေးနွေးရသေးပါ။ အိမ်ထောင်ရေးအဆင်ပြေနေမည်။ ကျန်းမာရေးအနေဖြင့် ချွဲ၊ သလိပ်နှင့်ပတ်သက်သောဝေဒနာခံစားနေရတတ်သည်။ **ယတြာ။ ။အချိုရည်ကပ်လှူပါ။**



သောကြာသားသမီးများအတွက် စီးပွားရေးတိုးတက်အောင်မြင်နေမည်။ အလှအပပြုပြင်ရေးလုပ် ငန်းများ၊ တီဗွီ၊ အဲယားကွန်းလုပ်ငန်းများမှ အကျိုးအမြတ်ရရှိနေလိမ့် မည်။ ပညာရေးတွင်သိလွယ်၊ တတ်လွယ်ရှိနေမည်။ အချစ်ရေးတွင် မိဘ၊ ညီအစ်ကိုမောင်နှမများမှ စီစဉ်ပေးရလိမ့်မည်။ အိမ်ထောင်ရှိပြီးသူများအနေဖြင့် မိသားစုအရေး ဖန်တီးပေးရတတ်သည်။ ကျန်းမာရေးအနေဖြင့် အဆစ်၊ အမြစ်ရောင်ရောဂါဖြစ်တတ်သည်။ **ယတြာ။ ။ဒိန်ခဲ၊ ထောပတ်လှူပါ။**

စနေသားသမီးများအတွက် လုပ်ငန်းသစ်များ၊ ပုံစံသစ်များလုပ်ကိုင်ရတတ်သည်။ ရေရှည်လုပ်ငန်းများဆောင်ရွက်ရလိမ့်မည်။ စားသုံးဆီများနှင့်သစ်သီးဝလံများတို့နှင့်ပတ်သက်သော စီးပွားရေးလုပ်ငန်းများတွင် အကျိုးရှိနေတတ်ပါသည်။ ပညာရေးအခြေအနေ ကောင်းမွန်နေတတ်သည်။ အချစ်ရေးတွင် သံယောဇဉ်ခိုင်မြဲလွန်းသဖြင့် အပြောင်းအလဲမြန်ဆန်ခြင်း မရှိပေ။ အိမ်ထောင်ရေး ကံကောင်းနေမည်။ ကျန်းမာရေးကောင်းနေမည်။ **ယတြာ။ ။နွားနို့လှူပါ။**

ရေဦးမြို့ပေါ်ရှိ ဆေးနှင့်ဆေးပစ္စည်းဆိုင်များသို့ ကွင်းဆင်းစစ်ဆေး

စစ်ကိုင်းတိုင်း ဒေသကြီး ရွှေဘို ခရိုင် ရေဦးမြို့နယ် မြို့နယ်တာဝန်ခံ ဦးအောင်ညွန့်သည် မြို့နယ် အစားအသောက်နှင့် ဆေးဝါးကြီးကြပ် ကွပ်ကဲရေး ကော်မတီဥက္ကဋ္ဌ၊ ကုတင် ၁၀၀ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ကျော်နိုင်၊ အတွင်းရေးမှူး ကျန်းမာရေးမှူး(၁) ဦး သန်းထိုက်အောင်၊ အဖွဲ့ဝင်များဖြစ်ကြသော မီးသတ်စခန်းတာဝန်ခံဦးရန်ပိုင်ဖြိုး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲအုပ်နိုင်ဌေး၊ စည်ပင်သာယာဒုတိယဦးစီးမှူး ဦးဝင်းမြင့်သန်းတို့နှင့် အတူ ရေဦးမြို့ပေါ်ရှိ ဆေးနှင့် ဆေးပစ္စည်းများ ရောင်းချသည့် သစ္စာမွန်၊ မေတ္တာစမ်းရော သရဖီ၊ သဗ္ဗသုခ၊ အေးသီရိ၊ ဝေဇယန္တာ၊ ပွင့်သစ်၊ မြတ်သုခ စသည့် ဆိုင်များသို့ ဇူလိုင် ၅ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြပါသည်။ ထိုသို့ စစ်ဆေးရာတွင် ဒေါက်တာ အောင် ကျော်နိုင်မှ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ စံမညီဆေးဝါးများဖြစ်ကြောင်း ကြေညာထားသည့် Bath No -AP 7003 အိန္ဒိယနိုင်ငံထုတ် Amlomaks 5 Tablet (Aml- odipine 5mg), Bath No -17C0845 ဖြင့် မလေးရှားနိုင်ငံထုတ် Cloxacillin 250 mg , Bath No-170201 ဖြင့် တရုတ်နိုင်ငံထုတ် Vitamin B1 Injection 100 mg/2ml Bath No DBE -019 ဖြင့် အိန္ဒိယနိုင်ငံထုတ် Amoxicillin 125 mg/5ml ဆေးများ ရောင်းချမှု မရှိကြောင်း စစ်ဆေးတွေ့ရှိရပြီး ယခုမတွေ့ရှိသကဲ့သို့ နောက်နောင်တွင်လည်း စံမညီဆေးဝါးများ ရောင်းချခြင်း မပြုကြရန် ပညာပေးဆွေးနွေးခဲ့ပြီး စားသုံးသူရေးရာ ဦးစီးဌာန မြို့နယ်တာဝန်ခံမှရက်လွန်ဆေးများ၊ တားမြစ်ဆေးများ ရောင်းချမှု မရှိစေရေး ပညာပေးဆွေးနွေးခြင်း၊ ဒုရဲအုပ် နိုင်ဌေးမှ မူးယစ်ဆေးနှင့် စိတ်ကြွဆေးများရောင်းချမှု မရှိစေရေး ပညာပေး ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

အောင်ညွန့်(ရေဦး)

နွေနှမ်းစိုက်ပျိုးမှုနှင့် စျေးကွက်အခြေအနေ

၂၀၁၈ ခုနှစ်တွင် ကျောက်ဆည်ခရိုင်အနေဖြင့် နွေနှမ်း ၆၈၀၇၃ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း မြေစာရင်းဌာန၏ စာရင်းများအရ သိရှိရပါသည်။ နွေနှမ်း ကို မတ်လတွင် စတင်စိုက်ပျိုးကြကြောင်း၊ နှမ်းမျိုးအနေဖြင့် နှမ်းဖြူ နှမ်းညို၊ နှမ်းနက် မျိုးများကိုသာ အများဆုံး စိုက်ပျိုးကြကြောင်း သိရှိရပါသည်။ ယခုနှစ်တွင် မိုးရွာသွန်းမှုကောင်းသောကြောင့် အပင်များအောင်မြင် ဖြစ်ထွန်းကြောင်း၊ နွေနှမ်း ရိတ်သိမ်းနေပြီဖြစ်ရာ ကျောက်ဆည်ခရိုင်အနေဖြင့် နွေနှမ်းကို ၂၃၂၅၀ ဧက ရိတ်သိမ်းနိုင်ခဲ့ပြီး အထွက်နှုန်းအနေဖြင့် ၁၀ ဒသမ ၈၀ တင်း၊ အထွက် စုစုပေါင်း ၂၅၁၀၀ တင်း ထွက်ရှိကြောင်း မြေစာရင်းဌာန၏ စာရင်းများအရ သိရှိရပါသည်။

နွေနှမ်းစိုက်ပျိုးမှုအနေဖြင့် နွေနှမ်းတစ်ဧကလျှင် ကုန်ကျစရိတ် နှစ်သိန်းဝန်းကျင်ခန့် ကုန်ကျပြီး အထွက်နှုန်းမှာ ယခုနှစ်တွင် ၁၀/၁၁ တင်း ဝန်းကျင်ထွက်ရှိကြောင်း၊ နွေနှမ်းစျေးနှုန်းအနေဖြင့် ယခင်နှစ်တွင် နှမ်းဖြူတစ်တင်းလျှင် ကျပ် ၃၇၀၀၀၊ နှမ်းညိုတစ်တင်းလျှင်ကျပ် ၂၈၀၀၀၊ နှမ်းနက် တစ်တင်းလျှင် ကျပ် ၃၅၀၀၀ စျေးဖြစ်ပြီး ယခုနှစ်တွင် နှမ်းဖြူတစ်တင်းလျှင် ကျပ် ၅၀၀၀၀၊ နှမ်းညိုတစ်တင်းလျှင် ကျပ် ၃၉၀၀၀၊ နှမ်းနက်တစ်တင်းလျှင်ကျပ် ၄၂၀၀၀ စျေးနှုန်းဖြစ်သောကြောင့် ယခုနှစ် နွေနှမ်းစျေးနှုန်းသည် ယခင်နှစ်ကထက် ပိုမိုစျေးကောင်းသောကြောင့် တောင်သူများမှ ဝမ်းသာလျက်ရှိပါသည်။ ဆီစျေးနှုန်းများအနေဖြင့် နှမ်းဆီတစ်ပိသာလျှင် ကျပ် ၄၅၀၀၊ ပဲဆီတစ်ပိသာလျှင် ကျပ် ၄၈၀၀၊ စားဆီတစ်ပိသာလျှင် ၂၀၀၀ နှုန်းဖြင့် ရောင်းဝယ်လျက်ရှိကြောင်း သိရှိရပါသည်။

နှင်းလဲ့လဲ့ (ကျောက်ဆည်)

တနင်္သာရီတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီ(၂)ရပ်တို့၏ (၄/၂၀၁၈) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

တနင်္သာရီတိုင်းဒေသကြီး၊ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီ(၂)ရပ်တို့၏ (၄/၂၀၁၈)လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို တိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာနအစည်းအဝေးခန်းမ၌ ဇူလိုင် ၄ ရက်က ပြုလုပ်ခဲ့ရာ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဖြိုးဝင်းထွန်းနှင့် အဖွဲ့ဝင်များ၊ စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၂၆ ဦး တက်ရောက်ခဲ့ပါ သည်။

အဆိုပါ အစည်းအဝေးတွင် တနင်္သာရီတိုင်းဒေသကြီး၊ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဖြိုးဝင်းထွန်းက အဖွင့်အမှာစကားပြောကြားခဲ့သည်။ ထို့နောက် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး စားသုံးသူရေးရာ ဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူးဦးဝင်းထွန်းက (၃/၂၀၁၈) အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်မှ ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဇွန်လအတွင်း စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်း၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံခြင်းစသည့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးခဲ့ပြီး ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက်အငြင်းပွားမှု ဖြေရှင်းရေးလုပ်ငန်း ကော်မတီအဖွဲ့ဝင် ဦးရဲထွဋ်နိုင်က ထီးခိုးကုန်သွယ်ရေးစခန်းနယ်စပ်ဂိတ်တွင် ထိုင်းနိုင်ငံမှ ထားဝယ်မြို့သို့ တင်သွင်းလာသော ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ တင်သွင်းသောကုန် သည်များအနေနှင့် အထောက်အထားရယူ ရန် ကိစ္စအား ဆွေးနွေးခဲ့ရာ စိုက်ပျိုးရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ပိုးမွှားကာကွယ်ရေးတိုင်းတာဝန်ခံ ဒေါ်ကြွယ်စန္ဒာက ယခင်ကသီးနှံ ၆ မျိုးအား တစ်ဖက် နိုင်ငံမှ တင်သွင်းပါက ပိုးမွှား/ ဓာတု ဆေးကင်းစင်ကြောင်း လက်မှတ်ဖြင့် တရားဝင် တင်သွင်းခွင့်ပြုခဲ့ရာမှ ယခုအခါ ရုံးချုပ်သို့ တင်ပြပြီးသီးနှံ ၂၆ မျိုးအား သက်ဆိုင်ရာ အထောက်အထားဖြစ် တင်သွင်းခွင့်ပြုမည် ဖြစ်ပါကြောင်း နယ်စပ်စခန်းတွင်လည်း ၎င်းသီးနှံများကို စစ်ဆေးရန်ဝန်ထမ်း ၂ ဦးအား တာဝန်ချထားပြီးဖြစ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

ရွှေဝယ်သား

ဇွန်လအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဝါးတန် ၉၀ နီးပါးတင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိ မောင်တောကုန်သွယ်ရေးစခန်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဇွန်လ နောက်ဆုံးပတ်အတွင်း အမေရိကန် ဒေါ်လာ ၁၆၁၇တန်ဖိုးရှိဝါးလုံး(အကြီး) တန် ၂၀ တင်ပို့ခဲ့ ပါတယ်။ ဇွန်လတစ်လလုံး ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ ဝါးတန် ၉၀ နီးပါး တင်ပို့နိုင်ခဲ့ပြီး အနီးစပ်ဆုံး မေလမှာတော့ တန် ၁၃၀ တင်ပို့ ခဲ့ကြောင်း၊ ဝါးလုံးအကြီး တစ်တန်လျှင် လိုင်စင်စျေးများမှာ အမေရိကန် ဒေါ်လာ ၈၀ ရှိကြောင်း သိရပါတယ်။ **မော်မော်အောင်**

စာမျက်နှာ (၁၃) ပဲတို့၏ မာယာ..... မှအဆက်

MINIMUM SUPPORT PRICES KHARIF CROPS 2018-19		
CROPS	NEW MSP	OLD MSP
PADDY	1750-70	1550
JOWAR	2430	1725
BAJRA	1950	1425
CORN	1700	1425
RAGI	2897	1900
URAD	5600	5400
TUR	5675	5450
MOONG	6975	5575
GN IN SHELL	4890	4450
SOYBEAN	3399	3050
SUNFLOWER	5388	4100

ပဲတီစိမ်းနဲ့ပတ်သက်ပြီး သုံးသပ်တင်ပြရရင်တော့ အိန္ဒိယနိုင်ငံရဲ့ စျေးကွက်ကို လုံးဝမှီခိုမှုမရှိတဲ့အပြင် ကမ္ဘာ့စျေးကွက်အနှံ့ကို ကျယ်ကျယ်ပြန့်ပြန့်တင်ပို့နိုင်တဲ့ အခြေအနေရှိတဲ့အတွက် တိုးချဲ့စိုက်ပျိုး သင့်တဲ့ ပဲအမျိုးအစားလို့ ပြောနိုင်ပါတယ်။ ဒါပေမယ့် အာဖရိကစိုက်တဲ့ ပဲတီစိမ်းများဟာ အာရှတိုက်က မြန်မာ့စျေးကွက်ဖြစ်တဲ့ အင်ဒိုနီးရှားစျေးကွက်လို နေရာမျိုးကို USD ၇၀၀ လောက်နဲ့ တင်ပို့နိုင်တာဖြစ် လို့ နောက်ပိုင်း အာဖရိကပဲတီစိမ်းတွေ အရည်အသွေးမြှင့်ပြီး ထုတ်လုပ်လာနိုင်ရင် ကျွန်တော်တို့ ပဲတီစိမ်းစျေးကွက်ကို ယှဉ်ပြိုင်လာနိုင်တယ်ဆိုတာကို သတိပြုရမှာဖြစ်ပါတယ်။ ပဲတီစိမ်းသမားတွေရဲ့ပြောကြားချက်အရ EUစျေးကွက်ကို ပို့နေတဲ့ အရည်အသွေး အကောင်းဆုံး ခရမ်းရွေဝါပဲတီစိမ်းမျိုးဟာ ရင်မှည့်ချိန်အလိုက် ၂/၃ ကြိမ်ခန့် ဆွတ်ခူးကြရပါတယ်။ ဒါပေမယ့် အချို့သောပဲတီစိမ်းစိုက်ဒေသတွေမှာတော့ လုပ်သားရှားပါးမှုရှိလာတဲ့အတွက် ရိတ်သိမ်းရာမှာ ဆွတ်ခူးခြင်းမပြုတော့ဘဲ မတ်ပဲကဲ့သို့ အပင်လိုက်နုတ်ပြီး ခွေလှေ့တာဖြစ်လို့ ရင့်မှည့်မှုမတူညီတာတွေ့၊ အရောင်မညီတာတွေ့ ရှိလာနိုင်သောကြောင့် စရိတ်သက်သာပေမယ့် အရည်အသွေးကျဆင်းနေတယ်ဆိုတာကိုတော့ သတိပြုဖို့လိုပါတယ်။ ခရမ်းရွေဝါအပါအဝင် ဆောင်းရာသီစိုက်တဲ့ ပဲတွေဟာကုန်ချောအဆင့်ရောက်ရင် အစိုဓါတ် (Moisture) က ၉ ရာခိုင်နှုန်းပတ်ဝန်းကျင်ရှိသော်လည်း အညာမှာ စိုက်တဲ့ မိုးပဲတီစိမ်းများဟာ မိုးတွင်းကာလဖြစ်လို့ကုန်ချောမှာ အစို ဓာတ် ၁၄ ရာခိုင်နှုန်းဝန်းကျင် ရှိနိုင်ခြင်း၊ မိုးထိ၍ အရောင်ထိခိုက်ခြင်းများကြောင့် စနစ်တကျ မလှော်ဘတ်ရင် အရည်အသွေးကျဆင်းပြီး စျေးကွက်မှာ နာမည်ပျက်စရာတွေ ဖြစ်လာနိုင်ပါတယ်။ ပိုးသတ်ဆေးနဲ့ ဓာတုဓာတ်ကြွင်းတွေကြောင့် အဆင့်မြင့်ပဲစျေးကွက်ကနေ ငြင်းပယ်ခံရတဲ့ ဖြစ်စဉ်တွေကိုလည်းသတိပြုဖို့လိုအပ်ပါတယ်။ အချုပ်အားဖြင့် မတ်ပဲနဲ့ပဲစင်းငုံစိုက်ပျိုးတဲ့နေရာတွေမှာ အစားထိုးတိုးချဲ့ စိုက်ပျိုးရမယ့် သီးနှံတစ်ခုအနေနဲ့ပဲတီစိမ်းကို ထည့်သွင်းစဉ်းစားသင့်ကြောင်း သုံးသပ်တင်ပြလိုက်ရပါတယ်။ **(အပိုင်း ၄ ဆက်ရန်)**

■

စာမျက်နှာ (၃) ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို ..... မှအဆက်

လုပ်ငန်းညှိနှိုင်း အစည်းအဝေး ဖြစ်ပါကြောင်း၊ လစဉ် တွေ့ဆုံပွဲမှ တင်ပြချက် ၂၅၀ ချက်တွင် လုပ်ငန်းကော်မတီနှင့်သက်ဆိုင်သည့် တင်ပြချက် ၁၇၁ ချက်ဖြစ်သည့်အတွက် ပြုပြင် ပြောင်းလဲမှုများကို အဓိကထား လုပ်ဆောင်ရမှာဖြစ်ပါကြောင်း၊ ပြုပြင် ပြောင်းလဲမှုများကို ဆောင်ရွက်လာရာမှာ ပြဿနာကို အဖြေရှာသည့် Problem Solving Approach လုပ်ဆောင်ရာတွင် Strategic Plan ထားရှိ၍ ဆောင်ရွက်သွားရန်လိုပါကြောင်း၊ ဌာနဆိုင်ရာအလိုက် Standard Operating Procedures (SOP) များကို အများမြင်သာထင်သာရှိရန် လွယ်ကူ ရှင်းလင်းအောင်လုပ်ရန်လိုအပ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုများကို စဉ်ဆက်မပြတ် လုပ်ဆောင်ပေးပါကနိုင်ငံ၏စီးပွားရေး တိုးတက်လာမှာဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် အသင်းအဖွဲ့များက ကုန်သွယ်မှုဆိုင်ရာ အခက်အခဲများနှင့် ပတ်သက်၍ လုပ်ငန်းအလိုက် တင်ပြချက်များအပေါ် သက်ဆိုင်သည့် ဝန်ကြီးဌာနများမှ ဆောင်ရွက်ပေးနိုင်မည့် အခြေအနေအား ပြန်လည်ရှင်းလင်းပြီး တက်ရောက်လာကြသည့် ကော်မတီအဖွဲ့ဝင်များမှလည်း ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

MOCIR

မြိတ်မြို့နယ်ရှိ အခြေခံပညာမူလတန်းကျောင်း(၂)ကျောင်း၌ ကျောင်းသူကျောင်းသားများအား စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများ အသိပညာပေးဟောပြောပွဲကျင်းပ

မြိတ်ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများနှင့် ခရိုင်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ဦးစီးဌာနမှ ဝန်ထမ်းများပူးပေါင်း၍ ဇွန် ၂၈ ရက်တွင် မြိတ်မြို့နယ်၊ အင်္ဂမော်ကျေးရွာအုပ်စု ဆင်ဝင်းကျေးရွာနှင့် ကန်သာယာကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း(၂)ကျောင်း၌ ကျောင်းသူ/သား များအား စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများ အသိပညာပေးဟောပြောပွဲများ ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲများတွင် မြိတ်ခရိုင် စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများက ဌာနတွင် ဆောင်ရွက်သည့် လက်ရှိစားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းအကြောင်းကို လည်းကောင်း၊ ဝန်ဆောင်မှုနှင့် သက်ဆိုင်သည့် တိုင်တန်းနိုင်သော အချက်အလက်များကိုလည်းကောင်း၊ အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လုပ်ဆောင်ရမည့်အချက်များကိုလည်းကောင်း ဟောပြောဆွေးနွေးခဲ့ပါသည်။ အလားတူခရိုင်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ဦးစီးဌာနက စားသုံးရန်မသင့်သည့် ဆိုးဆေးအကြောင်းကိုလည်းကောင်း၊ သက်တမ်းလွန်ကုန်ဆုံးသည့် စားသောက်ကုန်ပစ္စည်းအကြောင်းကိုလည်းကောင်း၊ စားသုံးရန်မသင့်သည့် အစားအသောက်များကိုလည်းကောင်း၊ သောက်သုံးရန်မသင့်သည့် စပ်ဆေးအကြောင်းနှင့် သက်တမ်းလွန်သောက်သုံးရန် မသင့်သည့် ဆေးဝါးများအကြောင်းကိုလည်းကောင်း၊ အသိပညာပေး ဟောပြောဆွေးနွေးခဲ့ပါသည်။ ထိုသို့ အသိပညာပေးခြင်းမှာ ကျောင်းသား/သူတို့အန္တရာယ်ကင်းရှင်းစွာရွေးချယ် စားသုံးနိုင်စေရန်နှင့် ကျန်းမာပျော်ရွှင်သော ဘဝရရှိစေရန်ရည်ရွယ်ပြီး ဟောပြောဆွေးနွေးဆောင်ရွက်ခဲ့သည်။

ဟောပြောပွဲများသို့ မြိတ်မြို့နယ်၊ အင်္ဂမော်ကျေးရွာအုပ်စု ဆင်ဝင်းကျေးရွာကျောင်းမှ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၈၀ ဦးနှင့် မြိတ်မြို့နယ်၊ ကန်သာယာကျေးရွာကျောင်းမှဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၉၂ ဦးခန့် တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

မြိတ်စားသုံးသူ

စာမျက်နှာ (၈) ၂၀၁၈ ဘဏ္ဍာနှစ် ပထမသုံးလတွင် ပြည်ပကုန်သွယ်မှု ..... မှအဆက်

ကုန်သွယ် မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်ဒုတိယ သမ္မတ (၁) ဦးစီးတဲ့ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီအား ဖွဲ့စည်းပြီး ကုန်သည်လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ တွေ့ဆုံပေါင်းစပ်ညှိနှိုင်းခဲ့တာကြောင့် ယခုကဲ့သို့ အောင်မြင်တိုးတက်မြင့်မားလာတာဖြစ်ပါတယ်။ ဒုတိယ သမ္မတ(၁)ဦးစီးတဲ့ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် တွေ့ဆုံ ညှိနှိုင်းပေါင်းစပ်မှုများ ဆောင်ရွက်ပေးခဲ့တာ (၁၈) ကြိမ်မြောက်အထိ ရောက်ရှိခဲ့ပြီး ကုန်သည်လုပ်ငန်းရှင် အသင်းအဖွဲ့များ၏တင်ပြချက်ပေါင်း ၂၅၀ ခန့်ကိုလည်း ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးခဲ့ပြီး ဖြစ်ပါတယ်။ ထိုကဲ့သို့ တွေ့ဆုံဆွေးနွေးမှုများဟာ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနဲ့ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကိုလည်း များစွာ အထောက်အကူဖြစ်စေပါတယ်။ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံစီးပွားရေးဟာလည်း ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာမှာပဲဖြစ်ပါတယ်။ သို့ဖြစ်၍ နိုင်ငံ့စီးပွားရေးအား ဘက်စုံကဏ္ဍစုံမှ ဟန်ချက်ညီညီ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်အစိုးရမှ စီးပွား ရေးဆိုင်ရာ မူဝါဒ(၁၂)ရပ်ကို ချမှတ်ခဲ့ပြီးဖြစ်ရာ 'ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာ ဖူလုံစေရေးနှင့် ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးတို့အတွက် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍများ ဘက်ညီစွာ တိုးတက်လာစေရန်နှင့် လယ်ယာစက်မှုကဏ္ဍချိန်ခွင်လျှာညီသည့် စီးပွားရေးပုံစံ ဖော်ထုတ်ရန်'ဟူသောအချက်လည်း တစ်ရပ် အပါအဝင်ဖြစ်ပါတယ်။ ထို့အပြင် နိုင်ငံ့စီးပွားရေး ပိုမိုကောင်းမွန်စေရန်နှင့် စီးပွားရေးလုပ်ငန်းရှင်များ လုပ်သာကိုင်သာရှိ၍ အခွင့်အလမ်းများ ပိုမိုရရှိစေရန် ရည်ရွယ်ကာ ခေတ်စနစ်နှင့် လိုက်လျောညီထွေရှိစေမည့် မူဝါဒပိုင်းဆိုင်ရာ ပြင်ဆင်ဖြေလျော့မှုများအား နိုင်ငံတော်၏ လမ်းညွှန်ချက်၊ မူဘောင်များနှင့်အညီ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိတာကိုလည်း အားလုံးအသိပဲဖြစ်ပြီး အသေးစိတ်နှင့် Update အချက်အလက်များကိုတော့ www.commerce.gov.mm မှာ လေ့လာကြည့်ရှုနိုင်ပါတယ်။

သို့ဖြစ်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ၎င်း၏မျှော်မှန်းချက်ဖြစ်သော ကုန်သွယ်မှုလုပ်ငန်းများဖြင့် အမျိုးသားအကျိုးစီးပွားဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်ဟူသည့်အချက်အပြင် ရည်မှန်းချက်များဖြစ်သော ကုန်သွယ်မှုပမာဏ တိုးတက်ရေးဆောင်ရွက်ရန်၊ စျေးကွက်စီးပွားရေးနှင့်အညီ ပုဂ္ဂလိက အခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် အားပေးမြှင့်တင်ဆောင်ရွက်ရန်၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတကာစျေးကွက်တွင် မြန်မာ့ထွက်ကုန်များ စျေးကွက်ဝေစု ပိုမိုရရှိအောင်ဆောင်ရွက်ရန်နှင့် ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့အောင် ဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးကူညီရန်ဆိုသည့် ဦးတည်ချက်များကို လက်ကိုင်ပြုလျက် ကုန်သွယ်မှုဖွံ့ဖြိုး တိုးတက်အောင် ဘက်စုံကဏ္ဍစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းကို စဉ်ဆက်မပြတ်တိုးတက်လျက်ရှိသော ကုန်သွယ်မှုကိန်းဂဏန်းများကမီးမောင်းထိုး သက်သေထူလျက်ရှိပါကြောင်း အများပြည်သူသိရှိနိုင်စေရန် ရေးသားဖော်ပြလိုက်ရပါတယ်။

စာမျက်နှာ (၃) စတုတ္ထအကြိမ်မြောက် အပင်၊ တိရစ္ဆာန် ..... မှအဆက်

ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့ (Development Assistance Coordination Unit - DACU) သို့ ဆက်လက်တင်ပြသွားမည် ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

ထို့နောက် Myanmar Food Laboratory Network ၏ steering committee ဥက္ကဋ္ဌ FDA ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်ခင်ချစ်က Laboratory Network ဖြစ်ပေါ်လာပုံသမိုင်းကြောင်းကို ပြောကြားပြီး Trade အပိုင်းတွင် buyer ၏ တောင်းဆိုမှု များပြားလာပြီးအချို့သော Parameter များကို စစ်ဆေးမပေးနိုင်သေးကြောင်း၊ ဓါတ်ခွဲခန်းများ၏ အရည်အသွေးနှင့် အဆင့်အတန်းကိုမြှင့်တင်ရန် လိုအပ်နေပါကြောင်း၊ FDA အနေဖြင့်လည်း Trade Facilitation ကိုပါ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိနေပါကြောင်း စသည်ဖြင့် ဆွေးနွေးခဲ့ပြီးတက်ရောက်လာကြသူများမှ သက်ဆိုင်ရာ ဓာတ်ခွဲခန်းများအလိုက် လက်ရှိဆောင်ရွက်နိုင်မှု၊ လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ဓာတ်ခွဲခန်းသုံးကိရိယာများ calibration ပြုလုပ်ခြင်း၊ ထပ်မံလိုအပ်သည့် စက်ကိရိယာများ၊ ဓာတ်ခွဲခန်းသုံး Reference Materials နှင့် ဓာတုပစ္စည်း လိုအပ်ချက်များ စသည့် အပင်၊ တိရစ္ဆာန် သန့်ရှင်းရေးနှင့် ရောဂါဘယ ကင်းရှင်းရေးဆိုင်ရာ ဓာတ်ခွဲခန်းများ ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်ပါအချက်များအပေါ် ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို ၁၃:၀၀ နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။

အဆိုပါအစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာနရှိဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြား ရေးမှူးချုပ်၊ ပညာရေးဝန်ကြီးဌာန သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အခြားသက်ဆိုင်ရာ ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ Lab network အဖွဲ့ဝင်များနှင့် ကုန်သွယ်မှုကို ဝန်ဆောင်မှုပေးနေသော ကုမ္ပဏီ အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။ **ဝေဖြိုးထက်(စားသုံးသူရေးရာဦးစီးဌာန)**

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

အိမ်ခြံမြေဒေတာပေါင်း တစ်သိန်းကျော် စုပေါင်း ရောင်းချမည့် အရောင်းပြပွဲကျင်းပ

အိမ်ခြံမြေဒေတာပေါင်း တစ်သိန်းကျော် စုပေါင်း ရောင်းချမည့် အရောင်းပြပွဲကို ဇူလိုင်လ ၇ ရက်မှ ၈ ရက် အထိ ဦးဝိစာရလမ်းရှိ Myanmar Culture Valley တွင် ကျင်းပခဲ့သည်။

အဆိုပါပြပွဲတွင် ဆောက်လုပ်ရေး ကုမ္ပဏီလေးခုနှင့် အထက် ပါဝင်ပြသမည်ဖြစ်ပြီး အိမ်ခြံမြေဒေတာပေါင်းတစ်သိန်းကျော် ပါဝင်ပြသမည်ဖြစ်ကြောင်း သိရသည်။

"ဒီပွဲကို ပထမဆုံးအကြိမ် ကျင်းပတာဖြစ်တဲ့အတွက် လိုအပ်ချက်တွေကတော့ရှိပါတယ်။ အကောင်းဆုံးဖြစ်အောင်လည်း စီစဉ်ထားပါတယ်။ Real Estate Agent တွေနဲ့ Constructions ကြီးတွေ စုပေါင်းလုပ်တဲ့ပွဲမို့လို့ အိမ်ခြံမြေနဲ့ပတ်သက်ပြီး ရောင်းချင်တဲ့သူတွေရော၊ ဝယ်ချင်တဲ့သူတွေ အတွက် ပါအဆင်ပြေစေမှာပါ။ နောက်ထပ်ပွဲတွေကိုလည်း မိုးအကုန် ဝါအထွက်မှာ ထပ်လုပ်သွားမှာပါ"ဟု ရွှေဥဒေါင်း အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းမှ MD ဦးကျော်စွာလင်းက ပြောသည်။

ပြပွဲတွင် ကျပ်သိန်း ၃၀၀ မှ စတင် သည့် တိုက်ခန်းများမှ သိန်းထောင်ချီရှိသည့် မြေကွက်များအထိ ပါဝင်ရောင်းချပေးခဲ့ပြီး ကာစတမ်မာများလိုချင်သည့် ဈေးနှုန်းမျိုးမဟုတ်ရင်တောင် နီးစပ်သည်ကို ရွေးချယ်ဝယ်ယူနိုင်စေရန်အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အရစ်ကျပေးချေစနစ်အတွက်လည်း Yoma Bank နှင့် ခွိတ်ဆက်ပေးထားသလို အခြားဘဏ်များနှင့် ခွိတ်ဆက်၍လည်း နှစ်ရှည်အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ကြောင်း၊ လက်ရှိအိမ်ခြံမြေဈေးကွက်မှာလည်း အငှားပိုင်းတွင်အားနည်းနေကြောင်း သိရသည်။ **ချောစု**

MILO Champion School Roadshow
ပညာပေးလှုံ့ဆော်မှု အစီအစဉ်စတင်

ကျောင်းနေကလေးငယ်များ၏ အာဟာရလိုအပ်ချက်များနှင့် စွမ်းအင် လိုအပ်ချက်များကို ပိုမိုသတိပြုမိလာစေရန် MILO Champion School Roadshow ပညာပေးလှုံ့ဆော်မှုအစီအစဉ်ကို ဇူလိုင် ၆ ရက်တွင် စတင်မိတ်ဆက်ဆောင်ရွက်လိုက်ကြောင်း Nestle Myanmar ကုမ္ပဏီမှ သိရသည်။

"ကုမ္ပဏီအဖွဲ့အစည်းကြီးတစ်ခုအနေနဲ့ ပိုမိုကျန်းမာသန်စွမ်းတဲ့ အနာဂတ်တစ်ခုကို ပါဝင်တည်ဆောက်ဖို့ဆန္ဒရှိပါတယ်။ ကလေးဘဝဆိုတာ အသက်ရှင်နေသမျှ ကာလပတ်လုံး စွဲမြဲတည်ရှိသွားမယ့် အမူအကျင့်တွေကို ဖွဲ့စည်းတည်ဆောက်သွားမယ့်ကာလဖြစ်တဲ့အတွက် ကလေးတွေအတွက် ကျန်းမာတဲ့ စားသောက်နေထိုင်မှု အမူအကျင့်တွေကိုတည်ဆောက်ပေးရာမှာ မိဘတွေကို ကူညီပေးနိုင်ဖို့ မျှော်လင့်ထားပါတယ်"ဟု Nestle Myanmar ၏ Senior Marketing Manager ဖြစ်သူ Ms. Ivy Tan က ပြောသည်။

ယခုအစီအစဉ်တွင် မိသားစုများအနေဖြင့် ကလေးအာဟာရဆိုင်ရာ အခြေခံဗဟုသုတများရရှိနိုင်သကဲ့သို့ သင့်တင့်မျှတ၍ အာဟာရကြွယ်ဝသော နေ့လယ်စာပြင်ဆင်ခြင်းများကို လေ့လာနိုင်မည်ဖြစ်ပြီး အားကစားလှုပ်ရှားမှု အစီအစဉ်များ ဆောင်ရွက်နိုင်မည့် activity station အမျိုးမျိုးကိုလည်း ထည့်သွင်းဆောင်ရွက်ပေးထားကြောင်း သိရသည်။

" MILO Champion School Roadshow ကို ရန်ကုန်မြို့၊ Junction City မှာ ဇူလိုင် ၆ ရက်က ၈ ရက်ထိ၊ မော်လမြိုင်မြို့၊ Ocean Center မှာ ဇူလိုင် ၂၀ ရက်နဲ့ ၂၁ ရက်၊ မန္တလေးမြို့၊ မင်္ဂလာမန္တလေးမှာ ဩဂုတ် ၁၁ ရက်နဲ့ ၁၂ ရက်တွေမှာ ပြုလုပ်သွားမှာဖြစ်ပါတယ်။ နောက်ဆုံးအနေနဲ့ ရန်ကုန်မြို့ သာကေတမြို့နယ်မှာရှိတဲ့ Capital Shopping Center မှာ ဩဂုတ် ၁၈ ရက်နဲ့ ၁၉ ရက်တွေမှာ ပြုလုပ်သွားမှာဖြစ်ပါတယ်"ဟု Ms. Ivy Tan က ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံဈေးကွက်သို့ Nestle ထုတ်ကုန်များသည် ၁၉၁၅ ခုနှစ်တွင် စတင်ရောက်ရှိလာပြီး ၂၀၁၃ ခုနှစ်တွင် Myanmar Distribution Group နှင့် ပူးပေါင်းကာ Nestle Myanmar Limited ကို တည်ထောင်ခဲ့သည်။ **သန်းထိုက်အောင်**

နိုင်ငံတကာ အတွေ့အကြုံရှိ ဝါရင့် တယ်လီကွန်မြူနီကေးရှင်း ကျွမ်းကျင်ပညာရှင် Alan Sinfield အား Ananda ၏ အမှုဆောင်အရာရှိချုပ်အဖြစ် ခန့်အပ်

နိုင်ငံတကာအတွေ့အကြုံရှိ ဝါရင့် တယ်လီကွန်မြူနီကေးရှင်း ကျွမ်းကျင်ပညာရှင် Alan Sinfield ကို အနန္တ၏ အမှုဆောင်အရာရှိချုပ်အဖြစ် ခန့်အပ်လိုက်ပြီဖြစ်သည်။

Alan သည် ကမ္ဘာအနှံ့တွင် စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်၍ အတွေ့အကြုံကောင်းများကို ရရှိပိုင်ဆိုင်ထားသူဖြစ်ပြီး ဘရော့ဘန်းဒေတာများ၊ အော်ပရေတာများ၊ ဥရောပရှိ စီးပွားရေး လုပ်ငန်းများ၌ ခေါင်းဆောင်ပိုင်းနေရာ တော်တော်များများတွင် တာဝန်ယူ လုပ်ကိုင်ခဲ့သူတစ်ဦးလည်း ဖြစ်သည်။

"အခုလို မြန်မာနိုင်ငံမှာလာပြီး အနန္တရဲ့ တာဝန်တွေ ထမ်းဆောင်ရတဲ့အတွက်လည်း စိတ်လှုပ်ရှားမိပါတယ်။ ထွန်းသစ်စဈေးကွက်တစ်ခုဖြစ်တဲ့ မြန်မာနိုင်ငံအနေနဲ့ ဒေတာအော်ပရေတာလုပ်ငန်းက ရှေ့ဆက်ဖွံ့ဖြိုးဖို့အလားအလာတွေအများကြီးရှိပါတယ်"ဟု အနန္တ၏ အမှုဆောင်အရာရှိချုပ် Alan Sinfield က ပြောသည်။

မြန်မာနိုင်ငံ၏ ပထမဆုံး 4G+ ဒေတာအော်ပရေတာ အနန္တသည် အကန့်အသတ်မရှိသော မြန်နှုန်းမြင့်

အင်တာနက်လိုင်းကို ထောက်ပံ့ဝန်ဆောင်မှုပေးနိုင်ရန် ၎င်း၏ နက်ဝေါ်ခ်များကို ဖန်တီးတည်ဆောက်ထားခြင်းဖြစ်ပြီး နိုင်ငံတကာအဆင့်မီ ဝန်ဆောင်မှုများဖြင့် မြန်မာနိုင်ငံသား အပြည့်အဝ ပိုင်ဆိုင်သည့် မြန်မာ့ဒစ်ဂျစ်တယ် လုပ်ငန်းတစ်ခုလည်း ဖြစ်သည်။ **ချောစု**

အဆိုတော်သားစိုး၏ "ရောသမနှပ် ရှူးရဲ့လက်ဖက်" မိတ်ဆက်ပွဲ ကျင်းပ

အဆိုတော်သားစိုးထုတ်လုပ်သည့် ရောသမနှပ် ရှူးရဲ့လက်ဖက် မိတ်ဆက်ပွဲ အခမ်းအနားကို ဇူလိုင် ၄ ရက်တွင် ရန် ကုန်မြို့ရှိ Park Royal ဟိုတယ်၌ ကျင်းပခဲ့သည်။ အဆိုပါလက်ဖက်ကို အဆိုတော်သားစိုးကိုယ်တိုင် ဖော်စပ်ထုတ်လုပ်ထားခြင်းဖြစ်ပြီး ယခုလိုထုတ်လုပ်နိုင်ရန် အတွက် ၂၀၁၄ ခုနှစ်ကတည်းက ပြင်ဆင်ခဲ့ရကြောင်း သိရသည်။

"ဒီလိုလက်ဖက်ထုတ်ဖြစ်တာက ကျွန်တော်ကိုယ်တိုင်လည်း လက်ဖက်ကို ကြိုက်နှစ်သက်လို့ လုပ်ဖြစ်တာပါ။ လူတန်းစားမရွေး သက်သာတဲ့ဈေးနှုန်းနဲ့ စားလို့ရအောင် ထုတ်လုပ်ထားပါတယ်။ FDA ရဲ့ ထောက်ခံချက်ရအောင်လုပ် ပြီးတော့မှ ကိုယ်တိုင်ပဲထုတ်လုပ်တာပါ။ ထုတ်လုပ်မှုပိုင်းမှာလည်း စက်တွေနဲ့ လည်ပတ်အောင်လုပ်ပြီး ပြည်ပနိုင်ငံတွေအထိ ပို့နေပါတယ်။ အခုဆိုရင် အသိမိတ်ဆွေတွေက ပြည်ပနိုင်ငံတွေအထိ သယ်သွားတာတွေရှိလို့ ပြည်ပက တချို့တွေကလည်း မှာယူမှုတွေရှိနေပါပြီ။ မြန်မာ့အရသာကို အချိုးညီညီ ပေါင်းစပ်ထားတဲ့အတွက် စားသုံးသူ တိုင်းကြိုက်နှစ်သက်မှာပါ။ အားလုံး ကြိုက်မယ်လို့လည်း ယုံကြည်ပါတယ်" ဟု အဆိုတော်သားစိုးက ပြောသည်။

လက်ရှိတွင် ရောသမနှပ်လက်ဖက်ကို အများပြည်သူ စားသုံးနိုင်စေရန်အတွက် တစ်ထုပ်လျှင် ၅၀ ကျပ်ဖြင့်ထုတ် လုပ်ထားပြီး ဈေးနှုန်းအမျိုးအစားခွဲခြား၍ လည်း ထုတ်လုပ်သွားမည်ဖြစ်ကြောင်း၊ နောက်ပိုင်းတွင်လည်း ဈေးကွက်လိုအပ်ချက်ပေါ်မူတည်၍ ဇယန်းနှပ်လက်ဖက်နှင့် အကြော်ဆံများ ထပ်မံထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ထိုကဲ့သို့ ထုတ်လုပ်ရာတွင်လည်း ပြည်တွင်း၊ ပြည်ပ အရသာကွဲပြားမှုမရှိစေဘဲတစ်ပြေးညီဖြစ်စေရန်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ **ချောစု**

တယ်လီနော အမ်ဘီအေပညာသင်ဆု လျှောက်ထားရန်အတွက် လက်ခံချိန် တိုးမြှင့်သတ်မှတ်

တယ်လီနော အမ်ဘီအေပညာသင်ဆုကို လျှောက်ထားရန်အတွက် လက်ခံချိန်ကို တိုးမြှင့် သတ်မှတ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ တိုးမြှင့်သတ်မှတ်ပေး ရခြင်းမှာ ပညာသင်ဆု လျှောက်လွှာ လျှောက်ထားလိုသူများ ပြင်ဆင်ချိန်ပိုမိုရရှိစေရန် အတွက် လျှောက်လွှာလက်ခံချိန်ကို တိုးမြှင့်ပေးခြင်းဖြစ်ကြောင်း သိရသည်။

"အဓိကကတော့ ဒီပညာသင်ဆု လျှောက်ထားဖို့ စိတ်ဝင်စားတဲ့သူတွေ များတယ်ဆိုတာသိရတဲ့အတွက် ကနဦးသတ်မှတ်ထားတဲ့ လျှောက်လွှာပိတ်ရက်ထက် တစ်ပတ်နောက်ဆုတ်ပေးလိုက်တာ ဖြစ်ပါတယ်။ ဒီအစီအစဉ်က မြန်မာနိုင်ငံရဲ့ ဒစ်ဂျစ်တယ်အနာဂတ်နဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုလမ်းစဉ်တွေကို ကြီးကြီးမားမား အထောက်အကူဖြစ်စေမယ်လို့ ယုံကြည်ပါတယ်။ လက်တွေ့လေ့လာမှုတွေ၊ သင့်တော်ကောင်းမွန်တဲ့ ကျွမ်းကျင်မှုတွေနဲ့ ဗဟုသုတဆည်းပူးမှုတွေကို ရယူလိုတဲ့ ပြည်တွင်းကလူငယ်တွေကိုဒီဆုလျှောက်ထားကြဖို့လည်း အလေးအနက်တိုက်တွန်းပါတယ်"ဟု တယ်လီနောမြန်မာ၏ ရေရှည်တည်တံ့သော လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာကဏ္ဍ တာဝန်ခံ ဦးမင်းသုက ပြောသည်။

တယ်လီနောအမ်ဘီအေ ပညာသင်ဆုအစီအစဉ်ကို တယ်လီနောမြန်မာနှင့် Myanmar Metropolitan College (MMC) တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လျှင်မြန်စွာဖွံ့ဖြိုးလာသည့် ဆက်သွယ်ရေးကဏ္ဍကို စိတ်ပါဝင်စား သောလူငယ်များအတွက် မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော ပညာသင်ဆု အခွင့်အလမ်းတစ်ရပ်လည်းဖြစ်ကြောင်း သိရသည်။ **ချောစု**

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

ဥရောပသမဂ္ဂမှ ခွင့်ပြုပေးလျက်ရှိသော ယေဘုယျအကောက်ခွန်သက်သာခွင့်စနစ် (Generalized System of Preference-GSP) အစီအစဉ်နှင့် တင်ပို့သူမှ မှတ်ပုံတင်၍ ကိုယ်တိုင် သက်သေခံကာ ထုတ်ပေးသည့်စနစ် (Registered Exporter System-REX) အကြောင်း သိကောင်းစရာများ

| ရွှေစင်ဦး |

ယခင်တစ်ပတ်မှအဆက်

၃၊၇၊၈။ သံသယရှိနေဆဲဖြစ်လျှင် - ချည်နှောင်ထားသည့်ပင်ရင်းပင်ရင်းနှီးငံဆိုင်ရာ သတင်းအချက်အလက်

အကယ်၍ တစ်စုံတစ်ခုသော ကုန်ပစ္စည်းအတွက် မှန်ကန်သည့် ပင်ရင်းပင်ရင်းနှီးငံကို ဆုံးဖြတ်သတ်မှတ်ပေးရန် သံသယရှိနေဆဲဆိုပါက ချည်နှောင်ထားသည့် သတင်းအချက်အလက် (BOI) ဟုခေါ်သည့် ဆုံးဖြတ်ချက်ကို ချမှတ်ရန် စဉ်းစားသင့်သည်။ (BOI) ကို ထိုသတင်းအချက်အလက်အား အသုံးပြုမည့် EU အဖွဲ့ဝင်နိုင်ငံ (အနာဂတ်ကာလတွင် ကုန်တင်သွင်းမည့်နိုင်ငံ) ၏ အကောက်ခွန်ဌာနမှ ရယူနိုင်သည်။ ၎င်းသည် သုံးနှစ်သာ သက်တမ်းရှိသည်။ ၎င်းကို EU သို့ တင်သွင်းသူကလည်း ရယူနိုင်သည်။ သို့သော်လည်း ဒုတိယနည်းလမ်းကို အသုံးပြုပါက ကုန်ထုတ်လုပ်မှုဆိုင်ရာ အချက်အလက် သို့မဟုတ် ကုန်ကျစရိတ် တွက်ချက်မှုများကို ဖလှယ်ရမည်ဖြစ်၍ တင်ပို့သူနှင့် တင်သွင်းသူအကြား ယုံကြည်မှုရရှိထားရန်လိုအပ်သည်။

BOI သည် မှာယွင်းသော သို့မဟုတ် မပြည့်စုံသော သတင်းအချက်အလက်များပေါ်တွင် အခြေခံထားပါကြောင်း ထင်ရှားပေါ်ပေါက်ပါက ပျက်ယွင်းမည်ဖြစ်သည်။ ဥပဒေတွင် အပြောင်းအလဲဖြစ်ပေါ်ပါကလည်း BOI သည် တရားမဝင် ဖြစ်မည်ဖြစ်သည်။

BOI ကို ထုတ်ပြန်ပေးရန်တာဝန်ရှိသည့် EU အဖွဲ့ဝင်နိုင်ငံများ၏ အာဏာပိုင်များစာရင်းကို EU ၏ တရားဝင် ဂျာနယ် (OJC329,24.12.2008,p.10) ထုတ်ပြန်ကြေညာထားသည်။

၄။ပင်ရင်းနှီးငံဆိုင်ရာသက်သေပြချက်

၄၊၁။ လက်ရှိစနစ်အရ EU GSP ရှိစာရွက်စာတမ်းသက်သေအထောက်အထား (REX ကို အကောင်အထည်ဖော်ပြီးပါက တဖြည်းဖြည်းဖျက်သိမ်းသွားမည်)

ပို့ကုန်တင်ပို့သူ မှတ်ပုံတင်စနစ် (REX စနစ်) ပေါ် ပေါက်လာသည့်အထိ စီးပွားရေးလုပ်ငန်းများအတွက် အကျိုးဝင်သော ပင်ရင်းပင်ရင်းနှီးငံဆိုင်ရာ အဓိက သက်သေအထောက်အထားသည် ပင်ရင်းနှီးငံသက်သေခံလက်မှတ် (CO) ပုံစံ (A)ဖြစ်သည်။ ဤပုံစံကို ၁၉၇၀ ပြည့်နှစ်တွင် UNCTAD ၏ ပင်ရင်းနှီးငံဆိုင်ရာ စည်းမျဉ်းများ လုပ်ငန်းအဖွဲ့က GSP ဆိုင်ရာ ရည်ရွယ်ချက်များအတွက် တူညီသည့် CO အဖြစ် လက်ခံအတည်ပြုခဲ့သည်။

ပင်ရင်းပင်ရင်းနှီးငံဆိုင်ရာ သက်သေခံအထောက်အထား၏ သက်တမ်းသည် ထုတ်ပေးသည့် နေ့ရက်မှ ၁၀ လဖြစ်ပြီး သက်တမ်းမတိုးနိုင်ပါ။ ခြွင်းချက်အနေဖြင့် ၎င်းကို သက်တမ်းကုန်ပြီးနောက် အချို့သော သတ်မှတ်ချက်များနှင့်အညီ EU ၏အကောက်ခွန် တာဝန်ရှိသူများထံသို့ တင်ပြနိုင်သည်။

EU ROO စည်းမျဉ်းစည်းကမ်း၏ အပိုဒ်က အထူးအခြေနေများတွင်တင်ပို့လိုက်သည့် ကုန်ပစ္စည်းဆိပ်ကမ်းမှ ထွက်ခွာသွားပြီးနောက် တင်ပို့ပစ္စည်းသည် EU အတွင်းသို့ ဝင်ရောက်ပြီးသည့်အခါ ပင်ရင်းနှီးငံဆိုင်ရာ သက်သေခံ လက်မှတ်ပုံစံ (A)ကို လျှောက်ထားထုတ်ပြန်ခွင့်ပြုထားသည်။

အရည်အချင်းပြည့်ဝသည့်အာဏာပိုင်အဖွဲ့သည် ပုံစံ (A) ၏ အကွက် ၄ တွင် နောက်ကြောင်းပြန်သက်ရောက်ရန် ထုတ်ပြန်သည်ဟူ၍ သဘောထားမှတ်ချက်ကို ထည့်သွင်းနိုင်သည်။ ဤသို့ တို့ပြန်လုပ်ဆောင် ထုတ်ပြန်ပေးသည့် ရည်ရွယ်ချက်မှာ (EU) အကောက်ခွန်အတွင်းသို့ဝင်ရောက်လာပြီးဖြစ်သည့် ကုန်ပစ္စည်းများသည် အထူးအခွင့်အရေးကို ရရှိခံစားနိုင်ခွင့်ရှိသည် ဟူသော ဥရောပ အကောက်ခွန် ဥပဒေက ပေးအပ်သည့် အချက်အရဖြစ်သည်။

မူရင်း ပုံစံ (A)သည် ပျောက်ဆုံးခြင်း၊ ခိုးယူခံရခြင်း သို့မဟုတ် ပျက်စီးခြင်းနှင့် ကြုံတွေ့ရလျှင် ပုံစံ (A) မိတ္တူကို ထုတ်ပေးနိုင်သည် တင်ပို့သူထံမှ စာဖြင့်ရေးသား လျှောက်ထားလာပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပုံစံ (A)အသစ်ကို ထုတ်ပေးမည်ဖြစ်သည်။ ဤသို့သော ဖြစ်ရပ်တွင် အကွက် ၄ ၌ပျောက်ဆုံးသွားသည့် မူရင်း ပုံစံ (A)၏ အမှတ်စဉ် ပါဝင်ရမည်ဖြစ်ပြီး မိတ္တူဟူသော စာသားလည်းပါဝင်ရမည်။

ပမာဏ သေးငယ်သော ပို့ကုန်လွှာပေါ်၌ ပင်ရင်းထုတ်ကုန်ကြေညာချက်ကို ခွင့်ပြုသည်။ (ယူရို ၆၀၀၀ အောက်တန်ဖိုးရှိ တင်ပို့ကုန်များအတွက်) အရွယ်အစားသေးငယ်သော သီးသန့်အထုတ်များ (ယူရို ၅၀၀ အောက်နည်းသော) နှင့် ခရီးသည်များ၏ ခရီးဆောင်အိတ်များအတွက် (ယူရို ၁၂၀၀ အောက်နည်းသော) သက်သေပြချက် မလိုအပ်ပေ။

မှတ်ရန်။ အချိန်နောက်ကျသော ဦးစားပေး အကောက်ခွန် ကောက်ခံမှုအား တောင်းဆိုရန် စတင်ခြင်းသည် EU သွင်းကုန် တင်သွင်းသူများ သို့မဟုတ် ကုန်သည်များအပေါ် အမှီပြုအားထားရသည်။ မြန်မာပို့ကုန်တင်ပို့သူများနေဖြင့် ပုံစံ (A) ကို နောက်ကြောင်းပြန်ထုတ်ပေးဖို့ အလိုအလျောက် မလျောက်ထားသင့်ချေ။ သို့သော် ယင်းသို့ ဖြစ်တန်စွမ်းရှိသည့် (EU)ဖောက်သည် သို့မဟုတ် အကောက်ခွန် ကိုယ်စားလှယ်အား ထင်ရှားစွာ အကြံပြုနိုင်ပေသည်။

(ကိုးကား။ ဥရောပသမဂ္ဂ၏ အထူးအကောက်ခွန်ကင်းလွတ်သက်သာခွင့်စနစ်နှင့် ၎င်း၏ ပင်ရင်းနှီးငံ ဆိုင်ရာ စည်းမျဉ်းများအတွက် လမ်းညွှန်)

ဆက်လက်ဖော်ပြပါမည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အိန္ဒိယနိုင်ငံ မွန်ဘိုင်းဂိုအာ အဝေးပြေးလမ်းမကြီးတွင် ယာဉ်ကြောပိတ်ဆို့

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဖြစ်ပေါ်လာသော မြေပြိုမှုများက မွန်ဘိုင်း/ဂိုအာ အဝေးပြေး လမ်းမကြီးတစ်လျှောက်ရှိ မာဟတ်နယ်မြေတွင် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ခဲ့ကြောင်း ဇူလိုင် ၅ ရက်နေ့က Dnaindia ဝက်ဘ်ဆိုက်သတင်းတွင် ဖော်ပြသည်။ မြေပြိုမှုများက နံနက် ၅ နာရီတွင် စတင်ဖြစ်ပေါ်ခဲ့သည်ဟု ဆိုသည်။

မြေပြိုမှု ဖြစ်ပွားပြီးနောက် ယာဉ်သွားလာမှု ရပ်ဆိုင်းကာ ယာဉ်ကြောအကြီးအကျယ် ပိတ်ဆို့ခဲ့သည်။ မာဟတ်နယ်မြေ ရဲစခန်း၏ အဆိုအရ ယာဉ်ကြောကျပ်တည်းမှုသည် အရှည် ၇ ကီလိုမီတာမှ ၈ ကီလိုမီတာခန့် ရှိခဲ့သည်။ ဇူလိုင် ၄ ရက်ညပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အဝေးပြေးလမ်းမကြီးတစ်လျှောက် တောင်ကုန်းငယ်တစ်ခု မြေပြိုကာ နံနက် ၅ နာရီဝန်းကျင်က ကမ်ဆူလီ ကျေးရွာအနီးတွင် လမ်းပိတ်ဆို့မှု ဖြစ်ခဲ့ကြောင်း မာဟတ်ရဲစခန်းမှ အရာရှိတစ်ဦးက ပြောသည်။

သို့သော်လည်း ပြန်လည်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ချက်ချင်းစတင်ဆောင်ရွက်ခဲ့သည်။ ယခု လောလောဆယ်တွင် နှစ်ဘက်စလုံးမှ ယာဉ်များ လာနိုင်အောင် ယာဉ်သွားလမ်းကြောတစ်ခုကို ရှင်းလင်းထားပြီး ဖြစ်ကြောင်းနှင့် လမ်းမကြီးတစ်ခုလုံးကို ဆက်လက်ရှင်းလင်းလျက်ရှိကြောင်း ရဲအရာရှိက ပြောသည်။

အပျက်အစီးများကို နေ့လယ်ပိုင်းလောက်တွင် ရှင်းလင်းပြီးမည် ဖြစ်သော်လည်း ယာဉ်များ ပုံမှန်သွားလာနိုင်အောင် အချိန်ယူရဦးမည်ဖြစ်ကြောင်း အရာရှိက ဆက်လက်ပြောကြားသည်။

ဂူဂျာရတ်ကမ်းခြေမြောက်ပိုင်း အာရေဗီးယန်း ပင်လယ်အရှေ့မြောက်ဒေသတွင် ဆိုင်ကလုန်းမုန်တိုင်း ရှိနေခြင်းနှင့် မဟာရာသျထ္တရကမ်းခြေတောင်ပိုင်း အာရေဗီးယန်းပင်လယ် အရှေ့အလယ်ပိုင်းတွင် နောက်ထပ် ဆိုင်ကလုန်းမုန်တိုင်းတစ်ခု ရှိနေခြင်းကြောင့် မဟာရသျထ္တရနှင့် ဂူဂျာရတ်ဒေသတို့တွင် မိုးသည်းထန်ရာမှ အလွန် သည်းထန်လျက်ရှိနေသည်ကို တွေ့ရသည်။

သည်းထန်သော မိုးများကြောင့် မွန်ဘိုင်းနှင့် သိန်းခရိုင်တို့တွင် ယခင် ရက်သတ္တပတ်မှ စတင်ဖြစ်ပေါ်ပြီး ဇူလိုင် ၂ ရက်နေ့အထိ ဆက်လက် ရွာသွန်းခဲ့သည်။ မိုးများရွာသွန်းမှုကြောင့် နေရာအတော်များများတွင် ရေလွှမ်းမိုးကာ ဆင်ခြေဖုံးတွင် ပြေးဆွဲလျက်ရှိသော ရထားများ သွားလာမှုနှောင့်နှေးကြန့်ကြာခဲ့ရကြောင်း သိရသည်။

စံမိအောင်

ဂျပန်နိုင်ငံတွင် မိုးသည်းထန်မှုကြောင့် လူတစ်ဦးသေဆုံးပြီး ထောင်ပေါင်းများစွာ နေရာရွှေ့ပေးခဲ့ရ

သမိုင်းဝင်လောက်အောင် သည်းထန်သော မိုးများက ဂျပန်နိုင်ငံအနောက်ပိုင်းတွင် ထိခိုက် ပျက်စီးမှုများကို ဖြစ်ပေါ်စေကာ လူတစ်ဦး သေဆုံးစေခဲ့သည့်အတွက် ရှေးဟောင်းမြို့တော်၏ ဆင်ခြေဖုံးဒေသတွင် နေထိုင်သူ ထောင်ပေါင်းများစွာတို့အား နေရာရွှေ့ပြောင်းပေးရန် ဇူလိုင် ၅ ရက်တွင် အစိုးရက အမိန့်ထုတ်ပြန်ခဲ့သည်။

သမိုင်းဝင် မိုးသည်းထန်မှုဟု မိုးလေဝသအရာရှိတို့က တင်စားခေါ်ရသည်အထိ ပြင်းထန်ခဲ့သော မိုးရွာသွန်းမှုကြောင့် လူပေါင်း ၁၆၀၀၀၀ ကို ဒေသတွင်းမှ ရွှေ့ပြောင်းကြရန် အကြံပြုထားသည်။ ဂျပန်မိုးလေဝသ အေဂျင်စီမှ အရာရှိတစ်ဦးကလည်း မြေပြိုမှုများနှင့် လေပြင်းတိုက်ခတ်မှုများဖြစ်နိုင်ကြောင်း သတိပေးစကား ပြောထားသည်။

ရေပိုက်အတွင်း မျောပါသွားသဖြင့် အသက် ၅၉ နှစ်အရွယ် ဆောက်လုပ်ရေး လုပ်သားတစ်ဦး သေဆုံးခဲ့ပြီး သူ့ကိုကယ်ဆယ်ရန် ကြိုးပမ်းခဲ့ကြ သောအခြားအလုပ်သမား နှစ်ဦးမှာလည်း ဒဏ်ရာများ ရရှိခဲ့ကြောင်း NHK အင်တာနေရှယ်နယ် ရုပ်သံ အစီအစဉ်တွင် ဖော်ပြသည်။

မိုးများသည်းထန်စွာ ရွာသွန်းရသည်မှာ တောင်ပိုင်းဒေသမှ စိုထိုင်းဆရှိသော လေများ တိုက်ခတ်မှုနှင့် ယခုရက်သတ္တပတ်အတွင်းက ဖြစ်ပွားခဲ့သော တိုက်ဖုန်း မုန်တိုင်းအရှိန်ကြောင့်ဖြစ်ကြောင်း သိရသည်။ ဇူလိုင် ၅ ရက် တိုင်းထွာချက်များအရ ရွာသွန်းသော မိုးရေချိန်မှာ အသေးဆုံးကျွန်းဖြစ်သော ရှိကိုကုကျွန်းတွင် လွန်ခဲ့သော နှစ်ရက်က ၄၅၇ မီလီမီတာ (၁၈ လက်မ) အထိရှိခဲ့ပြီး အချို့ဒေသများတွင် လာမည့် ၂၄ နာရီအတွင်း မီလီမီတာ ၄၀၀ (၁၆ လက်မ) အထိ ရွာသွန်းမည်ဟု ခန့်မှန်းထားသည်။

တိုက်ဖုန်းမုန်တိုင်း ပရာဝီရွန်းသည် ယခု ရက်သတ္တပတ်အတွင်း ဂျပန်ပင်လယ်ပြင်၌ ဖြစ်ပွားခဲ့ပြီး နောက် အပူပိုင်းလေဖိအားနည်းရပ်ဝန်းအဖြစ် ပြောင်းလဲသွားသည်။ အခြားမုန်တိုင်းတစ်ခုဖြစ်သော မာရီယာမှာလည်း ပစိဖိတ် သမုဒ္ဒရာတွင် စုစည်းဖြစ်ပေါ်လာကာ တဖြည်းဖြည်း အားကောင်းလာပြီး အိုကီနာဝါကျွန်းသို့ လာမည့်ရက် သတ္တပတ်တွင် ရောက်ရှိမည်ဟု ခန့်မှန်းထားသည်။

စံမိအောင်

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

မြိတ်မြို့၊ ဒလရှောင်ကျးရွာ၊ အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းသူကျောင်းသားများအား စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများ အသိပညာပေးဟောပြောပွဲကျင်းပ

မြိတ်ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများနှင့် ခရိုင်အစားသောက်နှင့် ဆေးဝါးကြိုးကြပ်ကွပ်ကဲရေးဦးစီးဌာနမှ ဝန်ထမ်းများပူးပေါင်း၍ ဇွန် ၂၆ ရက်တွင် မြိတ်မြို့နယ်၊ ဒလရှောင်ကျးရွာ၊ အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းသူ/သားများအား စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများ အသိပညာပေး ဟောပြောပွဲကျင်းပဆောင်ရွက်ခဲ့ပါသည်။

အဆိုပါ ဟောပြောပွဲတွင် ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများက ဌာနတွင် လက်ရှိဆောင်ရွက်သည့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းအကြောင်းကိုလည်းကောင်း၊ ဝန်ဆောင်မှုနှင့် သက်ဆိုင်သည့် တိုင်တန်းနိုင်သော အချက်များကိုလည်းကောင်း၊ အစားအသာက် ဘေးအန္တရယ်ကင်းရှင်းရေးအတွက် လုပ်ဆောင်ရမည့် အချက်များကိုလည်းကောင်း ဟောပြောခဲ့ပြီး ခရိုင်အစားအသောက်နှင့် ဆေးဝါးကြိုးကြပ်ကွပ်ကဲ ရေးဦးစီးဌာနက စားသုံးရန်မသင့်သည့် ဆိုးဆေးအကြောင်းကိုလည်းကောင်း၊ သက်တမ်းလွန်ကုန်ဆုံးသည့် စားသောက်ကုန်ပစ္စည်းအကြောင်းကိုလည်းကောင်း၊ စားသုံးရန်မသင့်သည့် အစားအသောက်များကိုလည်းကောင်း အသိပညာပေးဟောပြောဆွေးနွေးခဲ့ပါသည်။ ထို့သို့ အသိပညာပေးခြင်းမှာ ကျောင်းသား/သူတို့ အန္တရာယ်ကင်းရှင်းစွာ ရွေးချယ်စားသုံးနိုင်စေရန်နှင့် ကျန်းမာပျော်ရွှင်သောဘဝ ရရှိစေရန် ရည်ရွယ်ပြီး ဟောပြော ဆွေးနွေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဟောပြောပွဲဆောင်ရွက်ရာတွင် အဆိုပါကျောင်းမှ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၇၅ ဦးခန့် တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

မြိတ်စားသုံးသူ

တောင်ငူအကျဉ်းထောင်တွင် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြော

စားသုံးသူရေးရာဦးစီးဌာန ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်ဦးစီးမှူး ဦးမျိုးအောင်နှင့် ဝန်ထမ်းများဦးသည် ဇွန် ၂၆ ရက် နံနက်ပိုင်းက တောင်ငူအကျဉ်းထောင်သို့ သွားရောက်၍ အကျဉ်းထောင် ဓမ္မာရုံတွင် အကျဉ်းသားများအား စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာများကို အသိပညာပေး ဟောပြောခဲ့ပါသည်။ ရှေးဦးစွာ တောင်ငူအကျဉ်း ထောင်မှ တာဝန်ခံအရာရှိက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ဦးစီးမှူးက စားသုံးသူရေးရာဦးစီးဌာန ပေါ်ပေါက်လာပုံ၊ စားသုံးသူရေးရာဦးစီးဌာန၏ မျှော်မှန်းချက်နှင့် ရည်မှန်းချက်များ၊ ဆောင်ရွက်ချက်များ၊ စားသုံးသူအခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ အခွင့်အရေးနှင့် တာဝန်များကို အသိပညာပေးဟောပြောခဲ့ပါသည်။ ဟောပြောပွဲသို့ အကျဉ်းသား/အကျဉ်းသူ ၁၁၉၀ ဦး ကိုယ်စားပြု အကျဉ်းသား ၁၀၀ ဦး တက်ရောက်ခဲ့ပါသည်။ ဟောပြောပွဲအပြီးတွင် တက်ရောက်လာသူများအား စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပြီး အကျဉ်းသားများအား ကော်ဖီမစ်၊ ပူတင်းပေါင်မုန့်နှင့် ပဲပေါင်မုန့်များအား လျှဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။

စိန်ကြိုင်(တောင်ငူ)

ကသာခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ (၅/၂၀၁၈) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ကသာခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၅/၂၀၁၈) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကသာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၂၈ ရက်တွင် ကျင်းပခဲ့ရာ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ အဖွဲ့ဝင် ၁၁ ဦးနှင့်စားသုံးသူရေးရာ ဦးစီးဌာနမှဝန်ထမ်းများ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ ညွှန်ကြားရေးမှူး ဦးတင့်ဝေသုံက ကသာခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့ကို အဖွဲ့ဝင် ၁၁ ဦးဖြင့်ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့မှုအခြေအနေ၊ ကွင်းဆင်းစစ်ဆေးမှုများကို တစ်လနှစ်ခါ အဖွဲ့စုံဖြင့် စစ်ဆေးရန်၊ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ဆောင်နေသော လုပ်ငန်းဆောင်ရွက်ရာတွင် ထိထိမိမိ လုပ်ဆောင်ရန် ပြောကြားခဲ့သည်။ ထို့နောက် ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်အုန်းက ကသာခရိုင် စားသုံးသူရေးရာဦးစီးဌာန အနေဖြင့် ကွင်းဆင်းအသိပညာပေး ဟောပြောပွဲ ၂၀ ကြိမ်၊ ကွင်းဆင်းစစ်ဆေးမှု ၈ ကြိမ်၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း ၇ ကြိမ်ဆောင်ရွက်ခဲ့ပါကြောင်း၊ မေလအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်များအရ လုပ်ဆောင်ချက်များအား အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ပြီး ဇွန်လအတွင်း ကသာမြို့မှန့်မျိုးစုံ လက်ကားဆိုင်လေးဆိုင်မှ Yongriwang အမှတ်တံဆိပ်ပါ မလိုင်ကတ် ၈၀ ထုတ် ခန့်မှန်း တန်ဖိုးကျပ် ၁၀၈၀၀၀ အား ဈေးကွက်အတွင်း သိမ်းဆည်းခဲ့ပြီး သိမ်းဆည်းခဲ့သော ပစ္စည်းများကို မီးရှို့ဖျက်ဆီးရန် ကိစ္စအားညှိနှိုင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသော ခရိုင်အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့ဝင်များကလည်း သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

လှလှမိုင်(ကသာ)

မအူပင်ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့၏ (၁၉) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပ

မအူပင်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁၉)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ဇွန် ၂၇ ရက်တွင် ကျင်းပခဲ့ရာ အစည်းအဝေးသို့ အဖွဲ့ဝင်များ၊ မိတ်ဖက်ဌာနမှ ဖိတ်ကြားထားသူများနှင့် ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၁၉ ဦး တက်ရောက်ခဲ့ပါသည်။ အဆိုပါအခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မိုးက အဖွင့်အမှာစကား ပြောကြားပါသည်။

မအူပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ခရိုင်ဦးစီးမှူး ဦးဇော်မင်းက (၁၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်များ၏ အကောင်အထည်ဖော်မှုများကို တင်ပြပြီး မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ပါသည်။ ဆက်လက်၍ အစည်းအဝေးတက်ရောက်လာသူများ၏ တင်ပြချက်များကို မှတ်တမ်းတင် ဆောင်ရွက်ထားရှိပြီး တချို့ကို ရှေ့လုပ်ငန်းစဉ်အဖြစ် အတည်ပြုခဲ့ကာ မအူပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဒုခရိုင်ဦးစီးမှူး ဦးအောင်ဇော်ဦးမှ စားသုံးသူရေးရာ သိကောင်းစရာ အသိပညာပေးဆွေးနွေးပွဲများ၏ အခြေအနေများ၊ ဈေးကွက်၊ ဝန်ဆောင်မှု ကဏ္ဍများအကြောင်းတို့ကို အကျယ်တဝင့် ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

CONSUMER - MT

မြောင်းမြမြို့နယ် ကျောင်းမုန့်ဈေးတန်းများတွင် စားသုံးရန်မသင့်မုန့်များ၊ အချို့ရည်များပါဝင်သော ဗီနိုင်းပိုစတာများ ချိတ်ဆွဲ ပညာပေးဆောင်ရွက်

ရောဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေး၊ အတွင်းရေးမှူး ခရိုင်ဦးစီးမှူးဦးတိုးလွင်နှင့် အဖွဲ့ဝင်များသည် ဇွန် ၂၇ ရက်က မြောင်းမြမြို့ အထက(၁)၊ အထက(၆)နှင့် အမက (မရမ်းကုန်းရွာမ) စာသင်ကျောင်း၊ ကျောင်းမုန့်ဈေးတန်းများတွင် ဧရာဝတီတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အဖွဲ့က ကြော်ငြာထားသည့် စားသုံးရန်မသင့်သော မုန့်၊ အချိုရည်များ အမျိုး အစား(၄၀)ပါဝင်သည့် ဗီနိုင်းပိုစတာများကို ချိတ်ဆွဲ၍ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းမုန့်ဈေးတန်းဆိုင်ရှင်များအား ပညာပေးဆောင်ရွက်ခဲ့ပါသည်။ ဆက်လက်ပြီး မြောင်းမြခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးဦးသောင်းတင်ထွေး ဦးဆောင်သော အဖွဲ့ဝင်များနှင့်အတူ ကျောင်းမုန့်ဈေးတန်းများတွင် ရောင်းချနေမှုများအား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း၊ ကျောင်းသားကလေးငယ်များကို မိမိတို့သားသမီးကဲ့သို့ သဘောထားပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် သန့်ရှင်းလတ်ဆတ်သော အစားအသောက်များကိုသာ ရောင်းချရန် အသိပေးမှာကြားခဲ့ကြောင်း သိရှိရသည်။

မြောင်းမြခရိုင် စားသုံးသူရေးရာဦးစီးဌာနက အဖွဲ့၏ကြီးကြပ်မှုဖြင့် အဆိုပါ ပညာပေးဗီနိုင်းများကို မြောင်းမြမြို့ပေါ် ရှိ စာသင်ကျောင်း(၈)ကျောင်း၊ အိမ်မဲမြို့ပေါ်ရှိ အထက စာသင်ကျောင်း(၃)ကျောင်း၊ ဝါးခယ်မမြို့ပေါ်ရှိ အထက စာသင်ကျောင်း(၂)ကျောင်းတို့ကို ဦးစွာချိတ်ဆွဲမှုအား ဆောင်ရွက်ပြီး မြို့နယ်အလိုက် စာသင်ကျောင်းများတွင်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

တိုးလွင် (မြောင်းမြ)

ပဲခူးမြို့ပေါ်ဈေးများ၌ စားသောက်ကုန်များ စစ်ဆေးအရေးယူ

ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူးနှင့် တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးတို့မှ ဦးဆောင်၍ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များ ပူးပေါင်းကာ ဇူလိုင် ၄ ရက်က ပဲခူးမြို့ပေါ် ရှိမြို့မဈေး၊ ဘုရားဈေး၊ ဖက်တန်းဈေး၊ ပြင်စည် ဈေးသစ်နှင့် ဘူတာဈေးစသည့် ဈေးငါးဈေးအား အဖွဲ့ငါးဖွဲ့ခွဲ၍ တစ်ချိန်တည်း တစ်ပြိုင်တည်း ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးခဲ့ရာ ပဲသွေး၊ ပဲပြားနှင့် အမဲသားရေ (အမဲခေါင်းပြုတ်) တို့တွင် Formalin များ ပါဝင်မှု ရှိ/မရှိ Test Kit ဖြင့် ချက်ချင်းစစ်ဆေးခဲ့ပြီး မြို့မဈေး၊ ဘုရားဈေးတို့တွင် မတွေ့ရှိရဘဲ ပြင်စည်ဈေးသစ်၊ ဖက်တန်းဈေးနှင့် ဘူတာဈေးတို့တွင် ရောင်းချနေသော တချို့ဈေးဆိုင်များ၌ ပဲသွေး၊ ပဲပြားများ၌ စားသုံးရန်မသင့်သော Formalin များ ပါဝင်နေကြောင်း တွေ့ရှိရပါသည်။ စစ်ဆေးတွေ့ရှိခဲ့သော Formalin ပါဝင်နေသည့် ပဲသွေး၊ ပဲပြား စုစုပေါင်းတန်ဖိုးကျပ် ၁၄၃၀၀ ခန့်ရှိ ပဲသွေး ၁၂၁ ခုနှင့် ပဲပြား ၂၂ ခုတို့အား သက်ဆိုင်ရာ အဖွဲ့များမှ ချက်ချင်းသိမ်းဆည်းဖျက်ဆီးခဲ့ပြီး ရောင်းချနေသောဆိုင်ရှင်များအား နောက်နောင်ဘေးအန္တရာယ်ရှိသော ကုန်စည်များ ရောင်းချခြင်းမပြုရန် ဝန်ခံကတိပြု လက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းရရှိပါသည်။

ကျော်ဆန်းဝင်း (ပဲခူး)

ပုသိမ်မြို့ အကျဉ်းဦးစီးဌာနတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲပြုလုပ်

ပုသိမ်မြို့၊ စားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးဦး၊ ဦးစောမိုက်ကယ်နှင့်ဝန်ထမ်းများသည် အကျဉ်းဦးစီးဌာန မြန်နှုန်းဧရာခန်းမတွင် ဇွန် ၃၀ ရက်က စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကျင်းပပြုလုပ်ရာ အကျဉ်းဦးစီးဌာနလက်ထောက် ညွှန်ကြားရေးမှူး ဦးကျင့်လျန်းထန်၊ ဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ စုစုပေါင်း ၆၀ ဦးခန့် တက်ရောက်ခဲ့ပါသည်။

ဟောပြောပွဲတွင် ပုသိမ်ခရိုင်ဦးစီးမှူး ဦးစိုးဦးက စားသုံးသူရေးရာဦးစီးဌာနဖွဲ့စည်းပုံ၊ မျှော်မှန်းချက်၊ ရည်မှန်းချက်များ၊ စားသုံးသူများ၏ အခွင့်အရေးနစ်နာဆုံးရှုံးမှုများအတွက် ဥပဒေကြောင်းအရ အကာအကွယ်ပေးနိုင်မှု၊ ကုန်စည်သို့မဟုတ် ဝန်ဆောင်မှုကို ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစွာအသုံးပြုနိုင်ရေး ဝန်ခံကတိပြုထားသော တန်ဖိုးစည်းကမ်းချက်များ အာမခံမှုတို့နှင့်အညီရယူနိုင်ရေး၊ ဘေးအန္တရာယ်ကင်းရှင်း၍ အရည်အသွေးပြည့်မီပြီး လုံခြုံစိတ်ချရမှုရှိသော ထုတ်ကုန်များသုံးစွဲနိုင်ရေး၊ စားသုံးသူအကာအကွယ်ပေးရေးနှင့်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းဆွေးနွေးဟောပြောခဲ့ပါသည်။

ဆက်လက်၍ စားသုံးသူရေးရာဦးစီးဌာန ဌာနခွဲမှူး ဦးစောမိုက်ကယ်က ဘေးအန္တရာယ်ဖြစ်စေနိုင်သော စားသောက်ကုန်၊ လူသုံးကုန်နှင့်ဆေးဝါးများ၊ ရက်လွန်အစားအစာနှင့် ဓာတုဆိုးဆေးများအကြောင်း စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အသိပညာပေး ဟောပြောခြင်း၊ ဈေးကွက်နှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ အသိပညာပေးခြင်း၊ စားသုံးသူ၏ နစ်နာဆုံးရှုံးမှုများကို လက်ခံဖြေရှင်းဆောင်ရွက်ပေးခြင်းနှင့် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာဗဟုသုတများကို အသေးစိတ်ဟောပြောဆွေးနွေး၍ တက်ရောက်လာသူများကို စားသုံးသူ အသိပညာပေးလက်ကမ်း စာစောင်များဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မင်းမင်းဦး(ပုသိမ်)

ယင်းမာပင်ခရိုင်၊ စားသုံးသူရေးရာဦးစီးဌာန၏ (၇/၂၀၁၈) လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၇/၂၀၁၈) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၅ ရက်က ယင်းမာပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပ ပြုလုပ်ရာ ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ ကိုယ်စား ဒုတိယခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးတင့်ကျော်လွင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၁၅ ဦး တက်ရောက်ခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ကိုယ်စား ဒုတိယခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးတင့်ကျော်လွင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး စားသုံးသူရေးရာ ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်မင်းကဌာန၏ ဇွန်လလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ရှေ့ဆက်၍ ဇူလိုင်လအတွင်း လျာထားချက်အရ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲရှစ်ကြိမ်၊ ဈေးကွက် စောင့်ကြည့်ကွင်းဆင်း စစ်ဆေးခြင်းတစ်ကြိမ်နှင့် လုပ်ငန်းရှင်တွေ့ဆုံပွဲတစ်ကြိမ်၊ ကျောင်းမုန့်ဈေးတန်းစစ်ဆေးခြင်းတစ်ကြိမ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသော ဌာနအသီးသီးမှ လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေးခဲ့ပြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ကိုယ်စား ဒုတိယခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးတင့်ကျော်လွင်က အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့အနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ ဈေးကွက်စောင့်ကြည့်ကွင်းဆင်း စစ်ဆေးခြင်း ပညာပေးလုပ်ငန်း ဆောင်ရွက်ရာတွင် စစ်ဆေးလိုသည့် နေရာဒေသများကို ကြိုတင် အစီရင်ခံတင်ပြရန်၊ အဖွဲ့ဝင်များကလည်း ပူးပေါင်းဆောင်ရွက်သွားရန်၊ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့တွင် လိုအပ်ချက်အရဖြည့်စွက်ဌာနများထပ်မံ တိုးချဲ့ဖွဲ့စည်းရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြောင်း သတင်းရရှိပါသည်။

ခိုင်မိုးမို့ (မြင်းမူ)

■

ဇူလိုင်လပထမပတ်အတွင်း ကယားပြည်နယ်တွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး လုပ်ငန်းများဆောင်ရွက်

ကယားပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့် စားသုံးသူ အခွင့်အရေးနှင့် အကျိုးစီးပွားကို ထိရောက်စွာကာကွယ်နိုင်ရန် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးလုပ်ငန်းများနှင့် စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်း၍ အရည်အသွေးပြည့်မီပြီး လုံခြုံစိတ်ချရမှုရှိသော ထုတ်ကုန်များ သုံးစွဲနိုင်ရန် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ် ဇူလိုင်လပထမပတ်အတွင်း ကယားပြည်နယ် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းခြောက်ဦးသည် လွိုင်ကော်မြို့ပေါ်ရှိ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းများသို့ သွားရောက်၍ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောဆွေးနွေးပွဲနှင့် ကျောင်းမုန့်ဈေးတန်းကွင်းဆင်း စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ အသိပညာပေး ဟောပြောဆွေးနွေးပွဲများ ဆောင်ရွက်ရာတွင် စားသုံးသူပြည်သူများ စားသုံးသူအခွင့်အရေး အပြည့်အဝရရှိစေရန်နှင့် ကုန်စည်နှင့် ဝန်ဆောင်မှုများ ဝယ်ယူသုံးစွဲရာတွင် လိမ်လည်လှည့်ဖြားမှုမခံရစေရန် ရွေးချယ်ဝယ်ယူရာတွင် သေချာဖတ်ရှုဝယ်ယူရမည့်အချက်များ၊ ကုန်စည်နှင့် ဝန်ဆောင်မှုများ ဝယ်ယူသုံးစွဲသည့်အခါ နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်လာပါက စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးဌာနသို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း အသိပညာပေး ဟောပြောဆွေးနွေးခဲ့ပြီး တက်ရောက်လာသော ကျောင်းသား/သူများ၏ သိရှိလိုသည့် မေးမြန်းမှုများကို တစ်ချက်ချင်းရှင်းလင်းဖြေကြား၍ လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ပြီး သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများနှင့် ကျောင်းမုန့်ဈေးတန်းအား ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

ကျော်ဇင်ထွေး (စားသုံးသူကယား)

■

ဖျာပုံမြို့ပိတိသုခလူမှုဖွံ့ဖြိုးရေးအသင်း၏ အသင်းသား၊ အသင်းသူများအား စားသုံးသူရေးရာသင်တန်းပို့ချ

ဖျာပုံမြို့နယ် စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံဦးမိုးမင်းသန်းနှင့်ဝန်ထမ်းများသည် ဇူလိုင် ၃ ရက်က ဖျာပုံမြို့(၁၉)ရပ်ကွက်ရှိ ပိတိသုခလူမှုဖွံ့ဖြိုးရေးအသင်း၏ ဖိတ်ကြားချက် အရ ပိတိသုခလူမှုဖွံ့ဖြိုးရေးအသင်းရုံးတွင် အသင်းသား၊ အသင်းသူများအား စားသုံးသူရေးရာ သင်တန်းပို့ချခဲ့သည်။ အဆိုပါ သင်တန်းတွင် မြို့နယ်တာဝန်ခံက စားသုံးသူများ၏ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ အခွင့်အရေးနှင့်တာဝန်များ၊ သတင်းနှင့် ပြန်ကြားရေးတိုင်ကြားစာ လက်ခံဆောင်ရွက်ရေးစင်တာ (CICC)မှ လစဉ်ဆောင်ရွက်မှုအခြေအနေများ၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အဖွဲ့၏ ကွင်းဆင်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းဟောပြောဆွေးနွေးခဲ့သည်။

ဆက်လက်၍ ဒုတိယမြို့နယ်တာဝန်ခံဦးမင်းဇော်က FDA မှ တားမြစ်ထားသော စားသုံးရန်မသင့်သည့် အစားအစာများနှင့် အသုံးပြုနေသော ဓာတုဆိုးဆေးလေးမျိုးအကြောင်း၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးအန္တရာယ်အကြောင်းတို့အား အကျယ်တဝင့် ဟောပြောဆွေးနွေးခဲ့ပြီး ဒုတိယဦးစီးမှူး ဒေါ်ကေသွယ်ဝင်းက ဈေးရုံဈေးတန်း ကျောင်းမုန့်ဈေးတန်းနှင့် ထုတ်လုပ်နေသည့် ထုတ်ကုန်ပစ္စည်းများကိုထုတ်ကုန် လုံခြုံစိတ်ချရမှုရှိစေရေးအတွက် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်နေမှုများကို ဟောပြောခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော သင်တန်းသားများ၏ မေးမြန်းမှု ကိုတာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြပြီး လက်ကမ်းစာစောင်များ၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေစာအုပ်များ ဖြန့်ဝေခဲ့ကြသည်။ အဆိုပါ အခမ်းအနားသို့ ပိတိသုခလူမှုဖွံ့ဖြိုးရေးအသင်း၏ အသင်းသား အသင်းသူ ၃၀ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။ **မင်းဇော်မွန်(ဖျာပုံ)**

■

ကန်တီကို ခေါ်ယူမည်ဟု ပီအက်စ်ဂျီအသင်း သတင်းထုတ်ပြန်

ပြင်သစ်လီဂူး-၁ ကလပ် ပီအက်စ်ဂျီအသင်းသည် ချယ်လ်ဆီးအသင်းမှ ပြင်သစ်ကွင်းလယ်ကစားသမား ကန်တီကို ခေါ်ယူသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားသည်။ ပီအက်စ်ဂျီအသင်းသည် အဆိုပါ ပြင်သစ်ကွင်းလယ်ကစားသမားကို ပြောင်းရွှေ့ကြေး ပေါင်သန်း ၁၀၀ ဖြင့်စတင် ကမ်းလှမ်းမည်ဖြစ်ပြီး ယခုနွေရာသီ အပြောင်းအရွှေ့ကာလတွင် အရခေါ်ယူသွားမည်ဟု သတင်းများတွင် ဖော်ပြထားသည်။

ပီအက်စ်ဂျီအသင်းအနေဖြင့် ကန်တီကို ခေါ်ယူနိုင်ရေးအတွက် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲအပြီးတွင် ချယ်လ်ဆီးအသင်းထံ တရားဝင်ကမ်းလှမ်းသွားမည်ဖြစ်ကြောင်းလည်း သိရသည်။ ပီအက်စ်ဂျီအသင်းသည် ကန်တီကို ခေါ်ယူပြီး ကာလရှည် စာချုပ်တစ်ရပ်ချုပ်ဆိုသွားရန်ပြင်ဆင်နေသည်။ ထို့ပြင် ပီအက်စ်ဂျီအသင်းသည် ကန်တီကို တစ်ပတ်လုပ်ခလစာ ပေါင် ၂၂၀၀၀ ပေးသွားမည်ဟုလည်း အသင်းတာဝန်ရှိသူတစ်ဦးက ပြောကြားထားသည်။

သို့သော် ပီအက်စ်ဂျီအသင်းအနေဖြင့် ကန်တီကို ခေါ်ယူရန် ပထမဦးစားပေးပစ်မှတ်အဖြစ်ထားရှိနေသော်လည်း ၎င်းကစားသမား၏ အပြောင်းအရွှေ့မှာ ချယ်လ်ဆီးအသင်း ပေါ်တွင်သာ အဓိကမူတည်နေသည်။

စီရိုနယ်ဒို၏ အပြောင်းအရွှေ့ကိစ္စ ရီးရဲလ်မက်ဒရစ် အတည်မပြုသေး

ရီးရဲလ်မက်ဒရစ်အသင်းမှ ပေါ်တူဂီ တောင်ပံကစားသမား စီရိုနယ်ဒိုသည် အီတလီ စီးရီးအေကလပ် ဂျူဗင်တပ်အသင်းသို့ ပေါင် ၈၈ သန်းဖြင့် ပြောင်းရွှေ့ရန် သဘောတူညီမှု ရရှိထားပြီဖြစ်ကြောင်း သတင်းများတွင် ကျယ်ကျယ်ပြန့်ပြန့် ရေးသားဖော်ပြထားမှုမှာ မှန်ကန်မှု မရှိကြောင်း ရီးရဲလ်မက်ဒရစ်အသင်းမှ တာဝန်ရှိသူ တစ်ဦးက တုံ့ပြန်ပြောဆိုထားသည်။

ရီးရဲလ်မက်ဒရစ်အသင်း တောင်ပံကစားသမား စီရိုနယ်ဒိုသည် ဂျူဗင်တပ်အသင်းသို့ ပေါင် ၈၈ သန်း (ယူရိုသန်း ၁၀၀။ အမေရိကန်ဒေါ်လာ ၁၁၇ သန်း)ဖြင့် ပြောင်းရွှေ့ရန် သဘောတူညီမှုများရရှိခဲ့ပြီဖြစ်ကြောင်း နှင့် စီရိုနယ်ဒိုသည် ဂျူဗင်တပ်အသင်းတွင် တစ်နှစ်လစာပေါင် ၂၆ ဒသမ ၅သန်း (ယူရို သန်း ၃၀။ အမေရိကန်ဒေါ်လာ ၃၅ သန်း)ရရှိမည်ဖြစ်ကြောင်း စပိန်မာကာသတင်းစာတွင် ရေးသားဖော်ပြထားသည်။

စီရိုနယ်ဒိုသည် ၂၀၀၉ ခုနှစ်ကပင် ရီးရဲလ်မက်ဒရစ်အသင်းသို့ ရောက်ရှိလာခဲ့သူဖြစ်ပြီး လတ်တလောကာလတွင် အသင်းဥက္ကဋ္ဌ ပီရက်ဇ်နှင့် အဆင်မပြေမှုများရှိနေကြောင်းလည်း သိရသည်။ ဂျူဗင်တပ်အသင်းနှင့် စီရိုနယ်ဒို့တို့၏ အပြောင်းအရွှေ့သတင်း မပေါ်ထွက်မီကပင် ရီးရဲလ်မက်ဒရစ်အသင်း တာဝန်ရှိသူများက စီရိုနယ်ဒိုကို လက်လွှတ်သွားရန် ဆုံးဖြတ်ထားပြီဖြစ်ကြောင်း ပြောကြားထားသည်များလည်းရှိခဲ့ဖူးသည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် ပီအက်စ်ဂျီတိုက်စစ်မှူးများဖြစ်သည့် ဘရာဇီးနိုင်ငံသား နေမာနှင့် ပြင်သစ်နိုင်ငံသား အမ်ဘတ်ပိတို့ကို ခေါ်ယူရန် ဆက်သွယ်ကမ်းလှမ်းမှုများ ပြုလုပ်နေကြောင်း သိရသည်။ ၎င်းကစားသမားနှစ်ဦးထဲမှ တစ်ဦးဦးကိုခေါ်ယူ၍ ရရှိပါက ရီးရဲလ်မက်ဒရစ်အသင်းသည် စီရိုနယ်ဒိုကို လက်လွှတ်သွားမည်မှာ သေချာသလောက်ရှိနေသည်။

အခြားတစ်ဖက်တွင် မန်ယူအသင်းကလည်း စီရိုနယ်ဒိုကို တစ်ပတ်လုပ်ခလစာ ပေါင် ၎င်းသိန်းပေးပြီး ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ စီရိုနယ်ဒိုကို ဂျူဗင်တပ်အသင်းက ပေါင် ၈၈ သန်းဖြင့် ခေါ်ယူရန်သဘောတူညီမှု ရရှိခဲ့ပြီဟုဆိုသော်လည်း ရီးရဲလ်မက်ဒရစ်အသင်းကမူ ၎င်းတို့၏ကစားသမားကို ပေါင် ၁၀၆ သန်းအထိ ရလိုကြောင်း ပြောကြားထားသည်။ ထို့ပြင် စီရိုနယ်ဒို၏ အပြောင်းအရွှေ့သတင်းကိုလည်း အတည်မပြုကြောင်း ရီးရဲလ်မက်ဒရစ်အသင်းက ထုတ်ပြန်ထားသည်။

ပရိသတ်တစ်ဦးက အင်္ဂလန်အသင်းသားများ၏ နာမည်များကို ခန္ဓာကိုယ်ပေါ်တွင်ရေးထိုး

အမည်ဖော်ပြထားခြင်းမရှိသည့် အင်္ဂလန်ပရိသတ်တစ်ဦးသည် ခန္ဓာကိုယ်ပေါ်တွင် အင်္ဂလန်အသင်းနည်းပြ ဆောက်ဂိတ်နှင့် ကစားသမား ၂၃ ဦး၏ အမည်များကို တက်တူးရေးထိုးပြီး ၎င်း၏ တွစ်တာစာမျက်နှာပေါ်သို့ တင်ခဲ့သည်။

အဆိုပါ အင်္ဂလန်ပရိသတ်သည် အင်္ဂလန်အသင်းက ကိုလံဘီယာအသင်းကို ပင်နယ်တီ အဆုံးအဖြတ်ဖြင့် အနိုင်ရရှိခဲ့သည့် ၂၀၁၈ ကမ္ဘာ့ဖလား ၁၆ သင်းအဆင့် ရှုံးထွက်ပွဲစဉ်အပြီးတွင် အင်္ဂလန်နည်းပြ ဆောက်ဂိတ်နှင့် ကစားသမား ၂၃ ဦးတို့၏ နာမည်များကို တက်တူးရေးထိုးခဲ့ခြင်းဖြစ်သည်။ အင်္ဂလန်အသင်းနည်းပြနှင့် ကစားသမားများ၏ နာမည်များကို ခန္ဓာကိုယ်ပေါ်တွင် တက်တူးရေးထိုးခဲ့သည့် ယင်းပရိသတ်သည် ငယ်စဉ်ကပင် အင်္ဂလန်အသင်းကိုအားပေးခဲ့ပြီး ဘောလုံးအပေါ် အရူးအမူးစွဲလမ်းသူတစ်ဦးလည်းဖြစ်သည်။ ထို့ပြင် ၎င်းက ယခုကျင်းပနေသည့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အင်္ဂလန်အသင်း ချန်ပီယံဖြစ်ခဲ့ပါက နောက်ထပ်ထူးခြားမှုတစ်ခုခုကို ထပ်မံပြုလုပ်သွားဦးမည်ဖြစ်ကြောင်း ပြောကြားထားသည်။



ဘောလုံးလောက သတင်းတိုများ

- ချယ်လ်ဆီးအသင်းမှ အသက်(၁၇)နှစ်သာရှိသေးသည့် ဗဟိုခံစစ်ကစားသမား ပန်ဒိုသည် ပြင်သစ်လီဂူး-၁ ကလပ် မိုနာကိုအသင်းသို့ ပြောင်းရွှေ့ရန် သဘောတူညီမှု ရရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

- **လီဗာပူးအသင်းသည် ဂျူဗင်တပ်အသင်းမှ အာဂျင်တီးနား တိုက်စစ်မှူး ဒိုင်ဘလားကို ခေါ်ယူရန်ပြင်ဆင်နေကြောင်း သိရသည်။**

- အီတလီဂိုးသမားဟောင်း ဘတ်ဖွန်၏ ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ရေးမှာ အလုံးစုံ အောင်မြင်ခဲ့ပြီဖြစ်ကြောင်း ပီအက်စ်ဂျီအသင်းက သတင်းထုတ်ပြန်ထားသည်။

- **အာဆင်နယ် ကွင်းလယ်ကစားသမား ဝီရွိုင်းယားသည် ဝက်စ်ဟမ်းအသင်းသို့ ပြောင်းရွှေ့ရန်အတွက် ဆေးစစ်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။**

ဟန်နေသစ် စုစည်းသည်

ရှာကွီရီကို ပေါင် ၁၂ သန်းဖြင့် ခေါ်ယူရန် မန်ယူအသင်း ပြင်ဆင်

မန်ယူအသင်းသည် စတုတ်စီးတီးအသင်းမှ ဆွစ်ဇာလန် တောင်ပံကစားသမား ရှာကွီရီကို ပေါင် ၁၂ သန်းဖြင့် ခေါ်ယူရန် ပြင်ဆင်နေကြောင်းသိရသည်။ ရှာကွီရီသည် ဆွစ်ဇာလန်အသင်းနှင့်အတူ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ခြေစွမ်းပြနိုင်ခြင်းကြောင့် မန်ယူနည်းပြမော်ရင်ဟိုက ခေါ်ယူရန် ပြင်ဆင်လာခဲ့ခြင်းလည်း ဖြစ်သည်။

ရှာကွီရီက 'ကျွန်တော် အင်္ဂလန်မှာပဲ ဆက်ပြီးကစားလိုပါတယ်။ အင်္ဂလန်ပရီမီးယားလိဂ် ကစားဟန်ကို ကျွန်တော်ကြိုက်ပါတယ်။ ပြိုင်ဆိုင်မှုပြင်းထန်တာတွေနဲ့ စိန်ခေါ်မှုတွေကို ရင်ဆိုင်ရတာတွေကို ပိုပြီးသဘောကျပါတယ်။ ကျွန်တော် စတုတ်စီးတီးအသင်းက ပြောင်းရွှေ့ရင် ပြောင်းရွှေ့ဖြစ်မှာပါ။ ဒါပေမဲ့ အင်္ဂလန်ပြင်ပမဟုတ်ဘဲ ဒီပရီမီးယားလိဂ် တစ်သင်းသင်းမှာပဲ ဆက်လက်ပြီးကစားချင်ပါသေးတယ်' ဟု ပြောကြားသည်။ မန်ယူအသင်းသည် ရှာကွီရီကို ခေါ်ယူနိုင်ရန် ရာခိုင်နှုန်း ၉၀ အထိ နီးစပ်နေပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

စင်ကာပူနိုင်ငံသို့စားသောက်ကုန်နှင့်လယ်ယာထွက်ကုန်တင်သွင်းမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်စံချိန်စံညွှန်းများ

ယခင်တစ်ပတ်မှအဆက်

ဆင့်တက်ပြုပြင်ထားသော ဥများ

အပူပေး၍ ပိုးသတ်ထားသည့်ဥများဖြစ်သည့် ကြက်ဥ (whole eggs)၊ ဥအကာ (egg whites)၊ ဥအနှစ်(egg yolks)၊ ဥအကာနှင့်ဥအနှစ် အရောအနှော (blends of whites and yolks)၊ ကြက်ဥ ထုတ်ကုန်များ ဖြစ်သည့် ကြက်ဥပြုတ်၊ ကြက်ဥခေါက်ကြော်၊ ဆေးဘဲဥ (salted and preserved eggs) စသည်တို့အတွက် တင်ပို့သည့်နိုင်ငံမှ ထုတ်လုပ်ရာနေရာများနှင့် သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများသည် တင်ပို့မှုအတွက် AVA ၏ တရားဝင် အသိအမှတ်ပြုမှု ရရှိအောင်ဆောင်ရွက်ရန် လိုအပ်မှာ ဖြစ်ပါတယ်။ တရားဝင် အသိအမှတ်ပြုခြင်းကို အဆင့် ၃ ဆင့်ဖြင့်ဆောင်ရွက်ခြင်းဖြစ်ပြီး (၁) တင်ပို့သည့်နိုင်ငံ အသိအမှတ်ပြုခြင်း၊ (၂) အတည်ပြုနိုင်ငံများ၏ ထုတ်လုပ်ရာနေရာများ အသိအမှတ်ပြုခြင်း၊ (၃) အတည်ပြုထုတ်လုပ်ရာနေရာများမှ ထုတ်ကုန်များအား အသိအမှတ်ပြုခြင်းတို့ ဖြစ်ပါတယ်။

ဆင့်တက်ပြုပြင်ထားသော စားသောက်ကုန်များ

ဆင့်တက်ပြုပြင်ထားတဲ့စားသောက်ကုန်တွေကို မည်သည့်နိုင်ငံမှဖြစ်စေ တင်သွင်းခွင့် ပြုထားပါတယ်။ စားသောက်ကုန် တင်သွင်းသူများအနေနဲ့ အဆိုပါ ဆင့်တက်ပြုပြင်ထားတဲ့ စားသောက်ကုန်တွေဟာ တင်ပို့တဲ့ နိုင်ငံရဲ့သက်ဆိုင်ရာ စားသောက်ကုန် အာဏာပိုင်အဖွဲ့အစည်း၏ ကြီးကြပ်မှု အောက်ရှိ လုပ်ငန်းများမှ ထုတ်လုပ်သည့် ထုတ်ကုန်များဖြစ်စေရေး သေချာအောင် ဆောင်ရွက်ခြင်း (သို့မဟုတ်) AVA မှ လက်ခံနိုင်တဲ့ အရည်အသွေးအာမခံတဲ့ အစီအစဉ်ရှိစေခြင်းကို ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ မွေးကင်းစ ကလေးအစားအစာ၊ ပိုးသတ်ထားသည့် နို့ရည်၊ အနည်းဆုံး ဆင့်တက်ပြုပြင်ထားသည့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ၊ နို့ရောကိတ်မုန့်များ အပါအဝင် တင်သွင်းလာတဲ့ထုတ်ကုန်များဟာ ကျန်းမာရေးနှင့်ညီညွတ်တဲ့ အခြေအနေတွေ အောက်မှာ ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း စာရွက်စာတမ်း အထောက်အထားသက်သေခံချက်များ လိုအပ်ပါတယ်။ အခြားသော စားသောက်ကုန်များ တင်သွင်းမှုအတွက်လည်း စာရွက်စာတမ်း အထောက်အထားများကို AVA မှ တောင်းခံလာပါက တင်ပြရမှာ ဖြစ်ပါတယ်။ နမူနာစာရွက်စာတမ်း အထောက်အထားတွေကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ်-

- HACCP အသိအမှတ်ပြု လက်မှတ် (Hazard Anaiysis Critical Control Point)
- ထုတ်လုပ်မှု နည်းလမ်းကောင်းများဆိုင်ရာ အသိအမှတ်ပြုလက်မှတ် (Certificate of GMP)
- တင်ပို့သည့်နိုင်ငံ၏ တိရစ္ဆာန်ကျန်းမာရေးအာဏာပိုင် (သို့မဟုတ်) သက်ဆိုင်ရာ အစားအသောက် အာဏာပိုင်မှ ထုတ်ပေးသည့် ကျန်းမာကြောင်း လက်မှတ်
- တင်ပို့သည့်နိုင်ငံ၏ တိရစ္ဆာန်ကျန်းမာရေးအာဏာပိုင်(သို့မဟုတ်) သက်ဆိုင်ရာ အစားအသောက်အာဏာပိုင်မှ ထုတ်ပေးသည့် ပို့ကုန် သက်သေခံလက်မှတ်
- တင်ပို့သည့်နိုင်ငံ၏ သက်ဆိုင်ရာ အာဏာပိုင်မှ ထုတ်ပေးသည့် စက်ရုံ လိုင်စင်

သွင်းကုန်လုပ်ထုံးလုပ်နည်းများ

စင်ကာပူနိုင်ငံသို့ စားသောက်ကုန်များ တင်သွင်းရန်အတွက် လိုအပ်သော လုပ်ထုံးလုပ်နည်းများ ဆောင်ရွက်ရာတွင် တင်သွင်းမှု မပြုမီ ထုတ်ကုန်ကြိုတင် စမ်းသပ်စစ်ဆေးခြင်းကို တင်သွင်းသူမှ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ထို့နောက် သွင်းကုန်ပါမစ် လျှောက်ထားရမှာဖြစ်ပါတယ်။ သွင်းကုန် ခွင့်ပြုမိန့် လျှောက်ထားပြီးချိန်တွင် တင်းကျပ်သော စောင့်ကြည့်စစ်ဆေးမှုအောက်ရှိ ထုတ်ကုန်များနှင့်အခြားထုတ်ကုန်များဆိုပြီး ခွဲခြားဆောင်ရွက်ပါတယ်။ တင်းကျပ်သော စောင့်ကြည့်စစ်ဆေးမှုအောက်ရှိ ထုတ်ကုန်များအတွက် အထောက်အကူပြု စာရွက်စာတမ်းများ တင်ပြခြင်း၊ စစ်ဆေးခြင်း/နမူနာထုတ်ယူခြင်းနှင့် ရောင်းချရန်ခွင့်ပြုခြင်း စသည့် အဆင့်များကို ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အခြားထုတ်ကုန် ပစ္စည်းများအတွက် သွင်းကုန်ခွင့်ပြုမိန့် လျှောက်ထားပြီးချိန်တွင် ဆောင်ရွက်ရသည့် အဆင့်များမှာ ရောင်းချရန် ခွင့်ပြုခြင်း၊ တင်သွင်းပြီးနောက် စစ်ဆေးခြင်း/နမူနာပစ္စည်းထုတ်ယူခြင်း စသည်တို့ပဲ ဖြစ်ပါတယ်။

စင်ကာပူ စိုက်ပျိုးရေး စားသောက်ကုန်နှင့် တိရစ္ဆာန် ကျန်းမာရေး အာဏာပိုင် (Agri-Food and Veterinary Authority-AVA) ထံမှာ မှတ်ပုံတင်ထားတဲ့တင်သွင်းသူများကိုသာ ဆင့်တက်ပြုပြင်ထားသည့် စားသောက်ကုန် တင်သွင်းခွင့်ပါမစ် လျှောက်ထားခြင်းကို ခွင့်ပြုထားပါတယ်။ မှတ်ပုံတင်သည့် နံပါတ်ကို AVA ရဲ့ကူးစက်ရောဂါထိန်းချုပ်ရေးနှင့်စစ်ဆေးရေးဌာနမှာ ရရှိနိုင်တယ်လို့ သိရပါတယ်။ သွင်းကုန် ပါမစ်လျှောက်ထားခြင်းမပြုမီ ကြိုတင်ဆောင်ရွက်ဖို့လိုအပ်တဲ့ အချက်တွေကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ်-

- လျှောက်ထားသူ/တင်သွင်းသူဟာ စင်ကာပူနိုင်ငံ၊ ငွေစာရင်းနှင့်အသင်းအဖွဲ့ ဆိုင်ရာဥပဒေပြုရေး အာဏာပိုင်-Accounting and Corporate Regulatory Authority-ACRA တွင် မှတ်ပုံတင်ထားသော ကုမ္ပဏီ (သို့မဟုတ်) စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်ရန်လိုအပ်ပြီး၊ ACRA ထံမှ Unique Entity Number (UEN) တစ်ခုရရှိထားဖို့ လိုအပ်ပါတယ်။
- လျှောက်ထားသူ/တင်သွင်းသူဟာ စင်ကာပူအကောက်ခွန်ထံမှာ အဆိုပါ UEN ကို မှတ်ပုံတင်ရမှာ ဖြစ်ပါတယ်။
- လျှောက်ထားသူ/တင်သွင်းသူဟာ အခကြေးငွေများနှင့်ပါမစ်များအတွက် ငွေပေးချေမှုပြုလုပ်ရန်အတွက် ဘဏ်အချင်းချင်း ပြန်လည်ပေးချေနိုင်သည့် အထွေထွေခွင့်ပြုမိန့် (General Interbank Recurring Order-GIRO) တစ်ခုဖွင့်လှစ်ရန် လိုအပ်ပါတယ်။
- နောက်ဆုံးအဆင့်အနေနဲ့ကတော့ ထပ်ဆောင်းလိုအပ်ချက်များ ရှိ/ မရှိ စစ်ဆေးခြင်း ဖြစ်ပါတယ်။

အဆိုပါကြိုတင်ဖြည့်ဆည်း ဆောင်ရွက်ရန်လိုအပ်ချက်များကို ပြည့်စုံအောင် ဆောင်ရွက်ပြီးချိန်မှာ တင်သွင်းသူတွေအနေနဲ့ စင်ကာပူနိုင်ငံရဲ့ Trade Exchange System မှတစ်ဆင့် သွင်းကုန်ပါမစ်ကို လျှောက်ထားနိုင်ပြီ ဖြစ်ပါတယ်။ လျှောက်ထားရမယ့်ဝက်ဘ်ဆိုဒ် link ကတော့ https://www.tradenet.gov.sg/oratxweb/pfk/PfkMainServlet?pAction=FIRST&pStd=YES&pPortalId=ORATX&pContents=ora/HomeServlet?pTarget=registration ဖြစ်ပါတယ်။ မည်သည့်ကျော်စိန်ဝင်း(ပြည်တွင်း/ပြည်ပ)

သယ်ယူပို့ဆောင်ရေးနည်းလမ်းဖြင့် တင်သွင်းလာသည်ဖြစ်စေ စင်ကာပူနိုင်ငံသို့ တင်သွင်းလာမည့် စားသောက်ကုန် အမျိုးအစား အားလုံးအတွက် သွင်းကုန်ပါမစ်ရယူဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

ထပ်ဆောင်းလို အပ်တဲ့ စာရွက်စာတမ်း အထောက်အထားများကို ပူးတွဲအနေနဲ့ Trade Exchange Systemမှတစ်ဆင့် တင်ပြရမှာဖြစ်ပြီး စင်ကာပူ အကောက်ခွန်နှင့်AVA တို့ထံမှ အတည်ပြုချက်ရရှိပြီးပါက AVA ၏ သွင်းကုန် ခွင့်ပြုမိန့် အဖြစ် ထုတ်ကုန် ရှင်းလင်းခွင့် ပါမစ် (Cargo Clearance Permit-CCP) ကို ထုတ်ပေးမှာ ဖြစ်ပါတယ်။ အဆိုပါ ထုတ်ကုန် ရှင်းလင်းခွင့်ပါမစ်ကို ကုန်ပစ္စည်းများအား နယ်စပ် စစ်ဆေးရေးဂိတ်များနှင့် စစ်ဆေးခြင်းများတွင် ကုန်စည်ရှင်းလင်းရန်အတွက် အသုံးပြုနိုင်မှာဖြစ်ပါတယ်။ စားသောက်ကုန်ပစ္စည်း အမယ်တစ်ခုချင်းစီအတွက် ထုတ်ကုန်လိုင်စင်၊ မှတ်ပုံတင်နံပါတ်နှင့် မှန်ကန်သော Harmonized System (HS)၊ ထုတ်ကုန်ဆိုင်ရာ ရှင်းလင်းဖော်ပြချက် (Product Description)၊ မှန်ကန်သော အရေအတွက်နှင့်အတိုင်းအတာယူနစ်များ၊ မှန်ကန်သော ကုန်တံဆိပ်အမည်နှင့် ပင်ရင်းနိုင်ငံတို့ကို ဖော်ပြပေးရမှာ ဖြစ်ပါတယ်။

စင်ကာပူနိုင်ငံဟာ စားသောက်ကုန်တွေကို ပြည်ပနိုင်ငံများမှ အဓိကဝယ်ယူ တင်သွင်းမှုကို မှီခိုနေရတာဖြစ်တဲ့အတွက် အစားအစာ ဘေးကင်းလုံခြုံမှုနဲ့ အများပြည်သူကျန်းမာရေး လုံခြုံစိတ်ချရမှုတို့အတွက် စားသောက်ကုန်တင်သွင်းမှုဆိုင်ရာ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းတွေကို ကျယ်ကျယ်ပြန့်ပြန့် ပြဋ္ဌာန်းဆောင်ရွက်တာကို လေ့လာတွေ့ရှိရပါတယ်။ မြန်မာနိုင်ငံမှ စင်ကာပူနိုင်ငံသို့ လယ်ယာစိုက်ပျိုးရေးထွက် စားသောက်ကုန်များ တိုးတက်တင်ပို့နိုင်ရေး ဆန္ဒပြုရေးသား တင်ပြလိုက်ရပါတယ်။

Source: Singapore, Food and Agricultural Import Regulations and Standards Narrative, FAIRS Country Report 2017

■

ကချင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနနှင့် မိုးညှင်းခရိုင်အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင် အသင်းအဖွဲများ တွေ့ဆုံဆွေးနွေး

ကချင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးဖေသန်းဝင်းနှင့် အဖွဲ့ဝင်များသည် မိုးညှင်းခရိုင်မှ စီးပွားရေးလုပ်ငန်းရှင် အသင်းအဖွဲ့များဖြစ်သော မိုးမြင့်ကြယ် ပဲပုပ်စိုက်ပျိုးသူများအသင်း၊ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းနှင့် ဆန်စက် လုပ်ငန်းရှင်များအသင်းတို့မှ လုပ်ငန်းရှင် ကိုယ်စားလှယ် ၁၅ ဦးတို့အား တွေ့ဆုံ၍ လုပ်ငန်းရှင်များ လက်ရှိဆောင်ရွက်နေသည့်အခြေအနေ၊ စွေးကွက်ရရှိမှုနှင့် တွေ့ကြုံရသည့် အခက်အခဲများကို မေးမြန်းဆွေးနွေးခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် ပြည်နယ်ဦးစီးမှူးက စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းနှင့် ပြည်တွင်း ကုန်သွယ်မှု ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး ဒုတိယပြည်နယ် ဦးစီးမှူး ဦးစန်းလွင်ဦးက သီးနှံစိုက်ပျိုး ထုတ်လုပ်သူများအနေဖြင့် စွေးကွက်အခိုင်အမာရရှိရေးအတွက် အရည်အသွေးကောင်းမွန်စွာ ထုတ်လုပ်ရေးကိုလည်းကောင်း၊ မိုးမြင့်ကြယ် ပဲပုပ်စိုက်ပျိုးသူများအသင်း ဥက္ကဋ္ဌ ဦးခင်မောင်ကျော်က မိရိုးဖလာစိုက်ပျိုးနေမှုများမှ သိပ္ပံနည်းကျ စိုက်ပျိုးနိုင်ရေး နည်းပညာ ရရှိရေး၊ မျိုးကောင်းမျိုးသန့် ရရှိရေးနှင့် စွေးကွက်ခွဲဝေရရှိမှု အခြေအနေကိုလည်းကောင်း၊ ရော်ဘာစိုက်ပျိုးသူများအသင်း ဦးဇော်ဘောမ်မ ကျွမ်းကျင်လုပ်သားရှားပါးမှုနှင့် စွေးကွက်ဝင်အဆင့်မြင့် ရော်ဘာထုတ်လုပ်မှု နည်းစဉ် ချို့တဲ့မှုကို လည်းကောင်း အကျယ်တဝင့် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်နယ် ဦးစီးမှူးက သီးနှံအရည်အသွေး ကောင်းမွန်မြင့်မားရေးအတွက် ရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ ရော်ဘာ လုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်းတို့ဖြင့် ကုန်သွယ်မှုဖွံ့ဖြိုးရေးလုပ်ငန်းကို ကူညီဆောင်ရွက်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်ဟု သိရသည်။

ဖြူသွယ်လင်း(ကချင်မြေ)

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

အမေရိကန်နိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ တင်ပို့ကုန်စည်များအပေါ် အကောက်ခွန်နှုန်းတိုးမြှင့် သတ်မှတ်မှုနှင့် ပတ်သက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ သဘောထားတုံ့ပြန်ချက်

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၏ ကုန်စည် တန်ဖိုးပေါင်း အမေရိကန်ဒေါ်လာ ၅၀ ဘီလီယံအပေါ် အကောက်ခွန်နှုန်း ၂၅ ရာခိုင်နှုန်း ကောက်ခံမည်ဖြစ်ကြောင်း အိမ်ဖြူတော်မှ ကြေညာချက် ထုတ်ပြန်ပြီးနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးအနေဖြင့် အပြန်အလှန်အားဖြင့် တန်းတူပမာဏနှင့် အတိုင်းအတာအတိုင်း အခွန်ပြန်လည်ကောက်ခံမည့် အစီအမံတစ်ခုအား (Immediate tariff measure) ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ယခင်စီးပွားရေးနှင့် ကုန်သွယ်မှု ရလဒ်များအား အကျိုးသက်ရောက်လိမ့်မည်မဟုတ်ကြောင်း ပြောကြားခဲ့ပါသည်။

အမေရိကန်နိုင်ငံ၏ လှုပ်ရှားမှုများသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ မူဘောင်များအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေပြီး ကုန်သွယ်မှုမိတ်ဖက်နိုင်ငံများအကြား ထိတ်လန့်တုန်လှုပ်ဖွယ်ပရိယာယ်တစ်ခုအား ဖော်ဆောင်နေခြင်းပင်ဖြစ်ကြောင်း ဆန်းစစ်ဝေဖန်သူများမှ ထုတ်ဖော်ပြောကြားခဲ့ပါသည်။

အမေရိကန်နိုင်ငံမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကုန်သွယ်မှုပြုရာတွင် ကုန်သွယ်မှုလို ငွေပြနေသည့်အတွက် တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှာ အမေရိကန်နှင့် မျှတမှုမရှိသော ကုန်သွယ်မှု ဆက်ဆံရေးတစ်ခုအား ကြာရှည်စွာ ဖော်ဆောင်ခဲ့ကြောင်း အိမ်ဖြူတော်မှ စွပ်စွဲပြောဆိုခဲ့ပါသည်။ အကယ်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လက်တုံ့ပြန်သည့် အစီအမံမျိုး ဆောင်ရွက်ခဲ့ပါက အပိုဆောင်း အကောက်အခွန်များ ဆက်လက် ကောက်ခံသွားမည်ဖြစ်ကြောင်းလည်း အိမ်ဖြူတော်မှ ထပ်မံထုတ်ပြန်ခဲ့ပါသည်။

အမေရိကန်နိုင်ငံအနေဖြင့် တစ်သတ်မတ်တည်းမရှိဘဲ အပြောင်းအလဲမြန်ပြီး ကမ္ဘာ့ကုန်သွယ်ရေး ယန္တရားနှင့် နှစ်နိုင်ငံကုန်သွယ်ရေးဆိုင်ရာ အကျိုးအမြတ်များအား ပျက်စီးစေခဲ့သည့်အတွက် ဝမ်းနည်းမိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ Xinhua News Agency အား ထုတ်ဖော် ပြောကြားခဲ့ပါ သည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံအနေဖြင့် မိမိနိုင်ငံနှင့် ပြည်သူများ၏ အကျိုးအမြတ်များအတွက် အကာအကွယ်ပေးရေးဆိုင်ရာ အစီအမံများဖြင့် ပြန်လည် ရင်ဆိုင်မည်ဖြစ်ကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ဒုတိယဝန်ကြီးဟောင်း Wei Jianguo မှ ထိုသို့အကောက်ခွန်နှုန်းများ သတ်မှတ်ခြင်းမှာ အမေရိကန်နိုင်ငံအနေဖြင့်ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့၏ အာဏာပိုင်များအား စိန်ခေါ်နေခြင်းဖြစ်ပြီး ရေရှည်တွင် တရုတ်-အမေရိကန် နှစ်နိုင်ငံအကြား ကုန်သွယ်မှုဆက်ဆံရေးတွင် ပြင်းထန်သော သက်ရောက်မှုများ ရှိလာမည်ဖြစ်ကြောင်း၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံနှင့်အတူ အခြားနိုင်ငံများအားလုံးအတူ လက်တွဲ၍ အမေရိကန်နိုင်ငံ၏ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းလိုကြောင်း စသည်ဖြင့်ပြောကြားခဲ့ပါသည်။

မေဖြိုးသူ
Source: China Daily Newspaper
(16th – 17th June, 2018)

ယူကရိန်းနိုင်ငံအစိုးရက တရုတ်နိုင်ငံ ခေတ်သစ်ပိုးလမ်းမကြီး တည်ဆောက်ရေးလုပ်ငန်းတွင် တက်ကြွစွာ ပူးပေါင်းပါဝင်သွားလိုကြောင်းပြောကြား

ယူကရိန်းနိုင်ငံအနေဖြင့် ခေတ်သစ်ပိုးလမ်းမကြီး တည်ဆောက်ရေးလုပ်ငန်းတွင် တက်ကြွစွာပူးပေါင်း ပါဝင်သွားလိုပြီး တရုတ်နိုင်ငံနှင့် အနာဂတ်ပူးပေါင်းဆောင်ရွက်မှုတွင် ကောင်းမွန်သည့် အလားအလာများစွာ တည်ရှိနေကြောင်း ယူကရိန်းနိုင်ငံ အခြေခံအဆောက်အဦဝန်ကြီးဌာန ဒုတိယဝန်ကြီး Dofgan က ဇူလိုင် ၄ ရက်က ပြောကြားခဲ့သည်။

Dofgan က ဇူလိုင် ၄ ရက်တွင် ကျင်းပပြုလုပ်သည့် တရုတ်-ယူကရိန်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဖိုရမ်တွင် အဆိုပါအကြောင်းအရာ အားပြောကြားခဲ့ခြင်းဖြစ်သည်။ ၎င်းက ခေတ်သစ်ပိုးလမ်းမကြီး မူဘောင်အောက်တွင် နှစ်နိုင်ငံအနေဖြင့် အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများ ဆောင်ရွက်ခြင်းသည် နှစ်နိုင်ငံအတွက် အရေးကြီးဆုံးအရာဖြစ်ကြောင်း၊ ယူကရိန်းနိုင်ငံအနေဖြင့် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်သစ်များကို ရေးဆွဲနေပြီး တရုတ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုများကို ယူကရိန်းနိုင်ငံအခြေခံ အဆောက်အဦ တည်ဆောက်ရေးတွင် ပါဝင်ကြရန် ဖိတ်ခေါ်ကြောင်း ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ နိုင်ငံတကာကုန် သည်ကြီးများ အဖွဲ့ချုပ်ဒုတိယအတွင်းရေးမှူး ကျန်းရိက နှစ်နိုင်ငံစီးပွားရေး အပြန်အလှန် အထောက်အကူပြုစေရန်အတွက် နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာကို ပိုမိုတက်ကြွစွာချိတ်ဆက်သွားရမည်ဖြစ်ကြောင်း၊ ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုကို ပိုမိုနက်ရှိုင်းအောင် ဆောင်ရွက်ပြီး နှစ်နိုင်ငံကုန်သည်များ အကြားဖလှယ်မှုနှင့် ပူးပေါင်းဆောင် ရွက်မှုအတွက် ပိုမိုကောင်းမွန်သည့် Platform တစ်ခုဖော်ဆောင်သွားရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု သတင်းရရှိပါသည်။ **စိုင်းလှိုင်သူ(ပျဉ်းမနား)**

EEC (Eastern Economic Corridor) ၌ ရင်းနှီးမြှုပ်နှံရန် အင်္ဂလန် စိတ်ဝင်စား

လန်ဒန်မြို့တော်ရှိ ASIA HOUSE တွင် အင်္ဂလန်ရင်းနှီးမြှုပ်နှံသူများ အစည်းအဝေးကျင်းပရာ စီးပွားရေးလုပ်ငန်းရှင်ပေါင်း ၂၀ ကျော် ပါဝင်တက်ရောက်ခဲ့ကြောင်း၊ နာမည်ကြီးကုမ္ပဏီများဖြစ်သည့် ARUP, HSBC, KPMG, SHELL, PRUDENTIAL နှင့် WOOD PLC တို့မှပါဝင်ကြောင်း သိရှိရပါသည်။ အဆိုပါအစည်းအဝေးတွင် ထိုင်းနိုင်ငံ၏ Thailand 4.0 စီးပွားရေးအကြောင်း ဆွေးနွေးချက်များအရ ရင်းနှီးမြှုပ်နှံမှု လမ်းသစ်ဖြစ်သည့် တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံများနှင့် ဆက်နွယ်သည့် ထိုင်းနိုင်ငံကို စိတ်ဝင်စားလျက်ရှိ ကြောင်း၊ ထို့အပြင် အင်္ဂလန်သည် နည်းပညာတိုးတက်မှုမြင့်မားသောကြောင့် ထိုင်းနိုင်ငံ၏ အခြေခံ တည်ဆောက်မှုဖွံ့ဖြိုးသော စက်မှုလုပ်ငန်းနှင့် နည်းပညာဝန်ဆောင်မှု တိုးတက်လျက်ရှိသည့် EEC ၌ ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားလျက်ရှိကြောင်း သိရှိရပါသည်။

အဆိုပါအစည်းအဝေးတွင် EEC၏ ဖွဲ့စည်းမှုအသေးစိတ် အချက်အလက်များ၊ SMEs (Small and Medium Enterprise) များအား ထောက်ပံ့မည့်နည်းလမ်းများ၊ ထိုင်းနိုင်ငံအစိုးရ၏ Start Up အကြောင်းများ၊ ထိုင်းနိုင်ငံ၏ စီးပွားရေး ဆက်နွယ်မှုဖြစ်သော ဂျပန်နှင့်တရုတ်နိုင်ငံများကြား မူဝါဒဆိုင်ရာ ကိစ္စရပ်များ စသည်တို့ကို အစည်းအဝေးတက်ရောက်သော စီးပွားရေးလုပ်ငန်းရှင်များ စိတ်ဝင်စားစွာမေးမြန်းခဲ့ကြောင်း၊ ထို့ပြင် ASIA House အဖွဲ့အစည်းမှ EEC သို့ ဇူလိုင်လတွင် လာရောက်လေ့လာမည်ဖြစ်ကြောင်းနှင့် EEC ရုံးသို့ ဆက်သွယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

Source : ထိုင်းဘာသာဖြင့် ထုတ်ဝေသည့် မတ်တိချွန်း သတင်းစာ
သန်းသန်းနိုင်

ရော်ဘာစျေးနှုန်းကျဆင်းမှု ဖြေရှင်းနိုင်ရေး စျေးကွက်အသစ် တိုးချဲ့ရန် ထိုင်းရည်မှန်း

ထိုင်းနိုင်ငံ၊ စိုက်ပျိုးရေးဌာနမှ ထုတ်ကုန်စျေးကွက်သစ် မူဝါဒထုတ်ပြန်နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ ရော်ဘာစျေးနှုန်းကျဆင်းသည့်ပြဿနာကို ဖြေရှင်းနိုင်ရေး စျေးကွက်အသစ်တိုးချဲ့ရန် မျှော်မှန်းချက်ဖြင့် နိုင်ငံပေါင်း ၂၀ မှ ကုန်တင်သွင်းသူလုပ် ငန်းရှင်များအား ရော်ဘာထုတ်သည့် ကရပ်ခရိုင်နှင့် တရန် ခရိုင်များသို့ ကွင်းဆင်းလေ့လာမည့် အစီအစဉ်ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါ သည်။

စိုက်ပျိုးရေးနှင့်စုပေါင်းလုပ်ဆောင်သောအဖွဲ့မှ ဥက္ကဋ္ဌဖြစ်သူ နိုင်းလွတ် ဝိရွက်ကပြောကြားရာတွင် စိုက်ပျိုးရေးဌာနအနေဖြင့် အရေးပေးသော 'ထုတ်ကုန်စျေးကွက်'သည် စျေးကွက် လိုအပ်ချက်အရ စျေးကွက်နှင့်ကိုက်ညီသော ပစ္စည်းထုတ်လုပ်နိုင်ရေး၊ ဝယ်လိုအား စျေးကွက်ရှိရေး၊ စိုက်ပျိုးရေးသမားများ ဝင်ငွေတည်မြဲသည့်အလုပ်အကိုင် ရရှိရေးအတွက် ဇွန် ၂၈ ရက်မှ ၃၀ ရက်အတွင်း ထိုင်းရော်ဘာရောင်းဝယ်မှုတိုးမြှင့်ရေးအစည်းအဝေးကို ကရပ်ခရိုင်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ပြုလုပ်ရခြင်းမှာ ထိုင်းသည် ကမ္ဘာ့အကြီးဆုံး ရော်ဘာ ထုတ်ကုန်နှင့် ရော်ဘာထုတ်ပစ္စည်း အရည်အသွေးအကောင်းဆုံးဖြစ်ကြောင်းကို ဖော်ပြရန်နှင့် ကမ္ဘာ့ရော်ဘာစျေးကွက်အတွင်း ကုန်သည်မိတ်သစ်များရှာရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါအစည်းအဝေး အောင်မြင်ခဲ့ပါက ရော်ဘာကုန်သွယ်မှုတိုးတက်လာပြီး စိုက်ပျိုးရေးသမားများ အကျိုးအမြတ် ပိုမိုရရှိမည့်အပြင် ရော်ဘာစျေးကွက်ကျဆင်းမှုမှ ကာကွယ်နိုင်မည်ဟု မျှော်လင့်ထားကြောင်း၊ ထို့ကြောင့် ၎င်းအစည်းအဝေးသို့ ထိုင်းနိုင်ငံတွင် တာဝန်ထမ်းဆောင်နေသော နိုင်ငံအသီးသီးမှ သံအမတ်များ၊ နိုင်ငံခြားရော်ဘာကုန်သည်များ၊ အထူးသဖြင့် မက်ဆီကို၊ အိန္ဒိယနှင့် အီရန်မှကုန်သည်အသစ်များ၊ အခြားနိုင်ငံပေါင်း ၂၀ မှ ကုန်သည် ၇၀ ဦးပါဝင် တက်ရောက်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ဤအစည်းအဝေးသည် ထိုင်းအစိုးရ၏ မူဝါဒကိုဖော်ပြခြင်းသာမက စိုက်ပျိုးရေးဌာန၏ ရော်ဘာထုတ်လုပ်မှုကုန်ကြမ်း၊ ကုန်ချောများအရည်အသွေးကောင်းစေရန်အတွက် သတ်မှတ်ထားသော စည်းမျဉ်းများကို ဖော်ပြခြင်းဖြစ်ကြောင်း၊ ရော်ဘာပြားထုတ်လုပ်ခြင်း၊ ရော်ဘာတုံးထုတ်လုပ်ခြင်းကို တရန် ခရိုင်သို့ ကွင်းဆင်းလေ့လာစေမည်ဖြစ်ပြီး ဇွန် ၃၀ ရက်တွင် ရော်ဘာစိုက်ပျိုးရေးသမားများနှင့် နိုင်ငံခြား ရော်ဘာကုန်သည်များအကြား Bussiness Matching ပြုလုပ်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ဤအစီအစဉ်ကြောင့် နိုင်ငံခြားရော်ဘာကုန်သည်အသစ်များ၊ ဖောက်သည်နိုင်ငံမှ ကုန်သည်အသစ်များ၏ ယုံကြည်စိတ်ချမှု ပိုမိုတိုးပွားစေမည်ဟု မျှော်လင့်ထားကြောင်း၊ ထိုင်း ရော်ဘာကုန်ကြမ်းအရည်အသွေးမှာ ကောင်းမွန်သည့်အပြင် ကမ္ဘာ့စျေးကွက်နှင့် ကိုက်ညီသော ရော်ဘာကုန်ချောများကိုပါ ထုတ်လုပ်နိုင်မှုကြောင့် ယခုပြုလုပ်သည့် အစည်းအဝေးမှာ ပြည်တွင်းရော်ဘာစျေးကောင်းလာမည့် နည်းလမ်းတစ်ခုဖြစ်သည်ဟု စိုက်ပျိုးရေးနှင့် စုပေါင်းလုပ်ဆောင်သော အဖွဲ့မှ ဥက္ကဋ္ဌဖြစ်သူ နိုင်းလွတ်ဝိရွက်က ပြောဆိုခဲ့ပါသည်။

Source : ထိုင်းဘာသာဖြင့် ထုတ်ဝေသည့် မတ်တိချွန်းသတင်းစာ

သန်းသန်းနိုင်

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အထွေထွေကောင်စီအစည်းအဝေး ကျင်းပ

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အထွေထွေကောင်စီအစည်းအဝေး အား မေ ၈ ရက်တွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၌ ကျင်းပခဲ့ကြောင်း၊ အစည်းအဝေးသို့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ညွှန်ကြားရေးမှူးချုပ် အပါအဝင် အထွေထွေကောင်စီ၏ ဥက္ကဋ္ဌဖြစ်သူ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E Mr.Junichi IHARA နှင့် သက်ဆိုင်ရာကော်မတီနှင့် လုပ်ငန်းအဖွဲ့များ၏ ဥက္ကဋ္ဌများ၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အတွင်းရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အထွေထွေကောင်စီ၏ဥက္ကဋ္ဌက ဆွေးနွေးရာတွင် အထွေထွေ ကောင်စီအစည်းအဝေး၌ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ သက်ဆိုင်ရာ Regular Bodies များ၏ ဥက္ကဋ္ဌများမှ ဆွေးနွေးချက်ရလဒ်များကို အသေးစိတ်တင်ပြသွားမည်ဖြစ်ကြောင်း၊ (၁၁) ကြိမ်မြောက် ဝန်ကြီးအဆင့်ညီလာခံအစည်းအဝေး ဆုံးဖြတ်ချက်များအရ ထပ်မံဆွေးနွေး ညှိနှိုင်းရန် ကျန်ရှိသည့်ကိစ္စရပ်များနှင့် ပတ်သက်၍ ရလဒ်ထွက်ပေါ်လာရေးအတွက် အမြင်ကွဲပြားမှုများကို ဆက်လက် ညှိနှိုင်းဆွေးနွေးရန် လိုအပ်ကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အနေဖြင့် လက်ရှိအချိန်တွင် စိန်ခေါ်မှုများ ကြုံတွေ့လျက်ရှိရာ ယင်းစိန်ခေါ်မှုများကို ပိုင်းဝန်း ဆွေးနွေးအဖြေရှာသွားနိုင်ရေး တိုက်တွန်းလိုကြောင်း၊ (၁၂) ကြိမ်မြောက် ဝန်ကြီးအဆင့် ညီလာခံအစည်းအဝေး အတွက် ကျင်းပမည့် အချိန်နှင့် လက်ခံကျင်းပမည့်နေရာတို့နှင့် ပတ်သက်၍ အဖွဲ့ဝင်နိုင်ငံများအား ဆွေးနွေး အကြံပြုပေးရန် မေလလယ်မှစ၍ ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း၊ ဇူလိုင်လတွင် ကျင်းပမည့် အထွေထွေကောင်စီ အစည်းအဝေး၌ (၁၂) ကြိမ်မြောက် ဝန်ကြီးအဆင့်ညီလာခံ အစည်းအဝေးအတွက် ကျင်းပမည့်အချိန်နှင့် လက်ခံကျင်းပမည့်နေရာတို့ကို ကြေညာသွားနိုင်ရန် ရည်ရွယ်ထားကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က ၂၀၁၇ ခုနှစ်အတွင်း ကမ္ဘာ့ကုန်သွယ်မှုမှာ ပိုမိုတိုးတက်လာခဲ့ပြီး ၂၀၁၈ ခုနှစ်အတွက် ကမ္ဘာ့ကုန်သွယ်မှုအခြေအနေမှာလည်း ဆက်လက် အားကောင်းမည်ဟု ခန့်မှန်းထားကြောင်း၊ သို့ရာတွင် အဖွဲ့ဝင် နိုင်ငံများအကြား ကုန်သွယ်မှုဆိုင်ရာ သဘောထားများ တင်းမာလျက်ရှိသည့် အပြင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ လစ်လပ်လျက်ရှိသော Appellate Body အဖွဲ့ဝင်နေရာများအတွက် ခန့်အပ်နိုင်ခြင်း မရှိသေးကြောင်း၊ Appellate Body အဖွဲ့ဝင်စုစုပေါင်း ခုနစ်နေရာရှိရာတွင် သုံးနေရာမှာ လစ်လပ်လျက်ရှိပြီး ခန့်အပ်နိုင်ခြင်းမရှိသေးသဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုဆိုင်ရာ အငြင်းပွားမှု ဖြေရှင်းခြင်း လုပ်ငန်းစဉ်များမှာ နှောင့်နှေးလျက်ရှိကြောင်း၊ Appellate Body အဖွဲ့ဝင် ခန့်အပ်နိုင်ရေးကိစ္စနှင့်ပတ်သက်၍ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံမှ Block ပြုလုပ်ထားကြောင်း၊ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ နိုင်ငံစုံကုန်သွယ်မှုစနစ်အား အကျပ်အတည်းဖြစ်စေသည့် ကိစ္စရပ်များအား ဆက်လက် ဖိအားပေးနေမည်ဆိုပါက ကမ္ဘာ့ကုန်သွယ်မှုအပေါ် ထိခိုက်လာနိုင်ကြောင်း၊ ထို့အပြင် ကုန်သွယ်မှုကို အကန့်အသတ်ဖြစ်ပေါ်စေသော မူဝါဒများ ချမှတ်ကျင့်သုံးမှုမပြုရန် အကြံပြုတိုက်တွန်းလိုကြောင်း၊ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ရင်ဆိုင်နေရသော စိန်ခေါ်မှုများအား အပြုသဘောဆောင်ကာ ပေါင်းစပ်ညှိနှိုင်းအဖြေရှာသွားနိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တရုတ် WTO အဖွဲ့ရုံး၏ အမြဲတမ်းကိုယ်စားလှယ် H.E. Mr.ZHANG Xiangchen က Appellate Body အဖွဲ့ဝင်ခန့်အပ်နိုင်ရေးကိစ္စနှင့် ပတ်သက်၍ အမေရိကန်ပြည်ထောင်စုမှ Block ပြုလုပ်ထားမှု၊ အမေရိကန်ပြည်ထောင်စုမှ သံမဏိနှင့် အလူမီနီယံသွင်းကုန်အပေါ် အကောက်ခွန်တိုးမြှင့်ကောက်ခံရန် ဆုံးဖြတ်ချက်အား ၎င်းတို့၏ Trade Expansion Act တွင်ပါရှိသော Section (232) အရ စုံစမ်းစစ်ဆေးကာ အပြီးသတ် ဆုံးဖြတ်ချက်ချမှတ်ခဲ့မှုနှင့် အမေရိကန်ပြည်ထောင်စုမှ ၎င်းတို့၏ Trade Act (1974) တွင်ပါရှိသော Section (301) အရ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေမှုအခြေအနေများနှင့်ပတ်သက်၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ စည်းမျဉ်းများနှင့်ကိုက်ညီမှုမရှိဘဲ အမေရိကန်ပြည်ထောင်စုအနေဖြင့် ၎င်း၏ကိုယ်ကျိုးစီးပွားအတွက် အကာအကွယ်ပေးရန် တစ်ဖက်သတ် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ အမေရိကန် ပြည်ထောင်စုမှ ပြန်လည်စဉ်းစားသုံးသပ်ပေးစေလိုကြောင်း တရုတ်နိုင်ငံမှ စတင်ဆွေးနွေးခဲ့သည်။

တရုတ်နိုင်ငံ၏ ဆွေးနွေးချက်များနှင့် ပတ်သက်၍ ဥရောပသမဂ္ဂ၊ ရုရှား၊ ဂျပန်၊ ဗင်နီဇွဲလား၊ ဘရာဇီး၊ နယူးဇီလန်၊ တူရကီ၊ တောင်ကိုရီးယား၊ ဟောင်ကောင်၊ စင်ကာပူ၊ ထိုင်း၊ ပါကစ္စတန်၊ နော်ဝေ၊ ဩစတြေးလျ၊ အိန္ဒိယ၊ အယ်လ်ဆာဗေဒို၊ ဆွစ်ဇာလန်၊ ပါရာဂွေး၊ ဂွါတီမာလာ၊ ကာဇက်စတန်၊ မက္ကဆီကို၊ ဗင်နီဇွဲလား၊ မော်လဒိုက်၊ ကမ္ဘောဒီးယား၊ အမေရိကန်ပြည်ထောင်စု၊ တန်ဇန်နီးယား၊ ယူဂန်ဒါ၊ မြန်မာ စသော အဖွဲ့ဝင်နိုင်ငံများမှ ၎င်းတို့၏ အမြင်များကို ထုတ်ဖော် ဆွေးနွေးခဲ့ကြသည်။

အမေရိကန် WTO အဖွဲ့ရုံး အမြဲတမ်းကိုယ်စားလှယ်က တရုတ်နိုင်ငံ၏ ဆွေးနွေးချက်များနှင့် ပတ်သက်၍ ပြန်လည်တုံ့ပြန် ဖြေရှင်းဆွေးနွေးခဲ့ရာတွင် တရုတ်နိုင်ငံဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ နိုင်ငံစုံကုန်သွယ်မှုစနစ်ကို ဒိုင်းသဖွယ် အသုံးပြုကာ ယင်း၏ အကျိုးစီးပွားများ ဖွံ့ဖြိုးတိုးတက်လာရေးကို ဆောင်ရွက်နေကြောင်း၊ အထူးသဖြင့် နည်းပညာနှင့် မူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များတွင် ၎င်းတို့ ပြည်တွင်း၏ အကျိုးစီးပွားအတွက် ချမှတ်သော မူဝါဒများမှာ တရား မျှတမှုမရှိကြောင်း၊ အမေရိကန်ပြည်ထောင်စုအနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ နိုင်ငံစုံကုန်သွယ်မှုစနစ်ကို အထင်သေးရှုတ်ချခြင်းမရှိကြောင်း စသောအချက်များ ပါဝင် ဆွေးနွေးခဲ့ကြသည်။

အထွေထွေ ကောင်စီအစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံများအကြား လက်ရှိဖြစ်ပေါ်နေသော ကုန်သွယ်မှုဆိုင်ရာ သဘောထား တင်းမာမှုများနှင့် ပတ်သက်၍ လည်းကောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ နိုင်ငံစုံစနစ် ဆက်လက်ရှင်သန်ခိုင်မာရေးနှင့်ပတ်သက်၍ ကိုယ်စားလှယ် ၅၁ ဦးမှ Statement များထုတ်ပြန် ဆွေးနွေးခဲ့ကြောင်း၊ ယင်းအစည်းအဝေးတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ နိုင်ငံစုံ ကုန်သွယ်မှုစနစ်အား ဆက်လက်ခိုင်မာ အားကောင်းစေရေးနှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ Appellate Body တွင် လစ်လပ်လျက်ရှိသော အဖွဲ့ဝင်များ အမြန်ဆုံးခန့်ထားရေးတို့နှင့် ပတ်သက်၍ တိုက်တွန်းသည့် အချက်များပါသော Statement ကို ဖွံ့ဖြိုးဆဲ အဖွဲ့ဝင် ၄၁ နိုင်ငံကိုယ်စား ဆွစ်ဇာလန်အမြဲတမ်း ကိုယ်စားလှယ်က ပြောကြားသွားခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ နိုင်ငံစုံကုန်သွယ်မှုစနစ်အား အစဉ်တစိုက်ထောက်ခံခဲ့ရာ အဆိုပါ Statement တွင် Co-sponsor အနေဖြင့် ပါဝင်ထောက်ခံခဲ့ကြောင်း သိရပါသည်။

ညီညီအောင်၊ (WTO သံမှူး)
ဂျီနီဗာမြို့

ကုန်သွယ်မှုလိုငွေကြွာဟချက်ပြည့်ဆည်းနိုင်ရန်အတွက် အိန္ဒိယသကြားကုန်ကြမ်းများ တင်သွင်းရန် တရုတ်တံခါးပွင့်

ဆယ်စုနှစ်တစ်ခုနီးပါး ကြာမြင့်ခဲ့ပြီးနောက် များမကြာမီကာလတွင် အိန္ဒိယသည်သကြားကုန်ကြမ်းတန်ချိန် တစ်သန်းမှ ၁ ဒသမ ၅ သန်း၀န်းကျင်ကို တရုတ်နိုင်ငံသို့တင်ပို့တော့မည်ဖြစ်ကာ တရုတ်ဘက်မှ တရားဝင်ကြေညာချက်ကို စောင့်ဆိုင်းနေကြောင်း သိရှိရပါသည်။

အိန္ဒိယသကြားပို့ကုန်အတွက် တရုတ်နိုင်ငံတွင် အခွန် ၅၀ ရာခိုင်နှုန်း ကောက်ခံမည်ဖြစ်သော်လည်း တရုတ်နိုင်ငံရှိ သကြားစျေးနှုန်းနှင့်နှိုင်းယှဉ်ပါက လုပ်သာကိုင်သာရှိနေသေးသည့် အခြေအနေဖြစ်ကြောင်း သိရှိရပါသည်။

၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် အိန္ဒိယမှ တရုတ်သို့ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၃ ဘီလီယံသာ တင်ပို့နိုင်ခဲ့ပြီး တရုတ်မှ အိန္ဒိယသို့အမေရိကန်ဒေါ်လာ ၇၆ ဒသမ ၂ ဘီလီယံ ခန့်ထိ တင်ပို့နိုင်ခဲ့ကြောင်း၊ သို့ဖြစ်၍ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့အကြား ဖြစ်ပေါ်နေသည့် ကုန်သွယ်မှုလိုငွေ ဘီလီယံ ၆၀ အား လျော့ချနိုင်စေရန်အတွက် အိန္ဒိယဝန်ကြီးချုပ်၏ တရုတ်ခရီးစဉ်အပြီး ပထမဆုံးအနေဖြင့် အိန္ဒိယနိုင်ငံမှ ဘာစမာတီအမျိုးအစားမဟုတ်သည့် ဆန်များကို တရုတ်က တင်သွင်းခွင့်ပြုခဲ့ပြီး သကြားကုန်ကြမ်းသည် ဒုတိယမြောက် တင်သွင်း ခွင့်ပြုသည့် ကုန်စည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှု လိုငွေကွာဟချက်မညီမျှမှုကို ဖြေရှင်းရန်အတွက် တရုတ်နှင့် အိန္ဒိယတို့အကြား ကတိကဝတ်အမြောက်အများပြုထားကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသည် ပြည်တွင်းလိုအပ်ချက်ပြည့်မီရန်အတွက် သကြားတန်ချိန် ၁ ဒသမ ၅သန်းမှ နှစ်သန်းအထိ နှစ်စဉ်တင်သွင်းရလေ့ရှိရာ တရုတ်နိုင်ငံဘက်မှ မကြာမီထုတ် ပြန်မည့် သကြားတင်သွင်းခွင့်မူဝါဒသစ်ကို အိန္ဒိယသကြား လုပ်ငန်းရှင်များက စိတ်အားထက်သန်စွာ စောင့်ဆိုင်းနေကြကြောင်း၊ အိန္ဒိယအနေဖြင့် တရုတ်သို့ ကုန်ကြမ်းသကြား (Raw Sugar) များကို သာတင်ပို့မည်ဖြစ်ကာ ပထမဆုံးသင်္ဘော တင်ပို့မှုကို အောက်တိုဘာလ လယ်ပိုင်းလောက်တွင် စတင် ဆောင်ရွက်ဖွယ်ရှိကြောင်း၊ တရုတ်နိုင်ငံသည် အလွတ်သဘော တင်သွင်းမှုများအပါအဝင် တောင်အာရှနိုင်ငံများထံမှ သကြားတန်ချိန်နှစ်သန်းကျော်အထိ တင်သွင်းနိုင် သည့် အနေအထားရှိကြောင်း၊ အိန္ဒိယ၌လက်ရှိတွင် သကြားစျေးနှုန်းမှာ တစ်ကီလိုလျှင် ၂၉ ရူပီးမှ ၃၅ ရူပီးဝန်းကျင် သာရှိသော်လည်း တရုတ်နိုင်ငံတွင်မူ သကြားတစ်ကီလိုလျှင် ရူပီး ၉၀ မှ ရူပီး ၁၀၀ ကြားတွင်ရှိနေကြောင်း၊ အိန္ဒိယမှ တရုတ်သို့ သကြား တင်ပို့ရာတွင် Maharashtra ပြည်နယ်ရှိ သကြားစက်များသည်ပို၍အားသာချက်ရှိကြောင်း၊ တရုတ်သို့ သကြားတင်ပို့ရာ၌ အိန္ဒိယသည် ထုတ်လုပ်မှုကုန်ကျစရိတ် ပိုနည်းသည့် ထိုင်း၊ ဘရာဇီးတို့နှင့် အပြိုင် တင်ပို့ရမည်ဖြစ်ကြောင်း သိရှိရပါသည်။

ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး
မြန်မာသံရုံး၊ နယူးဒေလီမြို့

အိန္ဒိယ၌ မုတ်သုံမိုးနည်းပါးသည့်အတွက် နွေသီးနှံစိုက်ပျိုးမှုဧက လျော့ကျ

စိုက်ပျိုးရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အချက်အလက်များအရ ယခုနှစ် ရာသီတွင် မုတ်သုံမိုးလျော့နည်းခြင်းကြောင့် ဇွန်လ ၂၂ ရက်အထိ စိုက်ပျိုးပြီးစီးသည့် Kharif သီးနှံဟက်တာ ၁၁ ဒသမ ၅၉ သန်းရှိခဲ့ပြီး ယခင်နှစ် အလားတူကာလအောက် ၉ ဒသမ ၇ ရာခိုင်နှုန်း လျော့နည်းလျက်ရှိကြောင်း၊ ပြီးခဲ့သည့်နှစ် အလားတူ ကာလ တွင် ဟက်တာဧက ၁၂ ဒသမ ၈၃ သန်းထိ စိုက်ပျိုးပြီးစီးခဲ့ကြောင်း၊ အိန္ဒိယ မိုးလေဝသ ဦးစီးဌာနက ထုတ်ပြန်ထားသည့် အချက်အလက်များအရ ဇွန် ၂၂ ရက်ထိ နိုင်ငံတစ်ဝန်းရရှိထားသည့် မိုးရေချိန်မှာ ပုံမှန်မိုးရေချိန်အောက် ၁၀ ရာခိုင်နှုန်းခန့် လျော့နည်းနေကြောင်း သိရှိရပါသည်။

Kharif သီးနှံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် စိုက်ပျိုးရေးဝန်ကြီးဌာန၏ အချက်အလက်များအရ ဆီထွက်သီးနှံစိုက်ဟက်တာဧကမှာ ဇွန် ၂၂ ရက်တွင် သုညဒသမ ၅ သန်းသာရှိခဲ့ပြီး ယခင်နှစ် အလားတူကာလတွင် သုညဒသမ ၉၉ သန်း ရှိခဲ့ကြောင်း၊ အဓိကဆီထွက်သီးနှံများဖြစ်သည့် မြေပဲနှင့် ပဲပုပ်စိုက်ဧကများမှာ သိသိသာသာ လျော့ကျ ခဲ့ကြောင်း၊ အိန္ဒိယ၌ ဆီထွက်သီးနှံ အဓိကစိုက်ပျိုးသည့် ပြည်နယ်များမှာ Madhya Pradesh i Maha-rashtra နှင့် Gujarat ပြည်နယ်တို့ဖြစ်ကြောင်း သိရှိရပါသည်။

ထို့မျှသာမက ယခုနှစ်တွင် အိန္ဒိယ၌ ဝါစိုက်ပျိုးသည့် ဧကမှာလည်း လျော့ကျခဲ့ပြီး ယခင်နှစ် တွင် ဟက်တာဧက ၂ ဒသမ ၄၇ သန်း ရှိခဲ့ရာမှ ယခုနှစ်တွင် ၂ ဒသမ ၀၆ သန်းသာ ရှိခဲ့ကြောင်း၊ အလားတူပင် ပဲစိုက်ဧကမှာလည်း ကျဆင်းလျက်ရှိပြီး၊ ယခင်နှစ်တွင် ဟက်တာဧက သုညဒသမ ၇၈ သန်း ရှိခဲ့ရာမှ ယခုနှစ်တွင် သုညဒသမ ၅၉ သန်း သာရှိခဲ့ကြောင်း စပါးနှင့် နှံစားပြောင်းသီးနှံ စိုက်ပျိုးပြီးစီးသည့် ဧကများလည်း အနည်းငယ် လျော့ကျခဲ့ကြောင်း၊ ဇွန် ၂၂ ရက်ထိ စပါးစိုက်ပျိုးပြီးစီးသည့် ဧကများလည်း အနည်းငယ် လျော့ကျခဲ့ကြောင်း ဇွန် ၂၂ ရက်ထိ စပါးစိုက်ပျိုးပြီးစီးသည့် ဧကပေါင်း ၁ ဒသမ ၀၇ သန်းရှိခဲ့ရာ ယခင်နှစ် အောက် ၄ ဒသမ ၄၇ ရာခိုင်နှုန်းခန့် လျော့နည်းလျက်ရှိကြောင်း၊ နှံစားပြောင်း စိုက်ဧကမှာလည်း ၁ ဒသမ ၆၇ သန်း ဟက်တာ ဧကသို့ လျော့နည်း ကျဆင်းခဲ့ကြောင်း သိရှိရပါသည်။ သို့ရာတွင် ယခုနှစ် ရာသီတွင် အိန္ဒိယ၌ ကြဲစိုက်ဧကများတိုးလာသည်ကို တွေ့ရှိရပြီး ယခင်နှစ်အလားတူ ၌ စိုက်ပျိုးပြီးစီးသည့် ဟက်တာဧကမှာ ၄ ဒသမ ၉၄ သန်းသာရှိခဲ့သော်လည်း ယခုနှစ်တွင် ၅ သန်းအထိ ရှိလာခဲ့ပြီး ယခင်ထက် ၁ ဒသမ ၀၇ ရာခိုင်နှုန်း တိုးလာကြောင်း သိရှိရပါသည်။

ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး
မြန်မာသံရုံး၊ နယူးဒေလီမြို့

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

C B BANK

" ကုန်သွယ်ရေးလုပ်ငန်းရှင်ကြီးများအား သတင်းကောင်းလေးတစ်ခုပါးပါရစေ "

လူကြီးမင်းအနေဖြင့် အောက်ပါအချက်အလက်များကို စဉ်းစားနေပါသလား။

- လူကြီးမင်းတို့၏ ဝယ်လိုအားတိုးမြင့်လိုခြင်း။
- ကုန်ပစ္စည်းမှာယူမှုများတွင် ရောင်းချသူနှင့် ဝယ်ယူသူများအကြား ကုန်သွယ်ရေးလုပ်ငန်းများ တိုးချဲ့လိုခြင်း။
- သွင်းကုန်/ထုတ်ကုန်လုပ်ငန်းနှင့် ပတ်သက်သော ငွေကြေးဆိုင်ရာကိစ္စရပ်များအား ပံ့ပိုးပေးခြင်း။
- ကုန်ပစ္စည်းမှာယူတင်သွင်းမှုအပေါ် (၁၀၀%) အထိ ငွေကြေးထောက်ပံ့မှု ဆောင်ရွက်ပေးခြင်း။
- နိုင်ငံခြားငွေလဲလှယ်ရာတွင် မဆုံးရှုံးအောင် ဆောင်ရွက်လိုခြင်း။

လူကြီးမင်းတို့အနေဖြင့် Trade Finance နှင့်ပတ်သတ်ပြီး ဆွေးနွေးတိုင်ပင်ခြင်းနှင့် LC, Export TT, Documentary Collections and TT အစရှိတဲ့နိုင်ငံတကာ ငွေပေးချေမှု စံနှုန်းနှင့်အညီ အဆင်ပြေ ချောမွေ့စွာ ဆောင်ရွက်လိုပါက CB Bank ၏ STU Team နဲ့ဆက်သွယ်လိုက်ပါ။

Contact Us : (95-1) 2317698, (95-9) 261997208
www.cbbank.com.mm
STU@cbbank.com.mm

Myanma Solar Rays Co., Ltd.

Solar Rays Singapore Pte. Ltd.

6.6 kV / 11 kV / 33 kV / 400V Line and Aluminium Insulated Cable နှင့်

ဆက်စပ်ပစ္စည်းများကို တစ်နေရာတည်းတွင်စုံလင်စွာ ရရှိနိုင်ပါသည်။

Solar Rays Electrical Trading
Solar Rays Singapore Pte. Ltd.

Right Star Electric Store

TQSI Co., Ltd.

A5 Electrical Engineering
Control Panel & Cubical Production

Yangon

Office(1)	:	No.52/54, Parami Rd., Hlaing Tsp., Yangon, Myanmar.
Ph & Fax	:	(+951) 521101, 522618, 651898, 663686, 666164.
Hp	:	09 - 502 8712, 09 - 503 7809, 09 - 430 33226.
Office(2)	:	No.496/7, Bayintnaung Rd., 26th Qtr., South Dagon Tsp., Yangon, Myanmar
Ph & Fax	:	(+951) 595002, 8100309.
Hp	:	09 - 861 6930, 09 - 4210 69847.
Engineering	:	No.(2/6-9), Thamine Railways Station Road, Mayangone Tsp., Yangon, Myanmar.
Ph	:	09 - 730 14889, 09 - 731 48776, 09 - 431 57954.
Pyay Branch	:	Room No.6 (Ground Floor), Pyay Railways Station Apartment, Beside Of Yangon-Pyay Road, Pyay, Myanmar.
Ph & Fax	:	053 - 25518, 09 - 517 7209.

E-Mail : sr@solarrayselectricaltrading.com.mm, solarrays2004@gmail.com
Website : www.myanmarsolarrays.com, www.solarrayselectricaltrading.com

COMMERCE INTERNATIONAL

တရုတ်နိုင်ငံအပေါ် အကောက်ခွန်တိုးမြှင့်ကောက်ခံရန် ထရမ့်အတည်ပြု

တရုတ် သွင်းကုန်များအား အခွန် တိုးမြှင့်ကောက်ခံမှုကို ဇူလိုင် ၆ ရက်မှစ၍ ဆောင်ရွက်မည်ဖြစ်ကြောင်း နှင့် ကမ္ဘာပေါ်ရှိ အကြီးမားဆုံးစီးပွားရေးနှစ်ခုအကြား ကုန်သွယ်ရေးစစ်ပွဲကို ပြင်းထန်စွာတိုးမြှင့်သွားရန်ပြင်ဆင်ထားကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဇူလိုင် ၅ ရက်က ပြတ်သားစွာပြောကြားခဲ့သည်။

အမေရိကန်ဒေါ်လာ ၃၄ ဘီလီယံတန်ဖိုးရှိ တရုတ်သွင်းကုန်များအား ဇူလိုင် ၆ ရက် အရှေ့တိုင်းစံတော်ချိန် ၁၂ နာရီ ၁ မိနစ်မှစတင်၍ ကောက်ခံသွားမည်ဖြစ်ကြောင်း အေပီသတင်းတစ်ရပ်တွင် ဖော်ပြသည်။ ယခုဆောင်ရွက်မှုသည် အခွန်တိုးမြှင့်မှုကို ဆက်တိုက်ဆောင်ရွက်သွားမည့် အစီအစဉ်များအနက် ပထမခြေလှမ်းဖြစ်ကြောင်း သိရသည်။ တရုတ်နိုင်ငံကလည်း ပမာဏတူညီသော အမေရိကန် ကုန်ပစ္စည်းများအား လက်တုံ့ပြန်၍ အခွန်ကောက်ခံသွားမည်ဖြစ်ကြောင်း ကတိပြုသည်။

ထရမ့်သည်မွန်တာနာဒေသသို့ မဲဆွယ်ခရီးစဉ်အဖြစ် သွားရောက်လျက်ရှိရာ ယင်းခရီးစဉ်အတွင်း ကုန်သွယ်ရေးစစ်ပွဲနှင့်ပတ်သက်၍ ဇူလိုင် ၅ ရက်က သတင်းထောက်များနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့ခြင်းဖြစ်သည်။ အမေရိကန်ဒေါ်လာ ၁၆ ဘီလီယံတန်ဖိုးရှိ တရုတ်ကုန်စည်များအပေါ် တွင် အခွန်ထပ်မံတိုးမြှင့်ကောက်ခံရန် စီစဉ်ထားရှိပြီး လာမည့်ရက်သတ္တနှစ်ပတ်အတွင်း စတင်ဆောင်ရွက်နိုင်ဖွယ်ရှိကြောင်း သမ္မတကပြောသည်။

ထိုသို့ဆောင်ရွက်ပြီးနောက်ပိုင်းတွင် ရန်လိုမှုများပိုမိုပြင်းထန်လာနိုင်သည်။ ထို့ကြောင့်နောက်ထပ်အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀၀ ဖိုးရှိ တရုတ်သွင်းကုန်များအပေါ်တွင် ဆက်လက် တိုးမြှင့်သွားမည်ဖြစ်ကြောင်း ထရမ့်က ပြောသည်။ အကယ်၍ တရုတ်နိုင်ငံကလက်မလျှော့သေးပါက နောက်ထပ် အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀၀ ကို ကောက်ခံပြီး ဆက်လက်တုံ့ပြန်သွားမည်ဟုဆိုသည်။

ဤအခြေအနေသို့ရောက်ရှိမည်ဆိုပါက စုစုပေါင်းပစ်မှတ်ထားခြင်းခံရသော တရုတ်ကုန်ပစ္စည်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ဘီလီယံ ၅၅၀ အထိရှိလာနိုင်သည်။ ယခင်နှစ်က အမေရိကန်ပြည်ထောင်စုမှ တရုတ်နိုင်ငံသို့တင်ပို့သော အမေရိကန် ကုန်ပစ္စည်းတန် ဖိုး အမေရိကန်ဒေါ်လာ ၅၀၆ ဘီလီယံထက်ပိုလာနိုင်သည်။

တရုတ်တို့သည် အမေရိကန်ပြည်ထောင်စု၏ နည်းပညာလွှမ်းမိုးမှုကို ကျော်တက်နိုင်ရန်အတွက် ဂုတ်သွေးစုပ်သည့် နည်းပရိယာယ်များကို အသုံးပြုနေကြောင်း ထရမ့်၏အစိုးရအဖွဲ့ကပြောသည်။ ဤကဲ့သို့ အသုံးပြုသော နည်းပရိယာယ်များတွင်ဆိုက်ဘာခိုးယူမှုတို့ပါဝင်သကဲ့သို့ တရုတ်စျေးကွက်အတွင်းသို့ ဝင်ရောက်နိုင်သည့် အခွင့်အလမ်းအတွက် အလဲအလှယ်အဖြစ် အမေရိကန်ကုမ္ပဏီများက တရုတ်ကုမ္ပဏီများအား အမေရိကန် နည်းပညာလွှဲပြောင်းပေးရန် ဖိအားပေးခဲ့ကြောင်း သိရသည်။

အိန္ဒိယစျေးကွက်သို့ တောင်ကိုရီးယားကုမ္ပဏီများ ပို့ကုန်အမယ် ဖြန့်ကြက်တင်ပို့

အာရှတွင် တတိယအကြီးမားဆုံးစီးပွားရေးဖြစ်သော အိန္ဒိယနိုင်ငံ စျေးကွက်အတွင်းသို့ နက်ရှိုင်းစွာထိုးဖောက် ဝင်ရောက်နိုင်ရေးအတွက် ပို့ကုန်အမယ်များကို ဖြန့်ကြက်ဆောင်ရွက်သွားရန် တောင်ကိုရီးယားကုမ္ပဏီတို့က အစွမ်းကုန် ကြိုးပမ်းလျက်ရှိကြောင်း လုပ်ငန်းကဏ္ဍဆိုင်ရာသတင်းရင်းမြစ်များက ဇူလိုင် ၆ ရက်တွင်ပြောကြားသည်ကို ဟွန်းဟပ်သတင်း၌ ဖော်ပြသည်။

လက်ရှိအချိန်ထိ တောင်ကိုရီးယားကုမ္ပဏီများသည် မော်တော်ကား၊ ဓာတုပစ္စည်း၊ အီလက်ထရွန်းနစ်၊ သံမဏိနှင့် စက်ယန္တရား စသည့်ကုန်ပစ္စည်းများကို အလေးပေးတင်ပို့လျက်ရှိသည်။ သို့သော်လည်း မကြာသေးမီက ဖွံ့ဖြိုးမှုအလားအလာကြီးမားလျက်ရှိသော အိန္ဒိယနိုင်ငံတွင် ဖွံ့ဖြိုးရေးအင်ဂျင်သစ်ဖော်ထုတ်ရေး မဟာဗျူဟာတစ်ရပ်ကို တောင်ကိုရီးယားနိုင်ငံက တွန်းအားပေးဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဦးဆောင်ဦးရွက်ပြုလျက်ရှိသော လုပ်ငန်းများမှာ တောင်ကိုရီးယားအစားအစာကုမ္ပဏီများနှင့် သစ်သီးစိုက်ပျိုးသူများဖြစ်ကြသည်။ ယင်းကုမ္ပဏီကြီးများသည် လူဦးရေ ၁ ဒသမ ၃ ဘီလီယံရှိပြီး တရုတ်နိုင်ငံပြီးလျှင် ကမ္ဘာတွင် လူဦးရေ ဒုတိယအများဆုံးဖြစ်သော အိန္ဒိယနိုင်ငံရှိ လျင်မြန်စွာကြီးထွားနေသော စီးပွားရေးသစ်မှ ဝင်ငွေရင်းမြစ်သစ်များကို ဖော်ထုတ်ရန်ကြိုးပမ်းလျက်ရှိသည်။

တောင်ကိုရီးယား၌ ဒုတိယအကြီးမားဆုံး ခေါက်ဆွဲကုမ္ပဏီဖြစ်သည့် အိုတိုဂီသည် ယခုနှစ်မတ်လတွင် Ramyeon ဟုခေါ်သော အသင့်စားခေါက်ဆွဲထုတ်လုပ်ပြီး အိန္ဒိယနိုင်ငံသို့ ခေါက်ဆွဲများကို တင်ပို့ခဲ့သည်။ ကုမ္ပဏီက အဓိကရည်မှန်းချက်ထားသော စားသုံးသူများမှာ အိန္ဒိယလူဦးရေ၏ သုံးပုံတစ်ပုံနီးပါးရှိသော သက်သက်လွတ်စားသုံးသူများဖြစ်သည်။

လွန်ခဲ့သောနှစ်ပေါင်းများစွာက တည်းကပင် တောင်ကိုရီးယားအသင့်စားခေါက်ဆွဲ ထုတ်လုပ်သူတို့က အိန္ဒိယစျေးကွက်အတွင်း ထိုးဖောက်ဝင်ရောက်ရန် ကြိုးပမ်းခဲ့သည်။ သို့သော် ကုန်အမှတ်တံဆိပ်ဆိုင်ရာ စည်းမျဉ်းဥပဒေများအပါအဝင် အခြားသောစည်းမျဉ်းဥပဒေပြဋ္ဌာန်းချက်များကြောင့်အောင်မြင်မှုမရခဲ့ပေ။

သို့သော်လည်း အိုတိုဂီသည် အိန္ဒိယတို့ကြိုက်တတ်သည့် အရသာနှင့် နိုင်ငံအတွင်း ကျင့်သုံးနေသော အစားအစာဥပဒေများကို ၂၀၁၆ ခုနှစ်မှစတင်ကာ စစ်တမ်းများကောက်ယူခဲ့သည်။ နောက်ဆုံးတွင် Ramyeon ခေါက်ဆွဲအတွက် လိုအပ်သော အစားအစာ ဘေးကင်းလုံခြုံမှုအသိအမှတ်ပြုလက်မှတ်ကို အိန္ဒိယနိုင်ငံ အစားအစာ ကြီးကြပ်ရေးအဖွဲ့မှရယူနိုင်ခဲ့သည်။

ယခုအခါခေါက်ဆွဲများကို နယူးဒေလီနှင့် မွမ်ဘိုင်းရှိစတိုးဆိုင်ကြီးများတွင်သာမက အိန္ဒိယလူမျိုးတို့အလာများသော စားသောက်ဆိုင်များတွင်ပါရောင်းချလျက်ရှိကြောင်း အိုတိုဂီကပြောသည်။အိန္ဒိယနိုင်ငံ၏ အသင့်စားခေါက်ဆွဲစျေးကွက်သည် ၂၀၂၀ ပြည့်နှစ်တွင် ဝမ်တစ်ထရီလီယံ (အမေရိကန်ဒေါ်လာ သန်း ၈၉၀) အထိ မြင့်တက်လာမည်ဖြစ်ရာ အိုတိုဂီက ထိုနှစ်တွင် ဝမ် ၁၀ ဘီလီယံဖိုးအထိ တင်ပို့နိုင်မည်ဟု ကုမ္ပဏီက ခန့်မှန်းထားကြောင်း သိရသည်။

ယခုနှစ် ပထမနှစ်ဝက်တွင် ဗီယက်နမ် ဆန်တင်ပို့မှုမြင့်တက်

ယခုနှစ် ပထမခြောက်လတွင် ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှုသည် ထူးထူးခြားခြား မြင့်တက်ခဲ့ပြီး နှစ်အလိုက် နှိုင်းယှဉ်ပါက ပမာဏအား ဖြင့် ၂၄ ဒသမ ၆ ရာခိုင်နှုန်းနှင့် တန်ဖိုးအားဖြင့် ၄၂ ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း ဗီယက်နမ်ဝက်ဘ် ဆိုက်သတင်းတွင်ဖော်ပြသည်။

ဇွန်လတစ်လထဲမှာပင် ဗီယက်နမ်နိုင်ငံသည် ပြည်ပသို့ဆန်တန်ချိန် ၆၀၄၀၀၀ တင်ပို့ခဲ့ရာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃၁၇ သန်းရခဲ့သည်။ ဗီယက်နမ်ဆန်၏ ရောင်းစျေးမှာ ယခုနှစ် ပထမခြောက်လအတွင်း တစ်တန်ကို ပျမ်းမျှအမေရိကန်ဒေါ်လာ ၅၀၅ ရခဲ့သဖြင့် နှစ်အလိုက်နှိုင်းယှဉ်ပါက ၁၃ ဒသမ ၄ ရာခိုင်နှုန်းမြင့်တက် ခဲ့သည်။

တရုတ်နိုင်ငံသည် အများဆုံး ဆန်တင်သွင်းသည့်နိုင်ငံအဖြစ် ဆက်လက်တည်ရှိနေပြီး စျေးကွက်ဝေစု၏ ရာခိုင်နှုန်း ၃၀ အထိ ရရှိထားသည်။ တင်သွင်းမှုပမာဏမှာ တန်ချိန် ၈၄၄၀၀၀ ရှိပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၄၄၉ ဒသမ ၄ သန်းရှိသည်။ တခြားစျေးကွက်များဖြစ်သော အီရတ်၊ မလေးရှား၊ အမေရိကန်ပြည်ထောင်စု၊ တရုတ်၊ ဖိလစ်ပိုင်နှင့်ဂါနာ နိုင်ငံတို့သို့ တင်ပို့မှုမှာလည်းမြင့်တက် ခဲ့သည်။

၂၀၁၈ ခုနှစ် နောက်ဆုံးသုံးလပတ်နှင့် ၂၀၁၉ ခုနှစ် ပထမသုံးလပတ်တို့တွင် ဆန်ဝယ်လိုအားသည် ဖိလစ်ပိုင်နိုင်ငံမှ အဓိကလာရောက်မည်ဟု ယူဆရသည်။ လာမည့်လများတွင် အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့၏ ဆန်ဝယ်လိုအားမှာ ဆက်လက် တည်ငြိမ်နေမည်ဟု ယူဆရသည်။ ထိုနိုင်ငံများအပြင် ဘင်္ဂလားဒေ့ရှ်နှင့် အာဖရိကဒေသတို့သည်လည်း ဗီယက်နမ်ဆန် တင်ပို့သူများအတွက် အလားအလာကောင်းသော စျေးကွက်ဖြစ်လာနိုင်ကြောင်း သိရသည်။

စံမီအောင် စုစည်းသည်

Don't Trash Our Future
ကျွန်ုပ်တို့ အနာဂတ်သာယာလှပဖို့
အမှိုက်စနစ်တကျ စွန့်ပစ်စို့။